မြန်မာ့ငြိမ်းချမ်းရေး
လုပ်ငန်းစဉ်ကို ပံ့ပိုးခြင်း

လမ်းညွှန်အကိုးအကား

၂၀၁၇ – ၂၀၁၈

မြန်မာ့ငြိမ်းချမ်းရေး
လုပ်ငန်းစဉ်ကို ပုံဖော်ခြင်း
လမ်းညွှန်အကိုးအကား
၂၀၁၇– ၂၀၁၈



www.bnionline.net
www.mmpeacemonitor.org

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပုံဖော်ခြင်း လမ်းညွှန်အကိုးအကား - ၂၀၁၇-၂၀၁၈

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပုံဖော်ခြင်း
လမ်းညွှန်အကိုးအကား ၂၀၁၇-၂၀၁၈
မြန်မာသတင်းနိုင်ငံတကာ (Burma News International) က ရေးသားတည်းဖြတ်သည်။
ဘာသာပြန် - နွေလယ်နေ
Layout/ဒီဇိုင်း - စောဝဏ္ဏ (Z.H)
ယခင်ထွက်ရှိခဲ့သည့်စာအုပ်စီးရီးများ - ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆
၂၀၁၇-၂၀၁၈ ထွက်စာအုပ်ကိုပထမအကြိမ် တည်းဖြတ်ခြင်း - ဧပြီ ၂၀၁၉
ပုံနှိပ်စက် - ဗမာအမျိုးသမီးပုံနှိပ်တိုက်၊ ဦးချစ်ရီလေး၊ မြဲ (၀၀၀၂၆)
ထုတ်ဝေသူ - ဗမာအမျိုးသမီးစာပေ၊ ဦးချစ်ရီလေး၊ မြဲ (၀၀၀၄၇)
မူပိုင် - နိုင်ငံတကာမြန်မာသတင်း (Burma News International)
ပုံနှိပ်ထုတ်ဝေ - နိုင်ငံတကာမြန်မာသတင်း (Burma News International)
စာတိုက်သေတ္တာအမှတ် - ၇၊ TaladKamtieng PO
ချင်းမိုင်၊ ၅၀၃၀၄၊ ထိုင်း

E-mail: md@bnionline.netç coordinator@mmpeacemonitor.org
Website: http://bnionline.netç http://www.mmpeacemonitor.org
Twitter: http://twitter.com/mmpeacemonitor
Facebook: http://www.facebook.com/mmpeacemonitor

မာတိကာ

ကျေးဇူးတင်လွှာ ix
စာဖတ်သူသို့ အသိပေးခြင်း xi
အနှစ်ချုပ် xiii
အတိုကောက်စကားလုံးများ xvii
BNI ငြိမ်းချမ်းရေးစောင့်ကြည့်ရေးလုပ်ငန်းစဉ်၏ နောက်ခံသမိုင်းကြောင်း ၁

၁။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးတည်မှု

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်း အစီအစဉ်ပြမြေပုံ ၄
ငြိမ်းချမ်းရေးဖြစ်စဉ် အချိန်ပြမြေပုံ ၅
ငြိမ်းချမ်းရေးလုပ်ငန်း ဖော်ဆောင်မှုအခြေအနေ ၆
လုံခြုံရေးမှ ငြိမ်းချမ်းရေးသို့ ၂၃

၂။ ပဋိပက္ခ လေ့လာဆန်းစစ် တွေ့ရှိချက်များ (၂၀၁၇ - ၂၀၁၈ - ၂၀၁၉(မတ်လ))

တိုက်ပွဲဖြစ်ပွားမှု အခြေအနေပြမြေပုံ ၂၈
တိုက်ပွဲဖြစ်ပွားမှု အရေအတွက်ပြ ဇယား ၃၀
တိုက်ပွဲအခြေအနေကို လေ့လာခြင်း ၃၂
EAOs အင်အားစုအခြေအနေ ၃၄
NCA အရ တပ်ပိုင်းဆိုင်ရာလိုက်နာရန်အချက်များ ၃၅

၃။ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ(IDP)နှင့် ဒုက္ခသည်များအခြေအနေ

IDP အခြေအနေပြမြေပုံ ၄၀
IDP အရေအတွက်ပြ ဇယား ၄၂
စစ်ဘေးသင့်ပြည်သူများအခြေအနေ တွေ့ရှိချက် ၄၅

၄။ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ (၂၀၁၇ - ၂၀၁၈ - ၂၀၁၉(မတ်လ))

တွေ့ဆုံဆွေးနွေးမှု အရေအတွက်ပြ မြေပုံ ၅၀
တွေ့ဆုံဆွေးနွေးမှု အခြေအနေပြ ဇယား ၅၁

၅။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစုပင်လုံ

၂၁ ရာစုပင်လုံအစည်းအဝေး တွေ့ရှိချက်များ ၆၉
ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) ၇၂
ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂) ၇၉

၆။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ စိန်ခေါ်မှုနှင့် စဉ်းစားသုံးသပ်ရန် ကိစ္စရပ်များ

NCA နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ၈၇
NCA နှင့် မြန်မာ့တပ်မတော် ၈၉
NCA အကြပ်အတည်းနှင့် EAO များ ၉၁
တိုက်ပွဲများနှင့် ငြိမ်းချမ်းရေးခရီးလမ်း ၉၃

၇။ မြန်မာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာ အခန်းကဏ္ဍ

မြန်မာ့ငြိမ်းချမ်းရေးနှင့် တရုတ် အခန်းကဏ္ဍ ၉၇
မြန်မာ့ငြိမ်းချမ်းရေးနှင့် အီးယူ အခန်းကဏ္ဍ ၁၀၁
မြန်မာ့ငြိမ်းချမ်းရေးနှင့် အိန္ဒိယ အခန်းကဏ္ဍ ၁၀၅
မြန်မာ့ငြိမ်းချမ်းရေးနှင့် ဂျပန် အခန်းကဏ္ဍ ၁၁၀
မြန်မာ့ငြိမ်းချမ်းရေးနှင့် အမေရိကန် အခန်းကဏ္ဍ ၁၁၅
စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး ဆိုင်ရာချိတ်ဆက်နေမှုများ ၁၁၉

၈။ အဖွဲ့အစည်းများအကြောင်း တစေ့တစောင်း

A to Z ၁၂၅
EAOs ဆက်ဆံရေးရုံးပြမြေပုံ ၁၇၄
ငြိမ်းချမ်းရေးပြင်ပ လက်နက်ကိုင်အဖွဲ့အစည်းများ ၁၇၇

၉။ မြန်မာ့ ငြိမ်းချမ်းရေးအတွက် ပြည်တွင်း၊ ပြည်ပကူညီပံ့ပိုးနေသည့် အဖွဲ့အစည်းများ

A to Z ၁၈၁

၁၀။ ငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်များအကြောင်း တစေ့တစောင်း

ထုတ်ပြန်ချက် ဇယား ၁၈၇
သက်ရောက်မှုရှိသော ထုတ်ပြန်ချက်အချို့ ၂၀၃


Myanmar Peace Monitor
Search
Home
Conflict resumption
Peace Process
Conflict
Stakeholders Overview
Research
Contact
REPORT
Clash 5
Meeting
IDP 400
A Shift from "Security" to "Peace"
Statements
January 2019 dashboard
Bangladesh
Kolkata
Chittagong
Mandalay
Myanmar (Burma)
Laos
Vientiane
Kunming
Google
Terms of Use
PEACE RELATED ACTIVITIES
18 April 2019
The founding of UWSA 30th anniversary and Bao Youxiang's Wa state aspirations
Masters of our destiny': Myanmar's Wa rebels in show of force
Arakan Army Leader Claims Myanmar Military Systematically Planned to 'Crush' His Group
UWSA Leader Repeats Demands for Autonomous Wa State on 30th Anniversary
Naga Rebels Say Peace Talks May Suffer if Military Does Not Free Leaders
State Counselor, Military Chief to Skip Wa's 30th Anniversary Celebration
12 April 2019
US can't be Myanmar's bargaining chip against China
State Counselor Blames No One Over Lack of Peace Process: Negotiator
Understanding China's response to ethnic conflicts in Myanmar
Myanmar's Rakhine Government Bans Donations to Help War Refugees, as Fighting Wears On
OUR LATEST NEWS
INTERVIEW
Hpaula Gam Hpang: 'I Tried to Find A Way for IDPs to Return Before Anyone Came to Help'
Tweets by @mmpeacemonitor
Myanmar Peace Mo
@mmpeacemonitor
/daydaily.com/story/154617
AY DAI
/daydaily...


27 April 2019 | Myanmar Peace Monitor
BNI Multimedia Group
HOME
ABOUT US
NEWS
FEATURE
OPINION
PUBLICATIONS
2015 ELECTION
PUBLICATIONS
Deciphering Myanmar's Peace Process 2016
Deciphering Myanmar's Peace Process 2015
Deciphering Myanmar's Peace Process 2014
Economics of Peace and Conflict
Deciphering Myanmar's Peace Process 2013

ကျေးဇူးတင်လွှာ

နိုင်ငံတကာမြန်မာသတင်းအဖွဲ့(Burma News International-BNI)အနေဖြင့် ရှုပ်ထွေးလှသည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး နှစ်စဉ်အလိုက် လေ့လာစုစည်း ဖော်ပြထားသည့် ပဉ္စမမြောက် စာအုပ်ကိုတင်ဆက်ရသည့်အတွက်များစွာဝမ်းမြောက်မိပါသည်။ ယခုစာအုပ်တွင်စုစည်းဖော်ပြထားသည့် သတင်းအချက်အလက်များသည် ၂၀၁၇-၂၀၁၈-၂၀၁၉ (မတ်လ) ခုနှစ်များအတွင်း သတင်းမီဒီယာဖော်ပြချက်များကို မိမိတို့ BNI ၏ မြန်မာနိုင်ငံငြိမ်းချမ်းရေးကို လေ့လာစောင့်ကြည့်ရေးစီမံကိန်း (www.mmpeacemonitor.org) က စုဆောင်းထားမှုများဖြစ်ပါသည်။

BNI အနေဖြင့် မိမိတို့၏ ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေး စီမံကိန်းအဖွဲ့ဝင်များဖြစ်သည့် Ms. Htu Sam၊ Ms. Donna Ong(International consultant)၊ ဆရာဇင်လင်း၊ ကိုနှင်းကို (Peace Researcher)၊ ကိုပိန်ဖ (Web Master)တို့နှင့် မြေပြင်သတင်းအစီရင်ခံပေးသူ အားလုံးကို သုတေသနလုပ်ငန်းများနှင့် စာအုပ်ရေးသားပေးခဲ့မှုများအတွက် ကျေးဇူးတင်ရှိပါသည်။ အင်္ဂလိပ်သဒ္ဒါကို အရေးအသားပိုင်း ပိုမိုအရောင်တင်ပေးသည့် Mr. Felix ကိုလည်း ကျေးဇူးတင်ပါသည်။

ယခုစာအုပ်ထုတ်ဝေမှုနှင့် မိမိတို့၏ ငြိမ်းချမ်းရေးစောင့်ကြည့်ရေးစီမံကိန်းကို စေတနာထက်သန်စွာဖြင့် ဘဏ္ဍာငွေကြေးထောက်ပံ့ပေးပါသော ငြိမ်းချမ်းရေးပူးပေါင်း ရန်ပုံငွေ (Joint Peace Fund-JPF) အဖွဲ့အား ကျေးဇူးတင်ရပါမည်။ JPF ၏ကူညီပံ့ပိုးမှုသာ မပါဝင်ပါက မိမိတို့၏စောင့်ကြည်းရေးစီမံကိန်းမှာလည်း စာအုပ်ဖြစ်မြောက်လာဖွယ်မရှိပါ။ ထို့ကြောင့် BNI အနေဖြင့် ယခုလိုအခြေအနေဖြစ်လာအောင် ဝိုင်းဝန်းပေးခဲ့ကြသည့် အလှူရှင် များနှင့်ပြီးခဲ့သောနှစ်များအတွင်း သူတို့၏အားပေးပံ့ပိုးခဲ့မှုအပေါ် အထူးတလည်ကျေးဇူးတင်ရှိကြောင်း ဤနေရာမှ ဖော်ပြလိုပါသည်။

BNI အနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စာဖတ်သူသို့ အသိပေးခြင်း

ဤစာအုပ်သည် ၂၀၁၇ခုနှစ် ဇန်နဝါရီလမှစတင်၍ ၂၀၁၈ခုနှစ် ဒီဇင်ဘာလအထိ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သည့်ဖြစ်စဉ်များစွာကို သိရှိစေရန်ရည်ရွယ်ပါသည်။ အပြောကျယ်လှသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နယ်ပယ်အစုံကို ခြုံငုံမိစေရန် ပြုစုထားရသည်ဖြစ်ရာ စာအုပ်ပါအချက်အလက်များအတွင်း ကွာဟချက်နှင့် ကွဲလွဲချက်အချို့ ရှိနေနိုင်သည့်အတွက် စာဖတ်သူများအနေဖြင့် ပြန်လည်စီစစ်သုံးသပ်နိုင်ကြောင်း အကြံပြုအပ်ပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက် ကိန်းဂဏန်း၊ အချက်အလက်များကို အတည်ပြုချက်ရယူရန်မှာ ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပြီး ဤစာအုပ်တွင် ပါဝင်သည့် ကိန်းဂဏန်း၊ အချက်အလက်အများစုသည် မိမိတို့ BNI မာတီမီဒီယာအပါအဝင်ပြည်တွင်းပြည်ပသတင်းဌာနများတွင် ဖော်ပြထားသော သတင်း၊ ဆောင်းပါး၊ တွေ့ဆုံမေးမြန်း ချက်များနှင့် သုံးသပ်ချက်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းဆိုင်ရာ အစီရင်ခံစာများ၊ တရားဝင်ထုတ်ပြန်ချက်များမှ ရရှိလာသည့် အချက်အလက်များအပေါ်တွင် အခြေခံစုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်ကြသော အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏မူဝါဒဆိုင်ရာနှင့်ကိုယ်စားပြုမှုဆိုင်ရာစသောကိစ္စရပ်များ၊ ပါဝင်ပတ်သက် ချိတ်ဆက်နေသည့် လူပုဂ္ဂိုလ်အစရှိသောပြောင်းလဲမှုများစွာ ဖြစ်ပေါ်နေသည်ဖြစ်ရာ မိမိတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း - လမ်းညွှန်အကိုးအကားစာအုပ်အတွက် အချက်အလက်စုဆောင်းရာတွင် အဓိကစိန်ခေါ်မှုဖြစ်ခဲ့ပါသည်။ သို့သည့်တိုင် မိမိတို့အနေဖြင့် ယေဘုယျ ရှုမြင်၊သုံးသပ်ချက် တစ်ရပ်ကို ဖြည့်ဆည်းပေးရန်နှင့် ရှုပ်ထွေးလှသော ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအခြေအနေများကို ခြုံငုံနားလည်စေရေး အကိုးအကားတစ်ရပ်အဖြစ် ဤစာအုပ်ကို တတ်စွမ်းသမျှ ဖန်တီးထားခြင်းသာ ဖြစ်ပါသည်။

စာအုပ်အတွင်း တင်ပြချက်များတွင် ရှုပ်ထွေးမှုမဖြစ်စေရေးအတွက် မိမိတို့အနေဖြင့် ''တပ်မတော်'' ဟူသော အသုံးအနှုန်းကို အစိုးရစစ်တပ်အား ရည်ညွှန်းရာတွင်သုံးပြီး ''မြန်မာစစ်တပ်''ဟူသော အသုံးအနှုန်းကိုမူ မြေပြင် စစ်ဆင်ရေးများ ဆောင်ရွက်သော တပ်မတော်၏တပ်ဖွဲ့ကို အတိအကျရည်ညွှန်းရာတွင် သုံးပါသည်။ အစိုးရ မဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများကို ရည်ညွှန်းရန်အတွက် (NCA) သဘောတူညီချက်တွင် အသုံးပြုထားသည့် "EAO များ" (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ) ဟူသော တရားဝင်အသုံးအနှုန်းကို

အသုံးပြုပါသည်။

NCA လက်မှတ်ထိုးထားသည့် EAOများအနက် အချို့သောမြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရေစီ အင်အားစုများတွင်မူ တိုင်းရင်းသားအခြေပြုမဟုတ်သည့်အတွက် ဤအသုံးအနှုန်းမှာ လုံးဝဥဿုံတိကျမှုရှိမည်မဟုတ်သော်လည်း ယင်းတို့၏နိုင်ငံရေးခံယူချက်များကိုအသိအမှတ်ပြုရန်အတွက် အဆိုပါအဖွဲ့များအား ဤနေရာတွင် ''ကျောင်းသားလက်နက်ကိုင်တပ်ဖွဲ့'' ဟူသည့် အသုံးနှုန်းနှင့် ''တိုက်ပွဲဝင်နေသည့်အဖွဲ့'' ဟူသော စကားလုံးများကိုမူ လက်ရှိဖြစ်ပွားနေသော တိုက်ပွဲများတွင် ပါဝင်နေသည့် လက်နက်ကိုင်အုပ်စုများကိုသာ ရည်ညွှန်းပြောဆိုပါသည်။

''ရိုဟင်ဂျာ'' ဟူသော အသုံးအနှုန်းကို မြန်မာနိုင်ငံတွင် တရားဝင် အသိအမှတ်ပြုခြင်းမရှိသော်လည်း မျိုးနွယ်စု ရပိုင်ခွင့်နှင့်သက်ဆိုင်သော ဝေါဟာရဖြစ်သည့်အလျောက် လွန်စွာအကဲဆတ်သော်လည်း တိကျသေချာမှုရှိစေရန် အစီရင်ခံရာတွင် အသုံးပြုခဲ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် အဆိုပါအသိုက်အဝန်းသည် ယင်းတို့၏မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြရာတွင် အဆိုပါဝေါဟာရကို အသုံးပြုသည့်အတွက်ကြောင့် ဖြစ်ပါသည်။ ထိုအတွက် ဗုဒ္ဓဘာသာရခိုင်လူမျိုးများသတ်မှတ်ထားသော ပြည်ပမှ တရားမဝင် ဝင်ရောက်လာသူများဟု သဘောသက်ရောက်သည့် ''ဘင်္ဂါလီ'' ဟူသော အသုံးအနှုန်းကို ဆန့်ကျင်ပြောဆိုမှုပြုလုပ်သည့် နိုင်ငံရေးအရထုတ်ပြန်ချက်တစ်ရပ်မဟုတ်ကြောင်း အလေးအနက်တင်ပြအပ်ပါသည်။ အစိုးရ၏ တရားဝင်ဝေါဟာရ ဖြစ်သော ''ရခိုင်ပြည်နယ်ရှိ မူစလင်များ'' ဟူသော ဝေါဟာရသည်လည်း ရိုဟင်ဂျာများနှင့် မတူညီသည့် သီးခြားလူမျိုးဖြစ်သည့် ကမန်ကဲ့သို့အခြားသောမူစလင်အုပ်စုများလည်း ရခိုင်ပြည်နယ်တွင် ရှိနေသည့်အတွက် တိကျသေချာမှုမရှိလှဟုမှတ်ယူပါသည်။ ထို့ကြောင့် ဤစာအုပ်တွင် ပါဝင်သော ဝေါဟာရအသုံးအနှုန်းများတွင်လည်း စာဖတ်သူတို့နှင့် အမြင်သဘောထားမတူညီဘဲ ဖြစ်နေနိုင်ပါသည်။

မိမိတို့ BNI မှ ငြိမ်းချမ်းရေးစောင့်ကြည့်အဖွဲ့အနေဖြင့် ၂၀၁၇-၂၀၁၈-၂၀၁၉ ခုနှစ်၊ မတ်လအတွင်းထိ အရေးပါပြီး အဓိကကျသည့် အပြောင်း အလဲများစွာကို ဤစာအုပ်တွင် စုစည်းတင်ပြထားခြင်းဖြစ်ကြောင်း စာဖတ်သူများအား အလေးအနက်ထားတင်ပြအပ်ပါသည်။

အနှစ်ချုပ်

၂၀၁၇ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များ၏ မြန်မာ့ငြိမ်းချမ်းရေးခရီးစဉ်သည် အကျပ်အတည်းများ၊ တစ်ဆို့မှုများကြားမှ ရှေ့မတိုးဘဲ နောက်သို့ပြန်ဆုတ်နေသည့်အခြေအနေများပင် ကြုံတွေ့ခဲ့ရပြီး ရှေ့သို့ခရီးဆက်နိုင်ရေးအတွက် အပြင်းအထန် ရုန်းကန်နေရသောအနေအထား ဖြစ်သည်ဟုဆိုရပါမည်။

နှစ်ပေါင်း (၇၀)နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော ပြည်တွင်းစစ်ကို အဆုံးသတ်ရန်အတွက် ကြိုးပမ်းခဲ့သည့် ဦးသိန်းစိန် အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၂၀)ကျော်ရှိသည့်ထဲမှအဖွဲ့(၈)ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုစာချုပ် (NCA)ကို ၂၀၁၅ခုနှစ်တွင် လက်မှတ်ရေးထိုးကာ သမိုင်းဝင်အဖြစ် မှတ်တမ်းယူခဲ့သည်။ သူ့အစိုးရ သက်တမ်းမကုန်ခင် ၂၀၁၆ခုနှစ် နှစ်ဆန်းပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC) ကို ကျင်းပခဲ့သည်။

သို့သော် လေ့သာသုံးသပ်သူအများစု၏ရှုမြင်ချက်ကတော့ NCAတွင် လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ (NCA-S EAOs)၏ အင်အားစုဖွဲ့မှုသည် ပြည်တွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ၏ (၂၀)ရာခိုင်နှုန်းလောက်သာရှိပြီး အားလုံးပါဝင်ရေးမူကို အခိုင်အမာဆုပ်ကိုင်ပြီး NCAလက်မှတ်မထိုးခဲ့သည့် လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ (NCA-NS EAOs)၏ အင်အားစုစုပေါင်းသည် (၈၀) ရာခိုင်နှုန်းနီးပါးအထိ ရှိနေသည်ဟုဆိုပါသည်။ ထို့ကြောင့်ဦးသိန်းစိန်အစိုးရထားရှိခဲ့သော NCAအမွေသည် ဆိုးမွေလော၊ ကောင်းမွေလော ခွဲခြားသုံးသပ်ရာတွင် အမြင်မတူမှုများရှိနေပါသည်။

ယင်းသို့သော အခြေအနေသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)၊ တပ်မတော်နှင့် NCA အမွေဆက်ခံရသော NLDအစိုးရအကြား၊ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန်အတွက် စိန်ခေါ်မှုအခက်အခဲတစ်ရပ် ဖြစ်နေသလို NCAအရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်ရာတွင်လည်း အခက်အခဲများ၊ တစ်ဆို့မှုများကို ဖြစ်ပေါ်စေခဲ့သည်။

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲမှ ဖြစ်ပေါ်လာသော NLD အစိုးရသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် အပြုသဘောဆောင်သော ရှုမြင်သုံးသပ်မှုများရရှိခဲ့သော်လည်း ငြိမ်းချမ်းလုပ်ငန်းစဉ်တွင်တော့ NCAလက်မှတ်ထိုး EAOs များနှင့် NCAအရ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရသလို တစ်ဖက်တွင်တော့ လက်မှတ်ရေးထိုးထားခြင်းမရှိ သည့် EAOs များအား NCA တွင် ပါဝင်လာနိုင်ရေးအတွက် ကြိုးပမ်းနေရသည်ကို တွေ့ရပါသည်။ ရလဒ်အဖြစ် NCA လမ်းကြောင်းမှ အချက်(၅၁)ချက်ပါသော ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်းနှစ်ခုကို ရရှိခဲ့ပြီး မွန်ပြည်သစ်ပါတီ (NMSP)၊ လားဟူ အမျိုးသားအစည်းအရုံး (LDU) တို့နှင့် ၂၀၁၈ နှစ်ဆန်းပိုင်းတွင် NCA လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

NCA လမ်းကြောင်းအရ အကောင်အထည်ဖော်မှုတွင် ၂၁ရာစု ပင်လုံအစည်းအဝေး (၃)ကြိမ်အထိ ကျင်းပနိုင်ခဲ့သော်လည်း (၄)ကြိမ်မြောက်ကျင်းပနိုင်ရေးအတွက် ကျန့်ကြာနေသလို အချို့သော NCA-S EAOs တို့၏ NCA အရ တရားဝင်ဆွေးနွေးပွဲများတွင်ပါဝင်မှုယာယီရပ်ဆိုင်းခြင်းနှင့် NCA အရ အကောင်အထည်ဖော်ရသော JMC ယန္တရားအဆင့်ဆင့်တွင် ပါဝင်မှုယာယီရပ်ဆိုင်းခြင်းများ ကြုံတွေ့ခဲ့ရသည်။

အခြားတစ်ဖက်တွင်လည်း NCA-NS EAOs များအား NCA တွင် ပါဝင်လာနိုင်ရေး ကြိုးပမ်းရာတွင် တစ်ဖွဲ့ချင်းစီအလိုက် တွေ့ဆုံဆွေးနွေးမှုများရှိခဲ့သည့်တိုင် မြောက်ပိုင်းရှိတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ NCA မဟုတ်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းအား တောင်းဆိုတင်ပြမှုများ ရှိလာခဲ့ပါသည်။ ထို့ကြောင့် NLD အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းအကောင်အထည်ဖော်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ ကြီးမားစွာကြုံတွေ့နေရသည်ဟု ရှုမြင်စရာဖြစ်နေပါသည်။

ပို၍ ထင်သာမြင်သာရှိနေသည်က မြန်မာ့တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များအကြား တိုက်ပွဲများက NCA-S EAO နှင့်ဖြစ်စေ၊ NCA-NS EAOs ဖြစ်စေ မရပ်စဲနိုင်သေးခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားရင်ကြားစေ့ရေးကို ကြွေးကျော်လျှောက်လှမ်းနေသော NLD အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုသည်အပြုသဘောဖြင့် ရှုမြင်သုံးသပ်ခြင်းမျိုးမရရှိဘဲ ဖြစ်နေသည်။ မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများမှ တိုက်ပွဲဖြစ်ပွား များက NLD အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် အမျိုးသားရင်ကြားစေ့ရေးကို ပိုမိုဝေဝါးသွားစေသည့်အနေအထား ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံအတွင်းရှိ မတူကွဲပြားခြားနားသည့် လူမျိုးပေါင်းစုံအခြေခံသော ဒီမိုကရေစီဖက်ဒရယ်မူတစ်ရပ်ကိုဖော်ဆောင်ရန် ကြိုးပမ်းနေသော်လည်း ကချင်၊ ရှမ်းနှင့် ရခိုင်အပါအဝင် တိုက်ပွဲဖြစ်ပွားသော ဒေသများအလိုက် အစိုးရစစ်တပ်၏ လူအခွင့်အရေးချိုးဖောက်မှုများအား အရေးယူဆောင်ရွက်ပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းမှ ဖိအားပေးခြင်းကို ရင်ဆိုင်ကြုံတွေ့ နေရပါသည်။

နိုင်ငံအတွင်း ဖြစ်ပေါ်လာနိုင်သည့် တိုက်ပွဲ၊ ပဋိပက္ခထိန်းချုပ်ရေး ဖြစ်နိုင်ချေရှိသော ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းစဉ်များ NCA တွင် ပါဝင်သည်ဆိုသော်လည်း လက်နက် ဖျက်သိမ်းရေး၊ နယ်နမိတ်စည်း သတ်မှတ်ရေးနှင့် နိုင်ငံရေး အာဏာမျှဝေရေးကဲ့သို့ အဓိကအရေးပါသည့်အခန်းကဏ္ဍများအတွက် ထိရှလွယ်သည့်ကဏ္ဍတစ်ရပ်အဖြစ်အဖြေရှာရေးသည်မသေချာမရေရာဘဲ ဝေဝါးနေဆဲဖြစ်သည်။ ထို့ကြောင့် လက်ရှိ NLD အစိုးရ ဦးဆောင်နေသည့် ငြိမ်းချမ်းရေးမှာ NCA ရေးထိုးပြီး EAOs (၁၀)ဖွဲ့ရှိသည့်တိုင် နိုင်ငံ၏တည်ငြိမ်မှု အခြေအနေသည် ပြင်းထန်သည့် တိုက်ပွဲများဖြင့် ခြိမ်းခြောက်ခံနေရဆဲဖြစ်ပါသည်။

မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား တိုက်ပွဲများ၊ နယ်မြေချဲ့ထွင်မှုများ၊ စစ်ရေးအရ ပြင်ဆင်မှုများသည် EAOs အချို့နှင့် NCA သဘောတူညီမှု ရရှိထားသည်ဆိုသော်လည်း ဆက်လက်ဖြစ်တည်နေသည့်အတွက် စစ်ပွဲ ဖြစ်ပွားရာ ဒေသများရှိ ဒေသခံပြည်သူများအတွက် စစ်ဘေးသင့်မှုမှ လွတ်မြောက်ရေး စိုးရိမ်နေရဆဲဖြစ်ပါသည်။

ငြိမ်းချမ်းရေးနှင့်အတူ နိုင်ငံ၏ အရေးပါသည့်အခန်းကဏ္ဍတစ်ရပ်ဖြစ်သော စီးပွားရေးကဏ္ဍတွင်လည်း အမေရိကန်ဦးဆောင်သော အနောက်အုပ်စုနှင့် အိမ်နီးချင်းတရုတ်ဦးဆောင်သော အရှေ့အုပ်စုနှင့် ဂျပန်၊ EU

တို့၏ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုကို ရရှိခဲ့ပါသည်။ တဆက်တည်းတွင် အမြတ်ထုတ်လွှမ်းမိုးလိုသည့် ရင်းနှီးမြှုပ်နှံသူတို့၏ ဖိအားပေးခြင်းမျိုးလည်း ကြုံတွေ့နေရပါသည်။ ဥပမာ - မြစ်ဆုံစီမံကိန်းအပါအဝင် ပိုးလမ်းမစီမံကိန်းတို့နှင့် အခြားသောဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့သည် လုပ်ငန်းမစတင်သေးသည့်တိုင် တရုတ်အစိုးရ၏ ကြွေးမြီများကို လက်ခံထားရသလို ဖြစ်နေသည်။

ဤသို့ဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းစစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးစသော ရည်မှန်းချက်များအတွက် အခက်အခဲ၊ စိန်ခေါ်ချက်များ၏ အကဲဆတ်သည့် အကြောင်းတရားများကို နားလည်သဘောပေါက်ရန်နှင့် ဖြေရှင်းနိုင်ရေးအတွက်မူ သတိကြီးစွာဖြင့် ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်ရန် များစွာလိုအပ်နေပါသေးသည်။

ယခုစာအုပ်သည် မြန်မာနိုင်ငံအတွင်းရှိ တိုက်ပွဲများ၊ ပဋိပက္ခများနှင့် ယင်းတို့၏ နိုင်ငံတကာလုံခြုံရေးအပေါ် ဂယက်ရိုက်မှုများနှင့် ပတ်သက်ပြီး အဖြေရှာနေသူများအတွက် ရှုပ်ထွေးသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ များပြားလှသော ကော်မတီများ၊ အင်အားစုများ၊ ပြဿနာများနှင့် ဆက်စပ်ဖြစ်စဉ်များကို အတိုင်းအတာတစ်ခုအထိ နားလည်သဘောပေါက်စေရန်အတွက် ကူညီကြိုးပမ်းအားထုတ်မှုတစ်ရပ်သာ ဖြစ်ပါသည်။

အတိုကောက်စာလုံးများ

ULA/AA	ရက္ခိုင့် တပ်မတော်
AAPP	နိုင်ငံရေးအကျဉ်းသားများ ကူညီထောက်ပံ့ရေးအသင်း (မြန်မာပြည်)
ABSDF	မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး
ABSDF-UNRA	မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး - ပြည်ထောင်စုအမျိုးသားကာကွယ်ရေးတပ်မတော်
ACRS	ရခိုင်ပြည်နယ် အကြံပေးကော်မရှင်
ALP/ALA	ရခိုင်လွတ်မြောက်ရေးပါတီ/တပ်မတော်
ANC/AA	ရခိုင်အမျိုးသားကောင်စီ/ရခိုင်တပ်မတော်
ASEAN	Association of Southeast Asian Nations
BGF	နယ်ခြားစောင့်တပ်
BLO	နယ်ခြားဆက်ဆံရေးရုံး
BIMSTEC	The Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation
BNI	နိုင်ငံတကာမြန်မာသတင်း (Burma News International)
BRI	Belt and Road Initiative
MPM	မြန်မာ့ ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်ရေး (Myamar Peace Monitor)
CBOs	ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများ
CMEC	China-Myanmar Economic Corridor
CNF	ချင်းအမျိုးသားတပ်ဦး
CSOs	လူထုအခြေပြု လူမှုအဖွဲ့အစည်းများ
CSSU	ရှမ်းပြည်နယ်ညီညွတ်ရေးကော်မတီ
CT	ပူးပေါင်းညှိနှိုင်းရေး
DEU	တိုင်းရင်းသားလက်နက်ကိုင်ညီညွတ်ရေးကိုယ်စားလှယ်အဖွဲ့
DKBA	ဒီမိုကရေစီ ကရင်အကျိုးပြုတပ်မတော် (ယခင်တပ်မဟာ ၅)
DKBA	ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်မတော်
DPN	နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုအတွက် ကိုယ်စားလှယ်အဖွဲ့
EAOs	တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
EBO	ဥရောပ-မြန်မာရုံး
ENAC	တိုင်းရင်းသားလူမျိုးများရေးရာစင်တာ
ENC	တိုင်းရင်းသားလူမျိုးများကောင်စီ
EU	ဥရောပသမဂ္ဂ

EUMC	ဥရောပသမဂ္ဂ စစ်ဘက်ရေးရာကော်မတီ
FDI	Foreign Direct Investment
FMA	အာရကန် ဘာသာရေးလှုပ်ရှားမှု
FPD	နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင်
FPNCC	ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ
IC	စုံစမ်းစစ်ဆေးရေးကော်မရှင်
IDP	ပြည်တွင်းရွှေ့ပြောင်းခံကွန်သည်များ
IPSG	နိုင်ငံတကာငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့
JICM	ညှိနှိုင်းဆောင်ရွက်မှုအစည်းအဝေးပူးတွဲအကောင်အထည်ဖော်ဆောင်ရေး
JMC-S	ပူးတွဲစောင့်ကြည့်ရေးကော်မတီ - ပြည်နယ်
JMC-U	ပူးတွဲစောင့်ကြည့်ရေးကော်မတီ - ပြည်ထောင်စု
JMC-L	ပူးတွဲစောင့်ကြည့်ရေးကော်မတီ - ဒေသဆိုင်ရာ
JPF	ငြိမ်းချမ်းရေးပူးတွဲရန်ပုံငွေ
KAF	ကော်သူးလေလက်နက်ကိုင်တပ်ဖွဲ့
KIO/KIA	ကချင်ပြည် လွတ်လပ်ရေးအဖွဲ့/တပ်မတော်
KNDP/A	ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ/စစ်တပ်
KNLP	ကယန်းပြည်သစ်ပါတီ
KNO	ကချင်အမျိုးအသားအစည်းအရုံး
KNO (Burma)	ကူကီးအမျိုးသားအစည်းအရုံး
KNPDP	ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ
KNPLF	ကရင်နီအမျိုးသား လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး
KNPP	ကရင်နီအမျိုးသား တိုးတက်ရေးပါတီ
KNSO	ကရင်နီအမျိုးသား သွေးစည်းညီညွတ်ရေးအဖွဲ့
KNU	ကရင်အမျိုးသားအစည်းအရုံး
KPC	ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)
KPF	ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့
KWAT	ကချင်အမျိုးသမီးအဖွဲ့ ထိုင်း
LDU	လားဟူဒီမိုကရက်တစ်အစည်းအရုံး
LNDO	လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
MA	တပ်မတော်

MISIS	Myanmar Institute of Strategic and International Studies
MNDAA	မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ်တပ်မတော်
MPC	မြန်မာနိုင်ငံ ငြိမ်းချမ်းရေးတည်ဆောက်မှု ဗဟိုစင်တာ
MPM	မြန်မာငြိမ်းချမ်းရေး စောင့်ကြည့်အဖွဲ့
MPSI	မြန်မာ့ငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့
NA-B	မြောက်ပိုင်းမဟာမိတ်အဖွဲ့ - ဗမာ
NBF	ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရယ်ရှင်း
NCA	တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်
NCA-S EAOs	တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ
NCA-NS ESOs	တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ
NCCT	တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့
NDA-K	ဒီမိုကရေစီသစ်တပ်မတော် - ကချင်
NDAA-ESS	အမျိုးသားမဟာမိတ်တပ်မတော် - ရှမ်းပြည်အရှေ့ပိုင်း
NDSC	အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ
NLD	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
NMSP	မွန်ပြည်သစ်ပါတီ
NRPC	အမျိုးသား ပြန်လည်သင့်မြတ်ရေး ငြိမ်းချမ်းရေးကော်မတီ
NSAG	အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်း
NSCN-K	နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ - ခပ်ပလန်
OIC	အစ္စလာမ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့
PC	ငြိမ်းချမ်းရေးကော်မရှင်
PCG	ငြိမ်းချမ်းရေးတည်ဆောက်ရေးအုပ်စု
PDSG	ငြိမ်းချမ်းရေးအလှူရှင်များအုပ်စု
PI	ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုအတွက် ပြည်ထောင်စုအင်စတီကျု
PMF	ပြည်သူ့စစ်အုပ်စု၊ ပြည်သူ့စစ်တပ်
PNLO	ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့
PNO	ပအိုဝ်အမျိုးသား အစည်းအရုံး
PPST	ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့
PPWT	ငြိမ်းချမ်းရေးလုပ်ငန်း ဖော်ဆောင်မှုအဖွဲ့
PRC	The People's Republic of China
PSLF/TNLA	ပလောင် ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/ တအာင်းအမျိုးသားတပ်မတော်

PYO	ပအိုဝ်းလူငယ်အဖွဲ့အစည်း
RCSS/SSA	ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော်
SAZ	အထူးအုပ်ချုပ်ရေးဇုန်
SEZ/SIZ	အထူးစီးပွားရေးဇုန်/အထူးစက်မှုဇုန်
SLORC	နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခင်စစ်အစိုးရ ၁၉၈၈-၁၉၉၇)
SNA	ရှမ်းနီတိုင်းရင်းသားများတပ်မတော်
SNDP	ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ
SNLD	ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်
SPDC	နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
SSPP/SSA	ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော်
TNLA	တအာင်အမျိုးသားလွတ်မြောက်ရေးတပ်ဦး
UNFC	ညီညွတ်သော တိုင်းရင်းသားလူမျိုးများကောင်စီ
UNHCR	ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး
UNODC	ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုရုံး
UPCC	ပြည်ထောင်စု ငြိမ်းချမ်းရေး ဗဟိုကော်မတီ
UPDJC	ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ
UPWC	ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ
USA	အမေရိကန်ပြည်ထောင်စု
USIP	အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေး အင်စတီကျု
USDP	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
UWSA/P	ဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော်၊ ပါတီ
WGEC	တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေးအလုပ်အဖွဲ့
WLB	အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WNO/A	ဝအမျိုးသားအစည်းအရုံး/တပ်မတော်
ZRO	ဇိမီး ပြန်လည်ပေါင်းစည်းရေး အစည်းအရုံး

BNI ငြိမ်းချမ်းရေးစောင့်ကြည့်ရေးလုပ်ငန်းစဉ်၏ နောက်ခံသမိုင်းကြောင်း

ငြိမ်းချမ်းရေးစောင့်ကြည့်လုပ်ငန်းစဉ် Myanmar Peace Monitor -MPMသည် BNIမှ လုပ်ဆောင်နေသော ပရောဂျက်တစ်ခုဖြစ်သည်။ BNI သည် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များ လူအများသိရှိနားလည်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ MPM ၏ အဓိကရည်မှန်းချက်မှာ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကပါဝင်သူများ၊ သတင်းအချက်အလက်များ၊ လမ်းကြောင်းများ၊ သဘောထားအမြင်များကို စုစည်းတင်ပြပေးရန် ဖြစ်သည်။

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သည် ကမ္ဘာပေါ်တွင် အလွန်ရှုပ်ထွေးသော ဖြစ်စဉ်တစ်ခုဖြစ်သည်။ ပါဝင်သူများအကြား နားလည်မှုရယူရေးသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ အုပ်စုများစုံနေခြင်း၊ ပဋိပက္ခမျိုးကွဲများခြင်း၊ မတူညီသော သဘောထားများပါဝင်နေကြသည်။

၂၀၁၃ ခုနှစ်ကတည်းက BNIသည် ငြိမ်းချမ်းရေးဆောင်ရွက်နေသူအားလုံးကို ကူညီရန် လုပ်ဆောင်နေပြီး၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုများကို အထောက်အကူဖြစ်စေရန် "Deciphering Myanmar's Peace Process" နှစ်ချုပ်လမ်းညွှန်စာအုပ်များလည်း ထုတ်ဝေခဲ့သည်။ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ စာအုပ်များလည်း ထွက်ရှိခဲ့ပြီးဖြစ်သည်။ ယင်းအစီရင်ခံစာများသည် BNI၏ Myanmar Peace Monitoring Program၏ အစိတ်အပိုင်းများဖြစ်သည်။ ယခုအစီရင်ခံစာတွင် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း အဓိကဖြစ်ထွန်းမှုများကို တင်ပြထားပြီး ၂၀၁၉ မတ်လအထိ အဓိကဖြစ်ရပ်များကိုလည်း ထည့်သွင်းထားသည်။ ယင်းအစီရင်ခံစာသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်နေသော ပုဂ္ဂိုလ်များ၊ အကြောင်းအရာများကို လွယ်လွယ်ကူကူနားလည်သဘောပေါက်ရန် ရည်ရွယ်သည်။

Joint Peace Fund၏ ထောက်ပံ့မှုဖြင့် BNIသည် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်၏ သမိုင်း၊ တည်ဆောက်ပုံနှင့် အကြောင်းအရာများကို ထိထိရောက်ရောက် နားလည်နိုင်မည့် ဤစာအုပ်ကို ထုတ်ဝေလိုက်ပါသည်။ "Deciphering Myanmar's Peace Process" စာအုပ်ကို မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် NCA အကြောင်းလေ့လာနေကြသော အစိုးရ၊ နိုင်ငံရေးပါတီများ၊ သုတေသနအဖွဲ့အစည်းများ၊ နိုင်ငံတကာ ပညာရှင်များက ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေကြသည်။

BNI သည် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အထောက်အကူပြုမည့် မှန်ကန်သော သတင်းအချက်အလက်နှင့် ဆန်းစစ်ဝေဖန်ချက်များကို ထောက်ပံ့ပေးရန် ရည်ရွယ်သည်။ "Deciphering Myanmar's Peace Process" ပရောဂျက်သည် အောက်ခြေအလွှာ (တိုင်းရင်းသားဒေသများ)မှ အသံများကို တံတားတစ်ခုဖြစ်စေရန် မျှော်မှန်းထားသည်။ ဤစာအုပ်သည် ငြိမ်းချမ်းရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ လုပ်ငန်းစဉ်များအတွက် အားထားလောက်သော အရင်းအမြစ်တစ်ခုဖြစ်မည်ဟု ဆိုချင်ပါသည်။

၁။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးတည်မှု

Myanmar Peace Process Grand Chart



Source: Myanmar Peace Monitor

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် အချိန်ပြမြေပုံ



ငြိမ်းချမ်းရေးလုပ်ငန်း
ဖော်ဆောင်မှုအခြေအနေ

မြန်မာပြည်လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည်ဟု ဆိုနိုင်သော ပြည်တွင်းစစ် (၀၁) မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ဖြစ်ပွားခဲ့သည့်စစ်ပွဲများသည် ယခုဆိုလျှင် နှစ်ပေါင်း (၇၀)ပင် ကျော်ခဲ့ပါပြီ။ ခေတ်အဆက်ဆက် ဦးဆောင်အုပ်ချုပ်သူများအနေဖြင့် ၄င်းစစ်မီးစစ်လှိုများကို အမြစ်ပြတ်အောင် မငြိမ်းခဲ့ကြဘဲ မီးကြွင်းမီးကျန်များထားရှိခဲ့၍သာ ပြည်တွင်းစစ် သက်ဆိုးရှည်ရခြင်းဖြစ်သည်ဟု မှတ်ယူရပါမည်။ ချုပ်၍ဆိုရသော် ယင်းစစ်မီးများသည် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဖြင့် တက်ရောက်လာသည့် အငြိမ်းစားတပ်မတော်ထိပ်ပိုင်းခေါင်းဆောင်ဟောင်း ဦးသိန်းစိန်ဦးဆောင်သည့်အစိုးရလက်ထက်တွင် ပြန်လည် နိုးကြွလာခဲ့သည်။


၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၁၇)

မေတ္တာမှန်သည် ချမ်းမြေ့ကြည်နူးမှု ထုံမွှမ်း၍ မွေးပျံ့စိုပြည်၏။

ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်း

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က ကြေညာချက်အမှတ် (၁/၂၀၁၁)ကို ယနေ့ရက်နံ့ဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။
အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့

ကြေညာချက်အမှတ် ၁/၂၀၁၁

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန်အတွက် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းတည်ဆောက်သွားရန် အထူးပင် လိုအပ်သည်ဟု ယုံကြည်ပါသည်။

၂။ လက်နက်ကိုင် ပဋိပက္ခများဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့် ပဏာမ ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

၃။ ပဏာမဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့် အဖွဲ့အစည်းဖွဲ့ စည်းပြီး သက်ဆိုင်ရာ ငြိမ်းချမ်းရေးဖော်ဆောင်မည့် အဖွဲ့အစည်းနှင့် ဆွေးနွေးရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖိတ်ခေါ် အပ်ပါသည်။

အမိန့်အရ
(တင်မျိုးကြည်)
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

❖ အစိုးရ အစီအစဉ်

၂၀၁၁ခုနှစ် ဩဂုတ်လ (၁၈)ရက်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆွေးနွေးကြရန် ဦးသိန်းစိန် အစိုးရ၏ဖိတ်ခေါ်ခြင်းဖြင့် မြန်မာ့ငြိမ်းချမ်းရေးခရီးလမ်း စတင်ခဲ့သည်။ မူလက EAO တစ်ဖွဲ့ချင်းနှင့် အစိုးရ အကြား ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိရေးအတွက် ဖိတ်ခေါ်သည့် ပုံစံဖြစ်သော်လည်း ၂၀၁၃ ခုနှစ်ထဲတွင်တော့ တစ်နိုင်လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူညီချက် (NCA) ပုံစံ အကြောင်းဖန်လာခဲ့သည်။ အစိုးရသက်တမ်းကုန်ခါနီးချိန်အထိ လပေါင်း (၅၀) ကြာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုအကြိမ်ပေါင်း (၂၅၀) နီးပါး ပြုလုပ်ခဲ့သည်။ ၂၀၁၅ခုနှစ်အောက်တိုဘာလ ၁၅ရက်တွင်တော့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (Nationwide

Ceasefire Agreement - NCA)ကို တိုင်းရင်းသားသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ (၈)ရက်တွင် အဆိုပါသဘောတူစာချုပ်ကို ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုချက်ရယူနိုင်ခဲ့သည်။

(NCAတွင်လက်မှတ်ရေးထိုးထားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့မှာ KNU(ကရင်အမျိုးသားအစည်းအရုံး)၊ KNU/KNLA(P.C) ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)၊ DKBA(ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်)၊ CNF(ချင်းအမျိုးသားတပ်ဦး)၊ PNLO(ပအိုဝ်းအမျိုးသား လွတ်မြောက် ရေးအဖွဲ့ချုပ်)၊ ABSDF(မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တပ်ဦး)၊ RCSS/SSA(ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ)၊ ALP (ရခိုင်ပြည် လွတ်မြောက်ရေးပါတီ) တို့ ဖြစ်သည်)

လေ့လာသုံးသပ်သူများ၏ ရှုမြင်ချက်များအရတော့ NCA လက်မှတ်ထိုးခဲ့သည့် လက်နက်ကိုင်အဖွဲ့(၈)ဖွဲ့၏အင်အားသည် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အင်အား၏ ၂၀ရာခိုင်နှုန်းသာရှိပြီး NCA လက်မှတ်မထိုးရသေးသော အဖွဲ့များ၏အင်အားစုစုပေါင်းသည် ၈၀ ရာခိုင်နှုန်းအထိရှိသည်ဟု ဆိုကြသည်။ မည်သို့ဆိုစေ ပထမဆုံး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC)ကို ၂၀၁၆ ခုနှစ် ဧန်နဝါရီလ ၁၂ ရက်တွင် ကျင်းပခဲ့သည်။ သို့သော်လည်း NCAသည် ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲဖြင့် တက်လှမ်းလာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အစိုးရအဖွဲ့အတွက် ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ပြည့်စုံသည်ဖြစ်စေ၊ မပြည့်စုံသည်ဖြစ်စေ လက်ခံရမည့် အမွေတစ်ရပ်ဖြစ်ခဲ့ပြီး ဆက်လက်ချီတက်သယ်ဆောင်သွားရန် တာဝန်တစ်ရပ်ဖြစ်ခဲ့သည်။



ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်ကိုင်တွယ်လာသည့် ပြည်တွင်းငြိမ်းချမ်းရေး လမ်းကြောင်းတွင် ဦးသိန်းစိန်အစိုးရဖွဲ့စည်းခဲ့သည့် မြန်မာငြိမ်းချမ်းရေးစင်တာ (MPC)ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)အဖြစ် အမည်ပြောင်းလဲကာ အဖွဲ့ဝင်အားလုံးနီးပါး ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

NCAအရ အကောင်အထည်ဖော်ရမည်ဖြစ်သည့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ရန် အတွက် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီကို ဖွဲ့စည်းသည်။ ယင်းဗဟိုကော်မတီမှတစ်ဆင့် ၂၁ ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ (၁)၊ (၂)တို့ကို ဖွဲ့စည်းကာ ဦးသိန်းစိန်လက်ထက်တွင် ပထမဆုံးပြုလုပ်ခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို ''ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစု ပင်လုံ''အဖြစ် အမည်သမုဒ္ဒကာ ဆက်လက်ကျင်းပနိုင်ရေးပြင်ဆင်သည်။ ၂၀၁၆ခုနှစ် ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ကျင်းပသည့် ပြည်ထောင်

NLD အစိုးရ၏ငြိမ်းချမ်းရေးဖော်ဆောင်မှု ပုံစံ



စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစု ပင်လုံပထမအကြိမ်အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်အဖွဲ့အားလုံးနီးပါး စုံလင်စွာ တက်ရောက်ခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစု ပင်လုံအစည်းအဝေးများကို ၂၀၁၇ခုနှစ် မေလ ၂၄ ရက်မှ ၂၉ ရက် အထိ တစ်ကြိမ်နှင့် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၁ ရက်မှ ၁၆ရက်အထိ တစ်ကြိမ်ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အချက် (၅၁)ချက်ပါဝင်သော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)၊ (၂)ကို ရရှိခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံကတော့ ၂၀၁၉ ခုနှစ်အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံအစည်းအဝေးကို (၃)ကြိမ်အထိ ပြုလုပ်နိုင်ရန်ရည်မှန်းထားသည်။

တစ်ဖက်တွင် ဒေါက်တာတင်မျိုးဝင်းဦးဆောင်သော ငြိမ်းချမ်းရေးကော်မရှင် (PC)ကို ဖွဲ့စည်းခဲ့သည်။ PC အနေဖြင့် NCAလက်မှတ်မထိုးရသေးသော EAOsများအား NCA တွင် ပါဝင်လာရေးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းရမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် မွန်ပြည်သစ်ပါတီ(NMSP) ၊ လားဟူအဖွဲ့(LDU) တို့နှင့်အစိုးရ ၊ တပ်မတော်အကြား NCAလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အခြားသော NCA တွင် မပါဝင်သေးသည့် EAOs များနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

ထို့အပြင် NCA အရဖြစ်ပေါ်လာသော တရားဝင်ဆွေးနွေးပွဲများတွင် ယာယီပါဝင်မှုရပ်ဆိုင်းထားသည့် KNU ၊ RCSS/SSA တို့နှင့်လည်း တရားဝင်ဆွေးနွေးပွဲများတွင် ပြန်လည်ပါဝင်လာနိုင်ရေး အလွတ်သဘော တွေ့ဆုံဆွေးနွေးလျက်ရှိသည်။

❖ တပ်မတော် ပါဝင်မှု

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်သည် တပ်မတော်အငြိမ်းစားအများစု ဦးဆောင်သော ဦးသိန်းစိန်အစိုးရလက်ထက် မြန်မာ့ငြိမ်းချမ်းလုပ်ငန်းစဉ်တွင် အပေးအယူမျှတစွာ ဖြတ်သန်းနိုင်ခဲ့ပါသည်။ အလားတူပြောင်းလဲလာသော NLDအစိုးရသစ်နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ သို့သော် ဦးသိန်းစိန်အစိုးရလက်ထက်ကလောက်တော့ အစိုးရနှင့် တပ်မတော်အကြား အပေး အယူမျှတခြင်းမရှိဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက် အစိုးရ(အင်အားစု) နှစ်ရပ်ကို ဆွေးနွေးညှိနှိုင်းရ သလိုဖြစ်နေသည်ဟု NCA-S EAOs ခေါင်းဆောင်အချို့က ပြောဆိုပါသည်။

NCAအရဖြစ်ပေါ်လာသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစုပင်လုံကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက်အကြိုညှိနှိုင်းဆွေးနွေးရသော UPDJCတွင်လည်းကောင်း၊ ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရသည့် JMCတွင်လည်းကောင်း တပ်မတော်သား ကိုယ်စားလှယ်များကသာ အမြဲတမ်းဥက္ကဋ္ဌနေရာမှ ပါဝင်နေသည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ရက်မှ ၂၀၁၉ ခုနှစ်ဧပြီလ ၃၀ ရက်အထိစစ်တိုင်းကြီး(၅)ခုတွင် တပ်မတော်၏ စစ်ရေးလှုပ်ရှားမှုများအား ယာယီရပ်ဆိုင်းကြောင်း မြန်မာ့တပ်မတော်ဖက်မှ ကြေငြာခဲ့သည်။

တစ်ဖက်တွင်တော့ NCAလက်မှတ်ရေးထိုးထားသော KNU၊ RCSS/SSAတို့နှင့် မြန်မာ့တပ်မတော် အကြားတိုက်ပွဲဖြစ်ပွားမှုရှိနေသလို NCAလက်မှတ်ရေးထိုးထားခြင်းမရှိသည့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့်လည်း တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။ ၂၀၁၈ခုနှစ် နောင်းပိုင်းနှင့် ၂၀၁၉ ခုအတွင်းတွင်တော့ ULA/AAနှင့် မြန်မာ့တပ်မတော်အကြား ရခိုင်ပြည်နယ်မြို့နယ်များနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့တွင် တိုက်ပွဲများပြင်းထန်လျက်ရှိသည်။ ယင်းတိုက်ပွဲကြောင့် ချင်းနှင့်ရခိုင် စစ်ဘေးရှောင်ဒုက္ခသည်ပေါင်း (၃၀၀၀၀) ကျော်နေပြီဟု ပြည်တွင်းသတင်းများတွင် ဖော်ပြထားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်လည်း နာဂလက်နက်ကိုင်အဖွဲ့ဖြစ်သည့် NSCN-K၏ စခန်းအချို့ကို တပ်မတော်မှ ဝင်ရောက်သိမ်းပိုက်ထားသည်။ ထို့အပြင် အနောက်မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်လက်အောက်ခံ ခွန်းဗျူဟာမှ နာဂလက်ကိုင် ခေါင်းဆောင်အချို့ကိုလည်း ထိန်းသိမ်းခံထားရကြောင်း နာဂဒေသ ဦးစီးအဖွဲ့ အလုပ်အမှုဆောင်(လူ/မှူ) မှ ဦးကာစီရန်းက ပြောပါသည်။

❖ EAOs တို့၏ အခန်းကဏ္ဍ

ဦးသိန်းစိန်အစိုးရလက်ထက်တွင် အရေးပါသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် စုဖွဲ့ထားသော UNFC ရှိသည်။ UNFC မှတဆင့် အစိုးရနှင့်ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် အဖွဲ့(၁၆)ဖွဲ့ပါသော NCCTကို ဖွဲ့စည်းကာ NCA မူကြမ်းရရှိရေးကြိုးပမ်းခဲ့သည်။ NCA ပထမမူကြမ်းအပြီးတွင်တော့ UNFC မှ SD ကို ဖွဲ့ကာ NCA မူကြမ်းအချောသပ်နိုင်ရေးပြင်ဆင်ခဲ့သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း ဦးသိန်းစိန်အစိုးရနှင့် NCA လက်မှတ်ထိုးချိန်တွင်တော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့သာ ပါဝင်နိုင်ခဲ့သည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များစုဖွဲ့ထားသည့် UNFC တွင် NCA-S EAOs နှင့် NCA-NS EAOs အဖြစ် အုပ်စုနှစ်ခုပေါ်လာခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့ပါဝင်သည့် NCA-S EAOs သည် NLD အစိုးရလက်ထက်တွင် နှစ်ဖွဲ့တိုးလာကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၀)ဖွဲ့ရှိလာပြီ ဖြစ်သည်။ NCA-S EAOs အနေဖြင့် PPSTကို ဖွဲ့စည်းကာ NCAအရ ဖြစ်ပေါ်လာသော JICM၊ UPDJC နှင့် JMCတို့တွင် လူဦးရေခွဲတမ်းအလိုက် ပါဝင်ကာ ၂၁ ရာစုပင်လုံမှ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများ ရရှိနိုင်ရေးအတွက် ဆွေးနွေးလျက်ရှိပါသည်။

သို့သော် NCAအရ သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း လမ်းကြောင်းလွဲနေသည်ဟုဆိုကာ ပြန်လည်သပ်ရန်အတွက် PPST ဥက္ကဋ္ဌနှင့်ဒုဥက္ကဋ္ဌများဖြစ်သော KNU၊ RCSS/SSAခေါင်းဆောင်များက တရားဝင်ဆွေးနွေးများတွင် ပါဝင်မှုကိုယာယီရပ်ဆိုင်းကာ အလွတ်သဘောဆွေးနွေးမှုများဖြင့် အဖြေရှာရန် ပြင်ဆင်လာကြသည်။ ၂၀၁၉ခုနှစ် ဇန်နဝါရီတွင်မှ (၄)လကြာရပ်နားထားသည့် PPSTအစည်းအဝေးကို ပြန်လည်ခေါ်ယူကာ PPSTတွင် ခေါင်းဆောင်မှုအပြောင်းအလဲဖြစ်ခဲ့သည်။ အစိုးရငြိမ်းချမ်းရေးကော်မရှင်(PC)နှင့် PPST၊ KNU၊ RCSS/SSA တို့အကြား သီးခြားစီအလွတ်သဘောတွေ့ဆုံမှုများ ပြုလုပ်ကာ NCAအရ တရားဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် ဆွေးနွေးလျက်ရှိသည်။

NCA-NS EAOsဖက်တွင်တော့ UWSAဦးဆောင်သည့် မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၇)ဖွဲ့ပါဝင်သော FPNCC ရှိနေပြီး UNFCတွင် ပါဝင်နေသော KNPPရှိနေပါသည်။ ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် အိန္ဒိယအရှေ့မြောက်ပိုင်းတွင် အခြေစိုက်သော NSCN-K လည်း ရှိနေပါသည်။

NCA မဟုတ်သော နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာရန် FPNCCမှ တောင်းဆိုထားပြီး PC အနေဖြင့်တော့ EAO တစ်ဖွဲ့ချင်းစီနှင့်သာ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ အလားတူ KNPP နှင့် PC အကြားတွင်လည်း NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

တိုက်ပွဲဖြစ်ပွားမှုတွင်တော့ NCA-S EAOsထဲမှ KNU၊ RCSS/SSAတို့နှင့်လည်းကောင်း၊ (NCA-NS EAOs များဖြစ်သည့် FPNCC အဖွဲ့ဝင်များထဲမှ KIO^KIA ၊ TNLA ၊ MNDAA ၊ SSPP/SSA ၊ ULA/AAတို့နှင့်လည်းကောင်း မြန်မာ့တပ်မတော်အကြားတိုက်ပွဲများဖြစ်ပွားမှုများရှိခဲ့သည်။ ULA/AA နှင့် မြန်မာ့တပ်မတော် အကြား ရခိုင်ဒေသရှိတိုက်ပွဲဖြစ်ပွားမှုများကတော့ ပြင်းထန်နေဆဲဖြစ်သည်။

❖ JICM ၊ UPDJC နှင့် JMC

NCA အရ JICM ၊ UPDJCနှင့် JMCတို့ကို ဖြစ်ပေါ်စေခဲ့ပြီး JICMသည် အမြင့်ဆုံးအစည်းအဝေးဟုဆိုရမည်ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစုပင်လုံအတွက် ကဏ္ဍအလိုက်ဆွေးနွေးလျက်ရှိသော UPDJC တွင် သဘောတူညီမှုမရသည့်အခါမျိုးတွင် JICMကို ခေါ်ယူကာ ဆုံးဖြတ်ချက်ရယူသည့် သဘောဖြစ်သည်။ JICM တွင် အစိုးရ၊ တပ်မတော် ၊ လွှတ်တော်နှင့် NCA-S EAOs ခေါင်းဆောင်များပါဝင်သည်။

UPDJCနှင့် JMCတို့တွင်တော့ အစိုးရ၊ တပ်မတော် ၊ လွှတ်တော်နှင့် NCA-S EAOsတို့၏ ကိုယ်စားလှယ်အစုအဖွဲ့များအပြင် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် အနည်းဆုံးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အနိုင်ရရှိသော ပါတီများအစုအဖွဲ့တို့ ပါဝင်သည်။ UPDJCသည် ၂၁ ရာစုပင်လုံအစည်းအဝေးတွင် ဆွေးနွေးမည့်အကြောင်းအရာများကို ဆွေးနွေးရခြင်းဖြစ်ပြီး JMC ကတော့ JMC-U ၊ JMC-S နှင့် JMC-Lတို့ကို ဖွဲ့စည်းကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားခြင်းကို ခိုင်မာစေရန်နှင့် ပစ်ခတ်တိုက်ခိုက်မှုများကို ထိန်းချုပ်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ JMC အဆင့်ဆင့်တွင် အရပ်သားကိုယ်စားလှယ်အချို့ ပါဝင်သလို NCA-S EAOs ကိုယ်စားလှယ်အချို့လည်း အချိုးအစားအလိုက် ပါဝင်သည်။ UPDJC နှင့် JMC တို့၏ အဆုံးအဖြတ်ပေးနိုင်သော ဥက္ကဋ္ဌတာဝန်များကိုတော့ တပ်မတော်သားကိုယ်စားလှယ်အချို့က ရယူထားပါသည်။



JICM ဖြစ်ပေါ်လာပုံ

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (ပူးတွဲ) အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (Joint Implementation Coordination Meeting – JICM) ၏ အခန်းကဏ္ဍ	◆ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူညီချက် (Nationwide Ceasefire Agreement – NCA) ကို ၂၀၁၅ခုနှစ်မှ စတင်၍ သမ္မတ ဦးသိန်းစိန်ဦးဆောင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စားပြည် ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (Union Peacemaking Working Committee – UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကိုယ်စားညီညွတ်သောပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC)၏ အဖွဲ့ဝင်များအပါအဝင်အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်တို့၏ တိုင်းရင်းသားထိပ်သီးအစည်းအဝေး (EAOs Submit) ကျင်းပပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ Nationwide Ceasefire Coordination Team – NCCT တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၆)ဖွဲ့တို့ ပူးပေါင်းရေးဆွဲခဲ့ကြသည်။ ◆၂၀၁၅ခုနှစ်အောက်တိုဘာလ(၁၅)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့်လက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့တို့ NCA ကိုလက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။ ◆၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ(၁၃)ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သော မွန်ပြည်သစ်ပါတီ (MNSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့မှ ပါဝင်လက်မှတ်ရေးထိုးလာခဲ့သည်။ ◆ အဆိုပါ NCA စာချုပ်အရ စာချုပ်လက်မှတ်ရေးထိုးပြီးသည့်အခါ စာချုပ်ပါအချက်များကို အကောင်အထည်ဖော် ဆောင်နိုင်ရေးအစိုးရနှင့် လက်မှတ်ရေးထိုးသည့် လက်နက်ကိုင်အဖွဲ့အစည်းများသည် ညှိနှိုင်းအစည်းအဝေး ခေါ်ယူကျင်းပရမည်ဖြစ်ပါသည်။ ◆ ထိုညှိနှိုင်းအစည်းအဝေးကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ပူးတွဲအကောင်အထည်ဖော်ရေးဆိုင်ရာညှိနှိုင်းရေးအစည်းအဝေး (Joint Implementation Coordination Meeting – JICM)ဟု ခေါ်ဆိုပါသည်။ (အခန်း-၇၊ အပုဒ်၂၉) **တာဝန်နှင့် လုပ်ပိုင်ခွင့်များ** (က) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ အချက်များကို အကောင်အထည် ဖော်နိုင်ရေးအတွက် (အခန်း-၃၊ အပိုဒ်-၃) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) အခန်း-၄၊ အပိုဒ်-၁၁ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) နှင့် အခြားလိုအပ်သောကော်မတီများဖွဲ့စည်းခြင်း (အခန်း-၅၊ အပိုဒ်-၂၁) (ခ) အထက်ပါကော်မတီများ လုပ်ငန်း အကောင်အထည်ဖော်ရာတွင် မဖြေရှင်းနိုင်သည့် ကိစ္စရပ်များကိုညှိနှိုင်းဖြေရှင်းပေးခြင်း။ (အခန်း-၇၊ အပိုဒ်-၃၁ ခ)

	(ဂ) စာချုပ်ပါအချက်များ အကောင်အထည်ဖော်ရာတွင်ဝိဝါဒကွဲပြားမှုများ ဖြစ်ပေါ်လာပါက ညှိနှိုင်းပေးခြင်း။ (အခန်း-၇၊ အပိုဒ်-၃၁ ခ) ဃ) NCA စာချုပ်ပါ အချက်များ အကောင်အထည်ဖော်မှုအပေါ် လိုအပ်သလို ဆန်းစစ်ခြင်း။ (အခန်း-၇၊ အပိုဒ်-၃၂) (င) ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ဝိဝါဒကွဲပြားမှုများ ဖြစ်ပေါ်လာပါက ညှိနှိုင်းဖြေရှင်းပေးခြင်း။ (စ) JMC ၏လုပ်ငန်းလမ်းညွှန်များ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အတည်ပြုပေးခြင်း။ (ဆ) JMCမှ ရေးဆွဲသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ နှစ်ဘက်လိုက်နာရမည့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတည်ပြုပေးခြင်း။ (ဇ) UPDJCနှင့်အခြားကော်မတီများ၏ လုပ်ငန်းလမ်းညွှန်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုအတည်ပြုပေးခြင်း။		
JICM အစည်းအဝေးမှတ်တမ်း			
	၁	၁၅-၁၇ အောက်တိုဘာ ၂၀၁၅	တက်ရောက်လာသူများက JICM ၏ တာဝန်ဝတ္တရားများ၊ အနာဂတ်တာဝန်များနှင့် JMC နှင့် UPDJC ဖွဲ့စည်းခြင်းကို ဆွေးနွေးခဲ့ကြသည်။
	၂	၁၇-၁၈ နိုဝင်ဘာ ၂၀၁၅	JCM နှင့် UPDJC ကို တာဝန်ခန့်အပ်ခြင်း။
	၃	၁၆ ဒီဇင်ဘာ ၂၀၁၅	JICM သည် UPDJC က တင်ပြသည့် နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင်ကို အတည်ပြုခဲ့သည်။ UPDJC အဖွဲ့ဝင် ဒုဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် ဗိုလ်မှူးချုပ်စိန်ထွန်းလှနှင့် ပြည်ထောင်စုဒုဝန်ကြီး ဦးအောင်သိန်း၊ NLD ဗဟိုအမှုဆောင်ကော်မတီအဖွဲ့ဝင်များဖြစ်သော ဦးဉာဏ်ဝင်းနှင့် ဦးထွန်းထွန်းဟိန်းတို့အား UPDJC အဖွဲ့ဝင်သစ်များအဖြစ် ခန့်အပ်မည်ဖြစ်သည်။

	၄	၂၄ ဩဂုတ် ၂၀၁၆	သဘောတူညီမှုအရ JICM အစည်းအဝေးကို ၃ လ တစ်ကြိမ်ပြုလုပ်ပြီး UPDJC ၏ အတွင်းရေးမှူးများက ကော်မတီ၏ အကောင်အထည်ဖော်ဆောင်းခြင်းနှင့် ရှေ့ဆက်လုပ်ငန်း အစီအစဉ်များကို အစီရင်ခံတင်ပြရမည် ဖြစ်သည်။ UPDJC ၏ အဖွဲ့ဝင်များစာရင်းကို တင်ပြပြီး ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ဒု-ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က အတည်ပြုခဲ့သည်။
	၅	၂၄ ဧပြီ ၂၀၁၇	အစည်းအဝေးတွင်ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဒုတိယအစည်း အဝေးကျင်းပရန် နေ့ရက်သတ်မှတ်ခြင်းကိစ္စ၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံဒုတိယအစည်းအဝေးတွင် အားလုံးလက်ခံနိုင်သောအခြေခံမူဝါဒဖော်ထုတ်နိုင်ရေးကိစ္စ၊-အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ မကျင်းပရသေးသောအဖွဲ့များဆိုင်ရာကိစ္စ၊JMC မှအတည်ပြုထားသော Standard Operating Procedure (SOP) များအား JICM က အတည်ပြုခြင်းကိစ္စ၊ JMC ကတင်ပြသော ဆက်ဆံရေးရုံး ToR ကိစ္စ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်တွင် JMCအဆင့်ဆင့်၏ လုပ်ပိုင်ခွင့်များပြင်ဆင်ဖြည့်စွက်ခြင်းကိစ္စ၊ ကြားကာလစီမံမှု အစီအစဉ်ဆိုင်ရာကိစ္စ၊ အပစ်ရပ်နယ်မြေ၊ အပစ်ရပ်ဒေသ သတ်မှတ်ရေးကိစ္စ၊

			တိုင်းရင်းသား ဒေသများ ဖွံ့ဖြိုးတိုး တက်ရေးအတွက်လိုအပ်ချက်များကို JCB သို့တင်ပြ၍ ညှိနှိုင်းဆောင်ရွက်ရေးကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ပိုမို ပါဝင်လာ ရေးကိစ္စ၊ချင်းပြည်နယ်တွင် JMC-S ဖွဲ့စည်းရေးကိစ္စ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ နှစ်ဖက်သဘာတူညီထားသော Bilateral Agreement စာချုပ်ပါ သဘောတူညီချက် များမှဆောင်ရွက်ရန်ကျန်ရှိသောသဘော တူညီချက်များဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။
	၆	၁၇ နိုဝင်ဘာ ၂၀၁၇	အစည်းအဝေးတွင် (၁)တစ်နိုင်ငံလုံး ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်NCA အကောင်အထည်ဖော်မှု ပြန် လည်သုံးသပ်ခြင်းဆိုင်ရာအလုပ်အဖွဲ့၏ အစီရင်ခံစာကိုအတည်ပြုခြင်း၊ (၂)RCSS-SSA ၏အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲကို ဇန်နဝါရီလအတွင်းရှမ်းပြည် နယ်လင်းခေးမြို့တွင် ကျင်းပပြုလုပ်ရန်၊ (၃) ALP ၏ အမျိုးသားအဆင့်နိုင်ငံရေးပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရန်၊ (၄)ပြည်ထောင်စုသဘောတူစာချုပ်အကောင် အထည်ဖော်ခြင်းဆိုင်ရာကိစ္စရပ်များကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ် NCA အတိုင်း ဆက်လက်ဆောင် ရွက်သွားရန်၊ (၅)ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ၊ တတိယ အစည်းအဝေး ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလနောက်ဆုံး သီတင်းပတ်တွင်ကျင်းပရန်၊ (၆)၇ ကြိမ်မြောက် JICM အစည်းအဝေး ကို ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီလနောက်ဆုံး

			သီတင်းပတ်တွင် ကျင်းပရန်၊ (၇) ဆက်လက်ဆွေးနွေးရန် အချက်အချို့မှအပနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၊ လုပ်ငန်းလမ်းညွှန် ToR များနှင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်းဆိုင်ရာလုပ်ထုံလုပ်နည်း Standard Operating Procedure-SOP များကို အတည်ပြုခြင်းစသည့် ဆုံးဖြတ်ချက်များချမှတ်ခဲ့သည်။
	၇	၂၈ ဖေဖော်ဝါရီ ၂၀၁၈	အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတတိယအစည်းအဝေးကိုဧပြီလကုန် မေလဆန်းတွင်ကျင်းပရန် လျာထားသတ်မှတ်သည့် ဆုံးဖြတ်ချက်ကိုချနိုင်ခဲ့ကြောင်း၊ ထို့ပြင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ လက်မှတ်ထိုးပြီး ဝင်ရောက်လာသည့်အချိန်တွင် JICM မှာ မူလ က ၈ ဖွဲ့အစား ၉ ဖွဲ့ဖြစ်သည့်အတွက် ၉ ဦးစီတက်ရောက်ရန် သဘောတူခဲ့ကြောင်း၊ UPDJC ကို အစုအဖွဲ့တစ်ဖွဲ့စီမှာ ၁၆ ဦးဖြင့်ပြင်ဆင် ဖွဲ့စည်းသည့် ကိစ္စကို JICMတွင် ထပ်လောင်းပြီး အတည်ပြုနိုင်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးကော်မရှင်နှင့် မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက် ၉ချက်ကို JICM အစည်းအဝေးက မှတ်တမ်းတင် အတည်ပြုနိုင်ခဲ့ကြောင်း၊ အလားတူ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ NCA လက်မှတ်ရေးထိုးခဲ့ခြင်းကို JICM တွင် မှတ်တမ်းတင်ခဲ့ကြောင်း သိရှိရသည်။

	၂၀၁၈ တတိယအကြိမ် ၂၁ရာစုပင်လုံ ကျင်းပပြီးသော်လည်း NCA လမ်းကြောင်း ပိတ်စို့မှုကို အဆုံးသတ်ဆွေးနွေးဆုံးဖြတ်နိုင်ရန် JICMအစည်းအဝေးပုံစံအနေဖြင့် ထိပ်သီးအစည်းအဝေး (10+10) ကိုခေါ်ယူကျင်းပါခဲ့ကြပါသည်။	
၂၀၁၈ ခုနှစ် အောက်တိုဘာလ ထိပ်သီးအစည်းအဝေး		
	ထိပ်သီးအစည်းအဝေးတွင် တက်ရောက်ခဲ့သူများမှာ နိုင်ငံတော်အစိုးရ ၁။ ဒေါ်အောင်ဆန်းစုကြည် ၂။ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ၃။ ဒေါက်တာတင်မျိုးဝင်း ၄။ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီး ဦးကျော်တင့်ဆွေ ၅။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆။ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၇။ ဗိုလ်ချုပ်ကြီးတင်မောင်ဝင်း ၈။ ဒုဗိုလ်ချုပ်ကြီး ရာပြည့် ၉။ ဒုဗိုလ်ချုပ်ကြီးမင်းနောင်	EAOs ၁။ ရဲဘော် သံခဲ (ABSDF) ၂။ ခိုင်စိုးနိုင်အောင် (ALP) ၃။ ဒေါက်တာ လျံအိတ်ချ်ဆာခေါင်း(CNF) ၄။ ဗိုလ်ချုပ် စောမူရှေး (DKBA) ၅။ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖော (KNU) ၆။ ဗိုလ်ချုပ် ထိန်မောင်(KPC) ၇။ ဗိုလ်မှူးကြီး ခွန်ဥက္ကာ (PNLO) ၈။ ဗိုလ်ချုပ်ကြီး ယွက်ဆစ် (RCSS)

ပူးတွဲစောင့်ကြည့်ရေးကော်မတီ Joint Monitoring Committee

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) စာချုပ်အရချုပ်ဆိုပြီးနောက် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်မဖြစ် ပွားစေရန်အတွက် ပူးတွဲစောင့်ကြည့်ရန် အပစ် အခတ်ရပ်စဲရေးစောင့်ကြည့်ရေးပူးတွဲ ကော်မတီ (JMC)ကို JICM အစည်းအဝေးမှ ဖွဲ့စည်းပေးခဲ့ပါသည်။ အဆိုပါကော်မတီသည် လက်မှတ်ရေးထိုးထားသည့် တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ပစ်ခတ်တိုက်ခိုင်မှုများဆက်လက်မဖြစ်ပွားစေရန်နှင့် ဖြစ်ပွားလာပါက ပူးပေါင်းညှိနှိုင်းဖြေရှင်းရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ JMC-U တွင် တပ်မတော်မှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေး ထိုးထားသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အရပ်သားကိုယ်စားလှယ်များဖြင့် ပါဝင် ဖွဲ့စည်းထားပါသည်။ JMC-U တစ်နိုင်ငံလုံးအဆင့် ၏ အောက်တွင် ပြည်နယ်/တိုင်းအဆင့် စောင့်ကြည့်ရေး ကော်မတီ JMC – S နှင့် ဒေသအဆင့် ပူးတွဲစောင့်ကြည့်ရေး ကော်မတီ JMC-L တို့လည်း အဆင့်ဆင့်ဖွဲ့စည်းသွားရန် သဘောတူခဲ့ကြသည်။

Joint Monitoring Committee (JMC – Union level)
JMC-U အဆင့်တွင် ကော်မတီဝင် ဦးရေ ။ ။ ကော်မတီဝင် ၂၆ဦး

အစိုးရ ကိုယ်စားလှယ်များ	အရပ်သား ကိုယ်စားလှယ်များ	EAOs ကိုယ်စားလှယ်များ
၁။ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့် (ဥက္ကဋ္ဌ) ၂။ ဦးခင်မောင်စိုး ၃။ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင် ၄။ ဗိုလ်ချုပ် ထွန်းထွန်းနောင် ၅။ ဗိုလ်ချုပ် အောင်ကျော်ဇော ၆။ ဗိုလ်ချုပ် မင်းနောင် ၇။ ဦးမြင့်စိုး ၈။ ဗိုလ်ချုပ် အောင်စိုး ၉။ ဗိုလ်မှူးကြီး ဝဏ္ဏအောင် (အတွင်းရေးမှူး-၂) ၁၀။ ဒေါက်တာ မင်းဇော်ဦး	1.Vice Chair 2 – U Pyae Sone ဦးပြည့်စုံ 2.Rev Saw Matthew Aye သိကၡာတော်ရ ဆရာစောမက်သယူးအေး 3.U Ko Ko Kyi ဦးကိုကိုကြီး 4.Sai Myo Than စိုင်းမျိုးသန်း 5.Maung Maung Than မောင်မောင်သန်း 6.Thura U Tin Hla သူရဦးတင်လှ	၁) Vice-Chair 1 – Maj Gen Saw Isaac Po – KNU စောအက်စေးပို ၂) Maj Genl Saw Nay Soe Mya – KPC စောနေစိုးမြ ၃) Secretary 1 – Dr Sui Khar – CNF ဒေါက်တာ ဆွေခါး ၄) Major Saw Kyaw Than Htay – DKBA စောကျော်သန်းဌေး ၅) Lt Colonel Khun Aung Man – PNLO ခွန်အောင်မန်း ၆) Comrade Salai Yaw Aung – ABSDF ဆလိုင်းယောအောင် ၇) Lt Colonel Khaing Myo Chit – ALP ခိုင်မျိုးချစ် ၈) Colonel Saung Han – RCSS စောင်ဟန် ၉) Padoh Saw Tadoh Moo – KNU စောတက်ဒိုမို ၁၀) Sai Leng – RCSS စိုင်းလန်

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ - ပြည်နယ်အဆင့် (JMC-S)
တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် ဖော်ပြထားသည့် တစ်နိုင်ငံလုံး အတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး အခြေအနေ၊ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ထိန်းသိမ်း လိုက်နာခြင်း နှင့်ပတ်သတ်၍ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင် ပူးတွဲစောင့်ကြည့်လေ့လာရန်၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား စိစစ်ရန်နှင့် ပူးတွဲညှိနှိုင်း ဖြေရှင်းရန် အကောင်အထည်ဖော်ဆောင်ရန် တာဝန်ရှိသည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (State Level)ကို JMC-U မှအောက်ပါအတိုင်းဖွဲ့စည်းပေးထားသည်။ ၁) ဥက္ကဋ္ဌ (အစိုးရ) (သတ်မှတ် focal တိုင်းမှူး) ၂) ဒုတိယ ဥက္ကဋ္ဌ (၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ) (ဗဟိုမှ တာဝန်ပေးအပ်သော တပ်မဟာမှူး/ စစ်ဒေသမှူး) ၃) ဒုတိယ ဥက္ကဋ္ဌ (၂) (အရပ်သား) ၄) အဖွဲ့ဝင်များ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူး တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အရပ်သား(၃)ဦး ၅) အတွင်းရေးမှူး (၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ) ဗဟိုမှတာဝန်ပေးသူ တစ်ဦး ၆) အတွင်းရေးမှူး (၂) (အစိုးရ) စစ်ဦးစီးမှူး (ပထမတန်း)

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ - ဒေသအဆင့် (JMC-L)		
ပဲခူးတိုင်းဒေသကြီးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-State Pago)		
အစိုးရကိုယ်စားလှယ် ၁) ဗိုလ်ချုပ်သန်းလှိုင် (ဥက္ကဋ္ဌ) ၂) ဗိုလ်မှူးကြီးလှမျိုးဆွေ (အဖွဲ့ဝင်) ၃) ရဲမှူးကြီးစိန်လွင် (အဖွဲ့ဝင်) ၄) ဦးတိုးဝင်း (အဖွဲ့ဝင်) ၅) ဒုတိယဗိုလ်မှူးကြီး နေလင်းအောင် (အတွင်းရေးမှူး ၂)	အရပ်သားကိုယ်စားလှယ် ၁) ဦးစောဒီထူး (ဒုတိယဥက္ကဋ္ဌ) ၂) ဒေါ်နန်းကျင်ဦး (အဖွဲ့ဝင်) ၃) စောလင်းအောင် (အဖွဲ့ဝင်) ၄) စောထူးဘလက် (အဖွဲ့ဝင်)	တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ် ၁) ဗိုလ်မှူးချုပ်မျိုးချစ်(ခ) စောအယ်ကလူသိန်း(ဒုတိယဥက္ကဋ္ဌ) ၂) ဒုတိယဗိုလ်မှူးကြီး စောအယ်ကလူဖိုး (အတွင်းရေးမှူး-၁) ၃) ဗိုလ်မှူးချုပ်စောဒဲပိုး (အဖွဲ့ဝင်) ၄) ဒုတိယဗိုလ်မှူးကြီး စောအယ်လ်ဒိုထူး (အဖွဲ့ဝင်) ၅) ဒုတိယဗိုလ်မှူးကြီး စောထွန်းကေး (အဖွဲ့ဝင်)
ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC State level - Karen		
အစိုးရကိုယ်စားလှယ် ၁) ဗိုလ်ချုပ်မိုးမျိုးအောင်(ဥက္ကဋ္ဌ) ၂) ဗိုလ်မှူးကြီးမျိုးမင်းနောင် (အဖွဲ့ဝင်) ၃) ဗိုလ်မှူးကြီး မောင်မောင်ဝင်း (အဖွဲ့ဝင်) ၄) ရဲမှူးကြီး ဦးအောင်မြတ်မိုး (အဖွဲ့ဝင်) ၅) ဒုတိယ ဗိုလ်မှူးကြီး နေယု (အတွင်းရေးမှူး-၂) ၆) ဦးခင်မောင်ဆန်း (အဖွဲ့ဝင်)	အရပ်သားကိုယ်စားလှယ် ၁) နန်းမြင့်တင် (ဒုတိယဥက္ကဋ္ဌ-၂) ၂) ဦးစောခရစ်စတိုဖာ (အဖွဲ့ဝင်) ၃) ဦးစော်ဘိုးနီ (အဖွဲ့ဝင်) ၄) ဒေါ်နန်းစေးအွာ (အဖွဲ့ဝင်) ၅) နန်းလှယဉ်မေ (အဖွဲ့ဝင်)	တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ် ၁) ဗိုလ်မှူးကြီး စောဖော်ဒို KNU (ဒုတိယဥက္ကဋ္ဌ-၁) ၂) ဖဒိုစောရွှေမောင်း KNU (အတွင်းရေးမှူး-၁) ၃) ဗိုလ်မှူးကြီးစောသြဘာ KNU/KNLA-PC (အဖွဲ့ဝင်) ၄) ရဲဘောမင်းဇော် ABSDF (အဖွဲ့ဝင်) ၅) ဗိုလ်မှူးစောအယ်ဒိုထူး KNU (အဖွဲ့ဝင်) ၆) ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်း DKBA (အဖွဲ့ဝင်)

ကရင်ပြည်နယ်- ဖာပွန်ဒသ- ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-Local Hpapun-Karen)		
အစိုးကိုယ်စားလှယ် - ၁) ဗိုလ်မှူးကြီး အောင်ခိုင်ချို (ဥက္ကဋ္ဌ) ၂) ဦးသိန်းဇော် (အဖွဲ့ဝင်) ၃) ဗိုလ်မှူးသက်နိုင်ဌေး (အတွင်းရေးမှူး-၂)	အရပ်သား ကိုယ်စားလှယ် ၁) နော်မဲလာထူး (ဒုတိယဥက္ကဋ္ဌ-၂) ၂) စောမျိုးချစ် (အဖွဲ့ဝင်)	တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ကိုယ်စားလှယ် ၁) ပဒိုစောကလယ်ဆေး (ဒုတိယဥက္ကဋ္ဌ-၁) ၂) စောချစ်ဝင်းနိုင် (အဖွဲ့ဝင်) ၃) ပဒိုစောမေးဇော (အတွင်းရေးမှူး-၁)
ရှမ်းပြည်နယ် - ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-State-Shan		
အစိုးရ ကိုယ်စားလှယ် ၁) ဗိုလ်ချုပ်သန်းလှိုင် (ဥက္ကဋ္ဌ) ၂) ဗိုလ်မှူးကြီးလှဦး (အဖွဲ့ဝင်) ၃) ရဲမှူးချုပ်ဇော်ခင်အောင် (အဖွဲ့ဝင်) ၄) ဦးစိုးစိုးဇော် (အဖွဲ့ဝင်) ၅) ဒုတိယဗိုလ်မှူးကြီး လင်းထင်ကျော် (အတွင်းရေးမှူး-၂)	အရပ်သား ကိုယ်စားလှယ် ၁) ဦးအောင်စိုးမိုး (ဒုတိယ ဥက္ကဋ္ဌ-၂) ၂) ဒေါ်နန်းဆွေနွယ်ဝင် (အဆိုပြု အဖွဲ့ဝင်) ၃) ဒေါ်စိန်ချယ် (အဆိုပြု အဖွဲ့ဝင်) ၄) ဒေါ်ခင်စန်းယု (အဆိုပြု အဖွဲ့ဝင်) ၅) ဦးစိုင်းထွန်းကြည် (အဆိုပြု အဖွဲ့ဝင်) ၆) ခွန်ကျော်ဆွေ (အဆိုပြု အဖွဲ့ဝင်) ၇) ဦးဝင်းတင့်(အဖွဲ့ဝင်) ၈) ခွန်စိုးထွန်းအောင် (အဖွဲ့ဝင်)	တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ကိုယ်စားလှယ် ၁) ဒုတိယ ဗိုလ်မှူးကြီး စိုင်းဟန် RCSS (ဒုတိယဥက္ကဋ္ဌ) ၂) ဗိုလ်မှူးနန်းမိုးမိုးစော RCSS (အဖွဲ့ဝင်) ၃) ဒုတိယဗိုမှူးကြီး စိုင်းဒေဝိန် RCSS (အဖွဲ့ဝင်) ၄) ဗိုလ်မှူးနန်းဖြူပြာ PNLO (အဖွဲ့ဝင်) ၅) ခွန်ထွန်းတင် PNLO (အတွင်းရေးမှူး-၁)

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ - (JMC-Local-Kahlan-Shan)		
အစိုးရ ကိုယ်စားလှယ် ၁) ဗိုလ်မှူးကြီးမျိုးမင်းသန်း (ဥက္ကဋ္ဌ) ၂) ဦးစန်းဌေး (အဖွဲ့ဝင်) ၃) ဗိုလ်မှူးအောင်ကိုကိုဦး (အတွင်းရေးမှူး-၂)	အရပ်သား ကိုယ်စားလှယ် ၁) ဦးကျော်လှ (ဒုတိယဥက္ကဋ္ဌ-၂) ၂) စိုင်းဘဟန် (အဖွဲ့ဝင်)	တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ကိုယ်စားလှယ် ၁) ဗိုလ်ကြီးစိုင်းဇင့် RCSS (ဒုတိယဥက္ကဋ္ဌ-၁) ၂) ဗိုလ်ကြီးခွန်လှထွန်း PNLO (အဖွဲ့ဝင်) ၃) ဗိုလ်ကြီးခွန်မျိုးမြင့်ထွန်း PNLO (အတွင်းရေးမှူး-၁)
မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-state-Mon)		
အစိုးရ ကိုယ်စားလှယ် ၁) ဗိုလ်ချုပ်မိုးမျိုးအောင် (ဥက္ကဋ္ဌ) ၂) ဗိုလ်မှူးကြီးနေထွဋ်ဦး (အဖွဲ့ဝင်) ၃) ရဲမှူးကြီး သက်နိုင် (အဖွဲ့ဝင်) ၄) ဒုတိယဗိုလ်မှူးကြီး နေယု (အတွင်းရေးမှူး-၂) ၅) ဦးလှဝင်းတင် (အဖွဲ့ဝင်)	အရပ်သား ကိုယ်စားလှယ် ၁) ဒေါက်တာမင်းနွယ်စိုး (အဖွဲ့ဝင်) ၂) နော်ဆာထူး (အဖွဲ့ဝင်) ၃) ဒေါက်တာမိယဉ်ချမ်း (အဖွဲ့ဝင်) ၄) စောဟိုရှေး (အဖွဲ့ဝင်)	တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ကိုယ်စားလှယ် ၁) ဗိုလ်မှူးကြီးစော ပလေ့ KNLA (ဒုတိယဥက္ကဋ္ဌ-၁) ၂) ဗိုလ်မှူးကြီးစောကျော်မြင့် KNLA (အတွင်းရေးမှူး-၁) ၃) ဗိုလ်မှူးကြီးစောဂျီးဖွာ KNLA (အဖွဲ့ဝင်) ၄) စောဆဲနေထူး KNLA (အဖွဲ့ဝင်) ၅) ပဒိုစောစိုးမြင့် KNU (အဖွဲ့ဝင်)

တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-State-Tanin Tharyi)		
အစိုးရ ကိုယ်စားလှယ် ၁) ဗိုလ်ချုပ်သောင်းတိုက်ရွှေ (ဥက္ကဋ္ဌ) ၂) ဒုတိယဗိုလ်မှူးကြီးဇော်မျိုးခိုင် (အတွင်းရေးမှူး-၂) ၃) ဗိုလ်မှူးကြီး ကျော်ဇေယျ (လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး) ၄) ရဲမှူးကြီးခင်မောင်အေး (တိုင်းရဲတပ်ဖွဲ့မှူး) (အဖွဲ့ဝင်) ၅) ဦးခင်မောင်ကျော် (ထွေအုပ်) အဖွဲ့ဝင်	အရပ်သား ကိုယ်စားလှယ် ၁) ဦးလှသန်း (ဒုတိယဥက္ကဋ္ဌ-၂) ၂) နော်မေဒြပ် (အဖွဲ့ဝင်) ၃) ဖာသာသိန်းခင် (အဖွဲ့ဝင်) ၄) စဇော်ဝင်း (အဖွဲ့ဝင်)	တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ကိုယ်စားလှယ် ၁) ပဒိုစောဘီလယ် KNU (ဒုတိယဥက္ကဋ္ဌ-၁) ၂) ဗိုလ်ကြီးထိုဖိုး KNU (အတွင်းရေးမှူး-၁) ၃) ဗိုလ်မှူးဘချော KNU (အဖွဲ့ဝင်) ၄) ဒုတိယဗိုလ်မှူးကြီးအယ်မေစေး KNU (အဖွဲ့ဝင်) ၅) ပဒိုစောပလို့စိုးဝင် (ခ) ဝင်းခိုင်း KNU (အဖွဲ့ဝင်)

"လုံခြုံရေး" မှ "ငြိမ်းချမ်းရေး" သို့

၂၀၁၆ ခုနှစ်ရောက်သည့်တိုင်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း အမျိုးသမီးများ၏ ဦးဆောင်မှု အခန်းကဏ္ဍသည် စိန်ခေါ်မှုများ ဆက်လက်ရှိနေပါသည်။

''အမျိုးသားတွေလည်း အမြဲတမ်းကြီးစိုးတာမျိုးမလုပ်ဘဲ ပဋိပက္ခထက် ငြိမ်းချမ်းရေးကို ရှေ့တန်းတင်ဆွေးနွေးနိုင်မယ့် အမျိုးသမီးတွေ ပါဝင်ဆွေးနွေးတဲ့ ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုမျိုးတွေ ရှိရပါမယ်'' (Bell Et Al.2004;320)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းစဉ် လမ်းပြမြေပုံတွင် ''လုံခြုံရေးရာကိစ္စများ'' နှင့်ပတ်သက်၍ အလေးထားဖော်ပြခြင်းမရှိဘဲ ''ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး''နှင့် ''ပြင်ဆင်ပြီးဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပခြင်း''ကိုသာ အဓိကဖော်ပြထားသည်။ လူအများက အလွန်ဝေဝါးပြီး လက်တွေ့မဆန်ဟု ထင်ကြသော်လည်း အထက်ပါနှစ်ချက်သည် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် နည်းလမ်းတစ်ခုကို ဖြစ်စေနိုင်သည်။

၄င်းသည် အတွေးအမြင်အသစ်မဟုတ်ပါ။ NCA အပိုဒ်(၂၂)အပိုဒ်ခွဲ (ဃ)တွင်ဖော်ပြသော ''ပြည်ထောင်စုညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ်အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို လိုအပ်သလိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖြတ်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ရန် သဘောတူညီသည်''ကို အခြေခံထားသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်အကြား ချဉ်းကပ်မှုသဘောထားကွာခြားချက်များကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) အချို့အနေဖြင့် NCA လက်မှတ်ရေးထိုးရန် ရှုပ်ထွေးမှုများ ကြုံနေရသည်။

ဒေါ်အောင်ဆန်းစုကြည် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအသွင်ကူးပြောင်းရေးအတွက် အကောင်းဆုံးချဉ်းကပ်မှုအနေဖြင့် ''ငြိမ်းချမ်းရေး''ကို ဖော်ဆောင်လိုသည်။ သို့သော် လုံခြုံရေးကို အဓိကအလေးထားသော အုပ်စုများအတွက် အဆိုပါချဉ်းကပ်မှုသည် ရှုပ်ထွေးပြီး အချိန်အတော်ယူရမည်ဖြစ်သည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်နေသော လူအများစုက ၂၀၂၀ မတိုင်မီ အကောင်အထည်ဖော်မည်ဆိုသည်မှာ လက်တွေ့မဆန်ဟု ထင်နေကြသည်။

NRPC လမ်းပြမြေပုံ (NLD အစိုးရ ငြိမ်းချမ်းရေးချဉ်းကပ်ပုံ)

၁။ နိုင်ငံရေးဆွေးနွေးမှုမူဘောင်ပြန်လည်သုံးသပ်ခြင်း

၂။ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပြန်လည်ပြင်ဆင်ခြင်း

၃။ ပြင်ဆင်အတည်ပြုပြီးဖြစ်သော နိုင်ငံရေးဆွေးနွေးမှုမူဘောင်နှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံညီကျင်းပခြင်း

၄။ (၂၁) ရာစုပင်လုံညီလာခံရလဒ်များအား စုစည်း၍ ပြည်ထောင်စုသဘောတူညီချက်လက်မှတ်ရေးထိုးခြင်း

၅။ ပြည်ထောင်စုသဘောတူညီချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသားခြင်း၊ အတည်ပြုခြင်း

၆။ ပြင်ဆင်ရေးသားအတည်ပြုပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကျင်းပခြင်း

၇။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်အညီ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်း

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) သည် NCA ကို လက်မှတ်ရေးထိုးသင့်မသင့် မဆုံးဖြတ်ရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ ဖြစ်သည်။ "တပ်မတော်ရဲ့ မူဝါဒဟာ အမျိုးသားနိုင်ငံရေးဆွေးနွေးမှုပြီးရင် လက်နက်ချဖို့ဖြစ်တယ်၊ ဒါကြောင့် ကျွန်တော်တို့ရွေးကောက်ပွဲ ဝင်ခဲ့ကြတယ်၊ တပ်မတော်က ကျွန်တော်တို့ကို လက်နက်စွန့်စေချင်တယ်၊ ဒါပေမဲ့ NLD ဟာ ဖွဲ့စည်းပုံအခြေခံပြင်ဆင်ရေးမှာ ကျွန်တော်တို့ကို သူတို့နဲ့ ပူးပေါင်းလုပ်စေချင်တယ်၊ တပ်မတော်ရဲ့ မူဝါဒဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်နဲ့လဲ ကာကွယ်ချင်တယ်၊ သူတို့ရဲ့ မူဝါဒတွေဟာ မတူညီကြဘူး၊ ဒါကြောင့် ဘယ်ဘက်ကိုရပ်ရပ် ကျွန်တော်တို့ ပြဿနာတစ်ခုမဟုတ်တစ်ခုနဲ့ ကြုံရမှာပဲ" ဟု KNPP ဒုတိယအတွင်းရေးမှူး Khu Daniel က အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

တပ်မတော်ခေါင်းဆောင်များအနေဖြင့် NLD လုပ်ဆောင်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းလုပ်ရပ်များအပေါ် နှစ်မျိုဟန်မတူပေ။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ မနှစ်သက်ကြောင်း ဖော်ပြခဲ့ဖူးသည်။ မြန်မာ့တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို မူအားဖြင့်လက်ခံကြောင်း သို့သော် NCA ကို ဖောက်ဖျက်ခြင်း၊ ကိုယ်ကျိုးစီးပွားရှာခြင်း ရည်ရွယ်ချက်ပါသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေရေးရာပြင်ဆင်မှုများကိုတော့ လက်ခံဖို့ခက်ခဲမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မည်သို့ပင်ဆိုစေ မြန်မာ့တပ်မတော်အနေဖြင့် ဦးသိန်းစိန်အစိုးရလက်ထက်က ရေးဆွဲခဲ့သော NCA နိုင်ငံရေးမူဘောင်များအတိုင်း ဆက်လက်လုပ်ကိုင်နေမည်ဖြစ်သည်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေသော နိုင်ငံတကာအသိုက်အဝန်းကလည်း NCA ကို အသိအမှတ်ပြုထားပြီး ဖြစ်သည်။

ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အမျိုးသမီးတို့၏ အခန်းကဏ္ဍ

၂၀၁၆ ခုနှစ်မှ စတင်၍ ဒေါ်အောင်ဆန်းစုကြည်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရားဝင်ပါဝင်ဆောင်ရွက်နေခဲ့သည်။ သူမသည် ယခင်စစ်ဗိုလ်ချုပ်ကြီးသန်းရွှေ၊ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေစေရန် အစွမ်းကုန်ကြိုးစားလျက်ရှိသည်။ ၂၀၁၅ NLD ရွေးကောက်ပွဲအပြီး တစ်လမကြာခင်အတွင်းမှာပင် ဒေါ်အောင်ဆန်းစုကြည်သည် စစ်ခေါင်းဆောင်ဟောင်း ဦးသန်းရွှေနှင့် တွေ့ဆုံခဲ့သည်။ ၂၁ ရာစုပင်လုံညီလာခံအတွင်းကာလတွင်လည်း တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ UPDJC သို့မဟုတ် NRPC မှ စီစဉ်သော အစည်းအဝေးများတွင်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အိမ်နီးချင်းနိုင်ငံများသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြသည်။ ဩဇာလွှမ်းမိုးမှု အရှိဆုံးတိုင်းပြည်မှာ တရုတ်ပြည်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ခေါင်းဆောင်များနှင့် ကောင်းမွန်သောဆက်ဆံရေး တည်ဆောက်နေခဲ့သည်။ နှစ်နှစ်တာကာလအတွင်း တရုတ်သမ္မတ၊ တရုတ်ဝန်ကြီးချုပ်အပါအဝင် တရုတ်ထိပ်ပိုင်းခေါင်းဆောင်များနှင့် အကြိမ် (၂၀)နီးပါး တွေ့ဆုံခဲ့သည်။ တရုတ်အကြီးအကဲများ မြန်မာနိုင်ငံခရီးစဉ်အကြောင်းကို Yun Sun ရေးသားပြုစုသော "China and Myanmar's Peace Process" စာအုပ်မှ ကောက်နုတ်ဖော်ပြလိုပါသည်။ ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်နှင့် ဆက်ဆံရေးတိုးမြှင့်ရန် ကြိုးစားခြင်းကြောင့် မြန်မာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တွေ့ဆုံဆွေးနွေးမှု

နှင့် စေ့စပ်ညှိနှိုင်းမှု ဖြစ်စဉ်များတွင် ပါဝင်ရန် တရုတ်နိုင်ငံက တိုက်တွန်းနေခြင်းဖြစ်သည်ဟု စာရေးဆရာ Yun Sun က ဆွေးနွေးထားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးနှင့် စီးပွားရေးကိစ္စရပ်များတွင် တရုတ်နိုင်ငံအပေါ် အားထားနေရမှုနှင့် ပတ်သက်၍ ချိန်ခွင်လျှာညှိရန် ကြိုးစားနေခဲ့သည်။ ထို့ကြောင့် သူမအနေဖြင့် အိန္ဒိယ၊ ဂျပန်၊ အာဆီယံနိုင်ငံများကဲ့သို့သော အခြားနိုင်ငံများနှင့်နိုင်ငံရေး၊ စီးပွားရေး တည်ဆောက်နေခြင်းဖြစ်သည်။ ၂၀၁၇ ဘင်္ဂလီအရေးအခင်းနှင့်ပတ်သက်၍ အနောက်နိုင်ငံထောက်ပံ့မှုများ မရှိသည့်အချိန်မှစ၍ဒေါ်အောင်ဆန်းစုကြည်သည် ပိုးလမ်းမစီမံကိန်း အစည်းအဝေး၊ ကမ္ဘာ့စီးပွားရေးဖိုရမ်၊ ဂျပန်မဲခေါင်ထိပ်သီးဆွေးနွေးပွဲ။ အာဆီယံထိပ်သီးဆွေးနွေးပွဲ၊ Asia Pacific ထိပ်သီးဆွေးနွေးပွဲ စသည့် စီးပွားရေးဖိုရမ်များစွာကို တက်ရောက်နေခဲ့သည်။ ၂၀၁၇ ဘင်္ဂလီအရေးကြောင့် သူမ၏ နိုင်ငံတကာပုံရိပ်လည်း ပြောင်းလဲခဲ့ရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဒီမိုးချမ်းရေးလုပ်ငန်းစဉ်ကြောင့် ကြီးမားသော ဖိအားများကိုလည်း ရင်ဆိုင်ဖြေရှင်းနေရသည်။ ရခိုင်ဒေသရှိ ဘင်္ဂလီအပါအဝင် တိုင်းရင်းသားအုပ်စုများစွာနှင့်လည်း ပဋိပက္ခများကြုံတွေ့နေရသည်။ နှစ်နှစ်တာကာလအတွင်း NLD အစိုးရသည် ဒီမိုးချမ်းရေးလုပ်ငန်းစဉ်ကို ဦးဆောင်လုပ်ကိုင်နေရသည်။ ၂၁ ရာစုပင်လုံညီလာခံကို သုံးကြိမ်ကျင်းပခဲ့ပြီး အခြားတွေ့ဆုံဆွေးနွေးမှုများစွာကိုလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ဒီမိုးချမ်းရေးဆွေးနွေးမှုများကြောင့် ပြည်ထောင်စုသဘောတူညီချက် ၅၁ ချက် ရရှိခဲ့သည်။ သို့သော်ယင်း ၅၁ ချက်အပေါ် မကျေနပ်သူများလည်း ရှိသည်။ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးစိုင်းကျော်ညွန့်က ယင်းရလဒ်များသည် အကျိုးရလဒ်မထင်ရှားကြောင်း ပြောဆိုခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလ အလယ်တွင် အစိုးရ တပ်မတော်နှင့် NCA လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့တို့ အထူးဆွေးနွေးပွဲ ကျင်းပခဲ့သည်။ သို့သော် တစ်စုံတစ်ရာ ဆုံးဖြတ်ချက်မချနိုင်ခဲ့ပေ။ ဧရာဝတီ သတင်းဌာနနဲ့ တွေ့ဆုံဆွေးနွေးပွဲတွင် SSA ခေါင်းဆောင် ဗိုလ်ချုပ်ကြီးရက်ဆစ်က ဒီမိုးချမ်းရေးဖြစ်စဉ်များတွင် တပ်မတော်ကြောင့် တန့်နေခြင်းဖြစ်သည်ဟု ဆိုခဲ့သည်။

ပြည်ထောင်စု ဒီမိုးချမ်းရေးညီလာခံသည် ဒီမိုးချမ်းရေးနှင့် တိုင်းရင်းသား ပြန်လည်သင့်မြတ်ရေးကို အပြီးတိုင်ဆောင်ရွက်နိုင်မည်ဟု တရုတ်နိုင်ငံက မယုံကြည်ပေ။ သို့သော် တရုတ်နိုင်ငံသည် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ ညီလာခံသို့ ပါဝင်နိုင်ရေးအတွက် အပြုသဘောဆောင်စွာ ပါဝင်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ မူဝါဒ ပေါ်လစီနှင့် အခန်းကဏ္ဍသည် နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်နေသည်။

တပ်မတော်နှင့် တိုင်းရင်းသားများကြား တင်းမာမှုများအပေါ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အထူးစိုးရိမ်နေပုံပေါ်သည်။ ယင်းတင်းမာမှုသည် ဒီမိုးချမ်းရေးဖြစ်စဉ်အပေါ်၌လည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ယင်းကိစ္စကို gentlemen agreement သို့မဟုတ် the Lady's agreement အပေါ် အခြေခံ၍ ဖြေရှင်းနိုင်မည်မဟုတ်ပေ။ NLD၏ လမ်းပြမြေပုံတွင် အဓိက ချဉ်းကပ်မှုနှစ်ခု ပါဝင်သည်။ "ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး" (the constitution amendment) နှင့် "ပြင်ဆင်ပြီးဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပခြင်း" (holding multi party general elections according to the amended constitution) တို့ ဖြစ်သည်။ ပြင်ဆင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော တိုင်းရင်းသားအုပ်စုအားလုံး၏ တန်းတူညီမျှမှုကို အာမခံနိုင်လျှင် တင်းမာမှုများ လျော့နည်းသွားမည်ဖြစ်သည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းစဉ်မှာ အစအဆင့်သာလျှင် ရှိနေသေးသည်။

၂။ ပဋိပက္ခ လေ့လာဆန်းစစ်တွေ့ရှိချက်များ (၂၀၁၇ - ၂၀၁၈ - ၂၀၁၉ မတ်လ)

တိုက်ပွဲဖြစ်ပွားမှု အခြေအနေပြ မြေပုံ ၂၀၁၆



တိုက်ပွဲဖြစ်ပွားမှု အခြေအနေပြ မြေပုံ ၂၀၁၇ - ၂၀၁၉(မတ်)



တိုက်ပွဲဖြစ်ပွားမှု အရေအတွက်ပြဇယား

MPM မှတ်တမ်းအရ ၂၀၁၇-၂၀၁၈-၂၀၁၉(မတ်လ) အတွင်း တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း

ခုနှစ်	တပ်မတော်နှင့် EAOs အကြား တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း	EAOs အချင်းချင်း အကြားတိုက်ပွဲဖြစ်ပွား သည့် ရက်ပေါင်း
၂၀၁၇	၁၃၅ (NCA-NS EAOs-123/NCA-S EAO-12)	၉
၂၀၁၈	၁၂၈ (NCA-NS EAOs-112/NCA-S EAO-16)	၄၃
၂၀၁၉ (မတ်)	၇၄ (NCA-NS EAOs-71/NCA-S EAO-3)	၁၅
၂၀၁၇- ၂၀၁၈- ၂၀၁၉ (မတ်)	၃၃၇	၆၇





၂၀၁၇-၂၀၁၈-၂၀၁၉(မတ်လ) အတွင်း တပ်မတော်နှင့် EAOs အကြား တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း

တပ်မတော်	EAOs	၂၀၁၇ခုနှစ် (၁၃၅+) ရက်	၂၀၁၈ခုနှစ် (၁၂၈+) ရက်	၂၀၁၉ခုနှစ်မတ်လ (၇၄+) ရက်
MA	ULA^AA	၃၀	၃၁	၄၉
MA	DKBA	၁	-	-
MA	KIO^KIA	၃၇	၄၇	၃
MA	KNPP	၁	၁	၃
MA	KNU	၁	၈	-
MA	MNDAA	၅	-	၂
MA	NA-B	၂၈	၅	၁
MA	RCSS^SSA	၉	၈	၃
MA	SNA	၁	-	-
MA	SSPP^SSA	၄	၄	၇
MA	TNLA	၁၇	၂၄	၂
MA	Unknown	၁	-	-
MA	NSCN-K	-	-	၁
MA	ARSA (EAOs အဖြစ်အသိ အမှတ်ပြုထားခြင်းမဟုတ်ပါ)	-	-	၃


Day
၂၀၁၇-၂၀၁၉ (မတ်လ)အတွင်း တပ်မတော်နှင့် EAO တစ်ဖွဲ့ချင်းစီအလိုက် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း
60
50
40
30
20
10
0
ULA/AA MA
DKBA MA
KIO/KIA MA
KNPP MA
KNU MA
MNDAA MA
NA-B MA
RCSS/SSA MA
SNA MA
SSPP/SSA MA
TNLA MA
NSCN-K MA
Unknown MA
2017
2018
2019 (Jan - Mar)
EAOs - MA


MA NSCN-K 0%
MA Unknown 1%
MA TNLA 12%
MA SNA 1%
MA SSPP/SSA 3%
MA ULA/AA 22%
MA DKBA 1%
MA RCSS/SSA 6%
MA NA-B 21%
MA KIO/KIA 27%
MA MNDAA 4%
MA KNU 1%
MA KNPP 1%


MA NSCN-K 0%
MA Unknown 0%
MA TNLA 19%
MA ULA/AA 24%
MA SSPP/SSA 3%
MA SNA 0%
MA DKBA 0%
MA RCSS/SSA 6%
MA NA-B 4%
MA MNDAA 0%
MA KNU 6%
MA KIO/KIA 37%
MA KNPP 1%


MA NSCN-K 1%
MA Unknown 0%
MA TNLA 3%
MA SNA 0%
MA SSPP/SSA 10%
MA NA-B 2%
MA RCSS/SSA 4%
MA KNU 0%
MA MNDAA 3%
MA KNPP 4%
MA KIO/KIA 4%
MA DKBA 0%
MA ULA/AA 69%

တိုက်ပွဲအခြေအနေကို လေ့လာခြင်း

တစ်ဖက်နှင့် တစ်ဖက် စစ်မက်ဖြစ်ပွားနေခြင်းကြောင့် ပြန်လည်သင့်မြတ်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်ပေါ်လာရသည်ဆိုသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အလိုက် အကောင်အထည်အဖော် ဆောင်ရွက်နေချိန်တွင်တော့ စစ်မက်ဖြစ်ပွားမှုများ ရပ်နားထားဖို့လိုအပ်ပါလိမ့်မည်။ သို့မဟုတ်လျှင် မီးဆတစ်ဖက်၊ ရေမူတ်တစ်ဖက်ကဲ့သို့ ဖြစ်နေပြီးစစ်မက်ဖြစ်ပွားမှုရပ်တန့်သွားမည်မဟုတ်သလို တစ်ဖက်တွင်လည်း တန်ဖိုးရှိသော အချိန်များအချေးနည်းသာ ဖြစ်ရပါလိမ့်မည်။

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှုမျော်ကြည့်လျှင် တစ်ဖက်တွင် NCA လမ်းကြောင်းအရဖြစ်စေ၊ NCAတွင်မပါဝင်သေးသည့် EAOsများအား အလွတ်သဘောရော၊ တရားဝင်ဆွေးနွေးပွဲများပါ အရှိန်မြှင့်လုပ်ဆောင်နေသည်ကို တွေ့ရသော်လည်း တပ်မတော်နှင့် EAOsများအကြား တိုက်ပွဲဖြစ်ပွားမှုက ရပ်တန့်မသွားခဲ့ပါ။ မိမိတို့ငြိမ်းချမ်းရေးစောင့်ကြည့်အဖွဲ့မှ မှတ်တမ်းများအရ ၂၀၁၇ခုနှစ်အတွင်း တပ်မတော်နှင့် EAOsများအကြား တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၁၃၅ ရက်ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ၁၂၈ ရက်ရှိခဲ့ပါသည်။ ခုနှစ်(၂)ခုကို နှိုင်းယှဉ်ကြည့်ပါက (၇)ရက်မျှသာ လျော့နည်းသွားသည်ကို တွေ့ရသဖြင့် NCA လက်မှတ်ထိုးပြီးသည့် (၃) နှစ်ကြာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ခရီးရှည်အတွက် မျှတမှုရှိပါသလားဟု မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။ ယခု ၂၀၁၉ခုနှစ်အတွင်းမတ်လအထိတပ်မတော်နှင့် EAOsအကြားတိုက်ပွဲဖြစ်ပွားသည့်ရက်ပေါင်းသည် (၇၄) ရက်အထိ ရှိနေပြီဖြစ်သည့်အတွက် ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်တို့တွင် တစ်နှစ်ပတ်လုံးဖြစ်ပွားခဲ့သည့် တိုက်ပွဲဖြစ်ရက်ပေါင်းထက်ပင် ရာခိုင်နှုန်းအားဖြင့် ၃ ဆပိုများနေသည်ဟု ဆိုရပါမည်။

ထို့ကြောင့် ၂၀၂၀ပြည့်နှစ်တွင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပြီးသတ်မည်ဟု ကြွေးကြော်ထားသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ကတိစကားသည်လက်တွေ့အကောင်အထည်ပေါ်လာနိုင်ပါ့မလားဆိုသည်က သံသယဖြစ်စရာရှိနေသည်။

၂၀၁၇ခုနှစ်နှင့် ၂၀၁၈ခုနှစ်များတွင် တပ်မတော်နှင့် EAOsများအကြားတိုက်ပွဲဖြစ်ပွားမှုသည် သိသာစွာလျော့ကျသွားခြင်းမျိုး မရှိသည့်အပြင် ၂၀၁၉ခုနှစ် (၃) လတာ ၊ ရက်အားဖြင့် (၉၀)ရက်တာ ကာလအတွင်းတွင်လည်း တိုက်ပွဲဖြစ်ပွားသည့်ရက်ပေါင်းက (၇၄)ရက်အ အထိ ရှိနေပါသည်။ မိမိတို့သည် တိုက်ပွဲဖြစ်ပွားမှုကို အကြိမ်ရေအားဖြင့် မှတ်တမ်း ပြုထားခြင်းမဟုတ်သော်လည်းတိုက်ပွဲဖြစ်သည့်ရက်အများစုတွင် တစ်ရက်လျှင် တစ်ကြိမ်မှလေးကြိမ်အထိ ဖြစ်ပွားလေ့ရှိကြောင့်လေ့လာသိရပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တပ်မတော်နှင့် EAOs အကြားတွင်သာ တိုက်ပွားများ ဖြစ်ပွားနေခြင်းမဟုတ်ဘဲ EAOsများ အကြားတွင်လည်း အချင်းချင်းတိုက်ပွဲဖြစ်ပွားမှုများရှိနေပါသည်။ မိမိတို့ ငြိမ်းချမ်းရေးစောင့်ကြည့်အဖွဲ့၏မှတ်တမ်းများအရ ၂၀၁၇ခုနှစ်တွင် (၉)ရက်နှင့် ၂၀၁၈ခုနှစ်တွင် (၄၃)ရက် အထိ တိုက်ပွဲဖြစ်ပွားခဲ့သည်ကိုတွေ့ရပါသည်။ ၂၀၁၉ခုနှစ် မတ်လကုန်အထိ တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း(၁၅)ရက် ရှိခဲ့သည့်အတွက် EAOsများအချင်းချင်းအကြား တိုက်ပွဲဖြစ်ပွားမှုသည့် ၂၀၁၇ခုနှစ်ထက် ၂၀၁၈ခုနှစ်တွင် ရက်ပေါင်း(၃၀) ကျော် ပိုမိုဖြစ်ပွားခဲ့ပြီး ၂၀၁၉ခုနှစ် (၃)လတာအတွင်းဖြစ်ပွားမှုသည့် ၂၀၁၇ခုနှစ်အတွင်း ဖြစ်ပွားမှုထက်ပင် ပိုများနေပါသည်။ မြန်မာ့တပ်မတော်အနေဖြင့် ထိုးစစ်ဆင်၊ နယ်မြေရှင်းလင်း တိုးချဲ့မှုများကြောင့် တိုက်ပွဲအများစု

အားလုံးနီးပါးသည် မြန်မာတပ်မတော်နှင့် EAOs တစ်ဖွဲ့ခြင်းစီ အတွင်း ဖြစ်ပွားသည့် တိုက်ပွဲများဖြစ်နေသည်ကို တွေ့ရှိရပါသည်။

မြန်မာ့တပ်မတော်နှင့် EAO တစ်ဖွဲ့ချင်းစီအလိုက် တိုက်ပွဲဖြစ်ပွားမှုတွင် ထောက်ရှုကြည့်လျှင် ၂၀၁၇ ခုနှစ်အတွင်း KIAနှင့် (၃၇)ရက်၊ ULA/AAနှင့် (၃၀)ရက်၊ မြောက်ပိုင်းမဟာမိတ်အဖွဲ U(NA-B)နှင့် (၂၈)ရက်၊ TNLAနှင့် ၁၇ရက်စသဖြင့် ဖြစ်ပွားမှုအများဆုံးရှိခဲ့သည်ကို တွေ့ရပြီး ၂၀၁၈ခုနှစ်တွင်လည်း KIAနှင့် (၄၇) ရက်၊ ULA/AAနှင့် (၃၁)ရက်၊ TNLAနှင့် (၂၄)ရက် စသဖြင့် ဖြစ်ပွားမှုအများဆုံးရှိခဲ့သည် လေ့လာသိရှိရပါသည်။ ၂၀၁၉ခုနှစ် (၃)လတာအတွင်းတွင်တော့ ULA/AAနှင့် တိုက်ပွဲဖြစ်ရက်ပေါင်း(၄)ရက်အထိ ရှိခဲ့ပြီး တိုက်ပွဲအရှိန်အပြင်ထန်ဆုံးသို့ ရောက်ရှိနေပါသည်။

၂၀၁၇-၂၀၁၈-၂၀၁၉(မတ်လ)အထိ EAOများ အချင်းချင်းဖြစ်ပွားမှုတွင်တော့ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် SSPP/SSA၊ TNLAနှင့် RCSS/SSA တို့အကြားတိုက်ပွဲဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ KNUနှင့် NMSP အကြားတိုက်ပွဲဖြစ်ပွားမှုရှိခဲ့သလို KNUနှင့် DKBAအကြားလည်း တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါသည်။

တိုက်ပွဲဖြစ်ပွားရသည့် အကြောင်းရင်းများထဲတွင်တော့ နယ်မြေချဲ့ထွင်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ ငွေကြေး (ဆက်ကြေး) ကောက်ခြင်း ၊ နယ်မြေရှင်းလင်းခြင်း၊ နယ်မြေကျူးကျော်ခြင်း စသည့် အကြောင်းပြချက်များတွေ့ရပါသည်။ တိုက်ပွဲများမှ ရလာဒ်အနေဖြင့်တော့ စစ်ဘေးရှောင်များ သောင်းနှင့်ချီကာ နေရပ်စွန့်ခွာထွက်ပြေးကြရခြင်း၊ စစ်လက်နက်ကျည်စများ ထိမှန်ကာ ထိခိုက်ဒဏ်ရာရခြင်းနှင့် အသက်သေဆုံးရခြင်းများသာ ထွက်ပေါ်ခဲ့ပါသည်။ တိုက်ပွဲအတွင်း နှစ်ဖက်တပ်သားများလည်း အသက်ဆုံးရှုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြခြင်းသာ ဖြစ်သည်။ တိုက်ပွဲသည် ရပ်တန့်ဖို့အလားလာမရှိသည့်အပြင် အရှိန်ပိုမိုမြင့်တက်နေသေးသဖြင့် နောက်ဆက်တွဲဆိုးကျိုးများကတော့ တွေးဆနိုင်ဖွယ်ပင် မရှိသေးပေ။

အချုပ်အားဖြင့်ဆိုရသော် မြန်မာ့တပ်မတော်နှင့် EAOsအကြားတွင်ဖြစ်စေ၊ ဧဇဉ္ဇအချင်းချင်း အကြားတွင်ဖြစ်စေတိုက်ပွားများဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့်အတွက်မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အချိန်ကာလ မည်မျှပေးဆပ်ရဦးမည်ဆိုသည်က တွေးဆနိုင်ဖွယ်မရှိသေးဟု ဆိုပါလိမ့်မည်။

EAOs အင်အားစုအခြေအနေ



Data Source: Myanmar Peace Monitor

NCA အရ တပ်ပိုင်းဆိုင်ရာ လိုက်နာရန်အချက်များ

NCA အခန်း(၃)

၅။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် တပ်ပိုင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာရန် သဘောတူသည်-

(က) အပစ်ရပ်နယ်မြေအတွင်းတစ်ဖက်နှင့် တစ်ဖက်အကြား နယ်မြေစိုးမိုးမှုတပ်လှုပ်ရှားခြင်း၊ ကင်းထောက်ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ လက်နက်ကိုင် တိုက်ခိုက်မှုများ၊ မိုင်းထောင်ခြင်းများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရုပ်ဝတ္ထုပစ္စည်းများ ဖျက်ဆီးခြင်းနှင့် ထိုးစစ်ဆင်ခြင်းများကို ရပ်ဆိုင်းရန်၊

(ခ) တစ်ဖက်နှင့်တစ်ဖက်ရန်မူသည့် (သို့မဟုတ်) စော်ကားမှုဖြစ်စေသည့်တိုက်ရိုက်(သို့မဟုတ်)သွယ်ဝိုက်သည့် လုပ်ရပ်များကို မပြုလုပ်ရ။

(ဂ) နေရာချထားရာတွင် လိုအပ်သော အုပ်ချုပ်ထောက်ပံ့ရေး၊ အရေးပေါ်ဆေးကုသရေး၊ တပ်လဲလှယ်ရေးတို့နှင့် ပတ်သက်သည့် လုပ်ဆောင်မှုများမှအပအပစ်ရပ်နယ်မြေတွင် အင်အားအသစ်ဖြည့်တင်းခြင်း၊ နှစ်ဖက်သဘောတူညီထားသော တပ်စခန်းများမှအပစခန်းသစ်များ ထပ်မံဆောက်လုပ်ခြင်းနှင့် လက်နက်ခဲယမ်းများထပ်မံဖြည့်တင်းခြင်းများ မပြုလုပ်ရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက်ဖြစ်စေ၊ ပြည်ပရန်ကာကွယ်ရေးအတွက်ဖြစ်စေလိုအပ်လာပါက အပစ်ရပ်နယ်မြေအတွင်းဖော်ပြပါ စစ်ရေးဆိုင်ရာပြင်ဆင်မှုများကိုနှစ်ဖက်ညှိနှိုင်း၍ ပြုလုပ်သွားရန်၊

(ဃ) ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ပရိဝုဏ်များအတွင်းနှင့် ယဉ်ကျေးမှုရိုးရာဓလေ့ဆိုင်ရာ နေရာ၊ လူထုနှင့် ပတ်သက်သော နေရာများတွင် စစ်ရေးဆိုင်ရာတပ်စခန်းချခြင်း မပြုလုပ်ရန်။

(င) ငြိမ်းချမ်းရေးတိုးတက်ဖြစ်ပေါ်မှုနှင့်အညီ နှစ်ဖက်တပ်များခင်းကျင်းထားသော မိုင်းများကို ရှင်းလင်းရန်နှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကိုနိုင်ငံတော်အစိုးရနှင့်တစ်ဆင့်ချင်း ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားရန်၊

(စ) အဖွဲ့အစည်းများအကြား ရန်လိုသော ဝါဒဖြန့်ချိမှုများ၊ မမှန်မကန်သော (သို့မဟုတ်) ဂုဏ်သိက္ခာကိုညှိုးနွမ်းစေသော ပြောဆိုမှုများ၊ အသရေဖျက်သည့် ထုတ်ပြန်မှုများကို ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပ၌သော်လည်းကောင်းမပြုလုပ်ဘဲ ရှောင်ကြဉ်ရန်၊

(ဆ) အပစ်ရပ်နယ်မြေအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေများတွင် နှစ်ဖက်ပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ဆေးဘက်ဆိုင်ရာ ကျန်းမာရေးပစ္စည်းများ အရေးပေါ်ရွှေ့ပြောင်းခြင်းများကို ညှိနှိုင်းလုပ်ဆောင်ရန်၊

(ဇ) အပစ်ရပ်နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးကိစ္စကို ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်း၍အရေးယူဆောင်ရွက်ရန်၊

(ဈ) အပစ်ရပ်နယ်မြေများတွင် တပ်ပိုင်းဆိုင်ရာ အုပ်ချုပ်မှုကိစ္စများကို ညှိနှိုင်းဆောင်ရွက်ရန်၊

(ည) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး ဖြစ်ကြောင်းကို လက်မှတ်ရေးထိုးသည့်အချိန်မှစ၍ (၂၄) နာရီအတွင်း မိမိကွပ်ကဲမှုအောက် အဆင့်ဆင့်သို့ ညွှန်ကြားရန်နှင့် စာချုပ်ပါအချက်အလက်များကို (၅)ရက်အတွင်း ရှင်းလင်းအသိပေးရန်၊

(ဋ) နှစ်ဖက်အောက်ခြေအဆင့်တွင် ဖြစ်ပေါ်သည့် ပဋိပက္ခများအား အင်အားအသုံးပြု၍ ဖြေရှင်းခြင်း မပြုလုပ်ရ။

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ

၁၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs)နှင့် ပဋိပက္ခဒဏ်ခံစားရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများပေးခြင်းနှင့် စပ်လျဉ်းပြီး NGO နှင့် INGO အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်ဖြင့်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာနများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ဒေသဆိုင်ရာအဖွဲ့အစည်း များအကြား ညှိနှိုင်းဆောင်ရွက်ရန်၊

(ခ) ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs)အားငှင်းတို့၏ဆန္ဒအတိုင်းမူလဒေသများသို့ ပြန်လည် နေထိုင်ခြင်းကို ဦးစားပေးဆောင်ရွက်ရန် သော်လည်းကောင်း၊ သင့်လျော်ရာနေရာတွင် ရွာသစ်တည်ထောင် ပေးစေလိုလျှင်သော်လည်းကောင်း၊ ဘေးကင်းလုံခြုံ၍လူဦးရေသိက္ခာနှင့် အညီဖြစ်စေရန် ဆောင်ရွက် ပေးရမည်၊

(ဂ) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs)နှင့် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည်များအား စိစစ်၍ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များကို ပူးတွဲညှိနှိုင်းဆောင်ရွက်ရန်။

NCA အခန်း (၄)
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင်လုပ်ဆောင်ခြင်း
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ
စည်းမျဉ်းစည်းကမ်းများနှင့်စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ

၁၁။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများအနေဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်လိုက်နာကြရမည့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို ဤစာချုပ်ပါသတ်မှတ်ချက်များနှင့်အညီလက်မှတ်ရေးထိုးပြီးတစ်လအတွင်း အပြီးရေးဆွဲပြဋ္ဌာန်းရန် သဘောတူသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ

၁၂။ ဤသဘောတူစာချုပ်အားလိုက်နာရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေးက အောက်ပါအတိုင်းဖွဲ့စည်းပေးရမည်-

(က) ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ" ကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အများယုံကြည်လေးစားသောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးရန်သဘောတူသည်။

(ခ) ကော်မတီကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ပြည်နယ်အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ဒေသဆိုင်ရာအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများနှင့် စိစစ်အတည်ပြုရေးအဖွဲ့များစသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းသွားမည်။

(ဂ) လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်နေသော နိုင်ငံခြားအစိုးရများ၏ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ကိုယ်စားလှယ်များကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တွင် လေ့လာသူအဖြစ်လည်းကောင်း၊ အကြံပေးအဖြစ်လည်းကောင်းနည်းပညာအထောက်အကူပြုအဖြစ်လည်းကောင်း သင့်လျော်သလိုပါဝင်ရန် နှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်မည်။

၁၃။ ကော်မတီအဆင့်ဆင့်၏တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာအခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ဖွဲ့စည်းပုံအသေးစိတ်ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင်ရေးဆွဲပြဋ္ဌာန်းအတည်ပြုရန်၊

(ခ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည် ဖော်ဆောင်ရွက်မှုနှင့် စောင့်ကြည့်မှုလုပ်ငန်းစဉ်များကို တာဝန်ခံဆောင်ရွက်ရန်နှင့်လိုအပ်ပါက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့တင်ပြရန်၊

(ဂ) လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့်ပဋိပက္ခဒဏ်ခံစားရသူများအား လူသားချင်းစာနာသည့် အခြေခံအထောက်အပံ့များ ပေးအပ်မှုကို ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) နှစ်ဖက်သဘောတူထားသည့် တပ်နေရာပြန်လည်ချထားရေးအစီအစဉ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရန်၊

(င) တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအခြေအနေ၊ ဤသဘောတူစာချုပ်၏ တပ်ပိုင်းဆိုင်ရာကိစ္စများ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတို့အား ထိန်းသိမ်းလိုက်နာခြင်းနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား ဖြေရှင်းရာတွင် ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှု အခြေခံဖြင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုအထောက်အကူပြုရန်။

၃။ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဒုက္ခသည်များအခြေအနေ

IDP အခြေအနေပြမြေပုံ ၂၀၁၆



IDP အခြေအနေပြမြေပုံ ၂၀၁၇ - ၂၀၁၈



IDP အရေအတွက်ပြဇယား

Regions	Camps Places/ areas	IDPs 2017	IDPs 2018	2019 Jan – March
Kachin/ Northern Shan state IDPs by ethnicity Kachin, Shan and others	Kachin State- Myitkyina, Tanai, Hpakant, Kamaing, Momauk, Mogaung, Injangyang and Chipwi townships (BGF and KIO control area), Laiza area (KIO control area) Mai Ja Yang (KIO Control Area) North Shan - Kut Hkai ကွတ်ခိုင်၊မူဆယ် Kon Lung ကွမ်းလုံ၊ ကျောက်မဲ၊ His Paw သီပေါ၊Mongton မိုင်းတုံ၊ La shio လားရှိုး၊ Namtu နမ္မတူ၊ Kyethi၊ကျေးသီး၊	80000+ November 2017 UNOCHA (Kachin/ northern shan state) Total IDPs 10,4000+ (UNOCHA)	over 74,500 New IDPs between 2017 to 2018 (UNOCHA) Total IDPs 10,7000 Kachin & Northern shan (UNOCHA Myanmar)	- Over 12,000+ New IDPs - 10,860+ IDPs returned - left 2,770 New IDPs Norhtern Shan (UNOCHA) Total IDPs - (120,000+)
Rakhine State IDPs ethnicity by Rakhine, Mru, Rohinja & others	Maungtaw မောင်းတောနှင့် Am myoh အမ်မြို့နယ်၊ Budidaung ဘူးသီးတောင်၊ Rathedaung ရသေ့တောင်၊ Ponnargyun ပုဏ္ဏားကျွန်းနှင့် Kyauktaw ကျောက်တော်၊ Mrauk-U မြောက်ဦး၊ Myinbyar မင်းပြား ယာယီခိုလှုံရာ နေရာ ၅၈ နေရာ	24000+ UN OCHA Myanmar on November 2017 Total IDPs - 140,000+	New IDPs 2500+ (UNOCHA) Total IDPs - 142,000+	New IDPs 23,500 within 3 months (REC) Rakhine Ethnic Committee Total IDPs - 165,000+

Chin State	Paletwa ပလက်ဝမြို့နယ်	Total IDPs - 270+ (Rai-Ki Community Development Foundation Palatwa)	Total IDPs - 900+ (Rai-Ki Community Development Foundation Palatwa)	IDPs 500+ new IDPs (UNOCHA) Total IDPs - 2,000+ (Rai-Ki Community Development Foundation Palatwa)
Karen IDPs Ethnicity by Karen, karenni	Hpa-Pun၊ Myaing Gyi Ngu မြိုင်ကြီးငူ (Mae-ta-Waol မဲသဝေါ)	Total IDPs - 4000+ (TBC)	Total IDPs - 5000+ (UNHCR)	Total IDPs - 5,200+ (UNHCR)
Thailand Refugee by Ethnicity Karen, Burman, Mon, Karenni and afew Other	Thai Border MAE HONG SON Province Ban Mai Nai Soi, Ban Mae Surin, Mae La Oon, Mae Ra Ma Luang TAK province Mae La, Umpiem Mai, Nu Po KANCHANABURI Ban Don Yang RATCHABURI Tham Hin	Refugee - 31,087 (TBC) Refugee - 32,166 (UNHCR) Refugee - 54,153 (TBC) Refugee - 58,928 (UNHCR) Refugee - 2,636 (TBC) 2,746 (UNHCR) Refugee - 5,636 (TBC) 6,204 (UNHCR)	Total Refugee - 93,512 (TBC) Total Refugee - 100,044 (UNHCR)	Total refugee- 86,989 (TBC) Total Refugee - 97,021 (UNHCR)

Ban -gladesh	Cox's Bazar district	Fleed 616000+ sateless refugee (UNOCHA Myanmar) on November 2017	Stateless refugee 723,000 Rohingya September 2018 (UNHCR)	Stateless Refugee total - 700,000+ (UNOCHA)
Malaysia		Total Refugee 98,000+ (UNHCR)	Total Refugee at least 98,000+ (UNHCR)	Refugee - 90,000+ (UNHCR)

စစ်ဘေးသင့်ပြည်သူများအခြေအနေ တွေ့ရှိချက်

စစ်ပွဲတစ်ခုတွင် ပထမဆုံးကျဆုံးရသည်က အမှန်တရားသာ ဖြစ်သည်ဟု အမေရိကန် အထက်လွှတ်တော်အမတ် ဟီရမ်ဒဗယူဂျွန်ဆန်က ၁၉၁၈ခုနှစ်တွင် ပြောဆိုခဲ့ပါသည်။ သို့ဆိုလျှင် အဆိုပါအမှန်တရားသည် စစ်ဒဏ်သင့်ခံရသူများသာဖြစ်သည်ဟု ထပ်မံညွှန်းဆိုရပါလိမ့်မည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သည့် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် မြန်မာ့တပ်မတော်အကြားဖြစ်ပွားခဲ့သောပြည်တွင်းစစ်ကြောင့် ဘာတစ်ခုမှ အမှားမလုပ်ပါဘဲ စစ်ဘေးစစ်ဒဏ်သင့်ကာ အသက်ဆုံးရှုံးရသူ၊ ကိုယ်ခန္ဓာအစိတ်အပိုင်းပျက်ဆီးခဲ့ရသူနှင့် နေရပ်စွန့်ခွာထွက်ပြေးကြရသူ တိုင်းရင်းသားပြည်သူများသိန်းနှင့်ချီကာ ရှိခဲ့ပါသည်။ ထူးခြားသည်မှာ ထို့သို့ စစ်ပွဲဖြစ်ပွားနေရသည့် ဒေသများသည် ပြည်မတွင်မဟုတ်ဘဲ ပြည်နယ်တောင်တန်းဒေသများတွင်သာ ဖြစ်ပွားနေသည်မှာ အားလုံးမျက်မြင် ဖြစ်ပါလိမ့်သည်။ ထို့အပြင် တိုက်ပွဲကြောင့် နယ်မြေမတည်ငြိမ်မှုဖြစ်နေသည့် တိုင်းရင်းသားဒေသများတွင် နိုင်ငံတကာရင်းနှီးမြှုပ်မှု အကြီးစားစီမံကိန်းများ ရှိနေပါသေးသည်။ အထူးသဖြင့် တရုတ်၏ မဟာဗျူဟာကျသည့်စီးပွားရေးရင်းနှီးမြှုပ်နှံမှုများအနှံ့အပြားရှိနေပါသည်။ ဥပမာ - BRIအပါအဝင် ကချင်ပြည်နယ်မှာ မြစ်ဆုံစီမံကိန်း ရခိုင်ဒသတွင် ကျောက်ဖြူအထူးစီးပွားရေးဇုံစီမံကိန်းများပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဆယ်စုနှစ်ခြောက်ခုနီးပါးအကြာ စစ်အစိုးရအုပ်ချုပ်ရေးမှ စစ်ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန် ဦးဆောင်သော အရပ်သားတစ်ပိုင်းအစိုးရအဖွဲ့သို့ မကူးပြောင်းခင် ကြားကာလဖြစ်သော ၂၀၁၁ခုနှစ်နှစ်ဆန်းပိုင်းတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ၌ မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs)အကြား တိုက်ပွဲများ တစ်ကျော့ပြန်ဖြစ်ပွားခဲ့သည်။

အဆိုပါတိုက်ပွဲများကြောင့် ကချင်နှင့် ရှမ်းမြောက်ဒေသမှ စစ်ဘေးရှောင်ဒုက္ခသည်ပေါင်း ၁၃၀,၀၀၀ နီးပါးထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း ကမ္ဘာ့ကုလသမဂ္ဂမှ ခန့်မှန်းထုတ်ပြန်ခဲ့သည်။ တခြားသော တိုက်ပွဲဖြစ်ပွားရာ ဒေသများဖြစ်သော ကရင်ပြည်နယ်ပြည်တွင်း၊ ချင်းပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့မှ စစ်ဘေးရှောင်ဒုက္ခသည် (၁၈၀,၀၀၀) နီးပါးအထိဒုက္ခသည်အရေအတွက် ရှိနေပါသည်။ ထို့အပြင် ပြည်ပသို့ ထွက်ပြေးသိမ်းရှောင် သူဦးရေသည် မလေးရှားနိုင်ငံတွင် ၈၇,၀၀၀ ကျော်၊ ထိုင်းနိုင်ငံ နယ်စပ်တလျောက်တွင် (၉၀,၀၀၀)၊ ဘင်္ဂလားဒေရှ်နိုင်ငံတွင် (၇၀၀,၀၀၀) ဝန်းကျင်ရှိနေကြောင်း UNHCR၊ UNOCHA နှင့် ပြည်တွင်းရှိ TBC မှတ်တမ်းများအရ သိရှိရပါသည်။

အရပ်သားတစ်ပိုင်း ဦးသိန်းစိန်အစိုးရသည် သူ၏ သက်တမ်းအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)လက်မှတ်ထိုးကာ မှတ်တမ်းတင်ခဲ့သော်လည်း တပ်မတော်နှင့် EAOs များအကြား တိုက်ပွဲများအမှန်တကယ် ရပ်စဲမသွားခဲ့သလို စစ်ကြောင့် ထွက်ပြေးကြရသည့် စစ်ဒဏ်သင့်သူဒုက္ခသည်ပြည်သူများလည်း ယင်းတို့၏နေရပ်ရင်းသို့ မပြန်နိုင်ခဲ့ကြပါ။ အပြန်လမ်းတစ်လျောက်တွင် စစ်ပွဲ၏နောက်ဆက်တွဲအကျိုးဆက်တစ်ခုဖြစ်သော မြေမြှုပ်မိုင်းများက အတားအဆီးတစ်ရပ်ဖြစ်နေခဲ့ပါသည်။

၂၀၁၆ခုနှစ် မတ်လကုန်တွင် ကျမ်းသစ္စာကျိန်ဆိုကာ တက်ရောလာသော NLDအစိုးရလက်ထက်တွင်လည်း မြန်မာ့တပ်မတော်နှင့် EAOsများအကြား တိုက်ပွဲဖြစ်ပွားမှုများ ရှိနေခဲ့သည့်အတွက် စစ်ဘေးရှောင်ဒုက္ခသည်များ ဆက်လက်ပေါ်လာခဲ့ပါသည်။ UNOCHA၏ ထုတ်ပြန်ချက်အရ ၂၀၁၇ ခုနှစ်တွင် ကချင်၊ ရှမ်းနှင့် ရခိုင် ဒေသတို့ရှိ စစ်ဘေးရှောင်အရေအတွက် ၂၁၈,၀၀၀ အထိ တိုးလာခဲ့ပါသည်။ စစ်ပွဲများရပ်စဲမသွားသေးသည့်အတွက် ၂၀၁၈ခုနှစ်တော့ ကရင်အပါအဝင် ကချင်၊ ရှမ်း၊ ရခိုင်ပြည်နယ်တို့ရှိ ပြည်တွင်း စစ်ဘေးရှောင်ဦးရေ ၂၃၀,၀၀၀အထိ စစ်ဘေးရှောင်အရေအတွက် မြင့်တက်လာခဲ့ပါသည်။

၂၀၁၉ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့အတွင်း ရက္ခိုင့်တပ်မတော် (ULA/AA)၏ ရခိုင်ဒေသရှိ ရဲစခန်း(၄) ခုအားဝင်ရောက်တိုက်ခိုက်ခဲ့ရာမှအစပြုကာ မြန်မာ့တပ်မတော်နှင့် ULA/AA အကြား ရခိုင်ဒေသတွင် တိုက်ပွဲများပြင်းထန်နေခဲ့သည်။ တိုက်ပွဲနှင့်အတူ အမှန်တရားများဖြစ်သော စစ်ဘေးရှောင်ဒုက္ခသည်များလည်း နေ့စဉ်နှင့်အမျှ ထွက်ပေါ်လာခဲ့ပါသည်။ အစိုးရဌာနဆိုင်ရာ၊ နိုင်ငံရေးပါတီ၊ အရပ်အဖက်အဖွဲ့အစည်းနှင့် UNOCHA တို့၏အဆိုအရ ရခိုင်ဒေသတစ်ခုတည်းတွင် တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်ရသော စစ်ဘေးရှောင်ဒုက္ခသည် ၃၀၀၀၀ ကျော်အထိ ရှိနေပါသည်။ အခြားသော ရှမ်းမြောက်ဒေသရှိ ဒုက္ခသည်များပါ ထည့်ပေါင်းပါက ၂၀၁၉ ခုနှစ် မတ်လအထိစစ်ဒဏ်သင့် စစ်ဘေးဒုက္ခသည်ပေါင်း ၄၀၀၀၀ကျော်တိမ်းရှောင်နေရဟု ဆိုရပါမည်။

၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၁ရက်တွင် တပ်မတော်မှ စစ်တိုင်းကြီး(၅)ခုတွင် ၂၀၁၈ ခုနှစ်ဒီဇင်ဘာ ၂၁ ရက်မှ ဧပြီလ ၃၀ရက်အထိ ၄င်းတို့၏ စစ်ရေးလှုပ်ရှားမှုများကို ယာယီရပ်ဆိုင်းကြောင်း ကြေညာခဲ့သော်လည်း ရခိုင် ဒေသအတွင်း စစ်ရေးလှုပ်ရှားမှုများကိုတော့ ရပ်ဆိုင်းခြင်းမရှိခဲ့ပါသည်။ အလားတူ ယာယီရပ်ဆိုင်းသည်ဆိုသောဒေသများတွင်လည်းမြန်မာ့တပ်မတော်နှင့် EAOsအကြားတိုက်ပွဲများဖြစ်ပွားနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် စစ်ဘေးရှောင်ဒုက္ခသည်များအတွက် ယင်းတို့၏နေရပ်သို့ ဂုဏ်သိက္ခာရှိစွာ ပြန်နိုင်ရေးသည် အလှမ်းဝေးနေဆဲဖြစ်ပါသည်။

ထို့ပြင် ၂၀၁၇ တွင် တပ်မတော်၏ နယ်မြေရှင်းလင်းရေးကြောင့် ဘင်္ဂလားဒေရှ်နိုင်ငံဘက်ခြမ်းသို့ ထွက်ပြေးတိမ်း သွားကြသော (၇၀၀,၀၀၀) ခုနှစ်သိန်းကျော်သော တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသိမ်းရှောင်နေရပ်စွန့်ခွာသူများအတွက်လည်း အစိုးရမှ တာဝန်ယူ ဖြေရှင်းရန် ရှိနေပါသည်။ နိုင်ငံတကာ အသိုင်းအဝန်းများမှ မြန်နိုင်ငံအစိုးရကို ဖိအားပေး တိုက်တွန်းနေသည့် အခြေအနေဖြစ်ပါသည်။

စစ်ပွဲဖြစ်ပွားရာ ဒေသများ

မြန်မာ့တပ်မတော်နှင့် EAOsအကြား တိုက်ပွဲဖြစ်ပွားမှုများကို လေ့လာကြည့်လျှင် ပြည်နယ်(၇)နှင့် တိုင်းဒေသ (၁)ခုတို့တွင် နေရာ (၅၆) ဒေသခန့်တွင် တိုက်ပွားဖြစ်ပွားသည်ကို တွေ့ရပါသည်။ ကချင်ပြည်နယ်တွင် (၁၅)နေရာများ - လိုင်ဇာ၊ မိုးမောက်၊ မန်စီ၊ ဗန်းမော်၊ ဖားကန့်၊ တနိုင်း၊ ဝိုင်းမော်၊ မိုးညှင်း၊ တာမိုးညဲ၊ စွမ်ပရာဘွမ်၊ အင်ဂျန်းယန်၊ (မြစ်ကြီးနား) ဆင်ဘို၊ ပူတာအိုနှင့် မိုးကောင်း၊ ကားမိုင်းဒေသတို့တွင် တိုက်ပွဲများဖြစ်ပွားသည်။

ရှမ်းပြည်နယ်တွင်တော့ (၂၄) နေရာဖြစ်သည့် မူဆယ်၊ နန့်ခမ်၊ သီပေါ၊ နမ္မတူ၊ ကွတ်ခိုင်၊ ပန်လုံ၊ မိုင်းရှူး၊ လောက်ကိုင်၊ ကိုကင်း၊ ကုံကျန်း၊ မန်တုံ၊ လွှိုင်လင်၊ ဟိုပုံး၊ တုံးတာ၊ ကျေးသီး၊ ကုံဟင်း၊ နန့်စံ၊ ကျောက်မဲ၊ ဟုမ္မလင်း၊ မုံးကိုး၊ မိုင်းယော်၊ မိုင်းပန်၊ နမ့်ဟွေ ၊ တိန်နီ စသော ဒေသများတွင် ဖြစ်ပွားခဲ့သည်။

အလားတူ ကရင်ပြည်နယ်တွင်(၃) နေရာ ဖာပွန်၊ လှိုင်းဘွဲ့နှင့် မြိုင်ကြီးဂူဒေသနှင့် ကယားပြည်နယ်တွင် ဖားဆောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နာဂဒေသတို့တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။

ရက္ခိုင့်တပ်မတော်(ULA/AA)နှင့် မြန်မာ့တပ်မတော်အကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကတော့ ချင်းပြည်နယ်ပလက်ဝဒေသ၊ ရခိုင်ပြည်နယ် (၉)နေရာ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ ကျောက်တော်၊ ပုဏ္ဏား ကျွန်း၊ အမ်း၊ မင်းပြား၊ သမီးလှကျေးရွာနှင့် မြောက်ဦးဒေသတို့တွင် ဖြစ်ပွားလျက်ရှိသည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ အချင်းချင်းအကြား ဖြစ်ပွားသည့် တိုက်ပွဲများကို ရှုကြည့်လျှင်လည်း ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ ဖြစ်သော သီပေါ၊ နမ္မတူ၊ ကျောက်မဲ၊ နန့်ခမ်၊ နန့်စံ၊ မိုင်းပန်၊ လားရှိုးဒေသတို့တွင်အဖြစ်များပြီး RCSS/SSA၊ SSPP/SSA၊TNLA၊ MNDAA၊ PNLOတို့ ပါဝင်ပတ်သက်ခဲ့ကြသည်။ ထို့ပြင် ကရင်ပြည်နယ်လှိုင်းဘွဲ့တွင် KNU နှင့် DKBA ၊ မွန်ပြည်နယ် ရေဖြူနှင့် မုဒုံတို့တွင် KNU နှင့် NMSP ၊ ရခိုင်ပြည်နယ်တွင် ULA/AAနှင့် ALP/ALAတို့အကြား တိုက်ပွဲဖြစ်ပွားတို့ ရှိခဲ့သည်။

တိုက်ပွဲကြောင့် သိန်းနှင့်ချီသော စစ်ဘေးရှောင်ဒုက္ခသည်အရေးအတွက်သည် ပိုမိုများပြားလာဖို့သာ ရှိနေပြီးနေရပ်ပြန်နိုင်သော အရေအတွက်သည် ကချင်စစ်ရှောင်စခန်းအချို့မှာ ရာဂဏန်းမျှသော အရေအတွက်ရှိသေးသည်ကို တွေ့ရပါသည်။ အလားတူရှမ်းမြောက်ဒေသတွင်လည်း စစ်ဘေးရှောင်အချို့ နေရပ်မပြန် နိုင်ကြသေးပါ။ သုံးလအတွင်းသောင်းနှင့်ချီသော စစ်ဘေးဒုက္ခသည်များ ဖြစ်ပေါ်သည့်အထိ တိုက်ပွဲပြင်းထန်ခဲ့ သော ရခိုင်ဒေသတွင်လည်း ထောင်ဂဏန်းမျှသာ နေရပ်ပြန်နိုင်သေးကြောင်း သိရပါသည်။

လက်ရှိအခက်အခဲအခြေအနေများ

၂၀၁၈ခုနှစ် မတ်လကတည်းက စစ်ရှောင်စခန်းများသို့ ထွက်ပြေးတိမ်းရှောင်နေရသူ ကချင်ပြည်နယ် ခါနန် (Hka Nan) စစ်ရှောင်ပြည်သူများကို ယနေ့ထိပင် တရားဝင်စစ်ဘေးဒုက္ခသည် (IDP) အဖြစ် အစိုးရမှ အသိအမှတ်မပြုသေးကြောင်းသိရသည်။ ယင်းသို့ အသိအမှတ်ပြုခြင်းမခံရသေးသည့်အတွက် အကူအညီပေးရေးအဖွဲ့အစည်းများ၏ ထောက်ပံ့မှုကိုလည်း မရရှိဘဲဖြစ်နေကာ စားနပ်ရိက္ခာပြတ်လပ်မှုများ ကြုံတွေ့နေရကြောင်း သိရသည်။

စစ်ဘေးဒုက္ခသည် တစ်သိန်းကျော်ရှိနေသည့် ကချင်ဒေသတွင် ရှစ်သောင်းကျော်သည် အစိုးရထိန်းချုပ်နယ်မြေအတွင်းမဟုတ်သည့်အတွက် အကူအညီရရှိရေးအတွက် အခက်အခဲများစွာရှိနေပါသည်။ ဥပမာ - နိုင်ငံတကာအကူထောက်ပံ့မှုတစ်ခုဖြစ်သည့် ဂျပန်နိုင်ငံ၏ ဒေါ်လာသုံးသိန်းကူညီထောက်ပံ့မှုကို ၂၀၁၉ခုနှစ် ဧပြီလတွင်မှ ပထမဆုံးအကြိမ် လက်ခံရရှိခဲ့ခြင်းဖြစ်ပါသည်။

တိုက်ပွဲအရှိန်မြင့်တက်နေသည့် ရခိုင်ပြည်နယ်ရှိ စစ်ရှောင်စခန်းများတွင်လည်း သောက်သုံးရေပြတ်လပ်မှုများ ကြုံတွေ့နေရကြောင်း သတင်းရရှိပါသည်။ ပိုဆိုးသည်က ရခိုင်ဒေသရှိ စစ်ဘေးရှောင်များအား ကူညီထောက်ပံ့လိုသည့်ပြည်တွင်းပြည်ပအဖွဲ့အစည်းများအနေဖြင့် ပြည်နယ်အစိုးရ၏ခွင့်ပြုချက်ရရှိမှသာ ကူညီနိုင် မည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားထားပါသည်။ အဆိုပါညွှန်ကြားချက်ကို အရပ်ဖက်အဖွဲ့အစည်းအများစုက ကန့်ကွက်ကြပါသည်။

စစ်ဒဏ်သင့်သူ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် အမှန်တကယ်လိုအပ်နေသည်ကတော့ ကျဆုံးသွားသော အမှန်တရားအတွက် ပြန်လည်ရှာဖွေနိုင်ရန် စစ်ပွဲများရပ်တန့်ပေးခြင်းသာ ဖြစ်ပါလိမ့်မည်။ မည်သူ

တစ်ဦးတစ်ယောက်မျှ ယင်းတို့၏ နေအိမ်၊ နေရပ်တို့ကို စွန့်ခွာထွက်ပြေးနေကြလိုဟန် မရှိပါ။ စစ်ပွဲအတွင်းမှ ကျည်ဆန်၊ ကျည်ဆများ၊ လက်နက်ကြီး၊ လက်ပစ်ဗုံးတို့ကို ထိမှန်မည်ကို ကြောက်ရွံ့နေကြ၍သာ ထွက်ပြေးတိမ်းရှောင်နေကြရခြင်း ဖြစ်ပါသည်။

စိုးရိမ်နေရသည့် အခြေအနေများ

မြန်မာ့တပ်မတော်မှ KNUနယ်မြေဖြစ်သော ကရင်ပြည်နယ် ဖာပွန်ဒေတွင် ဒေသဖွံ့ဖြိုးရေးအကြောင်းပြကာ လမ်းဖောက်လုပ်ရေး ဆက်လက်ဆောင်ရွက်မည့်အကြောင်း ထုတ်ပြန်ထားသည်။ KNUသည် NCAလက်မှတ်ရေးထိုးထားသည့် EAO ဖြစ်လင့်ကစား အဆိုပါတပ်မတော်၏ လုပ်ရပ်ကြောင့် တိုက်ပွဲအချို့ ပြန်လည်ဖြစ်ပွားခဲ့သည်။ ရခိုင်ဒေသတွင်လည်း ULA/AA ကို အစိုးရပိုင်းမှ ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ ဖိတ်ခေါ်နေလင့်ကစား မြန်မာ့တပ်မတော်ကတော့ စစ်ရှိန်မြှင့်အား စစ်ရေးအရ ဖိအားပေးနေဆဲဖြစ်သည်။

ရှမ်းမြောက်ဒေသတွင် ဖြစ်ပွားနေသည့် EAOsအချင်းချင်းအကြား တိုက်ပွဲများအတွက်လည်း တွေ့ဆုံညှိနှိုင်းအဖြေရှာနိုင်ရေး အလှမ်းဝေးနေသေးသည်။ ထို့ကြောင့် စစ်ဒဏ်သင့်၊ စစ်ဘေးရှောင်တိုင်ရင်းသားပြည်သူများ ဆက်လက်များပြားလာနိုင်သည့် အခြေအနေများကို တွေ့နေရပါသည်။

https://burma.irrawaddy.com/news/2019/03/30/187921.html?fbclid=IwAR0glZgym0Rd7Q6yv5fs7FDDQndGFv1Iro1u72ZBvlQCLVF83ns650MTD30

https://www.unhcr.org/news/press/2019/3/5c8a31984/unhcr-says-ethnic-chin-refugees-require-continued-international-rotection.html?query=Myanmar%20Refugee%20in%20Malaysia

https://www.facebook.com/OCHAMyanmar/photos/a.794527937253768/2096797877026761/?type=3&theater

https://reliefweb.int/sites/reliefweb.int/files/resources/MMR_Rakhine_New_Displacement_28Mar2019.pdf?fbclid=IwAR18BbuCfv0OYiuH4HotOSUKMGk0xghWk05D_u_Pa-VHxyDwRt3i74sNl3I

https://reliefweb.int/sites/reliefweb.int/files/resources/MMR_Kachin_Shan_Displacement_Snapshot_20181212.pdf?fbclid=IwAR0aRKWyqHlZbRoDR1vJOh6AGgP8UF40KOwlYDPKnxEj_F57QaYuQtZHk8o

၄။ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ၂၀၁၇ - ၂၀၁၈ - ၂၀၁၉ (မတ်)

တွေ့ဆုံဆွေးနွေးမှုအရေအတွက်ပြမြေပုံ



တွေ့ဆုံဆွေးနွေးမှုအခြေအနေပြဇယား

1/13/2017	UNFC's DPN + PC-AD	Chiang Mai	Non-signatories of the nationwide ceasefire agreement (NCA) are set to meet with the Burmese government's Peace Commission in Chiang Mai, Thailand on Jan. 13 to discuss the peace process.
1/23/2017	SC DASSK (NRPC) + PPST	Naypyidaw	တွေ့ဆုံစဉ်-မြန်မာနိုင်ငံ မြောက်ပိုင်းခွဲတိုက်ပွဲများ ဖြစ်ပွားနေမှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် သက်ရောက်နိုင်မှု၊ မကြာခင်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် ခိုင်မာသောရလဒ်များထွက်ပေါ်လာရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသော တိုင်းရင်းသားနယ်မြေဒေသများအတွင်းဖွံ့ဖြိုးတိုးတက်မှုများကို ပြည်တွင်း၊ ပြည်ပကူညီထောက်ပံ့မှုများဖြည့်ဆည်း ဆောင်ရွက်ပေးရေးကိစ္စ၊ NCAလက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများမှ အဖွဲ့ဝင်အချို့၏ အမှုအခင်းများကိစ္စ၊ NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများပါဝင်လာနိုင်ရေးကိစ္စ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။
2/16/2017	KNU + KIO/KIA	Laiza	The KNU—a signatory to the country's 2015 nationwide ceasefire agreement (NCA)—and the KIO—a non signatory—pledged "collaboration to achieve peace; by seeking the best and necessary approaches," in the statement. Two advisers from the Restoration Council of Shan State also joined the discussion.

3/1/2017	UNFC's DPN + SC DASSK	Naypyidaw	The United Nationalities Federal Council's (UNFC) Delegation for Political Negotiation (DPN) said their meeting with State Counselor Daw Aung San Suu Kyi, on Wednesday has paved the way for the next step of negotiation in Burma's peace process.
3/3/2017	UNFC's DPN + PC	Yangon	ငြိမ်းချမ်းရေးကော်မရှင် PC နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ DPNတို့၏ စတုတ္ထအကြိမ်အစည်းအဝေးတွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC အဖွဲ့ဝင် အဖွဲ့အစည်းများ၏ အဆိုပြုချက် (၉) ချက်အပေါ် မူအားဖြင့် သဘောတူညီခဲ့ကြောင်း သိရသည်။
3/4/2017 - 3/6/2017	PPST + PPWT	Chiang Mai	PPST ရဲ့ လော်ခီးလာ အစည်းအဝေး ဆုံးဖြတ်ချက်တွေ ပြန်လည်သုံးသပ်တာ၊ ဝ ဦးဆောင်လှုပ်ရှားမှုအခြေအနေ၊ UNFC ဦးဆောင်လှုပ်ရှားမှုနဲ့အလားအလာ အပါအဝင် ၂၁ ရာစုပင်လုံးညီလာခံ ဒုတိယအစည်းအဝေးစတဲ့ လက်ရှိနိုင်ငံရေးအခြေအနေတွေ သုံးသပ်တာတွေ ဆွေးနွေးကြပါတယ်။
4/3/2017	UNFC	Chiang Mai	ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်လာရန် UNFC မှ ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ DPN မှ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နောက်ဆုံးအခြေအနေများကို တင်ပြပြီး ရှေ့လုပ်ငန်းစဉ်အတွက် အဓိက ဆွေးနွေးသွားရန်ရှိသည်။
4/5/2017	UNFC 's DPB + CT (NCA-S EAOs)	Chiang Mai	နှစ်ဖွဲ့ကိုယ်စားလှယ်များအနေဖြင့် ငြိမ်းချမ်းရေး ရှေ့လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စနှင့် မဟာဗျူဟာ လုပ်ငန်းစဉ်များ ကိစ္စရပ်များကို အဓိက ဆွေးနွေးညှိနှိုင်းသွားကြရန် ရှိသည်။

4/8/2017 - 4/9/2017	EAOs Leadership Meeting	Chiang Mai	NCA လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသော EAOs များအနေ ဖြင့် အစိုးရနှင့် NCAလက်မှတ်ရေးထိုးနိုင်ရေး အတွက် သော်လည်းကောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယ အစည်းအဝေး တွင် တိုင်းရင်းသားလက်နက် ကိုင်တော် လှန်ရေးအဖွဲ့ အစည်းများအားလုံး တန်းတူရည်တူ ဂုဏ်သိက္ခာရှိစွာဖြင့် ပါဝင်တက်ရောက်နိုင်ရေးအတွက်သော်လည်းကောင်း မိမိတို့အားလုံးအတူတကွ ဆက်လက်ကြိုးပမ်းသွား မည်ဖြစ်ကြောင်းထုတ်ပြန်ကြေညာပါသည်။
4/24/2017	JICM Meeting	Naypyidaw	The government has set the date for the second session of the 21st Century Panglong peace conference as May 24, after the first Joint Implementation Coordination Meeting (JICM) on the nationwide ceasefire agreement (NCA) was held in Naypyidaw on Monday.
4/28/2017 - 4/29/2017	UNFC's DPN + PC	Chiang Mai	တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် (NCA) ချုပ်ဆိုနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း နှစ်ဘက်အဖွဲ့အစည်းများ ထံမှ စုံစမ်းသိရှိရသည်။
5/11/2017	China + UWSA, NA-B	Kuming	ဆွေးနွေးပွဲမှာ မြန်မာပြည်မြောက်ပိုင်းက စစ်ရေးပဋိပက္ခ အခြေအနေတွကေို ရှင်းပြခဲ့ပြီး၊ ဝ,ဒေသ ပန်ခမ်းမြို့မှာ ပြီးခဲ့တဲ့၈ပြီလက ကျင်းပခဲ့တဲ့ တိုင်းရင်းသားလက်နက် ကိုင် ၇ ဖွဲ့ အစည်းအဝေးကနေ ချမှတ်လိုက်တဲ့ သဘော ထားစာတမ်းတွေကို တရုတ် အထူးကိုယ်စားလှယ် မစ္စတာ ဆွန်ကော်ရှန်းလက်ထဲ ပေးအပ်ခဲ့တယ်။
5/16/2017	RGOV + NMSP	Mawlamying	ဆွေးနွေးပွဲကို မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ မွန် ပြည်နယ် တရားသူကြီးချုပ်၊ ပြည် နယ်ဥပဒေချုပ်နှင့် မွန်ပြည်သစ်ပါတီမှ တာဝန်ရှိသူများ တက်ရောက်ဆွေး နွေးခဲ့သည်။

5/18/2017 - 5/20/2017	PNLO (NCA-S EAO)	PNLO ဌာနချုပ်	ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်၏ ပထမအကြိမ်ညီလာခံသက်တမ်း (၁၃) ကြိမ်မြောက် ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးကျင်းပကာ ၂၁ရာစုပင်လုံဒုတိယအစည်းအဝေးမှ ပြည်ထောင်စု သဘောတူစာချုပ်ရရှိနိုင်ရေးကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။
5/22/2017	UNFC's DPN Meeting	Chiang Mai	အစည်းအဝေးတွင် ညီညွတ်သောတိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ UNFCအဖွဲ့ဝင် အဖွဲ့ အစည်းများမှမေလ ၂၄ ရက်နေ့တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးတက်ရောက်မည် မတက်ရောက်မည်ဆိုသည့်ကိစ္စနှင့် နိုင်ငံရေးဆိုင်ရာဆွေးနွေး ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ DPNအဖွဲ့ဝင်များ အနေဖြင့်လည်း တက်ရောက်မည်မတက်ရောက်မည် ဆိုသည့် ကိစ္စများကို အဓိက ဆွေးနွေးဆုံးဖြတ်သွားရန်ရှိသည်
5/25/2017	FPNCC + PC	Naypyidaw	၂၁ရာစုပင်လုံညီလာခံကိုတက်ရောက်လာတဲ့ "၀" ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) ဦးဆောင်တဲ့ မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင် ၇ ဖွဲ့က ခေါင်းဆောင်တွေဟော ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့နဲ့ တံခါးပိတ်ဆွေးနွေးနေကြပါတယ်။
5/26/2017	SC DASSK + FPNCC	Naypyidaw	The State Counselor met the seven groups separately, in two sessions–the KIA, UWSA, NDAA and SSPP as one group, and the TNLA, AA and MNDAA as another group—at her residence in Naypyidaw.
6/10/2017	UNFC's DPN + PC	Chiang Mai	ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC မှတင်ပြထားသည့်အချက် ၉ ချက်အား နှစ်ဖက်သဘောတူညီမှု ရရှိခဲ့မည်ဆိုပါက ကတိကဝတ်စာချုပ် (DOC) ချုပ်ဆိုနိုင်ဖို့ စီစဉ်မည်။

6/17/2017	NCA-S EAOs (8 EAO) + NMSP , KNPP, SSPP/SSA	Chiang Mai	အစည်းအဝေးမှာ အပစ်အခတ်ရပ်စဲရေး ဆိုင်ရာ အထောက်အကူပြုလုပ်ငန်းတာဝန်များ၊ နိုင်ငံရေး တွေ့ဆုံဆွေးနွေးခြင်းနှင့်ယုံကြည်မှုတည်ဆောက်ခြင်း အထောက်အကူပြုလုပ်ငန်းတာဝန်များ၊အရပ်သားများအား ကာကွယ်သည့်လုပ်ငန်းများ၊ လူသားခြင်း စာနာထောက်ထားမှုအကူအညီပေးခြင်းဆိုင်ရာလုပ်ငန်းများနှင့် အဖွဲ့အစည်းအတွင်းအပါအဝင် ပြည်သူလူထုများကို အရည်အချင်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကိစ္စတွေကိုလည်း ခေါင်းစဉ်အလိုက်ဆွေးနွေးသွားကြရန်ရှိသည်။
6/20/2017	UNFC 2nd Congress	Chiang Mai	The organization's central executive committee will discuss and decide what to do about the request made by the Ta'ang National Liberation Army (TNLA), Myanmar National Democratic Alliance Army (MNDAA), and Kachin Independence Organization/Kachin Independence Army (KIO/KIA) to leave the UNFC.
6/12/2017 - 6/23/2017	KNU	KNU ဌာနချုပ်	NCAအကောင်အထည်ဖော်မှုဆိုင်ရာလုပ်ငန်းစဉ် တစ်ခုလုံး၏အထောက်အကူပြု ယန္တရားများနှင့် အကောင်အထည်ဖော်မှုဆိုင်ရာများသည် မူလလက်ခံသဘောတူထားခဲ့ကြသည့် NCAဆိုင်ရာအခြေခံမှု၊ ခံယူချက်သဘောထားများနှင့်ကတိပြုချက်များအပေါ်လိုက်နာမှု အားနည်းပျက်ကွက်နေသည်ကို သုံးသပ်တွေ့ရှိခဲ့ပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုဆိုင်ရာ အခြေခံတို့နှင့်ပတ်သက်သည့် အဆင့်တိုင်းတွင် ချို့ယွင်းမှုရှိကြောင်းထုတ်ပြန်ချက်တွင်ဖော်ပြသည်။

6/28/2017	PPST	Chiang Mai	အစည်းအဝေးတွင် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စများကို သုံးသပ်ဆွေးနွေးပြီး ပြင်ဆင်မှုများ ပြုလုပ်ရန်၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကိစ္စများ ပြင်ဆင်သတ်မှတ်ရေး အပါအဝင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေးကိစ္စအပါအဝင် အဓိကမူဝါဒ ၁၀ ချက်နဲ့ပတ်သက်ပြီး ဘုံသဘောတူညီချက်တွေချမှတ်ရန် ကိစ္စများကိုဆွေးနွေးဆုံးဖြတ်သွားကြရန် ရှိသည်။
7/13/2017	UNFC's DPN + PPWT	Chiang Mai	အစည်းအဝေးမှ ရရှိလာသည့် အချက်များအပေါ်မူတည်၍ ငြိမ်းချမ်းရေး ရှုလေ့ပင်နန်းစဉ်အတွက် မဟာဗျူဟာတစ်ရပ် ချမှတ်သွားရန်နှင့်တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းအားလုံး အပါအဝင် နိုင်ငံရေးပါတီများနှင့် EAOsအစည်းအဝေးတစ်ရပ်ခေါ်ယူ ကျင်းပနိုင်ရေးကိစ္စများကိုလည်းဆွေးနွေးဆုံးဖြတ်သွားကြမည်။
7/29/2017	SC DASSK + Peace Stakeholders	Yangon	It will be the first NRPC stakeholder consultation since the National League for Democracy (NLD) took office. One was a briefing session comprising more than 80 attendees, including diplomats, INGOs, and UN agencies.
8/2/2017	UNFC's DPN + PPWT	Chiang Mai	နှစ်ဘက်ပူးပေါင်းလုပ်ဆောင်နိုင်ရေးကိစ္စ အပါအဝင်၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ကိစ္စ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများအားလုံး မျက်နှာစုံညီအစည်းအဝေးခေါ်ယူကျင်းပနိုင်ရေး ကိစ္စနှင့် ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ်မဟာဗျူဟာချမှတ်သွားနိုင်ရေး ကိစ္စတွေကို အဓိကထားဆွေးနွေးသွားရန်ရှိသည်။
8/10/2017 + 8/11/2017	UNFC's DPN + PC	Yangon	The DNP is composed of representatives of the United Nationalities Federal Council (UNFC), a coalition of armed ethnic groups that have not signed the Nationwide Ceasefire Agreement (NCA) with the government. Khu Oo Reh delivered his remarks on August 10 at the sixth official meeting between the two parties.

8/16/2017	MA + NMSP	Ye Township, Mon state	The NMSP delegation, led by vice chair Nai Hong Sar, met with the Tatmadaw's Bureau of Special Operations 4 at the 19th Military Operations Command headquarters to request that the Tatmadaw withdraw its battalions.
8/18/2017 - 8/20/2017	FPNCC	UWSA ဌာနချုပ်	အစည်းအဝေးတွင် FPNCC အနေဖြင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးရေးကိစ္စကို အဓိက ဆွေးနွေးကြမည်ဖြစ်ပြီး တိုက်ပွဲများပြင်းထန်နေသည့်ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများ၏ အခြေအနေများနှင့် ပတ်သက်၍လည်း သုံးသပ်ဆွေးနွေးသွားမည်။
9/27/2017	UNFC (Stateholder Consultation)	Chiang Mai	ဆွေးနွေးပွဲတွင် နိုင်ငံရေးဆွေးနွေးရေးဆိုင်ရာကိစ္စ၊ ကာကွယ်ရေးနှင့်လုံခြုံရေးကိစ္စ၊ ဖက်ဒရယ်နှင့် ပြည်ထောင်စုအခြေခံဥပဒေကိစ္စနှင့် တရားရေးမဏ္ဍိုင်ပြုပြင်ပြောင်းလဲရေးကိစ္စတို့ကိုတတ်သိပညာရှင်များက ဆွေးနွေးတင်ပြသွားမည်။
11/8/2017	UNFC's DPN + PC	Yangon	UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) နှင့် ငြိမ်းချမ်းရေးကော်မရှင် (PC)တို့၏ အဋ္ဌမအကြိမ် တရားဝင်တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပါသည်။
11/12/2017	NDAA + PC	မိုင်းလားဒေသ	ငြိမ်းချမ်းရေးကော် မရှင်အနေဖြင့် 'ဝ'နှင့် မိုင်းလားလက်နက်ကိုင်အဖွဲ့များအပါအဝင် မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့များ တစ်နိုင်ငံလုံး အပစ်အ ခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင်ပါဝင်လာရေးကြိုးစားမည်။
11/24/2017	NMSP	Ye Township, Mon state	တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)တွင်လက်မှတ်ရေးထိုးနိုင်ရေးနှင့် ပတ်သက်ပြီးမွန်ပြည်သစ်ပါတီ (NMSP)၏အရေးပေါ် အစည်းအဝေးကို မွန်ပြည်သစ်ပါတီဗဟိုဌာနချုပ်ရုံး စိုက်ရာရေးမြို့နယ် ရေးချောင်းဖျားဒေသ၌ ပြုလုပ်ခဲ့သည်။

	Peace Meetings timeline in 2018 January to December		
2/1/2018	MA MA + KIO/KIA	Yunan	တရုတ်အစိုးရ၏ ကြားဝင်အကူညီပေးမှုဖြင့် KIO တရုတ်အစိုးရ၏ ကြားဝင်အကူညီပေးမှုဖြင့် KIOဥက္ကဋ္ဌ သစ်ဗိုလ်ချုပ်ကြီး Nban La ဦးဆောင်သော ကိုယ်စား လှယ်အဖွဲ့နှင့်တပ်မတော်ကာကွယ်ရေးဌာနအမှတ် (၁) စစ်ဆင်ရေးအထူးအဖွဲ့(ကစထ)မှူး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်ဦးဆောင်သောတပ်မတော် ကိုယ်စား လှယ် အဖွဲ့ကြား Dali တွင် တွေ့ဆုံကြခြင်း ဖြစ်သည်။
2/23/2018 - 2/25/2018	UNFC	Chiang Mai	အစည်းအဝေးကနေ အဖွဲ့အဝင်အသစ်တွေအဖြစ် ကချင် အမျိုးသားအဖွဲ့နဲ့ KNO နဲ့ ချင်းအမျိုးသားတပ်ဦး CNF ကိုအဖွဲ့ဝင်သစ်တွေအဖြစ်တိုးချဲ့ပြီး ပြန်လက်ခံဖို့ အတွက် ဆုံးဖြတ်ခဲ့ပါတယ်
5/1/2018	PC + SSPP/SSA	Wan Hai	The Peace Commission delegation led by its vice-chair U Thein Zaw and Lt-Gen Khin Zaw Oo (Rtd) arrived in Wan Hai headquarters and met with the leaders of the Shan State Progress Party/Shan State Army – North (SSPP/SSA-N).
6/14/2018	SC DASSK + NMSP	Mawlamying	NCAလက်မှတ်ရေးထိုးပြီးနောက်ပိုင်း ဒေသဖွံ့ဖြိုးရေး အတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ NMSPသည် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် အစိုးရနှင့် NCAလက်မှတ်ရေးထိုးခဲ့ပါသည်။
6/14/2018	Gov + MA + Parliament	Naypyidaw	တတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံမှာ ဆွေးနွေးမယ့် ကဏ္ဍ ၅ ရပ်မှာပါရှိတဲ့အကြောင်းအရာတွေနဲ့ ပတ် သက်ပြီး အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော်အစုအဖွဲ့တွေ အကြားဘုံသဘောတူညီချက်ရရှိနိုင်ဖို့ အကြိုညှိနှိုင်းဆွေး နွေးပွဲကို ကျင်းပခဲ့ပါတယ်။
7/11/2018	MA + ULA/AA , MNDAA, TNLA	Naypyidaw	ဆွေးနွေးပွဲမှာ NCAဆိုင်ရာ ကိစ္စများ၊ ယုံကြည်မှုတည် ဆောက်ရေးဆိုင်ရာကိစ္စများ၊ ငြိမ်းချမ်းရေး တည်ဆောက် မှုဆိုင်ရာကိစ္စတွေနဲ့ ပတ်သက်ပြီး အပြန်အလှန်ဆွေးနွေး ခဲ့ကြတယ်လို့ ဆိုပါတယ်။

7/11/2018	SG MAH + UWSA,KIO/ KIA, SSPP/ SSA, NDAA	Naypyidaw	သတင်းအချက်အလက် အသေးစိတ် ဖော်ပြခြင်းမရှိခဲ့ပါ။
7/12/2018	KNPP + NRPC	Naypyidaw	အလွတ်သဘောတွေ့ဆုံဆွေးနွေးခြင်းဖြစ်ပြီး သတင်းအချက်အလက်အသေးစိတ်ဖော်ပြခြင်းမရှိခဲ့ပါ။
7/12/2018	SC DASSK + UWSA,KIO/ KIA, SSPP/ SSA, NDAA + ULA/AA , MNDAA, TNLA	Naypyidaw	နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် မြောက်ပိုင်းမဟာမိတ်(၇)ဖွဲ့အား အုပ်စုနှစ်ခုခွဲကာ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ UWSA,KIO/KIA, SSPP/SSAနှင့် NDAA တို့က တစ်အုပ်စု၊ ULA/AA, MNDAA, TNLAတို့က တစ်အုပ်စုဖြစ်သည်။
7/20/2018	PC + KIO/KIA , RCSS/SSA	Chiang Mai	အလွတ်သဘောတွေ့ဆုံမှု ဖြစ်သည့်အတွက် ဆုံးဖြတ်ချက်တစ်စုံတရာချမှတ်နိုင်ခြင်းမရှိဟု သိရသည်။
8/5/2018	MA + KIO/KIA	Yunan	ဆွေးနွေးတဲ့အကြောင်းအရာတွကေို မကြာခင် ရက်ပိုင်းအတွင်း သတင်းထုတ်ပြန်မယ်လို့ ဒုတိယဗိုလ်မှူးကြီးနော်ဘူက ပြောပါတယ်။
9/5/2018	PC + NA-B (KIO/KIA, MNDAA, TNLA, ULA/AA)	Kunming	NRPC အဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီးဟောင်းခင်ဇော်ဦးက ‘‘အလွတ်သဘော ဆွေးနွေးရန်’’ပြောလာခြင်းကိုဗိုလ်ချုပ် Gun Maw ဦးဆောင်သော KIO ကိုယ်စားလှယ်အဖွဲ့လက်မခံသောကြောင့် နှစ်ဖက်အစည်းအဝေးပျက်ခဲ့ရသည်။ KIO နှင့်ဆွေးနွေးပွဲ မဖြစ်သော်လည်း ကျန်မြောက်ပိုင်းမဟာမိတ် (Northern Alliance-Burma) အဖွဲ့ဝင် တအောင်း TNLA၊ ရခိုင် AA နှင့် ကိုးကန့် MNDAA အဖွဲ့များနှင့် အစိုးရ NRPC ကြားဆွေးနွေးမှုရှိခဲ့ကြောင်း သိရသည်။

9/17/2018 - 9/19/2018	NCA-S EAOs + NCA-NS EAOs	Lizar	အစည်းအဝေးတွင်လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် လက်ရှိသွားနေသည့် အခြေအနေများ၊တိုင်းရင်းသားများတောင်းဆိုသည့် ဖက်ဒရယ်ကိစ္စရပ်များဆွေးနွေးခဲ့ကြသည်
10/15/2018 + 10/16/2018	SC DASSK + SG MAH + NCA-S EAOs	Naypyidaw	ရပ်တန့်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် NCAလမ်းကြောင်းပေါ်မှ ထိပ်ပိုင်းခေါင်းဆောင်များ သီးသန့်တွေ့ဆုံဆွေးနွေးခြင်းဖြစ်သော်လည်းကောင်းမွန်သည့် ရလာဒ်များ ထွက်ပေါ်လာခဲ့ခြင်းမရှိခဲ့ပါ။
10/17/2018	NRPC + NCA-S EAOs	Naypyidaw	ပြည်ထောင်စုငြိမ်း ချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အတွင်းရေးမှူးအဖွဲ့အစည်းအဝေးနှင့် UPDJC အစည်းအဝေးခေါ်ယူရန်ကိစ္စ၊ ထိပ်သီးဆွေးနွေးပွဲတွင် သဘောတူညီချက်မရရှိခဲ့သောပြည်ထောင်စုမှ ခွဲ မထွက်ရန်နှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာကိစ္စအတွက် နိဝင်ဘာတွင်ပြန်လည်တွေ့ဆုံရေးကိစ္စ၊ တစ်ခုတည်းသော တပ်မတော်ကိစ္စနှင့်ပတ်သက်၍ ဆက်လက်ညှိနှိုင်းနိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့သည်။
10/16/2018	SC DASSK + SG MAH + KNU	Naypyidaw	သီးသန့်တွေ့ဆုံမှုတွင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆောင်ရွက်ရာ၌ အပြန်အလှန်စိုးရိမ်မှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။
11/16/2018	PC + RCSS/ SSA	Chiang Mai	အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုဖြစ်သည့်အတွက် အသေးစိတ်သတင်းထုတ်ပြန်ခြင်းမရှိခဲ့ပါ။ RCSS/SSA သည် JMC အဆင့်ဆင့်တွင် ပါဝင်မှုကို ယာယီရပ်ဆိုင်းထားပါသည်။
11/17/2018	PC + KNU	Chiang Mai	အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုဖြစ်သည့်အတွက် အသေးစိတ် သတင်းထုတ်ပြန်ခြင်းမရှိခဲ့ပါ။ KNUသည် NCA အရဖြစ်ပေါ်လာမည့် တရားဝင်ဆွေးနွေးပွဲများတွင်ပါဝင်မှုကို ယာယီရပ်ဆိုင်းထားပါသည်။

11/18/2018	PC + KIO/KIA	Chiang Mai	အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုဖြစ်သည့်အတွက် အသေးစိတ်သတင်းထုတ်ပြန်ခြင်းမရှိခဲ့ပါ။
11/18/2018	PC + KNPP	Chiang Mai	အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုဖြစ်သည့်အတွက် အသေးစိတ် သတင်းထုတ်ပြန်ခြင်းမရှိခဲ့ပါ။ KNPPသည် NCAတွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက်အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးနေခြင်းဖြစ်သည်။
12/26/2018	NA-B (KIO/KIA , MNDAA , TNLA , ULA/AA	China	တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်ခဲ့တဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေး ကြေညာချက်နဲ့ပတ်သက်ပြီး KIO ဦးဆောင်တဲ့ မြောက်ပိုင်းမဟာမိတ်အဖွဲ့ထိပ်သီးခေါင်းဆောင်တွေ အစည်းအဝေးကျင်းပခဲ့ပါတယ်။ တပ်မတော်က ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်ဟာ တွေ့ဆုံဆွေးနွေးရေးလမ်းစဖြစ်တယ်လို့ မြောက်ပိုင်းမဟာမိတ်အဖွဲ့က ထုတ်ပြန်တဲ့ ကြေညာထားပါတယ်။
Peace Meeting Timeline in 2019 January to March			
1/7/2019	President (High-level coordination meeting)	Naypyidaw	President U Win Myint led a high-level coordination meeting on national security and current international relations on Monday afternoon in Naypyitaw, following the Arakan Army (AA)'s attacks on four police outposts in Rakhine State's Buthidaung Township on Jan. 4, which left 14 police officers dead. All 11 members of the National Defense and Security Council—the president; State Counselor and Minister of Foreign Affairs Daw Aung San Suu Kyi; both of the Union vice presidents; the speakers of both houses of the Union Parliament; the Army chief; the deputy Army chief; and the ministers of Home Affairs, Defense, and Border Affairs—were present, together with the ministers of the Office of the State Counselor; the Office of the Union Government; Investment and Foreign Economic Relations; and International Cooperation, according to the President's Office.

12/311/2018 - 1/8/2019	SSPP/SSA	Wan Hai	The Shan State Progressive Party (SSPP) decided that the government-led peace process was welcomed and supported and political problems would be politically solved as a group.
1/9/2019	China + UWSA, KIO/KIA, SSPP/SSA, NDAA, MNDAA, TNLA, ULA/AA	Mongla, Laizar	မြောက်ပိုင်းမဟာမိတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံခဲ့သည့်မစ္ဆတာဆွန်ကော်ရှန်းဟာ တရုတ်အစိုးရရဲ့ အာရှပစိဖိတ်ဒေသရေးရာ အထူးကိုယ်စားလှယ်ဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်း ငြိမ်းချမ်းရေး ဖြစ်စဉ်ထဲ အကူအညီပေးဖို့ဆိုပြီးဘေဂျင်းအစိုးရကတာဝန်ပေးထားသူ ဖြစ်ပါတယ်။
1/13/2019	PC + KNU	Chiang Mai	အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုဖြစ်သည့်အတွက် အသေးစိတ်သတင်းထုတ်ပြန်ခြင်းမရှိခဲ့ပါ။ KNU သည် NCA အရ ဖြစ်ပေါ်လာမည့် တရားဝင်ဆွေးနွေးပွဲများတွင် ပါဝင်မှုကို ယာယီရပ်ဆိုင်းထားပါသည်။
1/14/2019	PC + RCSS/SSA	Chiang Mai	အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုဖြစ်သည့်အတွက် အသေးစိတ် သတင်းထုတ်ပြန်ခြင်းမရှိခဲ့ပါ။ RCSS/SSA သည် JMC အဆင့်ဆင့်တွင် ပါဝင်မှုကို ယာယီရပ်ဆိုင်းထားပါသည်။
1/14/2019	PC + KNPP	Chiang Mai	အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုဖြစ်သည့်အတွက် အသေးစိတ်သတင်းထုတ်ပြန်ခြင်းမရှိခဲ့ပါ။ KNPP သည် NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးနေခြင်း ဖြစ်သည်။
1/14/2019	PC + KIO/KIA	Chiang Mai	အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုဖြစ်သည့် အတွက် အသေးစိတ်သတင်းထုတ်ပြန်ခြင်းမရှိခဲ့ပါ။

1/15/2019 - 1/16/2019	UWSA + NDAA	Pankham	UWSA နှင့် မိုင်းလားတပ်ဖွဲ့တို့အကြား ဆက်လက်လက်တွဲသွားကြမည်ဟု NDAA ဥက္ကဋ္ဌက ပြောဆိုခဲ့ပါသည်။
1/21/2019	PC + KIO/KIA	Kuming	အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးကို ဘယ်လိုပုံစံနဲ့ ရှေ့ဆက်ဖော်ဆောင်မလဲဆိုတာနဲ့ NCA လက်မှတ်ထိုးပြီး နိုင်ငံရေး ဆွေးနွေးပွဲတွေမှောပါဝင်လာနိုင်ရေးအချက်တွေကို အခြေခံဆွေးနွေးကြတယ်လို့ သိရပါတယ်။
1/22/2019	China + SG MAH	Naypyidaw	မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက်အစိုးရနှင့်တပ်မတော်ကဆောင်ရွက်နေမှုများနှင့် တရုတ်နိုင်ငံက ပါဝင်ကူညီဆောင်ရွက်နေမှုအခြေအနေများ၊ ငြိမ်းချမ်းရေးနှင့် အပစ်ရပ်စဲရေးဆိုင်ရာများဆွေးနွေးရန်ရည်ရွယ်ပြီး တပ်မတော်၏ စစ်ရေးလှုပ်ရှားမှုများရပ်ဆိုင်းပေးကြောင်း ထုတ်ပြန်ချက်ကို တရုတ်နိုင်ငံက ထောက်ခံသည့် အခြေအနေများ၊ ဘူးသီးတောင်မြို့နယ်ရှိ ရဲကင်းစခန်းများကို AA က တိုက်ခိုက်ခြင်းအပေါ် တရုတ်နိုင်ငံက ပြင်း ထန်စွာရှုတ်ချသည့် အခြေအနေများဆွေးနွေးခဲ့ကြောင်း တပ်မတော်က သတင်းထုတ်ပြန်သည်
1/23/2019	China + PC	Yangon	မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။
1/25/2019	China + RCSS/SSA	Chiang Mai	NCAလမ်းကြောင်း တစ်ဆို့နေသည့်အပေါ် မည်သို့ကူညီနိုင်မလဲဆိုသည်ကို ဆွေးနွေးခဲ့ကြောင်း သိရပါသည်။
1/29/2019	NA-B (KIO/KIA, MNDAA, TNLA, ULA/AA)	Mai Ja Yang	KIO အဖွဲ့အနေနဲ့ NRPC နဲ့ တွေ့ဆုံစဉ်မှာမိမိတို့ အဖွဲ့အနေနဲ့ ဆွေးနွေးပွဲများကို တဖွဲ့ချင်း အပစ်ရပ်စာချုပ်ချုပ်ဆိုခြင်း မရှိသေးတဲ့ ရခိုင့်တပ်မတော်၊ တအန်းပလောင်နဲ့ ကိုးကန့်အဖွဲ့များနဲ့အတူ ဆွေးနွေးပွဲတက်ရောက် လိုတယ်လို့တောင်းဆိုထားကြောင်း တခြားသောမဟာမိအဖွဲ့များအားတင်ပြခဲ့ပါတယ်။

1/31/2019	China + NA-B	Kuming	ဆွေးနွေးမှု အသေးစိတ်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိခဲ့ပါ။
2/13/2019	NRPC + PPST	Naypyidaw	ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - ၂၁ ရာစုပင်လုံ အစည်းအဝေးကျင်းပရေး အဆင့်အထိ ဆွေးနွေးခြင်းမျိုး မရှိဘဲအလွတ်သဘောဆွေးနွေးပွဲမှ တရားဝင် ဆွေးနွေးပွဲသို့ မည်သို့ကူးပြောင်းဆောင်ရွက်မည်ဆိုသည့် ကိစ္စများကိုသာ အဓိက ဆွေးနွေးခဲ့ကြောင်း သိရသည်။
2/22/2019	PC + SSPP/SSA	Naypyidaw	SSPP/SSAအနေဖြင့် NCA လမ်းကြောင်းကို မဆန့်ကျင်ကြောင်းနှင့် ARSAမှအပ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးပါဝင်နိုင်ရေးကို တင်ပြခဲ့သည်။
2/25/2019	PC + KIO/KIA, MNDAA, TNLA, ULA/AA	Yunnan	သတင်းအချက်အလက် ထုတ်ဖော်ပြောဆိုခြင်းမျိုး မရှိခဲ့ပါ။
2/25/2019	MA + SSPP/SSA	Naypyidaw	ပုံမှန်ဆက်သွယ်မှုအဖြစ် အရှေ့အလယ် ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် SSPP အကြားတစ်လတစ်ကြိမ် ဆက်သွယ်နိုင်ရေး တပ်မတော်ဘက်က အဆိုပြုခဲ့ကြောင်း သိရသည်။
3/5/2019 + 3/6/2019	PPST	Chiang Mai	လေးလကြာ ရပ်နားထားသည့် PPSTအစည်းအဝေးကို ပြန်လည်စတင်ခြင်းဖြစ်ပြီး PPSTတွင် တာဝန်ယူထားသော ခေါင်းဆောင်ပိုင်းအပြောင်းအလဲဖြစ်ခဲ့သည်။
3/8/2019	KNU + NRPC	Chiang Mai	KNU နဲ့ တပ်မတော်ခေါင်းဆောင်တွေ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တို့ အမြန်ဆုံးတွေ့ဆုံဆွေးနွေးကြဖို့ နှစ်ဖက် သဘောတူခဲ့ကြတယ်။

3/9/2019	NRPC + PPST	Chiang Mai	အလွတ်သဘော တွေ့ဆုံရာမှဖြစ်သော်လည်း NCA စာချုပ်မှာပါဝင်တဲ့ သဘောတူညီချက်အရ NCA လုပ်ငန်းစဉ်တွေကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့ အချက် ၃ ချက်ကို ဘုံတူညီချက်အဖြစ် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့တယ်လို့ သိရပါတယ်။
3/10/2019	NRPC + KNPP	Chiang Mai	ကရင်နီဒေသတွင်း တပ်မတော်ဘက်က စစ်ရေးလှုပ်ရှားမှုတွေ တပ်စခန်းတိုးချဲ့တာတွေများလာတာနဲ့ ပတ်သက်လို့ တပ်ပိုင်းဆိုင်ရာပြဿနာတွေကို ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးဆောင်တဲ့တပ်မတော်ဆွေးနွေး ညှိနှိုင်းရေးအဖွဲ့နဲ့ ဒီလအတွင်း တရားဝင် တွေ့ဆုံဆွေးနွေးသွားမယ်လို့ KNPPပြောရေးဆိုခွင့်ရှိသူ နဲနယ်ပလိုးကပြောပါတယ်။
3/12/2019	MA + RCSS/SSA	Naypyidaw	တပ်မတော်၊ RCSS/SSA နှင့် SSPP/SSA အဖွဲ့တို့ သုံးပွင့်ဆိုင်ဆွေးနွေးရေး ဆိုင်ရာကိစ္စရပ်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ဖြစ်ပွားနေသော တိုက်ပွဲများလျော့ချရေးနှင့် ပဋိပက္ခဖြစ်စဉ်များလျှော့ချနိုင်ရေး ဆိုင်ရာကိစ္စရပ်များ၊တိုက်ပွဲရှောင် ပြည်သူလူထု (IDP)များ ၄င်းတို့၏မူရင်းနေရပ်သို့ပြန်လည်ပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များ၊ NCAလမ်းကြောင်းအကောင်အထည် ဖော်မှုတွင်နားလည်မှုလွဲမှားနေသည့် သဘောထား အမြင်များ အားလိုအပ်ချက် အပေါ်မူတည်ပြီး တွေ့ဆုံ ဆွေးနွေးရေး ဆိုင်ရာကိစ္စရပ်များနှင့် အရေးပေါ်ဆက်သွယ် နိုင်သည့် လမ်းကြောင်း သတ်မှတ်ဆောင်ရွက်ရေးတို့အား အပြန်အလှန်ဆွေးနွေးကြသည်။
3/15/2019	NRPC+ SSPP/SSA	Wan Hai	တပ်မတော်၊ RCSS/SSAနှင့် SSPP/SSA အဖွဲ့တို့ သုံးပွင့်ဆိုင်ဆွေးနွေးရေးဆိုင်ရာကိစ္စကို ဆွေးနွေးကြသည်။
3/18/2019	NRPC + KNPP	Naypyidaw	KNPPအဖွဲ့တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင်ပါဝင်လက် မှတ်ရေးထိုးနိုင်ရေးဆွေးနွေးခဲ့ကြောင်း နှစ်ဖက်ကိုယ်စားလှယ်များကပြောသည်။

3/19/2019	MA + KNPP	Naypyidaw	ကယားပြည်နယ်အတွင်း တပ်ပိုင်းဆိုင်ရာကိစ္စတွေနဲ့ ပတ်သက်လို့ အကျအေလည်ဆွေးနွေးနိုင်ခဲ့ပြီး ထပ်မံဆွေးနွေးဖို့လိုအပ်တဲ့အတွက်၈ပြီလအတွင်း တွေ့ဆုံသွားမှာ ဖြစ်တယ်။
3/21/2019	NRPC + NCA-NS EAOs (UWSA, KIO/KIA, SSPP/ SSA,NDAA, MNDAA, TNLA, ULA/AA KNPP)	Naypyidaw	The meeting at the National Reconciliation and Peace Center (NRPC) in Naypyidaw marked the first time that the government invited the groups to attend collective discussions in a bid to make headway on Myanmar leader Aung San Suu Kyi's goal of ending seven decades of warfare and creating a federal democratic union in the country. Members of Myanmar's peace team and delegates from eight ethnic armed organizations that have not signed the country's nationwide cease-fire accord have agreed to continue meeting frequently to work towards resolving their political differences and ending armed conflicts, according to a joint statement.

၅။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ တွေ့ရှိချက်များ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အရဖြစ်ပေါ်လာသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC)၏ ရည်ရွယ်ချက်မှာ ပြည်တွင်းစစ် ပဋိပက္ခချုပ်ငြိမ်းပြီး တိုင်းရင်းသားအားလုံးပါဝင်ကာ နိုင်ငံရေးသဘောတူညီချက်များရယူရန်ဖြစ်သည်။ ပထမဆုံးအကြိမ် UPC ကို ဦးသိန်းစိန်အစိုးရ၏ သက်တမ်းကုန်ခါနီးအချိန် ၂၀၁၆ ခုနှစ် ဇန်နဝါရီလက နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည်။ သို့သော် သဘောတူညီချက်တစ်စုံတစ်ရာတော့ ရရှိခဲ့ခြင်းမရှိပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့်အစိုးရသစ်လက်ထက်တွင်တော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ''၂၁ရာစု ပင်လုံ''ကို ထည့်ပေါင်းကာ နိုင်ငံရေးပါတီများ၏ ပါဝင်မှုကိုလည်း ကန့်သတ်ခဲ့ပါသည်။ ငြိမ်းချမ်းဆွေးနွေးမှုအဆင့်တိုင်းတွင်ပါဝင်သောနိုင်ငံရေးပါတီများအစုအဖွဲ့တွင် ပါဝင်ရန် ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ၌လွတ်တော်အမတ်တစ်ဦးအနိုင်ရရှိဖို့ လိုအပ်သည်ဆိုသည့်အချက်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲတွင်အမတ်နေရာတစ်ခုပင် အနိုင်မရရှိသော ပါတီများ၏ ဝေဖန်မှုကြုံတွေ့ခဲ့ရသည်။

၂၀၁၆ခုနှစ် ဩဂုတ်လတွင် ပြုလုပ်သောပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစုပင်လုံ ပထမအကြိမ်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင်တော့ NCA လက်မှတ်ရေးထိုးသော အဖွဲ့များမှ ခေါင်းဆောင်များအပြင် NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များပါ တက်ရောက်မိန့်ခွန်းပြောကြားမှုများရှိလာခဲ့သည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းလည်း တက်ရောက်ခဲ့သည်။ ဖက်ဒရယ်ပြည်ထောင်စုသို့ ဦးတည်သော အဖွဲ့အစည်းအသီးသီးတို့မှ ကဏ္ဍစုံစာတမ်းပေါင်း (၇၀)ကျော်တင်ပြဆွေးနွေးခဲ့သော်လည်း ညီလာခံပြီးဆုံးချိန်တွင်တော့ သဘောတူညီချက်တစ်စုံတစ်ရာ ရရှိခဲ့ခြင်းမရှိပါ။

ထို့နောက် ၂၀၁၇ ခုနှစ်မေလတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစု ပင်လုံ ဒုတိယအစည်းအဝေး သဘောတူညီချက် (၃၇) ချက်၊ ၂၀၁၈ခုနှစ် ဇူလိုင်လတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစု ပင်လုံ တတိယအစည်းအဝေးတွင် (၁၄) ချက်၊ စုစုပေါင်း အချက်(၅၁)ချက်ပါသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)နှင့်(၂)ကို ရရှိကာ ပြည်ထောင်စုလွတ်တော်တွင် အတည်ပြုနိုင်ခဲ့ပါသည်။

NCA အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် နိုင်ငံရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍအဖြစ် ကဏ္ဍကြီး (၅)ခုကို ဦးတည်ဆွေးနွေးရမည်ဖြစ်သော်လည်းလက်ရှိအချိန်ထိကဏ္ဍ(၄)ခုကိုသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစုပင်လုံ အစည်းအဝေးများတွင် ဆွေးနွေးနိုင်ခဲ့ပြီး လုံခြုံရေးကဏ္ဍကိုတော့ ဆွေးနွေးနိုင်ခြင်းမရှိသေးပါ။

၂၁ရာစုပင်လုံအစည်းအဝေးများမှ ရရှိထားသော ပြည်ထောင်စုသဘောတူညီချက် အစိတ်အပိုင်းနှစ်ခုတွင် နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက်အဖြစ် (၁၆)ချက်၊ စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက်အဖြစ် (၁၂)ချက်၊ လူမှုရေးကဏ္ဍ မူဝါဒသဘောတူညီချက်အဖြစ် (၁၁)ချက်နှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ

မူဝါဒသဘောတူညီချက်အဖြစ် (၁၂)ချက်တို့ပါဝင်ပြီး စုစုပေါင်းအချက်(၅၁)ချက်ဖြစ်သည်။

ယင်းသို့ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၅၁)ချက်အထိ ရရှိခဲ့ပြီဖြစ်သော်လည်း RCSS/SSA ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးယွတ်စစ်ကတော့ ''ဒီညီလာခံကြီးက ပြောရမယ်ဆိုရင် အစိုးရက နာမည်ကောင်းယူ အမြတ်ထုတ်တဲ့ညီလာခံပဲ ဖြစ်တယ်။ ပြည်သူလူထုနဲ့ ကမ္ဘာကိုလိမ်ညာဖို့လုပ်တဲ့ ညီလာခံပဲ''ဟု ၂၀၁၈ခုနှစ် ဇူလိုင်လ ၁၈ရက်က ပြုလုပ်သည့် သျှမ်းသံတော်ဆင့်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဝေဖန်ထားပါသည်။

ညီလာခံသို့တက်ရောက်လျှင်လည်းနားထောင်ရုံသာရှိပြီး တင်ပြစရာမရှိသလိုတင်ပြလျှင်လည်း အစိုးရဘက်မှ လက်ခံနားထောင်ခြင်းမရှိဟု သူက ဆိုပါသည်။ အထူးသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)တွင် ဆွေးနွေးခဲ့သည့် လုံခြုံရေးကဏ္ဍဆွေးနွေးချက်များတွင် သဘောတူညီချက်မရှိခဲ့သည့်အပေါ် ဗိုလ်ချုပ်ကြီးယွတ်စစ်က ဝေဖန်သည်။

တတိယအကြိမ် ၂၁ရာစု ပင်လုံညီလာခံအတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းသည် တိုင်းရင်းသားလက်နက်ကိုင်များကို ခန်းမအတွင်းခေါ်ကာ ကြိမ်းမောင်းပြောဆိုလိုက်သလို ဖြစ်နေသည်ဆိုသော ဝေဖန်မှုများရှိနေပါသည်။

''ကျနော်တို့မှာ အင်အားချိနဲ့နေလို့ မဟုတ်ဘူးဆိုတာ သတိချပ်စေလိုပါတယ်။ အမှန်တကယ် ငြိမ်းချမ်းရေးလိုချင်တဲ့ အဖွဲ့အစည်း မှန်သမျှ သဘောတူညီချက်တွေကိုသာ လိုက်နာရင် ဘာသေနတ်သံမှ ကြားရမှာမဟုတ်ဘူး''ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ပြောဆိုမှုရှိခဲ့သည်။

CNF ခေါင်းဆောင်လည်းဖြစ် UPDJC ၏တိုင်းရင်းသားအစုအဖွဲ့မှဒုဥက္ကဋ္ဌလည်းဖြစ်သူ ဒေါက်တာဆလိုင်းလျန်မှန်းဆာခေါင်းကတော့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အပြည့်အဝအာမခံချက်ပေးနိုင်မည့် အခြေအလက်များကို ၂၁ ရာစုပင်လုံညီလာခံမှ အလုံအလောက်မရရှိသေးကြောင်း ဝန်ခံထားပါသည်။

''ဒီပင်လုံနဲ့ပတ်သက်ပြီးတော့ ကျနော်တို့အနေနဲ့လည်း အမှန်တစ်ကယ်ပဲဝန်ခံရရင် အားမလို၊ အားမရဖြစ်မိတာ အမှန်ပါပဲ။ ဘာဖြစ်လို့လည်းဆိုတော့ တစ်နှစ်လောက်ကြာမှာ ကျင်းပတဲ့ ဒီညီလာခံကြီးမှာ ရလာမယ့် ရလဒ်က အားရကျေနပ်ဖွယ် မရှိဘူး''ဟု ၄င်းက ပြောသည်။

နောက်ဆုံးကျင်းပခဲ့သော ၂၁ရာစု ပင်လုံတတိယအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကတော့ ၂၀၁၈ခုနှစ်ထဲတွင် တစ်ကြိမ်နှင့် ၂၀၁၉ ခုနှစ်တွင် နှစ်ကြိမ်အဖြစ် စုစုပေါင်း ၂၁ ရာစုပင်လုံအစည်းအဝေးကို သုံးကြိမ်ပြုလုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း ပြောဆိုခဲ့ပါသည်။ ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းများကို ၂၀၂၀ပြည့်နှစ်တွင် အပြီးသတ်လုပ်ဆောင်မည်ဟု ကြွေးကျော်ထားပါသည်။ သို့သော် ၂၀၁၉ခုနှစ် မတ်လကုန်အထိ ၂၁ရာစုပင်လုံ အစည်းအဝေးသည် တတိယအကြိမ်ထိသာ ကျင်းပနိုင်သေးပြီး ဒေါ်အောင်ဆန်းစုကြည်မှ ရည်ရွယ်ပြောဆိုထားသည့် စတုတ္ထအကြိမ်အစည်းဝေးတော့ ကျင်းပနိုင်ခြင်းမရှိသေးပါ။ စိုးရိမ်ရသည်က ယင်း ၂၁ ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုများဖြစ်သော UPDJC အစည်းအဝေးများရပ်တန့်သွားခြင်း၊ NCA လက်မှတ်ထိုးထားသည့် EAOs အစုအဖွဲ့ဖြစ်သော ဏာဏ္ဍအစည်းဝေးများ မခေါ်ယူနိုင်ခြင်းတို့ပင်ဖြစ်သည်။ ယင်းသို့ ရပ်တန့်သွားခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ကတော့ တပ်မတော်ဘက်မှ တင်ပြလာသော ပြည်ထောင်စုမှခွဲထွက်ခြင်းမပြုရန်နှင့် တစ်ခုတည်းသော တပ်မတော်ထားရှိရေးကိစ္စပင်ဖြစ်ကြောင်း NCA-S EAOs အစုအဖွဲ့နှင့် လေ့လာသုံးသပ်သူများက ကောက်ချက်ချပါသည်။

ယင်းကိစ္စအပါအဝင် ရပ်တန့်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရေးအတွက် NCA-S EAOs ခေါင်းဆောင်များနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ပါဝင်သော

ထိပ်သီးတွေ့ဆုံဆွေးနွေးမှုကို ၂၀၁၈ခုနှစ် အောက်တိုဘာလ ၁၅ ရက်က နေပြည်တော်တွင် ကျင်းပခဲ့သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့ဆက်နိုင်လောက်သည့် အဖြေမျိုးထွက်ပေါ်လာခြင်းမရှိခဲ့ပါ။

ထိပ်သီးခေါင်းဆောင်များတွေ့ဆုံမှုအပြီးတွင် တစ်ခုတည်းသော တပ်မတော်ထားရှိရေးကိစ္စကို နှစ်ဖက်ခေါင်းဆောင်များအကြား မူအရ သဘောတူညီမှုရရှိခဲ့သော်လည်း ပြည်ထောင်စုမှ မခွဲထွက်ရဆိုသည့်ကိစ္စရပ်တွင်တော့ သဘောတူညီမှုမရရှိသေးပါ။

လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ တရားဝင်ဆွေးနွေးပွဲများတွင် ပါဝင်မှုကို NCA-S EAOsများအစု အဖွဲ့ခေါင်းဆောင်ပိုင်းတာဝန်ယူထားသူများဖြစ်သော KNUနှင့် RCSS/SSA တို့မှ ယာယီရပ်ဆိုင်းသည့်အတွက် တရားဝင် ဆွေးနွေးပွဲများပြန်လည် ဖြစ်မြောက်လာရေးအတွက် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် KNU ၊ RCSS/ SSA အပါအဝင် PPSTအဖွဲ့ဝင်များနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။ ယခုနှစ်မေလအတွင်း NCA-S EAOs များ ညီလာခံကို ကျင်းပသွားမည်ဟုလည်းသိရသည်။

၂၀၁၉ခုနှစ် မတ်လ ၂၂ရက်တွင်တော့ NRPC၏ ဖိတ်ခေါ်ချက်အရ FPNCC အဖွဲ့ဝင် မြောက်ပိုင်း EAOs များနှင့် NRPC အကြား တရားဝင်ဆွေးနွေးပွဲပြုလုပ်ရှိနေသလို UNFC အဖွဲ့ဝင် KNPPနှင့် NRPC အကြား တရားဝင်ဆွေးနွေးမှုများ ပြုလုပ်ရန်ရှိပါသည်။

UPC/21 ရာစုပင်လုံကျင်းပရေးအချိန်ပြဇယား



ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း - ၁

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေ့ရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့် အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ၊ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ ဒုတိယ အစည်းအဝေးအား နေပြည်တော်၌ ၂၀၀၇ ခုနှစ် မေလ (၂၄) မှ (၂၉) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) က အဆိုပြုတင်သွင်းလာသော မူဝါဒ အဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့် ကျင်းပပြုလုပ်ပြီး ရရှိလာသော အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင် သဘောတူလက်မှတ်ရေးထိုးသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)နှင့် ဆက်လက်ဆွေးနွေးပြီး အဆင့်ဆင့်ရရှိလာမည့် သဘောတူညီချက် အစိတ်အပိုင်းအားလုံးကို စုစည်း၍ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

၄။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)မှ -

(က) နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၂) ချက်၊

(ခ) စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၁) ချက်၊

(ဂ) လူမှုရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၄) ချက်၊

(ဃ) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက် (၁၀) ချက်၊ စုစုပေါင်း (၃၇) ချက်ဖြစ်ပြီး နောက်ဆက်တွဲ-(က)၊ (ခ)၊ (ဂ)၊ (ဃ) ဖြင့် ဖော်ပြပါသည်။

၅။ အထက်ပါသဘောတူညီချက်များကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အပိုဒ် ၂၀ (၈)အရ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)အဖြစ် ဤပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။

ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)၏စာမျက်နှာ(၂)

၁။ ဒေါက်တာတင်မျိုးဝင်း
အစိုးရအစုအဖွဲ့ကိုယ်စားလှယ်



၂။ ဦးထွန်းထွန်းဟိန်း
လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်



၃။ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း
တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်



၄။ ပဒိုစောကွယ်ထူးဝင်း
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့ကိုယ်စားလှယ်



၅။ ဦးသုဝေ
နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်



ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)၏စာမျက်နှာ(၃)

အသိသက်သေများ



(ဦးထုံဖူးဒဂုဏ်)
တိုင်းရင်းသားကိုယ်စားလှယ်
အစိုးရအစုအဖွဲ့



(ဦးကျော်ဝင်း)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
အစိုးရအစုအဖွဲ့



(သိကၠာတော်ရဆရာတော်တလွန်ကျဲအို)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်
အဖွဲ့အစည်းများအစုအဖွဲ့



(ခွန်သန်းမြင့်)
ပါဝင်သင့် ပါဝင်ထိုက်သူများ ကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်
အဖွဲ့အစည်းများအစုအဖွဲ့



(ဦးထွန်းအောင်ကျော်)
တိုင်းရင်းသားကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့



(မိုင်းထွန်းမြိုင်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

နိုင်ငံရေးကဏ္ဍမူဝါဒ သဘောတူညီချက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

ဖက်ဒရယ်စနစ်တွင် အခြေခံရမည့်မူများ

၁။ အချုပ်အခြာအာဏာ ။ ။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး၌ တည်သည်။

၂။ အချုပ်အခြာအာဏာကျင့်သုံးမှု ။ ။ နိုင်ငံတော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင်(၃)ရပ်ဖြစ်သည့်

၃။ တန်းတူရေး ။ ။ တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ၊ တန်းတူရည်တူ အခွင့်အရေး ရှိရမည့်အပြင် ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင့်ရှိရမည်။

၄။ ဖက်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု)

(က) နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်။

(ခ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တိုင်းဒေသကြီး/ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။

မှတ်ချက် ။ ။ တိုင်းဒေသကြီး/ပြည်နယ်များသည် အခွင့်အာဏာတန်းတူရှိရမည်။ အမည်နာမသတ်မှတ်ချက်နှင့်ပတ်သက်၍ နောင်တွင် ဆက်လက်ဆွေးနွေးမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို တိုင်းရင်းသားလူမျိုးများ၏အမည်ဖြင့် ဖွဲ့စည်းရမည်။

(ဃ) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ (၃)ဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ(၃)ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများသို့ ခွဲဝေအပ်နှင်းရမည်။ ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအကြား ဥပဒေပြုရေးဆိုင်ရာ အာဏာများနှင့် ပူးတွဲအာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက ခွဲဝေအပ်နှင်းပေးရမည်။

(င) တိုင်းဒေသကြီး/ပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော အာဏာ(၃)ရပ်စလုံးကို အပ်နှင်းစေရမည်။ ဥပဒေပြုရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာများကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ လွှတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် ချုပ်တို့ကို ထူထောင်ခွင့်ရှိစေရမည်။

(စ) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် ကောက်ခံရရှိထားသော

အခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အရင်းအမြစ်များကို ဥပဒေနှင့်အညီ မျှဝေခံစားခွင့် ရှိစေရမည်။

(ဆ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အချင်းချင်းအကြားတွင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် သီးခြားလွှတ်လပ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးကို တည်ထောင်ထားရှိရမည်။

၅။ ပါတီစုံ ဒီမိုကရေစီစနစ်

(က) ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။

(ခ) လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

စီးပွားရေးကဏ္ဍမူဝါဒသဘောတူညီချက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာ အခြေခံမူများ

၁။ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ ဖော်ဆောင်ရေး

(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများက ခိုင်မာသည့်မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံး လုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းရန်။

မှတ်ချက်။ ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့များက မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းနိုင်သည့် ဥပဒေများ ပေါ်ပေါက်လာပါက ဆောင်ရွက်ရန်ဖြစ်သည်။

(ခ) အဆိုပါ မူဝါဒနှင့် ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ပုဂ္ဂလိက စီးပွားရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်ရာတွင်လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျော့ချရေး၊ လူမှုစီးပွားဖွံ့ဖြိုးမှု ကွာဟချက်များ လျော့ချနိုင်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး(Sustainable Development) တို့ကို ဦးတည်ဆောင်ရွက်ရန်။

(ဂ) ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် စီးပွားရေးလုပ်ဆောင်မှုများကို ဥပဒေနှင့်အညီ တားဆီးကာကွယ်ရန်။

၂။ လူတစ်ဦးတစ်ယောက်ဖြစ်စေ၊ အစုအဖွဲ့တစ်စုကဖြစ်စေ စီးပွားရေးလက်ဝါးကြီးအုပ် ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။

၃။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအသီးသီးတို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တန်းတူညီမျှသော အခွင့်အလမ်းများရရှိရေး ထိရောက်စွာ ဆောင်ရွက်ရန်။

၄။ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြား ဘဏ္ဍာငွေနှင့် အခွန်ငွေများကို

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာ ခွဲဝေရန်။

၅။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့များအကြား စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာ ခွဲဝေရန်။

၆။ နိုင်ငံတော်၏ ကာလတို၊ ကာလလတ်၊ ကာလရှည် စီးပွားရေးစီမံကိန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ချမှတ်ဆောင်ရွက်ရန်။

ဒေသန္တရ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ

၁။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအကြား ညှိနှိုင်းပူးပေါင်း၍ ဒေသဆိုင်ရာ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းများ(Regional Comprehensive Development Plans)ရေးဆွဲအကောင်အထည်ဖော်ရန်။

မှတ်ချက် ။ ။ ပြည်ထောင်စုအစိုးရက ချမှတ်သောမူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ ဆောင်ရွက်ရန်။

၂။ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေးအတွက် ဥပဒေများနှင့်အညီ ဆီလျော်သင့်မြတ်သည့် ဆွဲဆောင်မှုရှိသော အစီအစဉ်များရေးဆွဲချမှတ် အကောင်အထည်ဖော်ရန်။

လူမှုရေးကဏ္ဍမူဝါဒ သဘောတူညီချက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

၁။ လက်နက်ကိုင်ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝ ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများကို ခွဲခြားဆက်ဆံမှု မရှိစေဘဲ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး (Durable Solution) ကို ဦးတည်၍ စနစ်တကျ အစီအစဉ်များ ချမှတ်လုပ်ဆောင်ရန်။

၂။ လက်နက်ကိုင်ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများသည် မိမိနေရပ်နှင့် မိမိသွားရောက်လိုရာ အခြားဒေသများသို့ လူဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချ နေထိုင်နိုင်ရန်။

၃။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေးများကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲချမ်းသာ စသည်ဖြင့် ခွဲခြားမှုမရှိဘဲ ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုဘဝမြှင့်တင်မှုကို ဆောင်ရွက်ရန်။

၄။ မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စများကို အမျိုးသားရေးပြဿနာ၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပြဿနာအဖြစ် သတ်မှတ်၍ ထိရောက်စွာ တားဆီးကာကွယ်၊ တိုက်ဖျက်နိုင်ရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စီမံချက် ချမှတ်ဆောင်ရွက်ရန်။

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍမူဝါဒသဘောတူညီချက်များ
(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

၁။ နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည့် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒ ဖြစ်စေရန်။

၂။ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်။

၃။ ဗဟိုထိန်းချုပ်မှု လျော့ချသည့်မူဝါဒများ ဖြစ်စေရန်။

၄။ မြေယာမူဝါဒရေးဆွဲရာတွင် လူအခွင့်အရေး စံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်းစဉ်းစားရေးဆွဲရန်။

၅။ မြေယာကိစ္စများနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသည့်မူဝါဒများ ဖြစ်စေရန်။

၆။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လိုလားချက်များကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။

၇။ နိုင်ငံသားတိုင်းသည် မြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

စီမံခန့်ခွဲခွင့်

၈။ မြေယာ ပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် ဥပဒေနှင့်အညီ အမျိုးသမီးနှင့် အမျိုးသားအခွင့်အရေး တန်းတူညီမျှမှု ရှိစေရန်။

၉။ လုပ်ပိုင်ခွင့် ချထားပေးသော မြေယာကို မူလရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း လုပ်ကိုင်နိုင်ခြင်း မရှိလျှင် နိုင်ငံတော်က ပြန်လည်ရယူရန်နှင့် အမှန်တကယ် လုပ်ကိုင်လိုသူများအား ပြန်လည်ချထားပေးရေး ဆောင်ရွက်စေရန်။

အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ

၁၀။ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းဝင်အမွေအနှစ်နှင့် တိုင်းရင်းသားလူမျိုးများ အထွဋ်အမြတ်ထားသော မြေများ ထိခိုက်ပျက်စီးမှုများ မရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရန်။

ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၂)

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအား နေပြည်တော်၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၁)မှ (၁၆) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)က အဆိုပြုတင်သွင်းလာသော အခြေခံမူ အဆိုပြုချက်များအပေါ် ကဏ္ဍလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့် ကျင်းပပြုလုပ်ပြီး ရရှိလာသော အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင် သဘောတူလက်မှတ် ရေးထိုးသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂)နှင့် ဆက်လက်ဆွေးနွေးပြီး အဆင့်ဆင့် ရရှိလာမည့် သဘောတူညီချက် အစိတ်အပိုင်းအားလုံးကို စုစည်း၍ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် လက်မှတ်ရေးထိုးကြမည်ဖြစ်ပါသည်။

၄။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၂) မှာ-

(က) နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၄) ချက်၊

(ခ) စီးပွားရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၁) ချက်၊

(ဂ) လူမှုရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၇) ချက်၊

(ဃ) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူသဘောတူညီချက် (၂)ချက်၊ စုစုပေါင်း (၁၄) ချက်ဖြစ်ပြီး နောက်ဆက်တွဲ (က) (ခ) (ဂ) (ဃ) ဖြင့် ဖော်ပြပါသည်။

၅။ အထက်ပါ သဘောတူညီချက်များကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အပိုဒ် ၂၀(၈) အရ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)အဖြစ် ဤပြည်ထောင်စု ငြိမ်းချမ်း

ရေးညီလာခံ (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။

နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်
(၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၆ ရက်)

ကျား/မ ဆိုင်ရာ တန်းတူညီမျှမှု

၁။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ ကျား/မဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေရေးနှင့် တန်းတူညီမျှမှု ရှိစေရေးအတွက် မူဝါဒ ချမှတ်ရမည်။

၂။ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး (၃၀) ရာခိုင်နှုန်း ပါဝင်ရေးကို အားပေးရန်။

၃။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သည် ကျား/မရေးရာ အခြေပြု အကြမ်းဖက်မှုများအား ကာကွယ်နိုင်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်။

၄။ ကျား/မ ဆိုင်ရာ တန်းတူညီမျှမှုကို အထောက်အကူပြုစေရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရမည်။

စီးပွားရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ အများပြည်သူ အကျိုးစီးပွားများအတွက် ဦးစားပေး အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒ နှင့် စီမံကိန်းများကို ရေးဆွဲချမှတ် ဖော်ဆောင်ခွင့် ရှိရမည်။ ထိုသို့ ရေးဆွဲရာတွင် ပြည်ထောင်စု စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို သဟဇာတဖြစ်စေရေးနှင့် ဆက်စပ်သော အခြား တိုင်းဒေသကြီး/ပြည်နယ်များ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေး ထည့်သွင်းစဉ်းစားရန်။

လူမှုရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်

၁။ ပြန်လည်နေရာချထားရေး၊ ပြည်လည်ထူထောင်ရေး၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းနှင့် အကောင်အထည်ဖော်မှု အဆင့်တိုင်းတွင် အမျိုးသမီးများ အနည်းဆုံး (၃၀) ရာခိုင်နှုန်း ပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။

၂။ လူတိုင်း လက်လှမ်းမီ လွှမ်းခြုံနိုင်သော အားလုံး အကျုံးဝင်ပညာရေးစနစ် ဖော်ဆောင်ရန်။

၃။ လူတိုင်း လက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) စနစ်ကို ဖော်ဆောင်ရန်။

၄။ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ အပါအဝင် အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။

၅။ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လူမှုသဟဇာတ (Social Cohesion) သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်။

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ၊ အလွဲသုံးမှုဆိုင်ရာ အန္တရာယ်လျော့ချရေး (Harm Reduction) ကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထိရောက်သော မူဝါဒများ ချမှတ်ဆောင်ရွက်ရန်။

၇။ ကလေးသူငယ် အခွင့်အရေး ရရှိရန်နှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းကို လေးစားလိုက်နာရေးနှင့် ကလေးသူငယ်များအတွက် ကြီးလေးသော ချိုးဖောက်မှု (၆) ချက် (Six Grave Violations) ပပျောက်ရေးကို ဦးတည်၍ စီမံချက် ချမှတ်ဆောင်ရွက်ရန်။

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူ သဘောတူညီချက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

၁။ နိုင်ငံအတွင်းရှိ မြေယာများကို နိုင်ငံသားများသာ ပိုင်ဆိုင်ခွင့်ရှိပြီး နိုင်ငံခြားသားနှင့် တရားမဝင်နေထိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခွင့် မရှိစေရ။

၂။ မြေယာကို အသုံးပြု၍ စီမံကိန်းလုပ်ငန်းအမျိုးမျိုး ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ပြုလုပ်ရမည်။

ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂)၏စာမျက်နှာ(၂)

၁။ ဒေါက်တာတင်မျိုးဝင်း
အစိုးရအစုအဖွဲ့ကိုယ်စားလှယ်



၂။ ဦးအောင်စိုး
လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်



၃။ ဝိုလ်ချုပ်စန်းမြင့်
တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်



၄။ ဒေါက်တာလျှန်မှုန်းဆာခေါင်း
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့ကိုယ်စားလှယ်



၅။ ဦးသုဝေ
နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်



အသိသက်သေများ



(ဦးဝဏ်ဖူးဒဂုက်)

တိုင်းရင်းသားကိုယ်စားလှယ်

အစိုးရအစုအဖွဲ့



(ဦးကျော်ဝင်း)

ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်

အစိုးရအစုအဖွဲ့



(နန်းစေအွာ)

တိုင်းရင်းသားကိုယ်စားလှယ်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

အစုအဖွဲ့



(ဦးလှကျော်အောင်)

ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

အစုအဖွဲ့



(နန်းခမ်းအုံ)

တိုင်းရင်းသားကိုယ်စားလှယ်

နိုင်ငံရေးပါတီများအစုအဖွဲ့



(တာမြင့်ကျော်)

ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်

နိုင်ငံရေးပါတီများအစုအဖွဲ့

၆။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏စိန်ခေါ်မှုနှင့် စဉ်းစားသုံးသပ်ရန် ကိစ္စရပ်များ

NCA နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

၁။ NLD ဦးဆောင်သော အစိုးရသစ်၏ ငြိမ်းချမ်းရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး NRPCကို ဖွဲ့စည်းခဲ့ သည်။ NCA အရ အကောင်အထည်ပေါ်လာသည့် UPCကို UPC-21st ပင်လုံအဖြစ် အမည်ပြောင်းကာ အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ကျင်းပသော ၂၁ရာစု ပင်လုံအစည်းအဝေးတွင် NCA လက်မှတ်ထိုးထားသော EAOsများအပြင် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAO ခေါင်းဆောင်များပါ တက်ရောက်ခဲ့သဖြင့် အားရကျေနပ်ဖွယ်ဖြစ်ခဲ့သည်။ KIO/KIA ခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်ချုပ်ဂွမ်မော်ကိုယ်တိုင်ပင် ၂၁ရာစုပင်လုံညီလာခံ အောင်မြင်မည်ဟု ပြောဆိုခဲ့ပါသည်။
https://bit.ly//2Wtrxvg

၂။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် EAO များအနေဖြင့် NCA ကို အလောတကြီး လက်မှတ်ရေးခြင်းမပြုလုပ်ကြဖို့ တိုက်တွန်းခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်သည် ယခုအခါ NCA လက်မှတ်မထိုးရသေးသော EAO များအား NCAတွင် အမြန်ဆုံးပါဝင်လာကြရေး တိုက်တွန်းလျက်ရှိသည့် အတွက် ဒေါ်အောင်ဆန်းစုကြည်အပေါ် နားမလည်နိုင်ဘဲ ဖြစ်နေကြပါသည်။ ယင်းကို ဒေါ်အောင်ဆန်းစုကြည် ရှင်းပြဖို့လိုအပ်ပါလိမ့်မည်။

၃။ NLA အစိုးရသက်တမ်း သုံးနှစ်အတွင်း ၂၁ရာစုပင်လုံညီလာခံ (၃)ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး အချက် (၅၁)ပါ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)၊ (၂)ကို ရရှိခဲ့သော်လည်း ဖက်ဒရယ်အခြေခံမူများမရရှိ သေးခြင်းအပေါ် ဝေဖန်မှုများရှိနေပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် အဆိုပါ ပြည်ထောင်စုသဘောတူညီချက်များစုပေါင်းကာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ကို ပြင်ဆင်ရန် မျှော်မှန်းထားပုံရပါသည်။

သို့သော် NCA လမ်းကြောင်းဖြင့် သွားနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တတိယအကြိမ်ပင်လုံအစည်းအဝေးအပြီးတွင် ရပ်တန့်သွားခဲ့သည်။ ယင်းရပ်တန့်မှုကို ကုစားနိုင်ဖို့အတွက် ၂၀၁၈ခုနှစ် အောက်တိုဘာတွင် (၁၀+၁၀)ခေါ်အစိုးရ၊ တပ်မတော်နှင့် အပစ်ရပ် EAOsခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးပြုလုပ်ခဲ့သော်လည်း NCA အရ တရားဝင်ဆွေး ဆွေးနွေးပွဲများ ရပ်တန့်နေဆဲ ဖြစ်ခဲ့သည်။ ထို့အတွက် NCA လမ်းကြောင်းဖြင့် ဆွေးနွေးပြီး ငြိမ်းချမ်းရေးလမ်းစဉ် ရှေ့သို့ရွှေ့နိုင်သည့် အရွှေ့ပမာဏသည် မီးကုန်ခန်းကုန် ဖြစ်နေပြီလားဆိုတာကိုလည်း သုံးသပ်ရန်လိုအပ်နေပေသည်။

၄။ ထို့အပြင် ပြည်တွင်း ငြိမ်းချမ်းရေး၊ ဒေသတွင်းတည်ငြိမ်မှုများ မရရှိသေးဘဲ အစိုးရမှ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ကြောင့် ပဋိပက္ခဖြစ်ရာဒေသများတွင် ပိုမိုရှုပ်ထွေးပြီး ပြဿနာများ ဖြေရှင်းမရသည့် အခြေအနေများ စိုးရိမ်ဖွယ်ကြီးထွားနေပါသည်။ NCA တွင်ပါရှိသော အချက်မှ ကြားကာလတွင် ပြုလုပ်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံများနှင့် ဆွေးနွေးချပြပြီး သဘောတူညီချက်ယူပြီးမှသာ

ပြုလုပ်ဆောင်ရွက်ရန်နှင့်သက်ဆိုင်ရာလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းဆောင်ရွက် သွားရန် သဘောတူထားသော်လည်း လက်ရှိလုပ်ဆောင်ရန်စီစဉ်အကောင်အထည်ဖော်နေသည့် Foreign Direct Investment အကြီးစားရင်းနှီးမြှုပ်နှံမှုများ NCA တွင်သဘောတူညီချက်များသည့်ကျိုးပေါက် ပျက်ပြယ်နေသည့်အခြေအနေကို မီးမောင်းထိုးပြနေပါသည်။

၅။ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၂၉ရက်တွင်တော့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို စောလျင်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင်ဖွဲ့စည်းပုံပြင်ဆင်ရေးပူးပေါင်း ကော်မတီဖွဲ့စည်းရန် အရေးကြီးအဆိုကို NLD မှ တင်သွင်းခဲ့သည်။ တပ်မတော်သားကိုယ်စားလှယ်များနှင့် USDPအမတ်များအပါအဝင်ကန့်ကွက်သူများရှိခဲ့သော်လည်း မဲခွဲဆုံးဖြတ်ကာ အဆိုအတည်ဖြစ်ခဲ့သည်။

NLD၏ ပြည်ထောင်စုလွှတ်တော်တွင်း ဖွဲ့စည်းပုံပြင်ဆင်ရေးကြိုးပမ်းမှုသည် ရပ်တန့်နေသော ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တစ်စုံတစ်ခုသောသက်ရောက်မှုရှိသလားဆိုသည်က စောင့်ကြည့်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီတွင် ကျင်းပသော (၇၂)ကြိမ်မြောက် ရှမ်းအမျိုးသားနေ့အခမ်းအနားတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် အများပြည်သူ လက်ခံသည့် ဖွဲ့ စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်ကြောင်း ပြောဆိုခဲ့ခြင်းကြောင့် ဖြစ်သည်။

https://bit.ly/2GwDNq7

NCA နှင့် မြန်မာ့တပ်မတော်

နယ်မြေတိုးချဲ့ခြင်း

၁။ ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၁ရက်မှ ၂၀၁၉ခုနှစ် ဧပြီလ ၃၀ရပ် နေ့အထိ မြန်မာ့တပ်မတော်မှ အရှေ့၊ အရှေ့အလယ်၊ တြိဂံ၊ အရှေ့မြောက်နှင့် မြောက်ပိုင်းစသော စစ်တိုင်းကြီး(၅)တွင် စစ်ရေးလှုပ်ရှားမှုများအား ယာယီရပ်ဆိုင်းကြောင်းကြေညာခဲ့သော်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ်၏ စစ်စခန်းသစ်များ တိုးချဲ့ခြင်းနှင့်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်စခန်းသစ်များတိုးချဲ့လာခြင်းကို သက်ဆိုင်ရာနယ်မြေ အလိုက် လှုပ်ရှားလျက်ရှိသည့် RCSS/SSA နှင့် PSLF/TNLA တို့က အသီးသီး သတင်းထုတ်ပြန်ကြပါသည်။ (ttps://bit.ly/2DdcTR4)

၂။ NCAလက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့ (၁၀)ဖွဲ့ အနက် အင်အားအကြီးဆုံးဟု ဆိုနိုင်သော KNUအဖွဲ့၏ ထိန်းချုပ်နယ်မြေဖြစ်သည့်ဖာပွန်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် အကြောင်း ပြကာ မြန်မာ့တပ်မတော်မှလမ်းဖောက်နေခြင်းကြောင့် မကြာခဏပစ်ခတ် မှုများနှင့် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိရာ နှစ်ဖက်တပ်ဖွဲ့အကြား စစ်ရေးတင်းမာလျက်ရှိသည်။ (https://bit.ly/2DZY4BL)

၃။ ၂၀၁၀ခုနှစ်နောက်ပိုင်း မြန်မာ့တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားခြင်းမရှိခဲ့သည့် NSCN-Kအဖွဲ့၏ စစ်စခန်းနှင့်ဌာနချုပ်တို့ကို ၂၀၁၉ခုနှစ် ဇန်နဝါ လနှင့် ဖေဖော်ဝါရီလများတွင် မြန်မာ့တပ်မတော်မှ သိမ်းပိုက်ခဲ့သည်။ ထို့ပြင် NSCN-K ဗဟိုအဖွဲ့ဝင်အချို့ကိုလည်း မြန်မာ့တပ်မတော်မှ ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။ (https://bbc.in/2GApNN7)

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

၁။ ၁၉၆၂ ခုနှစ် နိုင်ငံတော်အာဏာသိမ်းပြီးနောက် မြန်မာ့ငြိမ်းချမ်းခရီးစဉ် သမိုင်းသလျောက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် စစ်အစိုးရအကြား ခေတ်အဆက်ဆက် ဦးဆောင်ညှိနှိုင်းခဲ့စဉ်ကဖြစ်စေ၊ ၂၀၁၀ ရွေးကောက်ပွဲဖြင့် ဖြစ်ပေါ်လာသော စစ်ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်အစိုးရလက်ထက်တွင် ပြန်လည်စတင်ခဲ့သည့် မြန်မာ့ငြိမ်းချမ်းရေးလမ်းကြောင်းတွင် ဖြစ်စေ တပ်မတော်၏ အခန်းကဏ္ဍသည် ယနေ့အထိ အဓိကကျ အရေးပါနေဆဲဖြစ်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကတော့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ၂၀၂၀ခုနှစ်တွင် အပြီးသတ်မည်ဟုကြွေးကြော်ထားပါသည်။ တစ်ဖက်တွင်တော့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်လုပ်ဆောင်နေ ခြင်းသည် မိမိတို့အင်းအား ချိန်ရွယ်၍မဟုတ်ကြောင်း တိုင်းရင်းသားလက်နက်ကိုင်အ ဖွဲ့များအား သတိပေး ပြောဆိုထားသည်။

၂။ ခေတ်အဆက်ဆက် မြန်မာ့ပြည်တွင်းငြိမ်းချမ်းရေးတွင် မြန်မာစစ်တပ်၏ ငြိမ်းချမ်းရေးဖော်ဆောင်သည့် သဘောထား၊ နည်းလမ်းများမှာ ယခင်နှင့် ယခုသိပ်မကွာလှပေ။ တိုင်းရင်းသားတော်လှန်ရေးလက်နက်

ကိုင် အဖွဲ့အစည်းများ (EAOs)နှင့် အပစ်ရပ်လက်မှတ်ထိုးပြီး တပြိုင်နက် အချင်းချင်းကြား ယုံကြည်မှု ကောင်းမွန်စွာမတည်ဆောင်နိုင်သေးခင်မှာပင် ကြားကာလအစီအစဉ် ဖြစ်သည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတူတကွ ညှိနှိုင်းဆောင်ရွက်သွားရန် ကိစ္စကို အကောင်အထည်ဖော် ချိန်တွင် သဘောထားမတိုက်ဆိုင်မှု၊ ယုံကြည်မှု တည်ဆောက်မရဘဲပဋိပက္ခ၊ ထိတွေ့တိုက်ပွဲသို့ ပြန်လည်နောက်လည့်လာခဲ့ပါသည်။

၃။ ထို့ပြင် ပြည်တွင်းတွင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမရှိမှသာ မြန်မာ့နိုင်ငံရေးမှ တပ်မတော် ထွက်ခွာမည်ဟု ၂၀၁၉ခုနှစ်ဖေဖော်ဝါရီ ၂၃ရက်တွင် ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ပြောဆိုခဲ့ပါသည်။ https://bit.ly/2Ew54rA

၄။ NCA အရ အကောင်အထည်ဖော်ရသည့် JIMC ၊ UPDJC ၊ JMC စသော ကော်မတီများတွင်လည်း တပ်မတော်သား ကိုယ်စားလှယ်များကသာ အမြဲတမ်းဦးဆောင် ၊ ဥက္ကဋ္ဌနေရာများတွင် ရှိနေသည့်အတွက် ဆွေးနွေးဖက်ခေါင်းဆောင်များအကြား တပ်မတော်၏လွှမ်းမိုးမှုများနေသည်ဟု ပြောဆိုဝေဖန် နေရသည် သိရသည်။

၅။ ၂၁ရာစု ပင်လုံ တတိယအကြိမ်အစည်းအဝေးအပြီး ရပ်တန့်သွားခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင် မြန်မာ့တပ်မတော်မှစစ်တိုင်းကြီး(၅)ခုတွင် (၄)လကြာ ယာယီအပစ်ရပ်ကြောင်းကြေညာခဲ့ကာ တပ်မတော် ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တရားဝင်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်ပြင်ဆင်ခဲ့သည်။ သို့သော် ယာယီရပ်ဆိုင်းမှု (၂)လတာကုန်ဆုံးပြီးချိန်မှသာ NCA လက်မှတ် မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့် တပ်မတော် ညှိနှိုင်းရေးအဖွဲ့တို့ တရားဝင် တွေ့ဆုံဆွေးနွေးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။ ၂၀၁၉ခုနှစ် မတ်လ ၂၅ရက်တွင် ပြုလုပ်သော တပ်မတော် သတင်းစာရှင်းလင်းပွဲတွင်တော့ ယာယီစစ်ရေးလှုပ်ရှားမှုရပ်ဆိုင်းထားသည့် (၄)လတာ ကာလသည် လုံလောက်ပြီဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ (https://bit.ly/2JP8fzk)

တိုက်ပွဲဖြစ်ပွားမှုများ

၁။ အကြမ်းအားဖြင့် တပ်မတော်၏ စစ်ရေးလှုပ်ရှားမှု ယာယီရပ်ဆိုင်းထားသော ကာလအတွင်းဖြစ်သည့် ၂၀၁၉ခုနှစ် ဧန်နဝါရီ (၁)ရက်မှမတ်လအတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အကြားတိုက်ပွဲဖြစ်ပွားခဲ့သည့် ရက်ပေါင်း (၈၀)ကျော်အထိရှိခဲ့သည်။ KIO/KIA၊ KNU? RCSS^SSA၊ SSPP/SSA၊ ULA/AA၊ PSLF/TNLA၊ MNDAA၊ NSCN-K တို့နှင့် မြန်မာ့တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထိုအနက် ULA/AAနှင့် ဖြစ်ပွားမှုသည့် အပြင်းထန်ဆုံးအ ခြေအနေတွင် ရှိနေပြီး Myanmar Peace Monitor၏ လေ့လာစောင့်ကြည့်မှုအရ တိုက်ပွဲဖြစ်ပွားသည့် ရက် (၄၃)ရက်အထိ ရှိခဲ့ပါသည်။

၂။ မတ် ၂၅ ရက်တွင် ပြုလုပ်သော တပ်မတော်သတင်းစာရှင်းလင်းပွဲတွင်တော့ ULA/AA နှင့် မြန်မာ့ တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှုအကြိမ် ပေါင်း (၉၇)ကြိမ်ရှိခဲ့သည်ဟုထုတ်ပြန်ပါသည်။ https://bit.ly/2FvQ_Ls

NCA အကြပ်အတည်းနှင့် EAO များ

NCA ကောင်းမွေလော၊ ဆိုးမွေလော

၁။ NCA ထွက်ပေါ်လာရေးအတွက် NCCT အတူ ပူးပေါင်းပါဝင်ကာ အစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် EAOs များကိုပင် အမှန်တကယ်လက်မှတ်ရေးထိုးရန် ဖိတ်ခေါ်ချိန်တွင် ဦးသိန်းစိန်အစိုးရက လက်ရှိတိုက်ပွဲပြင်းထန်နေသည့် AA အဖွဲ့အပါအဝင် EAOs အဖွဲ့အချို့ကို ချန်လှပ်ခဲ့သည်။ ထိုအချက်ကအားလုံးပါဝင်ရေးမူကို ကိုင်စွဲထားသည့် NCCT ၏ ပင်မအဖွဲ့အစည်း ဖြစ်သော UNFC အဖွဲ့ဝင် EAOs များအကြား NCA လက်မှတ်ရေးထိုးမည့်အုပ်စုနှင့် မထိုးမည့်အုပ်စုအဖြစ် ကွဲသွားစေခဲ့သည်။

၂။ ဦးသိန်းစိန်အစိုးရ သက်တမ်းကုန်ခါနီးတွင် ပေါ်ပေါက်လာခဲ့သော NCA သည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ NLD အစိုးရ ဆက်ခံသယ် ဆောင်ရမည်ဖြစ်သည်။ NCA ဖြစ်ပေါ်လာခြင်းက NCA-S EAOs နှင့် NCA-NS EAOs အဖြစ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား အုပ်စုနှစ်ခုဖြစ်စေသည်။ NLD အစိုးရသည် NCA လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရသလို တစ်ဖက်တွင်လည်း Non NCA-S EAOs များအား NCA တွင်ပါဝင်လာရေးကြိုးပမ်းရသည်။

၃။ လက်ရှိ NCA တွင်အဓိကအခန်းကဏ္ဍတွင်ပါဝင်နေသည့် တပ်မတော်နှင့် EAOs တို့ကြားတွင် ညှိနှိုင်းမရသည့် နိုင်ငံရေးအကြပ်အတည်းများ၊ ယုံကြည်မှုတည်ဆောက်ရန်ခက်သည့်အခြေအနေကို မကျော်လွှားနိုင်သေးသည့်အခြေအနေပင် ဖြစ်ပါသည်။

NCA လမ်းကြောင်း မဖြောင့်တန်းခဲ့ပါ

၁။ NCA လမ်းကြောင်းပေါ်မှ UPDJC နှင့် JMC တို့တွင် တပ်မတော်သား ကိုယ်စားလှယ်များက အမြဲတမ်း ဦးဆောင်ဥက္ကဋ္ဌများအဖြစ် ဆုံးဖြတ်ချက်ချရာနေရာများတွင် တာဝန်ယူထားသည်။ NCA သုံးနှစ်သက်တမ်းကျော်လာသောအခါ NCA-S EAOs များအနက်မှ KNU နှင့် RCSS/SSA တို့က တရားဝင်ဆွေးနွေးပွဲများတွင်ပါဝင်မှုကို ရပ်ဆိုင်းလိုက်သည့်အတွက် NCA လမ်းကြောင်းသည် ၂၀၁၉ခုနှစ် မတ်လကုန်အထိ ရပ်တန့်နေသည်။

၂။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ(၄)ကြိမ်ပြုလုပ်နိုင်ခဲ့သော်လည်း အချက်(၅၁)ချက်ပါ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်းနှစ်ခုသာရရှိခဲ့ပြီး လုံခြုံရေးကဏ္ဍအပေါ် ဆွေးနွေးနိုင်ခြင်းမရှိသေးပါ။

ရရှိထားသည့် အချက်(၅၁)ချက်တွင်လည်း ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံအချက်များပင် မပါဝင်သေးသည့်အတွက် ဝေဖန်မှုများရှိနေပါသည်။

၃။ JMC တွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်တို့၏ ပြောဆိုချက်များအရ NCA ကို တပ်မတော်နှင့် EAOs နှစ်ဖက်စလုံးမှ ချိုးဖောက်မှုများရှိနေကြောင်း သိရသည်။ RCSS/SSA သည် JMC-S တွင် ပါဝင်မှုကို ရပ်ဆိုင်းထားသည်။

၄။ JMC ယန္တရားကို NCA ထိုးထားသည့် EAOsများနှင့် အတူ ပူးတွဲကော်မတီဖြင့် စောင့်ကြည့်ရေးလုပ်ငန်းကိုဆောင်ရွက်နေသော်လည်းအရပ်သားများထိခိုက်သေဆုံးမှု၊ တပ်ဖွဲ့အချင်းချင်း ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှုတို့ကို မှတ်တမ်းလောက်သာယူနိုင်ပြီး ပြန်လည်ဖြေရှင်းအရေးယူဆောင်ရွက်ခြင်း အလွန်ပင် အားနည်းနေသည့် အခြေအနေမှာပဲ ရှိနေပါသေးသည်။

၅။ ထို့အပြင် NCA မထိုးထားသည့် EAOs များရှိသည့်ဒေသမှအရပ်သားပြည်သူများ၊ IDPs များအသက်အိုးအိမ်လုံခြုံရေးသည် NCA မထိုးသေးသည့် အကြောင်းပြချက်ဖြင့် JMC ယန္တရားမှတရားဝင်အသိအမှတ်ပြု စောင့်ကြည့်ဖော်ထုတ်၊ အကာအကွယ်ပေးနိုင်ခြင်း မရှိနေပေ။ ထို့အတွက် အရပ်သားများအပေါ်ထိခိုက် နှစ်နာမှုများ မြင့်တက်နေ သော်လည်း တရားမျှတမှုအကာအကွယ် မရှိပဲဖြစ်နေပါသည်။

၆။ NCA အရ တရားဝင်ဆွေးနွေးများ ယာယီရပ်ဆိုင်းထားခြင်းအား လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိလာနိုင်ဖို့အတွက် အစိုးရနှင့် NCA-S EAOsအကြား အလွတ်သဘောဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေသော်လည်း သတင်းရလဒ်များအရ ၂၀၁၉ခုနှစ် မေလနောက်ပိုင်းတွင်သာ NCA လမ်းကြောင်း ဆက်သွားနိုင်မည်ဟု သိရသည်။

NCA-NS EAOs **အခြေအနေ**

၁။ NLDအစိုးရလက်ထက် သက်တမ်းတစ်နှစ်ကျော်ကြာသည့်အခါ ၂၀၁၈ဖေဖော်ဝါရီတွင် မွန်ပြည်သစ်ပါတီနှင့် လားဟူအမျိုးသားအစည်းအရုံးတို့ NCA တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

၂။ UWSAနှင့် KIO/KIA တို့ဦးဆောင်သော မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင် (၇)ဖွဲ့ပါ FPNCC သည် NCA လမ်းကြောင်းမဟုတ်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုပုံစံကို တင်ပြ တောင်းဆိုထားသော်လည်း အစိုးရငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် EAOsတစ်ဖွဲ့ချင်းစီဖြင့်သာတွေ့ဆုံဆွေးနွေးပြီး NCA လမ်းကြောင်းသို့ ဆွဲခေါ်လိုဟန်ရှိနေသည်။ အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် မြောက်ပိုင်း EAOsများအကြား တစ်ဖွဲ့ချင်းစီဖြင့်အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်ခဲ့သည်။ သို့သော် တစ်စုံတစ်ရာ တိုးတက်ပြောင်းလဲလာမှု မတွေ့ရှိရသေးပေ။

၃။ ၂၀၁၉ခုနှစ် မတ်လ ၂၁ ရက်တွင်တော့ FPNCC အဖွဲ့ဝင် EAOs (၇)ဖွဲ့အပြင် UNFC မှ KNPPတို့နှင့် အစိုးရငြိမ်းချမ်းရေးကော်မရှင်၊ တပ်မတော်ညှိနှိုင်းရေးအဖွဲ့တို့အကြား တရားဝင်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ အပြုသဘောဆောင်သော သဘောတူညီချက်အချို့ရရှိ ခဲ့သော်လည်း FPNCC အတွက် NCA လမ်းကြောင်းတွင် ပါဝင်လာနိုင်ချေ နည်းပြီး KNPP အနေဖြင့်တော့ NCA တွင် ပါဝင်လာနိုင်သည့် အလားလာကောင်းများ ရှိနေသည်ဟု ဆိုရပါမည်။

တိုက်ပွဲများနှင့် ငြိမ်းချမ်းရေးခရီးလမ်း

၁။ Myanmar Peace Monitor ၏ လေ့လာစောင့်ကြည့်မှုအရ ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ မတ်လအထိ (၃) လအတွင်း မြန်မာ့တပ်မတော်နှင့် EAOs အကြား ၊ EAOs အချင်းချင်းအကြားတိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း (၈၉)ရက်ခန့်အထိရှိခဲ့ပါသည်။ ထိုအနက် မြန်မာ့တပ်မတော်နှင့် EAOs အကြား ဖြစ်ပွားသည့် ရက်ပေါင်း (၇၄)ရက်ခန့် ဖြစ်ပြီး EAOsအချင်းချင်းအကြားဖြစ်ပွားသည့်ရက်သည်(၁၅)ရက်ခန့် ရှိခဲ့ပါသည်။

၂။ မြန်မာ့တပ်မတော်သည် NCA-S EAOsများဖြစ်သော KNU၊ RCSS/SSAတို့နှင့် တိုက်ပွဲဖြစ်ပွားခဲ့သလို NCA-NS EAOsများဖြစ်သည့် KIO/KIA၊ SSPP/SSA၊ ULA/AA၊ PSLF/TNLA၊ MNDAA၊ NSCN-K တို့နှင့်လည်း တိုက်ပွဲများဖြစ်ပွားခဲ့ပါသည်။ ထိုအနက် ULA/AAနှင့် ရခိုင်ဒေသတွင် ဖြစ်ပွားနေသော တိုက်ပွဲများသည်အပြင်းထန်ဆုံးဖြစ်နေသည်။ ၂၀၁၉ခုနှစ် မတ်လကုန်အထိအဆိုပါတိုက်ပွဲကြောင့် ရခိုင်ဒေသတစ်ခုတည်း စစ်ဘေးရှောင် ၂၃၅၀၀ ကျော်အထိ ရခိုင်တိုင်းရင်းသား မျိုးနွယ်များအစည်းအရုံး (REC) ကပြောပါသည်။ သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူများလည်း ရှိနေပါသည်။

၃။ EAOs အချင်းချင်းတိုက်ပွဲဖြစ်ပွားမှုတွင်တော့ RCSS/SSA နှင့် SSPP/SSA ၊ PSLF/TNLAတို့အကြား ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါနှင့် နမ့်တူဒေတို့တွင် တိုက်ပွဲများဖြစ်ပွားနေခြင်းဖြစ်သည်။ တိုက်ပွဲကြောင့် စစ်ဘေးရှောင် ထောင်နှင့်ချီ ရှိနေပါသည်။

၄။ (၃)လအတွင်း မြန်မာ့တပ်မတော်နှင့် EAOs အကြား တိုက်ပွဲဖြစ်ပွားရာဒေသများကိုရှုကြည့်လျှင် ရခိုင်ပြည်နယ်ဘူးသီးတောင်၊ ရသေ့တောင်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်းနှင့် ကျောက်တော်၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့သည် တိုက်ပွဲဒဏ်အခံရဆုံးဖြစ်ပြီး မောင်းတောနှင့် အမ်မြို့နယ်တို့တွင်လည်းတိုက်ပွဲဖြစ်ပွားမှုအချို့ရှိခဲ့သည်။ ထို့ပြင် ရှမ်းပြည်နယ်တွင် ကွတ်ခိုင်၊ ကွမ်းလုံ၊ ကျောက်မဲ၊ သီပေါ၊ မိုင်းတုံ၊ လားရှိုး ၊ ကရင်ပြည်နယ်တွင် ဖာပွန်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နာဂ ဒေသတို့တွင်လည်း တိုက်ပွဲများဖြစ်ပွားခဲ့သည်။

၅။ တိုက်ပွဲဖြစ်ပွားရသည့်အကြောင်းရင်းများထဲတွင်တော့ မြန်မာ့စစ်တပ်ဖက်မှ နယ်မြေချဲ့ထွင်ခြင်း၊ အရပ်သားများကိုပေါ်တာဆွဲခြင်း၊ လက်မှတ်ထိုးထားသည့် EAOs အဖွဲ့ဝင်များနှင့်အရပ်သားအချို့အား မတရားအသင်းဆက်သွယ်မှုပုဒ်မ (၁၇/၁)ဖြင့် ဖမ်းဆီးတရားစွဲခြင်း၊ အရပ်ဖက် ငြိမ်းချမ်းရေး တက်ကြွလှုပ်ရှားသူများ စစ်ပွဲရပ်တန့်ရန် လူထုဆန္ဒဖော်ထုတ် ဦးဆောင်သည့် လူငယ်ခေါင်းဆောင်များအား တပ်မတော်ဘက်မှ တရားလိုပြုပြီး ပုဒ်မ ၅၀၀ ဖြင့် တရားစွဲခြင်း၊ အရပ်ဖက်တရားရုံးများမှလည်း ထောင်ချအရေးယူခြင်း

များပြုလုပ်နေသကဲ့သို့ တဖက်တွင်လည်း EAOs အဖွဲ့များမှလူသစ်စုဆောင်းခြင်း၊ ငွေကြေး (ဆက်ကြေး) ကောက်ခြင်းစသည့် အကြောင်းအရာများပါဝင်နေပါသည်။

၆။ ထို့ပြင် ကရင်ပြည်နယ် ဖာပွန်ဒေသတွင်တော့ တပ်မတော်မှ ဖွံ့ဖြိုးရေးအတွက် လမ်းဖောက်ခြင်းကို အကြောင်းပြုပြီး တပ်ဖွဲ့များ၏ တပ်နယ်မြေကျူးကျော်မှုများကြောင့် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ နာဂဒေတွင်တော့ နယ်မြေရှင်းလင်းရေးအတွက်ဟု တပ်မတော်မှ အကြောင်းပြထားသည်။

၇။ တိုက်ပွဲများမှ ရလာဒ်အနေဖြင့်တော့ ၂၀၁၁ ကတည်းက ထွက်ပြေးသိမ်းရှောင်နေခဲ့ရသည့် သိန်းနှင့်ချီသော IDPs များ၏ လုံခြုံစွာနေရပ်ပြန်နိုင်ရေးအလှမ်းဝေးနေပြီး၊ လူမှုစီးပွားအခြေအနေများ ချွတ်ခြုံကျနေရုံသာမကလက်ရှိတွင်လည်း သောင်းနှင့်ချီကာ စစ်ဘေးရှောင် IDPs အသစ်များနေရပ်စွန့်ခွာ ထွက်ပြေးကြရခြင်း၊ စစ်လက်နက် ကျည်စများထိမှန်ကာထိခိုက်ဒဏ်ရာရခြင်းနှင့် အသက်သေဆုံးရခြင်း၊ စစ်လက်ကျန် မြေမြုပ်မိုင်းများကြောင့် အရပ်သားများထိခိုက်နှစ်နာနေမှုများသာ ထွက်ပေါ်ခဲ့ပါသည်။ တိုက်ပွဲအတွင်းနှစ်ဖက်တပ်သားများလည်း အသက်ဆုံးရှုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြခြင်း သာဖြစ်သည်။ တိုက်ပွဲသည် ရပ်တန့်ဖို့အလားလာမရှိသေးသည့်အပြင် အရှိန်ပိုမိုမြင့်တက်နေသေးသဖြင့် နောက်ဆက်တွဲဆိုးကျိုးများကတော့ တွေးဆနိုင်ဖွယ်ပင်မရှိသေးပေ။

၇။ မြန်မာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာအခန်းကဏ္ဍ

မြန်မာ့ငြိမ်းချမ်းရေးနှင့် တရုတ် အခန်းကဏ္ဍ

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တက်တက်ကြွကြွ ပါဝင်နိုင်ရန်အတွက် တရုတ်နိုင်ငံသည် ၄င်း၏ကြားဝင်မစွက်ရေးမူကို ပစ်ပယ်ခဲ့သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိက ပဋိပက္ခကိစ္စများတွင် ထဲထဲဝင်ဝင် ပါဝင်ပေးနေရသည်။ တရုတ်၏သြဇာသည် မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကြီးမားစွာ အကျိုးသက်ရောက်မှုရှိသည်။ တရုတ်ပြည်သည် အပြုသဘော၊ အပျက်သဘော၊ ကြားဝင်လျှက်ရှိသည်။

အစိုးရသစ်လက်ထက်တွင် အခြေအနေများ သိသိသာသာ ပြောင်းလဲခဲ့သည်။ တရုတ်ပြည်သည် နှစ်နိုင်ငံဆက်ဆံရေးအတွက် ဒေါ်အောင်ဆန်းစုကြည်ကို ဦးစားပေးဆက်ဆံလာသလို သူမ၏ ငြိမ်းချမ်းရေး ချဉ်းကပ်မှုအပေါ် ၌လည်း အားပေးထောက်ခံလျက်ရှိသည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် KIO ဦးဆောင်ကျင်းပသော တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးကြီး၌ တရုတ်အထူးသံတမန် Sun Guoxiang က တိုင်းရင်းသားအုပ်စုအားလုံး ၂၁ ပင်လုံညီလာခံသို့ တက်ရောက်ရန် တိုက်တွန်းခဲ့သည်။ ဘေကျင်းအစိုးရကလည်း တက်ရောက်ရန် ဖိအားပေးနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitoring Committee-JMC)ငြိမ်းချမ်းရေးအတွက် အမေရိကန်ဒေါ်လာ ၃ သိန်းကို တရုတ်နိုင်ငံမှ လှူဒါန်းခဲ့သည်။ JMC ယန္တရားကြီး ချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် တရုတ်၊ နော်ဝေးနှင့် ကုလသမဂ္ဂတို့မှ နည်းပညာနှင့် ရန်ပုံငွေများ ထောက်ပံ့လျက်ရှိသည်။ ၂၀၁၈-၂၀၁၉ တွင် အဆင့်အလိုက် JMC လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အမေရိကန်ဒေါ်လာ ၄.၄ သန်း လိုအပ်သည်ဟုလည်း တာဝန်ရှိသူများက ဆိုသည်။

အခမ်းအနားတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးသံတမန် Mr. Sun Guoxiang က ပြောကြားရာတွင်

"တရုတ်နိုင်ငံအနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းကို အလေးထားပါကြောင်း၊ တည်ငြိမ် ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် ဖြစ်လာစေရန် မျှော်လင့်မိပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs)နှင့် ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် အစွမ်းကုန် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ထောက်ပံ့နေသလို မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ဘဏ္ဍာရေးအကူအညီများလည်း ပေးလျှက်ရှိပါကြောင်း၊ ယခု လှူဒါန်းမှုသည် အမေရိကန်ဒေါ်လာ ၃ သန်း စီမံချက်တွင် အကျုံးဝင်ပါကြောင်း တရုတ်ပြည်သည် မြန်မာနိုင်ငံအတွက် အားကိုးယုံကြည်ထိုက်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်ကို အလေးအနက် ပြောလိုပါကြောင်း" ပြောဆိုခဲ့သည်။

တရုတ်အထူးသံသမန် Mr.Sun Guoxiang ပေးအပ်လျှဒါန်းသည့် အမေရိကန်ဒေါ်လာ ၃ သိန်းကို JMC-Uဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လက်ခံယူခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် JMC ရန်ပုံငွေအတွက် ဒေါ်လာသန်းနဲ့ချီ ပေးနေသော်လည်း ဆက်ဆံရေးက မသေချာ မရေရာအခြေအနေမှာပဲ ရှိသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အောင်မြင်ရေးအခွင့်အရေးမှာလည်း မသေချာသေးပေ။ ပြဿနာအားလုံး ဖြေရှင်းရန် အချိန် ဘယ်လောက်ကြာမည်ဆိုသည်မှာ မေးခွန်းထုတ်စရာဖြစ်သည်။ အစိုးရ၊ တပ်မတော်နှင့် နယ်စပ်တလျှောက်ရှိ လက်နက်ကိုင်အုပ်စုများကြားတွင် တရုတ်ပြည်က ထိန်းညှိထောက်ပံ့သွားမည့်ပုံဖော်သည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာအစိုးရ၊ တပ်မတော်နှင့် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော အဖွဲ့များကြားတွင် သံတမန်တစ်ဦး အနေဖြင့် လုပ်ဆောင်လျှက်ရှိသည်။ အထူးသဖြင့် မြောက်ပိုင်း မဟာမိတ်အဖွဲ့(သို့) ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) ဆိုသည် NCA လက်မှတ်ရေးထားခြင်း မရှိပေ။

FPNCCတွင် တိုင်းရင်းသားလက်နက်ကိုင် ခုနှစ်ဖွဲ့ဖြင့် ဖွဲ့စည်းထားပြီး '၀' သွေးစည်းညီညွတ်ရေး ပါတီ (UWSP/UWSA) မိုင်းလားအဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ ကိုးကန့်လက်နက် ကိုင်အဖွဲ့ (MNDAA)၊ ကချင်လက်နက်ကိုင်အဖွဲ့ (KIA)၊ တအောင်းလက်နက်ကိုင်အဖွဲ့ (TNLA) နှင့် ရခိုင် လက်နက်ကိုင်အဖွဲ့ (AA) တို့ဖြစ်ကြသည်။

တရုတ်ပြည်သည် နေပြည်တော်တွင် ကျင်းပလျှက်ရှိသော ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲသို့ အဆိုပါ မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များအားလုံး တက်ရောက်ကြရန် ကူညီပေးလျှက်ရှိသည်။ မြန်မာငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ကုလသမဂ္ဂအပါအဝင် တတိယနိုင်ငံများ ပါဝင်မှုအပေါ် တရုတ်နိုင်ငံက ပိတ်ဆို့မှုများရှိသည်။

ဘေကျင်းတွင် ကျင်းပခဲ့သည့် ပိုးလမ်းမစီမကိန်း (BRI) ထိပ်သီးဆွေးနွေးကျင်းပပြီး နှစ်နှစ်ကြာပြီးနောက် မြန်မာနိုင်ငံသည် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ(China-Myanmar Economic Corridor-CMEC) မှတဆင့် တရုတ်၏ BRI စီမံကိန်းတွင် ပါဝင်ရန် ပြင်ဆင်လျှက်ရှိသည်။

မြန်မာနိုင်ငံတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးပြန်လည်မတည်ဆောက်နိုင်လျှင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (MEC) မအောင်မြင်နိုင်ကြောင်း တရုတ်ပြည်က နားလည်ထားသည်။ ထို့ကြောင့် မြန်မာအစိုးရ နှင့် ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (Federal Political Negotiation and Consultative Committee-FPNCC) တို့ကြား ဆွေးနွေးမှုများကို အားတက်သရော ကူညီလျှက်ရှိသည်။ တရုတ်ပါဝင်လျှက်ရှိသော CMEC သည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်လည်း လွှမ်းမိုးမှုရှိသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့စီးပွားရေး နှေးကွေးမှုနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု (FDI) ကျဆင်းမှုများကြောင့် CMEC သည် မြန်မာ့စီးပွားရေး ဦးမော့လာရေးနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ စီးဝင်လာမှုများ စတင်ရန် အခွင့်အရေးတစ်ခု ဖြစ်သည်။

CMEC တွင် ပါဝင်ရေးနှင့်ပတ်သက်၍ မူဝါဒရေးဆွဲသူများနှင့် ဖွံ့ဖြိုးရေးလိုလားသူများအကြား အလေးအနက်ထား စဉ်းစားနေကြသော်လည်း မြေခွဲဝေသတ်မှတ်ရေးနှင့် ကြွေးမြီထောင်ချောက် အန္တရာယ်တိုပ အတွက်လည်း စိုးရိမ်မှုများရှိသည်။ မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် တာဝန်ယူမှုပါသော ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ပေါ်ပေါက်လာစေရန် မြန်မာအစိုးရအနေဖြင့် တရုတ်ပြည်အပေါ် တိုက်တွန်းရမည်။

နယ်စပ်ဒေသအနီးရှိ ပဋိပက္ခများသည် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများကို အဟန့်အတား ဖြစ်စေသည်။ ၂၀၁၇ ခုနှစ် မေလတွင် တရုတ်-မြန်မာ နယ်စပ်အနီးရှိ ရှမ်းပြည်နယ် မူဆယ်မြို့တွင် မြန်မာ့ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့သည်။ CMEC ကို အကောင်အထည်

ဖော်ဆေးစဉ်တွင် တရုတ်နှင့် မြန်မာအစိုးရများသည် အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ယူဖြေရှင်းပေးကြရမည်။ တရုတ်နိုင်ငံသည် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ ထိန်းချုပ်ရာဒေသများတွင် အဓိကလမ်းမကြီးများ ဖောက်လုပ်ရန် မဟာဗျူဟာများ ချမှတ်လျှက်ရှိသည်။ မြန်မာနိုင်ငံသည် ပိုးလမ်းမစီမံကိန်း (BRI) အစိတ်အပိုင်းတစ်ခုဖြစ်သော အိန္ဒိယသမုဒ္ဒရာ (Indian Ocean)သို့သွားရာ ကုန်းလမ်းမကြီးအတွက် အဓိက ကျသည်။ တရုတ်ပြည်သည် အရှေ့တောင်အာရှတွင်က် ဩဇာရပ်ဝန်းတစ်ခု တည်ဆောက်ရန် ကြိုးစားနေသောကြောင့် မြန်မာနိုင်ငံသည် အထူးအရေးပါသော နယ်စပ်နိုင်ငံတစ်ခု ဖြစ်လာသည်။

တခြားတစ်ဖက်ကကြည့်လျှင် တရုတ်ပြည်သည် အခြားနိုင်ငံများနှင့် ပူးပေါင်းပြီး ငြိမ်းချမ်းရေး ထောက်ပံ့မှုလုပ်ရန် စိတ်ဝင်စားမှု နည်းသည်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ကမ္ဘာလုံးဆိုင်ရာ ပါဝင်မှုများ ရှိရန် မြန်မာအစိုးရက တောင်းဆိုလျှက်ရှိသည်။ သို့သော် တရုတ်ပြည်သည် အခြားနိုင်ငံများနှင့် ခပ်ကင်းကင်းနေခဲ့သည်။ ယခင် ဦးသိန်းစိန်အစိုးရလက်ထက်တွင် တရုတ်နိုင်ငံသည် ကုလသမဂ္ဂ (UN) နှင့် အတူ မြန်မာ့ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ လေ့လာသူအဖြစ်သာ ပါဝင်ပေးခဲ့သည်။ ၂၀၁၂ ခုနှစ်မှစတင်၍ တရုတ်ပြည်သည် မြန်မာ့ပြည်တွင်း ပဋိပက္ခများကို ကူညီဖြေရှင်းရန် သီးခြားဆောင်ရွက်လာခဲ့သည်ဟု ဆိုနိုင်သည်။

ရခိုင်ပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်လျက်ရှိသည်။ ဒုက္ခသည်များကို လူသားချင်းစာနာမှုအထောက်အပံ့များ ကူညီရေးတွင်မူ အရေးပါသော အခန်းကဏ္ဍက ပါဝင်လာခဲ့သည်။ သို့သော အရပ်သားအစိုးရ၊ တပ်မတော်နှင့် ပြည်သူများ မပါရှိလျှင် ပဋိပက္ခများ ဖြေရှင်းနိုင်မည် မဟုတ်ပေ။

ရိုဟင်ဂျာ (ဘင်္ဂါလီ)အရေးအခင်းသည် မြန်မာ့နိုင်ငံခြားဆက်ဆံရေးတွင် တရုတ်ပြည်အသာစီးရရှိမှုကို ဖြစ်စေခဲ့သည်။ ရိုဟင်ဂျာ (ဘင်္ဂါလီ)အရေးအခင်းကြောင့် မြန်မာနိုင်ငံသည် အမေရိကန်နိုင်ငံအပါ အဝင် အနောက်နိုင်ငံများနှင့် ဆက်ဆံရေး တင်းမာခဲ့သည်။ တရုတ်ပြည်သည် မြန်မာနိုင်ငံကို နိုင်ငံတကာ ဖိအားပေးမှုများမှကာကွယ်ပေးသလိုကုလသမဂ္ဂလုံခြုံရေးကောင်စီတွင်လည်း မြန်မာဘက်မှ မားမားမတ်မတ် ရပ်တည်ပေး ခဲ့သည်။ တရုတ်ပြည်၏ နိုင်ငံရေး၊ စီးပွားရေးအကျိုးစီးပွားများအတွက် နေပြည်တော်အစိုးရ၏ ထောက်ခံမှုရရှိစေရန် တရုတ်ပြည်ကလည်း မြန်မာအစိုးရ၏ ဘင်္ဂါလီအရေးပေါ်လစီများကိုထောက်ခံလျှက်ရှိသည်။ တရုတ်နိုင်ငံသည် ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်း၊ အထူးစီးပွားရေးဇုန် စသည့် စီမံကိန်းကြီးများ၌ အဓိက ပါဝင်လျှက်ရှိသည်။

တရုတ်ပြည်သည် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် များပြားလှသော ရေအားလျှပ်စစ်စီမံကိန်းကြီးများတွင် ပါဝင်လျှက် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းကို ကြီးစိုးလျှက်ရှိသည်။ တရုတ်ပြည်၏ အလွန်အရေးပါသော စီမံကိန်းမှာ မြန်မာနိုင်ငံ ကျောက်ဖြူနှင့် တရုတ်ပြည်နယ်စပ် Ruili အထိ သွယ်တန်းလျှက်ရှိသော ဓာတ်ငွေ့ရေနံပိုက်လိုင်းကြီးသည် ကီလိုမီတာ ၇၇၀ ရှည်လျားသော ယင်းပိုက်လိုင်းကြီးသည် အာဖရိကနှင့် အရှေ့အလယ်ပိုင်းမှ ရေနံစိမ်းများကို တရုတ်ပြည်သို့ သယ်ဆောင်ပေးသည်။ မြန်မာနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်း ကမ်းလွန်တွင်းများမှလည်း သဘာဝဓာတ်ငွေ့များ ထွက်ရှိသည်။ ယင်းတရုတ်ပိုက်လိုင်းစီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၏ ဝေဖန်မှုများ ဖြစ်ပေါ်ခဲ့သည်။ တရုတ်ကုမ္ပဏီများသည် စီမံကိန်းကြီးများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏အသံကို လေးစားရမည်ဖြစ်သလို နိုင်ငံတကာ စံနှုန်းများကိုလည်း လိုက်နာရမည်။

တရုတ်စီမံကိန်းအပေါ် ဝေဖန်မှုများသည် ဒီမိုကရေစီရေးနှင့် ပတ်ဝန်းကျင်ရေး တက်ကြွလှုပ်ရှားသူများကြောင့် အစိုးရသစ်လက်ထက်တွင် ပို၍ကြီးထွားလာသည်ဟု လေ့လာသူအချို့ ဆိုသည်။

ရိုဟင်ဂျာ(ဘင်္ဂလီ)အရေးအခင်းကြောင့်အမေရိကန်နိုင်ငံ၏ ပြစ်တင်ရှုတ်ချမှုများကြောင့် မြန်မာနိုင်ငံသည် တဖြည်းဖြည်းအထီးကျန်ဆန်လာပြီး တရုတ်၏သိမ်းသွင်းမှုကို လက်ခံနေရသည်။ ကုလသမဂ္ဂ (UN) တွင်လည်း မြန်မာအပေါ်အရေးယူမည့် လုပ်ဆောင်ချက်များကို တရုတ်နိုင်ငံက ဗီတိုအာဏာသုံးပယ်ချပေးခဲ့သည်။

ရိုဟင်ဂျာ (ဘင်္ဂလီ)အရေးအခင်းကြောင့် တရုတ်ပြည်သည်မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦး ဖြစ်ခွင့်ရသွားသည်ဟု တရုတ်ရေးရာ လေ့လာသူများ တချို့က ဆိုသည်။ တရုတ်ပြည်သည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသရှိ တိုင်းရင်းလက်နက်ကိုင်အဖွဲ့များ (EAOs) နှင့် အစိုးရကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ကြားဝင်ဖြန်ဖြေသူအဖြစ် ရပ်တည်နေသည်။ တရုတ်ပြည်သည် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့် တရုတ်ပြည်ကို ဆက်သွယ်ထားသော စီးပွားရေးစင်္ကြံန်လမ်း (Economic Corridor) တစ်ခု လုပ်ဆောင်လျှက်ရှိသည်။ အကျိုးဆက်အားဖြင့် တရုတ်ပြည်သည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် သြဇာကြီးမားစွာ ပါဝင်ဆောင်ရွက်လျှက်ရှိသည်။

မြန်မာ့ငြိမ်းချမ်းရေးနှင့် အီးယူ၏အခန်းကဏ္ဍ

အီးယူ (European Union-EU)သည် မြန်မာပြည် ငြိမ်းချမ်းရေးကို ဦးတည်သော နိုင်ငံရေးပြောင်းလဲမှုများ အတွက် အဓိကထား လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံအတွင်း အသွင်ကူးပြောင်းမှုများနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းများအတွက်လည်း အားပေးလျက်ရှိသည်။ လက်နက်ရောင်းဝယ်မှုမျှအပ မြန်မာအပေါ် ချမှတ်ထားသော အရေးယူ ပိတ်ဆို့မှုအားလုံးကိုလည်း ပယ်ဖျက်ပေးခဲ့သည်။ 'Everything But Arms' အစီအစဉ်ဖြင့် ကုန်သွယ်ရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခဲ့သလို၊ ရန်ကုန်မြို့တွင်လည်း အီးယူကိုယ်စားလှယ် ရုံးခွဲ ဖွင့်လှစ်ကာ သံတမန် ဆက်ဆံမှုများကိုလည်း ကဏ္ဍသစ် ဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ တွင် EU Myanmar Task Force ကိုလည်း ကျင်းပခဲ့သည်။ ၂၀၁၄ ခုနှစ်မှ စတင်ကာ အီးယူ-မြန်မာအကြား လူအခွင့်အရေးဆိုင်ရာ ဆွေးနွေးမှု နှစ်ကြိမ် ပူးပေါင်းပြုလုပ်ပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် နေ့တွင် ပြုလုပ်ကျင်းပခဲ့သော ရွေးကောက်ပွဲကြီးတွင်လဲ ရွေးကောက်ပွဲ စောင့်ကြည့်အဖွဲ့များကို အီးယူမှ စေလွှတ်ပေးခဲ့သည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုကာကွယ်ရေး သဘောတူညီချက်တစ်ခုကိုလည်း အီးယူနှင့် မြန်မာ ကြား လတ်တလော ညှိနှိုင်းလျက်ရှိသည်။

မြန်မာနိုင်ငံသည် အာရှဒေသတွင် (ယူရိုငွေ ၆၈၈ သန်းဖြင့်) နှစ်နိုင်ငံ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု ဒုတိယအကြီးမားဆုံး ခံစားရသောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှု အထောက်အပံ့ အဓိကပေးနေသူမှာလည်း အီးယူဖြစ်သည်။ နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးဖြစ်စဉ်များအတွက် အားပေးကူညီရန်မှာ အီးယူ-မြန်မာ ဆက်ဆံရေး၏ ဦးစားပေးတစ်ရပ်ဖြစ်သည်။ အီးယူ၏ ငြိမ်းချမ်းရေးအတွက် အခိုင်အမာ ဖော်ဆောင်ပေးနေမှုအပေါ် အသိအမှတ်ပြုသောသဘောဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပသော 'နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်' (NCA) လက်မှတ်ရေးထိုးပွဲ အခမ်း အနားတွင် နိုင်ငံတကာ သက်သေအဖြစ် အီးယူကို ဖိတ်ကြားခဲ့သည်။ ယင်းသဘောတူညီစာချုပ်သည် ငြိမ်းချမ်း ရေးနှင့် အမျိုးသား ပြန်လည်ပေါင်းစည်းရေးအတွက် အရေးပါသည့် အမျိုးသားနိုင်ငံရေးတွေ့ဆုံမှုများအတွက် လမ်းစကို ဖော်ဆောင်ပေးသည်။

ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ထောက်ခံမှုသည် 'Multiannual Indicative Programme (MIP)' အတွက် အဓိကကျသော အစိတ်အပိုင်းထဲမှ တစ်ခုဖြစ်သည်။ ထို့ကြောင့် ၂၀၁၄-၂၀၂၀ ကာလအတွင်းတွင် ယင်းလုပ်ငန်းစဉ်များအတွက် ယူရိုငွေ ၁၀၃ သန်း အီးယူ သုံးစွဲခဲ့သည်။ မြန်မာနိုင်ငံအတွက် အီးယူ ငြိမ်းချမ်း ရေးနှင့် ပဋိပက္ခဖြေရှင်းရေးအစီအစဉ်အတွက်လည်း ယူရို ၅၈ သန်း အကုန်အကျခံ သုံးစွဲပြီးဖြစ်သည်။ ယင်း အစီအစဉ်တွင် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုများ၊ အခြားအစီအစဉ်များ ပါဝင်သည်။

ငြိမ်းချမ်းရေးစကားဝိုင်းများကို စီစဉ်ဆောင်ရွက်ပေးသော မြန်မာငြိမ်းချမ်းရေးစင်တာ (Myanmar Peace Center) ကိုလည်း ယူရို ၈.၇ သန်း ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

EAOs စီမံကိန်းများအတွက်လည်း ယူရို ၈.၄ သန်း ထောက်ပံ့ခဲ့သည်။ ယင်း စီမံကိန်းများသည် ပြန်လည်သင့်မြတ်ရေး၊ ပဋိပက္ခအသွင် ကူးပြောင်းရေး ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် အပစ်အခတ်

ရပ်ဆိုင်းရေး အကောင်အထည်ဖော်ခြင်း၊ အရပ်သား အပစ်အခတ်ရပ်ဆိုင်းရေး စောင့်ကြည့်ခြင်းတို့ကို အဓိက ထားသည်။ တိုင်းရင်းသားဒေသရှိ သတင်းသမားများ၏ အရည်အသွေးကိုလည်း အလေးထားသည်။ ပဋိပက္ခ သတင်းတင်ပြမှုများသည် မြန်မာ့ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို နားလည်မှုဖော်ဆောင်ရေးအတွက် အထောက်အပံ့ ဖြစ်စေသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အကြား တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပ ခဲ့ရာ အီးယူသည် နိုင်ငံတကာ သက်သေအဖြစ် ဖိတ်ကြားခြင်း ခံရသည်။ မြန်မာပြည်ငြိမ်းချမ်းရေးဖြစ်စဉ် သည် အကဲဆတ်တုန်းပင်ဖြစ်သည်။ သို့သော် အီးယူအနေဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ရရှိရန် အလေးထား လုပ်ဆောင်သွားမည်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်း အီးယူသည် ၄င်းတို့၏ အတွေ့အကြုံများ မျှဝေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် အဖွဲ့များကြား ပြန်လည်သင့်မြတ်ရေး တိုးမြှင့်ရေးတို့အတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျှက်ရှိသည်။

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ အရေးပေါ် အကူအညီလိုအပ်သော လူမှု အသိုင်းအဝိုင်းများအတွက်လည်း ယူရို ၅ သန်းတန်ဖိုးရှိ လူသားချင်းစာနာမှုအထောက်အကူများ ပေးပို့ခဲ့ကြောင်း အီးယူက ထုတ်ပြန်ခဲ့သည်။ ၂၀၁၈ ခုနှစ် မေလတွင်လည်း မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ရိုဟင်ဂျာအရေးအခင်းအတွက် ယူရိုသန်း ၄၀ ထောက်ပံ့ပေးခဲ့သည်။

'အီးယူအနေဖြင့် နိုင်ငံတွင်း ရေရှည်ဖြစ်ပေါ်နေသော ပဋိပက္ခများကြောင့် အတိဒုက္ခရောက်နေကြသော လူမှုအသိုင်းအဝိုင်းများကို အကူအညီပေးလျက်ရှိပါသည်။ အကြမ်းဖက်မှုများကြောင့် နေရာဆုံးရှုံးခဲ့ရသူများနှင့် နေရပ်မပြန်နိုင်သူများအတွက်လည်း အကူအညီသစ်များ ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ အဖွဲ့အစည်းအားလုံးဟာ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေစည်းမျဉ်းတွေကို လေးစားရမှာဖြစ်သလို လူသားချင်း စာနာမှုအထောက်အပံ့တွေကို ခွင့်ပြုရပါမယ်' ဟု လူသားချင်း စာနာမှုအထောက်အကူနှင့် ပဋိပက္ခစီမံခန့်ခွဲမှုကော်မရှင်နာမင်းကြီး ခရစ်တိုစတိုင် လီယန်နိုက်က ပြောဆိုခဲ့သည်။

အီးယူ၏ အကူအညီများသည် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ အရေးပေါ် လိုအပ်ချက်များရှိသော လူမှုအသိုင်းအဝိုင်းများသို့ အများဆုံး ကျရောက်သည်။ လူသားချင်း စာနာမှု ကာကွယ်မှုများ အပါအဝင် အရေးပေါ် အမိုးအကာများ၊ စားစရာ၊ ရေနှင့် ကျန်းမာရေးအထောက်အကူများ ပါဝင်သည်။ မုတ်သုန်ရာသီဥတုတွင် လူသားချင်း စာနာမှု အကူအညီများ အထူးလိုအပ်သည်။ ခိုကိုးရာမဲ့များသူများသည် လူအများ ပြည့်သိပ်နေသော စခန်းများတွင်က အမိုးအကာ မလုံမလောက်ဖြင့် နေကြရသည့်အပြင် မိုးကြီးသည့် ဒဏ်ကိုလည်း အလူးအလဲ ခံကြရသ်။

၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် နိုင်ငံခြားရေးရာ ကောင်စီမှ ချမှတ်ခဲ့သော မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ မူဝါဒ၏ အဓိကဦးစားပေးမှုမှာ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားပေးကူညီရန် ဖြစ်သည်။ ကွန်ဆီကျူးတစ်ကောင်စီ၏ မြန်မာနိုင်ငံအပေါ် သဘောထားကလည်း ယင်းသဘောထားကို ထပ်လောင်း အတည်ပြုခဲ့သည်။

အဆင့်မြင့်နိုင်ငံရေးဆိုင်ရာ တွေ့ဆုံမှုတွင် အီးယူ-မြန်မာ လူအခွင့်အရေး ဒိုင်လော့ နှစ်ကြိမ်ကျင်းပ နိုင်ခြင်းလည်း ပါဝင်သည်။ အီးယူသည် မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးလုပ်ဆောင်မှုများနှင့်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု ရရှိသည့် တိုးတက်မှုအပေါ် ကြိုဆိုခဲ့သည်။ အားလုံး ပါဝင်သည့်နိုင်ငံလုံးဆိုင်ရာ

နိုင်ငံရေးတွေ့ဆုံမှုများ ဆက်လက်လုပ်ဆောင်ရန်အတွက်လည်း အီးယူအနေဖြင့် မြန်မာအစိုးရအပါ အားပေး တိုက်တွန်းလျက် ရှိသည်။

အီးယူ၏ အစောပိုင်း ထုတ်ပြန်ချက်များတွင် ပဋိပက္ခများ ဖြေရှင်းရေးအတွက် တွေ့ဆုံကြရန်နှင့် ရန်လိုမှုများကို အမြန်ဆုံး အဆုံးသတ်ကြရန် တိုက်တွန်းခဲ့သည်။ နေရပ်မဲ့သူများအတွက် လူသားချင်း စာနာမှု အထောက်အပံ့များ လုပ်ဆောင်ရာတွင် အဟားအဆီးများ မပြုလုပ်ကြရန်လည်း တိုက်တွန်းခဲ့သည်။

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အီးယူအနေဖြင့် အစိုးရပိုင်းသာမက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့်ပါ ထဲထဲဝင်ဝင် ဆက်ဆံဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ထောက်ခံမှုရရှိရန် ပူးပေါင်းစုစည်းထားသော ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ (Peace Support Group) တွင်လည်း အီးယူသည် အဓိကအခန်းမှ ပါဝင်လျက်ရှိသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ် အစည်းအရုံးတို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ် ရေးထိုးခဲ့ကြသည်။ ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကြီး ခရစ်တိန်းရာမစ်သည် ကုလသမဂ္ဂ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့နှင့်အတူ နိုင်ငံတကာသက်သေတစ်ဦးအဖြစ် လက်မှတ် ထိုးခဲ့သည်။ မြန်မာနိုင်ငံတွင် NCA စာချုပ် လက်မှတ်ရေးထိုးမှုကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပထမဆုံးအကြိမ် စတင်နိုင်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် ၂၁ ဖွဲ့အနက် ၁၀ ဖွဲ့ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ မြန်မာငြိမ်းချမ်းရေးဖြစ်စဉ်ကို တစိုက်မတ်မတ် အားပေးထောက်ခံနေသော အီးယူသည် NCA လက်မှတ်ထိုး အခမ်းအနားများတွင် နိုင်ငံတကာသက်သေအဖြစ်လည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၆ ရက်။ မဏ္ဍိမသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အီးယူ သံအမတ်ကြီး ရိုလန်ကိုဘီးယားက အီးယူ၏ မြန်မာငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ထောက်ခံမှုများနှင့်ပတ်သက်၍ ၄င်းတို့၏ မဟာဗျူဟာသစ်အကြောင်း ဖြေကြားခဲ့သည်။ အီးယူအနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နိုင်ငံရေး အရရော ဘဏ္ဍာရေးအရပါ ဆက်လက်ထောက်ခံသွားမည်ဟု သံအမတ်ကြီးက ဆိုသည်။ အီးယူသည် ယုံကြည်ရသော မိတ်ဆွေဖြစ်ကြောင်းနှင့် အားကိုးလောက်သော အတွေ့အကြုံများလည်းရှိကြောင်း ဖြေကြားခဲ့သည်။ အီးယူ နိုင်ငံခြားရေးဝန်ကြီးများကလည်း မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိပ်တန်းဦးစားပေးအဖြစ် မှတ်ယူကာ အခိုင်အမာ ထောက်ခံတိုက်တွန်းလျက်ရှိကြောင်းလည်း ထည့်သွင်းပြောဆိုခဲ့သည်။

အီးယူအနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နှစ်အတော်ကြာကတည်းက အားပေးကူညီခဲ့ကြောင်း ဆိုသည်။ အီးယူအနေဖြင့် အခြားမိတ်ဆွေနိုင်ငံများနှင့်အတူ 'Joint Peace Fund (JPF)' ရန်ပုံငွေအဖွဲ့တစ်ခုကို ဖော်ဆောင်လျက်ရှိကြောင်းနှင့် ယင်းအဖွဲ့တွင် ၁၀ နိုင်ငံပါဝင်ကြောင်း ပြောဆိုခဲ့သည်။ ယင်းအဖွဲ့၏ ဘဏ္ဍာရေးအင်အားမှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်ရှိကြောင်းနှင့် JPF အဖွဲ့သို့ သန်း ၄၀ ကျော် လွှဲပြောင်းပြီးဖြစ်ကြောင်းလည်း ရှင်းပြသည်။ မြန်မာငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဘာသာအမျိုးမျိုးမှ လူများစွာလည်း ပါဝင်ကြောင်း ဆိုသည်။ မြန်မာနိုင်ငံကို အစည်းအဝေးများ ကျင်းပရန် နည်းပညာ အကူအညီများ ပေးအပ်ရန် လိုအပ်သည်။ မြန်မာပြည်သူလူထုအနေနှင့်လည်း အနာဂါတ်မြန်မာနိုင်ငံတွင် ပြည်ထောင်စုစနစ် ပေါ်ပေါက်ပြီး ပါဝါခွဲဝေမှုတို့ကို အလေးထားသည့်သဘောထားအမြင်များဖြင့် လုပ်ကြရမည်။ အဆိုပါ ရည်မှန်းချက်များအတွက် အချိန်နှင့် ငွေ လိုအပ်ကြောင်းလည်း သံအမတ်ကြီး ရိုလန်ကိုဘီးယားက ပြောကြားခဲ့သည်။

၂၁ ရာစု ပင်လုံပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ တတိယအကြိမ် ဖွင့်ပွဲအခမ်းအနားတွင်လည်း

အီးယူနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ Maja Kocijancic မှ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းသည် အချိန်ယူရပြီး စိန်ခေါ်မှုများရှိသော လုပ်ငန်းစဉ်တစ်ခုဖြစ်ရာ စိတ်ရှည်ခြင်း၊ ထောက်ခံအားပေးခြင်းနှင့် ဆုံးဖြတ်ချက် ခိုင်မာခြင်းတို့ လိုအပ်ကြောင်း ဆိုထားသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ NCA လက်မှတ်ထိုးပြီးကတည်းက ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေးညီလာခံသည် ပါဝင်သူများအတွက် နှစ်စဉ်လိုလို တန်ဖိုးရှိသော အချိန်ကာလ တစ်ခုကို ဖော်ဆောင်နေကြောင်း ဖော်ပြသည်။ သို့သော် ရှေ့တွင် စိန်ခေါ်မှုများစွာ ရှိနေသေးကြောင်းလည်း သတိပေးထားသည်။ တိုင်းရင်းသားဒေသများတွင် ဆက်လက်ဖြစ်ပေါ်နေသော ပဋိပက္ခများကြောင့် လူသားများ ဒုက္ခ ခံစားနေကြရကြောင်း၊ တိုက်ပွဲများကို အမြန်ဆုံး ရပ်ဆိုင်းပြီး လူသားချင်း စာနာမှုအထောက်အပံ့များကို အမြန်ဆုံး ခွင့်ပြုရမည်ဟုလည်း ဖော်ပြခဲ့သည်။

ကမ္ဘာအတွေ့အကြုံများအရ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေး ဖြေရှင်းခြင်းသည် အချိန်ယူရသော လုပ်ငန်းစဉ်ဖြစ်ကြောင်းဆိုသည်။ သို့သော် ယင်းလုပ်ငန်းစဉ်သည် စစ်မှန်သော တည်ငြိမ်မှု၊ လုံခြုံမှုကို ဆောင်ကြဉ်းပေးသလို၊ ပိုမိုကောင်းမွန်သော ဘဝနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့ကိုပါ ဖြစ်စေသည်ဟု ထုတ်ပြန်ချက်တွင် ဆိုထားသ်။ တတိယအကြိမ်မြောက် ညီလာခံသည် မြန်မာနိုင်ငံအတွက် အခွင့်အရေးတစ်ခုကို ဖော်ဆောင်နေကြောင်းနှင့် တိုက်ခိုက်မှုများအပေါ် စေ့စပ်ဆွေးနွေးအဖြေရှာရေးအတွက် ရွေးချယ်စရာဖြစ်ကြောင်း ဖော်ပြထားသည်။ NCA အတွက် နိုင်ငံတကာ သက်သေအဖြစ် ရပ်တည်ပေးနေသော အီးယူသည် ကျန်ရှိနေသေးသော စိန်ခေါ်မှုများကို ကျော်လွှားသွားရန် မြန်မာနိုင်ငံနှင့်အတူ ဆက်လက်ရပ်တည်ပေးမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။ အီးယူသည် မြန်မာပြည်သူလူထုနှင့်အတူ ဒီမိုကရေစီရှိပြီး ငြိမ်းချမ်းသောအနာဂတ်ကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်းလည်း အီးယူထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီးယူသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နိုင်ငံရေးနည်းအားဖြင့်လည်းကောင်း၊ အခြားဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများမှတဆင့်လည်းကောင်း အားပေးထောက်ခံလျက်ရှိရာ ယူရိုငွေ ၆၈ သန်း ရှိပြီဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ကဏ္ဍအလိုက် ဘဏ္ဍာငွေ ထောက်ပံ့မှုများရှိရာ အောက်ခြေအဆင့်မှသည် နိုင်ငံတော်အဆင့်အထိ ထောက်ပံ့ခဲ့သည်။

မြန်မာ့ငြိမ်းချမ်းရေး နှင့် အိန္ဒိယ၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် ပထဝီနိုင်ငံရေးနှင့် လုံခြုံရေးအကျိုးစီးပွားအရ အလွန်အရေးပါသော အနေအထားတွင် ရှိသည်။ တရုတ်ပြည်၏ နယ်မြေ ချဲ့ထွင်လာမှုတို့ကြောင့် နယူးဒေလီအနေဖြင့်လည်း မြန်မာနိုင်ငံနှင့် ချိတ်ဆက်လုပ်ကိုင်မှုကို တိုးမြှင့်လာချင်သည့်သဘောရှိသည်။ မြန်မာနိုင်ငံတွင်းရှိ တရုတ်ပါဝါကို ရင်ဆိုင်စိန်ခေါ်ရမည်ဟုလည်း နားလည်သဘောပေါက်လာသည်။ တရုတ်ပြည်သည် မြန်မာနိုင်ငံတွင် စစ်လက်နက်မှသည် စားသောက်ကုန်ပစ္စည်းအထိ ရောင်းချနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် တရုတ်ရေတပ် အင်အားကောင်းလာလျှင် အိန္ဒိယသမုဒ္ဒရာတွင် တရုတ်ဩ ကြီးမားလာမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အိန္ဒိယ၏ 'ACT East Policy' ၏ ဗဟိုချက်နေရာတွင်ရှိပြီး အိန္ဒိယ-မြန်မာ-ထိုင်း အာရှလမ်းမကြီး၊ ကုလားတန်စီမံကိန်း၊ BIMSTEC အတွက်လည်း အရေးပါသည်။

အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံကို မဟာဗျူဟာမြောက် မိတ်ဆွေအဖြစ် အိန္ဒိယက သဘောထားသည် အိန္ဒိယနှင့် အာဆီယံ (ASEAN) ကူးလူးဆက်သွယ်နိုင်ရန် အိန္ဒိယ၊ မြန်မာနှင့် ထိုင်းပူးပေါင်းပြီး Asian Trilateral Highway လမ်းမကြီးကို ဖောက်လုပ်နေပြီဖြစ်သည်။

အိန္ဒိယသည် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်များကို အားပေးထောက်ခံလျက်ရှိသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အိန္ဒိယသမ္မတ Ram Nath Kovind မြန်မာနိုင်ငံသို့ ငါးရက်ကြာ လာရောက်လည်ပတ်ခဲ့ပြီး မြန်မာနိုင်ငံသမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံခဲ့သည်။ အိန္ဒိယသမ္မတကြီးက ၂၁ ရာစု ပင်လုံငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အပြည့်အဝ ထောက်ခံကြိုဆိုကြောင်းနှင့် ခိုင်မာသော နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သော နှစ်နိုင်ငံပူးတွဲ ကြေညာချက်တွင် 'လုံခြုံရေးတပ်ဖွဲ့ဝင်များစွာ သေဆုံးခဲ့ရသော ရခိုင်ပြည်နယ်မြောက်ပိုင်း၊ အကြမ်းဖက် တိုက်ခိုက်မှုများကို အိန္ဒိယနိုင်ငံအနေဖြင့် ရှုတ်ချကြောင်း၊ အကြမ်းဖက်မှုသည် လူ့အခွင့်အရေးကို ဖောက်ဖျက်ခြင်းသာဖြစ်ကြောင်း၊ အကြမ်းဖက်သမားများတွင် အာဇာနည်များကဲ့သို့ ဂုဏ်သိက္ခာမရှိကြောင်း ဖော်ပြခဲ့သည်။ အကြမ်းဖက် တိုက်ခိုက်သူများကြောင့် ရခိုင်ပြည်နယ်တွင် မငြိမ်မသက် ဖြစ်နေရကြောင်း၊ အပြစ်မဲ့ပြည်သူများကို ကာကွယ်ရန်အတွက် အရေးယူနှိမ်နင်းမှုများကို လုပ်ဆောင်နေရကြောင်း မြန်မာအာဏာပိုင်တို့က ထုတ်ပြန်သည်။ ၂၀၁၇ ခုနှစ် သြဂုတ်လ ၂၅ ရက်နေ့တွင် နယ်စပ်ကင်းစခန်းရှိ လုံခြုံရေးတပ်သား ၁၂ ဦးကို ဘင်္ဂလီ(ရိုဟင်ဂျာ)စစ်သွေးကြွများက သတ်ဖြတ်ခဲ့ခြင်းကြောင့် မငြိမ်မသက်များ ဖြစ်ပေါ်လာရသည်ဟု အစိုးရသတင်းဌာနများက ဆိုသည်။

အိန္ဒိယနိုင်ငံသည် ကာလကတ္တားနှင့် စစ်တွေကို ချိတ်ဆက်ရန် ရည်ရွယ်ချက်ဖြင့် ကုလားတန်စီမံကိန်းကို တည်ဆောက်နေသည်။ ယင်းစီမံကိန်းသည် a road-river-port ကုန်စည်ပို့ဆောင်ရေး စီမံကိန်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ ကုလားတန်မြစ်မှသည် အိန္ဒိယအရှေ့မြောက်ဒေသအထိ ရှိသည်။ ယင်းစီမံကိန်းကြီးကြောင့် မြန်မာ့စီးပွားရေး အားကောင်းလာမည့်အပြင် အိန္ဒိယအရှေ့မြောက်မှ ကျန်ကမ္ဘာနိုင်ငံများသို့ ကုန်ပစ္စည်းများ တင်ပို့

နိုင်သော လမ်းကြောင်းသစ်ကိုလည်း ဖန်တီးနိုင်မည်ဖြစ်သည် ၂၀၂၀ ပြည့်နှစ်တွင် စီမံကိန်းနှစ်ခုလုံး ပြီးဆုံးမည်ဟု မျှော်မှန်းထားသည်။

BIMSTECအဖွဲ့ကြီးမှတဆင့် တောင်နှင့် အရှေ့တောင်အာရှနိုင်ငံကို ဆက်သွယ်ရန် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အဓိကကျသည်။ BIMSTEC အဖွဲ့ကြီးတွင် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ နှင့် ထိုင်း တို့ ပါဝင်ကြသည်။ BIMSTEC ၏ အရှည်ကောက်စကားလုံးမှာ 'Bay of Bengal Initiative for Multi-Sectoral Techical and Economic Cooperation' ဖြစ်သည်။ ယင်းအဖွဲ့ကြီးတွင် လူဦးရေ ၁.၅ ဘီလီယံကျော် ပါဝင်ပြီး ကမ္ဘာ့လူဦးရေ၏ ၂၁ ရာခိုင်နှုန်းခန့်ရှိသည်။ စုစုပေါင်း ဂျီဒီပီ (GDP) ဒေါ်လာ ၂.၅ ထရီလီယံကျော်ရှိသည်။

ပူးတွဲထုတ်ပြန်ချက်အရ အိန္ဒိယနိုင်ငံသည် ရခိုင်ပြည်နယ်တွင် အခြေခံအဆောက်အအုံနှင့် လူမှုစီးပွားစီမံကိန်းများကို မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆိုပြုထားသည်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အိန္ဒိယနိုင်ငံမှ သွယ်ဝိုက်သောနည်းဖြင့် အားပေးကူညီသည်ဟု ဆိုရမည်။ အိန္ဒိယသည် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အားပေးကူညီရုံသာမက နိုင်ငံတကာ သက်သေအဖြစ်လည်း တက်ရောက်ပေးသည်။

အိန္ဒိယနိုင်ငံအတွက် မြန်မာ၏အဓိက စမ်းသပ်မှုမှာ ၄င်း၏ နယ်စပ်ဒေသများနှင့် အချုပ်အခြာအာဏာကို ထိန်းချုပ်စုစည်း ကာကွယ်သွားခြင်းဖြစ်သည်။ အဓိကပန်းတိုင်မှာ အားလုံးပါဝင်သော ငြိမ်းချမ်းရေး သဘောတူညီချက်ဖြစ်သည်။ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်အတူ မြန်မာနိုင်ငံသည် စီးပွားရေးကို ပြန်လည် တည်ဆောက်ရန် ဆန္ဒရှိသည်။ ငြိမ်းချမ်းတည်ငြိမ်သော တိုင်းပြည်တည်ဆောက်ရန် မြန်မာအစိုးရအနေဖြင့် လက်ရှိ စီးပွားရေးနှင့် တိုးတက်မှုနှုန်းကို ထိန်းသိမ်းမြှင့်တင်သွားလိုသည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်နှစ်ဖွဲ့ ထပ်တိုးလာမှုအပေါ် အိန္ဒိယနိုင်ငံက ကြိုဆိုခဲ့သည်။ 'အနှစ်သာရရှိသော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်' ဟု ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

NCA လက်မှတ် ရေးထိုးခြင်းအခမ်းအနားတွင် အိန္ဒိယကိုယ်စားလှယ် တက်ရောက်နေခြင်းမှာ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို အိန္ဒိယနိုင်ငံမှ ဆက်လက်ထောက်ခံနေသည်ကို သက်သေပြလိုက်ခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ နေပြည်တော်တွင် ပြုလုပ်ကျင်းပသော NCA လက်မှတ်ရေးထိုးပွဲတွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က NCA စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ယင်းအခမ်းအနားသို့ လက်နက်ကိုင် ပဋိပက္ခများသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေကြောင်း ပြောကြားခဲ့သူ နိုင်ငံတော်၏ အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် မျက်မြင်သက်သေအဖြစ် တက်ရောက်ခဲ့သည်။

၂၀၁၅ ခုနှစ်မှစတင်၍ အစိုးရနှင့် အပစ်ရပ်စာချုပ် (NCA) လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ ရှိပြီဖြစ်ပြီး အခြားအဖွဲ့လည်း စောင့်ကြည့်နေကြောင်း သတင်းများက ဆိုသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သော NCA လက်မှတ်ရေးထိုးပွဲနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ၏သဘောထားကို မေးမြန်းမှုအပေါ် ပြောခွင့်ရပုဂ္ဂိုလ်က အောက်ပါအတိုင်း ပြောဆိုခဲ့သည်။ 'အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်က ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် အိန္ဒိယနိုင်ငံ မြောက်ဘက်ပိုင်း ပြည်နယ်များ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုး

ရေးအတွက်လည်း တွန်းအားဖြစ်စေကြောင်း၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ NCA လက်မှတ်ရေးထိုးပွဲကတည်းက အိန္ဒိယနိုင်ငံသည် တရုတ်၊ ဂျပန်၊ ထိုင်း၊ ကုလသမဂ္ဂနှင့် အီးယူနိုင်ငံတို့နှင့်အတူ နိုင်ငံတကာ သက်သေအဖြစ် တက်ရောက်ခဲ့ကြောင်း၊ ယခုလို တက်ရောက်နေခြင်းသည် မြန်မာနိုင်ငံတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်များကို အိန္ဒိယနိုင်ငံက ဆက်လက်ထောက်ခံနေမှုကို ပြသလိုခြင်းဖြစ်ကြောင်း' ဖြေကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ နယ်စပ်ဒေသများကို ကာကွယ်နိုင်မှု၊ အဓိကစီမံကိန်းများတွင် ရေရှည်ပါဝင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကဏ္ဍစုံမှု၊ အိမ်နီးချင်းနိုင်ငံများအပေါ် ရန်မလိုမှုတို့သည် မြန်မာ့မူဝါဒအပေါ် သက်ရောက်မှုရှိသည်။ မြန်မာပြည် ငြိမ်းချမ်းရေးရရန် North-East ရှိ သောင်းကျန်းသူအားလုံးကို အဆုံးသတ်မည်ဟု အိန္ဒိယနိုင်ငံက ယူဆသည်။ ထို့ကြောင့် မြန်မာ့ငြိမ်းချမ်းရေးကို အိန္ဒိယက လိုလားနေခြင်းလည်း ဖြစ်သည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Ceasefire Monitoring Committee-JMC) အတွက် မော်တော်ယာဉ် ၁၀ စီးကို ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးက လှူဒါန်းခဲ့သည်။ ယင်းအခမ်းအနားသို့ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အိန္ဒိယ သံအမတ်ကြီး Mr. Vikram Misri တို့ တက်ရောက်ခဲ့ကြသည်။

သံအမတ်ကြီး Mr.Vikram က မော်တော်ယာဉ် ၁၀ စီး လှူဒါန်းရခြင်းအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် JMC ၏ လုပ်ဆောင်မှုများ ထိရောက်အောင်မြင်ခြင်းကို အလိုရှိပါကြောင်း၊ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်များကို ဆက်လက် ကူညီသွားမည်ဖြစ်ကြောင်းဆိုသည်။ JMC ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ကလည်း သံအမတ်ကြီးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ကျင်းပခဲ့သော ၂၁ ရာစု ပင်လုံညီလာခံသို့ အိန္ဒိယနိုင်ငံနှင့် တိုက်ခိုက်နေလျက်ရှိသော နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (National Socialist Council of Nagaland-NSCN(K)) အဖွဲ့လည်း လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။

တစ်နိုင်ငံလုံး အပစ်ရပ်သဘောတူစာချုပ် (NCA)ကို ၂၀၁၅ ခုနှစ်တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ခုမှ လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် အင်အားကြီး လက်နက်ကိုင်အုပ်စုများကမူ လက်မှတ်ရေးထိုးရန် ငြင်းဆန်လျက်ရှိသည်။ NSCN (K) အဖွဲ့သည် စစ်ကိုင်းတိုင်းတွင် Lahe ၊ Leshi နှင့် Nanyun မြို့နယ်များပါဝင်သော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Naga Self-Administered Zone) ကို မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအရ ပေးအပ်ထားပြီးဖြစ်သော်လည်း အချုပ်အချာ တောင်းဆိုမှုကို ဆုပ်ကိုင်ထားလျက်ရှိသည်။

ညီလာခံပြီးနောက် အစိုးရပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက NSCN(K)၏ နာဂပြည်နယ်ထူထောင်ရေးတောင်းဆိုချက်ကြောင့် NCA လက်မှတ်ရေးထိုးခွင့် မပြုနိုင်ကြောင်း သတင်းမီဒီယာများသို့ ပြောကြားခဲ့သည်။

နာဂပြည်နယ် နယ်မြေကိစ္စ ဖြေရှင်းပြီးမှသာ NCA လက်မှတ်ထိုးဖို့ ဖြစ်နိုင်တယ်လို့ NSCN(K) က ကြေညာမှုအပေါ် အစိုးရအနေနှင့် မနှစ်သက်သလို ရှိနေတယ်ဟု နာဂရေးရာကောင်စီ ဥက္ကဋ္ဌ Athang Makury က ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသရှိ လက်နက်ကိုင် စခန်းအားလုံးကို အမျိုးအစားနှစ်မျိုး ခွဲခြားနိုင်သည်။ နာဂဒေသနှင့် Arunachal Pradesh ဒေသတို့နှင့် ဆက်စပ်လျက်ရှိသော မြောက်ပိုင်းဇုန်နှင့် မဏိပူရနယ်စပ်ဒေသရှိ စခန်းများဟူ၍ဖြစ်သည် မြောက်ပိုင်းဇုန်နယ်မြေကို NSCN(K)အဖွဲ့က ထိန်းချုပ်လျက်ရှိပြီး ဖွံ့ဖြိုးမှုအနည်းဆုံးဒေသတစ်ခု ဖြစ်သည်။ ယင်းဒေသတွင် လက်နက်ကိုင်စခန်းများရှိသော ဇုန်လေးဇုန်ရှိပြီး တစ်ခုနှင့်တစ်ခု

အလွန်နီးကပ်လျက်ရှိသည်။

၂၀၁၂ ခုနှစ် သဘောတူညီချက်သည် NSCN(K) နှင့် မြန်မာ့တပ်မတော် နှစ်ဖက်စလုံးအတွက် အကျိုးရှိသည်။ သို့သော် နိုင်ငံတော်အလံကို နာဂရွာအများစုတွင် လွှင့်ထူထားကြသည်။ ယင်းမှာ လွန်ခဲ့သော ဆယ်စုနှစ်များက အိပ်မက်ပမာပင်။ နာဂရွာတချို့တွင် မြန်မာကျောင်းဆရာများက စာသင်ပေးနေကြပြီဖြစ်သည်။ နာဂဒေသတွင် ပဋိပက္ခများ ချုပ်ငြိမ်းနိုင်၍ မြန်မာ့တပ်မတော်အနေဖြင့် တိုက်ပွဲဆက်လက်ဖြစ်ပွားရာ ဒေသများဖြစ်သော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် အင်အားထပ်တိုးနိုင်ခဲ့သည်။ အကြမ်းဖက်မှုများ ပြင်းထန်လျက်ရှိသည့် ရခိုင်ပြည်နယ်သို့လည်း စစ်အင်အား အများအပြား ပို့လွှတ်လျက်ရှိသည်။

အဆိုပါ အကြောင်းရင်းများကြောင့် နယူးဒေလီအစိုးရအနေဖြင့် မည်သို့ပင် တောင်းဆိုနေစေကာမူ မြန်မာ့တပ်မတော်အနေဖြင့် နာဂတပ်များအပေါ် စစ်ခင်းဖို့ ဆိုသည်မှာ လောလောဆယ် မဖြစ်နိုင်ပေ။ NSCN(K) အနေဖြင့်လည်း အခြားလက်နက်ကိုင်အဖွဲ့များ၏ ထောက်ပံ့မှုကို ရရှိသည့်သဘောရှိသည်။ စစ်စခန်းများ တစ်ခုနှင့်တစ်ခု နီးနီးကပ်ကပ် တည်ရှိနေမှုက သက်သေခံနေသည်။ အစောပိုင်းကာလကပင် မြန်မာစစ်တပ် နှိမ်နင်းထားသော မဏိပူရ အုပ်စုများ၏ စစ်စခန်းများသည် ရက်သတ္တပတ်အနည်းငယ်အတွင်း ပြန်လည်ပေါ်ပေါက်ခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် တာဂါနယ်ရှိ အာသံသူပုန်အဖွဲ့(United Liberation Front of Assan-ULFA)၏ စစ်စခန်းတစ်ခုကို မြန်မာစစ်တပ်က မီးရှို့ဖျက်ဆီးခဲ့သည်။ သို့သော် လူ အသေအပျောက် မရှိခဲ့ပေ။

အိန္ဒိယအစိုးရ၏ အကြမ်းဖက်မှု ဆန့်ကျင်ရေး ဒီပလိုမေစီအရ မြန်မာနှင့် အိန္ဒိယနယ်စပ်တွင် အခြေပြုလှုပ်ရှားနေသည်။ လက်နက်ကိုင်အဖွဲ့များကိုလည်း ဖယ်ရှားလိုသည်။ ထို့ကြောင့် မြန်မာစစ်သား ၅၀၀ ကျော်သည် အိန္ဒိယခွဲထွက် သူပုန်များ ပုန်းအောင်းရာနေရာများကို ဖျက်ဆီးပြီး NSCN-K ဗဟိုဌာနချုပ်ကိုလည်း စစ်ပိုင်းဆိုင်ရာ ထိန်းချုပ်ယူခဲ့သည်။ NSCN-K သည် သူတို့၏ စစ်စခန်းများရှိ အကြမ်းဖက်သမားများနှင့် လက်နက်ကိုင် သူပုန်များကို မောင်းထုတ်ရန် မြန်မာစစ်တပ်၏ တောင်းဆိုမှုအပေါ် ငြင်းပယ်ခဲ့သည်။

မြန်မာစစ်တပ်သည် တာဂနယ်ရှိ အိန္ဒိယသူပုန်အုပ်စုများကို နှိမ်နင်းခဲ့ပြီး စစ်လက်နက်များစွာ သိမ်းပိုက်ရရှိခဲ့သည်။

အိန္ဒိယသူပုန်အုပ်စုများ မြန်မာနိုင်ငံဘက်တွင် စစ်စခန်းများ ဆောက်လုပ်မည့်အစား အိန္ဒိယဘက်ခြမ်းသို့ ပြန်မည်ဆိုသည်။။ ပြင်းထန်းသောထိုးစစ်လုပ်မည်မဟုတ်ဟု ကြားသိရကြောင်း သတင်းများက ဆိုသည်။ ယင်းလက်နက်ကိုင်သူပုန်အုပ်စုများ မြန်မာဘက်ခြမ်းတွင် အခြေပြုခြင်းနှင့် NSCN-K ကို အသုံးပြုနိုင်ခြင်းမှာ ထူးခြားလေးနက်လျက်ရှသည်။ ယင်းဒေသတွင် အခြေချလျက်ရှိသော မြန်မာ့တပ်မတော် စစ်သည်အင်အားကို တိတိကျကျ သိရှိနိုင်ရန် စီစစ်နိုင်သော်လည်း အိမ်နီးချင်းနိုင်ငံများတွင် ခြေကုတ်ယူထားလျက်ရှိသည်။ စစ်သွေးကြွစစ်သည်အင်အားမှာ အနည်းဆုံး ၂၀၀၀ ခန့်ရှိသည်ဟု လုံခြုံရေးအကျဉ်စီများက ယုံကြည်ကြသည်။

ဆွေးနွေးမှုများအတွင်း နှစ်နိုင်ငံကြား ခေါင်းဆောင်များသည် ငြိမ်းချမ်းရေး၊ ပူးပေါင်း ဆောင်ရွက်ရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြန်လည်သုံးသပ်အတည်ပြုခဲ့ကြသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ မြန်မာပြည်ခရီးစဉ် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏ အိန္ဒိယခရီးစဉ်များပြီးကတည်းက နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာခဲ့သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးပေါ်လစီနှင့် အိန္ဒိယနိုင်ငံ၏ Act East and Neighbourhood First ပေါ်လစီကြားတွင် ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ လုံခြုံရေး

စသည့် သဘောတူညီမှုများကို ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ နှစ်နိုင်ငံရှိ ပြည်သူများ အပြန်အလှန် အကျိုးဖြစ်ထွန်းရေးအတွက် နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်နိုင်မည့် အခွင့်အလမ်းသစ်များကို ဆက်လက် ရှာဖွေသွားမည်ဟုလည်း နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူခဲ့ကြသည်။

မြန်မာနိုင်ငံတော် သမ္မတကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ သမ္မတကြီး Shri Ram Nath Kovind နှင့် ဇနီး Smt. Savita Kovind တို့သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ ယင်းခရီးစဉ်သည် နှစ်နိုင်ငံ ခေါင်းဆောင်များကြား အဆင့်မြင့် ပူးပေါင်းဆောင်ရွက်ရေးကို ခိုင်မာလာစေသည်။ ဒီဇင်ဘာလ ၁၄ ရက်နေ့ တွင် မြန်မာ-အိန္ဒိယ ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ပူးတွဲကြေညာချက်ပါ သဘောတူညီချက် တချို့သည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဆက်စပ်လျက်ရှိသည်။

အကြမ်းဖက်မှုများသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ခြိမ်းခြောက်လျက်ရှိပြီး ဘက် ပေါင်းစုံက အစွမ်းကုန် ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်ကြီးများက သဘောတူခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ ဂုဏ်သိက္ခာကို အပြန်အလှန် လေးစား တန်ဖိုးထားပြီး သူပုန်လှုပ်ရှားမှုများနှင့် အကြမ်းဖက်လှုပ်ရှားမှုများကို ချေမှုန်းသွားကြမည်ဖြစ်ကြောင်း ပါဝင်သည်။ နယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် သူပုန်အုပ်စုများကို မိမိတို့၏ နယ်မြေပေါ်တွင် လှုပ်ရှားခွင့်မပြုကြရန်လည်း ထပ်လောင်း အတည်ပြုခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း အခြေအနေများနှင့်ပတ်သက်၍လည်း နှစ်ဘက်ခေါင်းဆောင်များ အမြင်ဖလှယ် ခဲ့ကြသည်။ ရခိုင်ဒေသတွင် နေရပ်စွန့်ခွာသူများ နေရပ်ရင်းပြန်လာရေးအတွက် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်ကြား သဘောတူညီမှု ရရှိခဲ့မှုအပေါ်၌ ကြိုဆိုထောက်ခံကြောင်း အိန္ဒိယက ဖော်ပြသည်။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်လက်အောက်ရှိ အခြေခံအဆောက်အုံပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံ၏ ကူညီ ထောက်ပံ့မှုအပေါ်၌လည်း မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်း ပြောဆိုခဲ့သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်း ၌ လုပ်ဆောင်လျက်ရှိသည့် အိမ်ရာစီမံကိန်းအပေါ်၌လည်းကောင်း၊ မြန်မာနိုင်ငံတွင်း လယ်ယာစိုက်ပျိုးရေးနှင့် နည်းပညာအတွက် အိန္ဒိယနိုင်ငံမှ အကူအညီများ တိုးမြှင့်ပေးရန်အတွက်လည်း နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးခဲ့ကြသည်။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် အိန္ဒိယဘက်မှ အကူအညီများပေးရန် ဆန္ဒရှိကြောင်းလည်း ပြောဆိုခဲ့သည်။

မြန်မာငြိမ်းချမ်းရေးနှင့် ဂျပန်၏အခန်းကဏ္ဍ

နိုင်ငံတကာ အသိုက်အဝန်းနည်းတူ ဂျပန်နိုင်ငံသည်လည်း မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်နေခဲ့သည်။ နိုင်ငံတကာ အလှူရှင် နိုင်ငံများသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အားကောင်းစေရန်အတွက် တိုင်းရင်းသားအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မြန်မာအစိုးရအပေါ် အကြံဉာဏ်များပေးလျက်ရှိသည်။ ၂၀၁၂ ခုနှစ် အစောပိုင်းကာလကတည်းက နော်ဝေးနိုင်ငံသည် မြန်မာငြိမ်းချမ်းရေးထောက်ပံ့ရေးအဖွဲ့ (Myanmar Peace Support Initiative-MPSI) ကို ထောက်ပံ့ခြင်းဖြင့် ဦးဆောင်ခဲ့သည်။ MPSI အဖွဲ့သည် ယခင် ဦးသိန်းစိန်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ငြိမ်းချမ်းရေးလုပ်ဆောင်ချက်များကို အားပေးရန် ရည်ရွယ်သည်။ အရေးပေါ် အကူအညီများကို ထောက်ပံ့ပေးသည့်အပြင် နိပ္ပန်ဖောင်ဒေးရှင်း (Nippon Foundation) သည် အစိုးရနှင့် ယုံကြည်မှုတည်ဆောက်ရန် လိုအပ်နေသေးသော လက်နက်ကိုင်အဖွဲ့များနှင့်လည်း ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

နိပ္ပန်ဖောင်ဒေးရှင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယုံကြည်မှုတည်ဆောက်ရန်အတွက် မြန်မာအစိုးရအပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ (EAOS) နှင့်ပါ လုပ်ကိုင်လျက်ရှိသည်။ ယင်း၏ အစီအစဉ်များတွင် အစားအသောက်နှင့် အစားအသောက် မဟုတ်သော ကူညီမှု (ဆေးဝါး၊ ခြင်ထောင်၊ ဆိုလာမီးအိမ်) ကဲ့သို့သော လူသားချင်း စာနာမှုအထောက်အပံ့များ ပါဝင်သည်။ ပဋိပက္ခဖြစ်နေသော မြန်မာနိုင်ငံ တောင်ဘက်ပိုင်းဒေသများတွင်မူ နိပ္ပန်ဖောင်ဒေးရှင်းသည် ၂၀၁၆ ခုနှစ် အစောပိုင်းကာလကတည်းက အရေးပါသော လူမှုရေးအဆောက်အအုံများဖြစ်သည့် (နေအိမ်များ၊ ကျောင်းများ၊ ကျန်းမာရေးစင်တာများ၊ တံတားများ)ကို ဆောက်လုပ် ထောက်ပံ့လျက်ရှိသည်။ အဆိုပါ စီမံကိန်းများတွင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs)နှင့် နိပ္ပန်ဖောင်ဒေးရှင်း သုံးပွင့်ဆိုင်အဖွဲ့များကြား သဘောတူညီမှု ယူကြရသည်။ ဆာဆာကာဝါ ကျန်းမာရေးဖောင်ဒေးရှင်း (Sasakawa Memorial Health Foundation)နှင့် ပူးပေါင်းကာ နိပ္ပန်ဖောင်ဒေးရှင်းသည် ၁၉၇၀ ခုနှစ်ကတည်းက အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် လုပ်ဆောင်ခဲ့သည်။ နိပ္ပန်ဖောင်ဒေးရှင်း၏ အစောပိုင်းလုပ်ငန်းစဉ်များမှာ ဆေးဝါးထောက်ပံ့မှုများဖြစ်ပြီး မြန်မာကျန်းမာရေးဝန်းကြီးဌာနမှတဆင့် ဆေးဝါးနှင့် ဆေးဝါးဆိုင်ရာ ထောက်ပံ့မှုများကို ဖြန့်ဝေခြင်းတို့ ပါဝင်သည်။

အတိတ်ကာလကို ပြန်ပြောင်းကြည့်လျှင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် မော်လမြိုင်မြို့၌ ပဂ္ဂလိကအခမ်းအနားတစ်ခု ပြုလုပ်ခဲ့သည်။ ယင်းအခမ်းအနားသည် အမေရိကန်ဒေါ်လာ ၆၄,၀၀၀ တန်ဖိုးရှိ အနောက်တိုင်းနှင့် တိုင်းရင်းဆေးများအပါအဝင် ဆန်တန်ချိန် ၅၀ ကို ပြည်တွင်းနေရပ်မဲ့အသိုင်းအဝိုင်းများ၏ ကိုယ်စားလှယ်များကို ပေးအပ်ခြင်းဖြစ်သည်။ ယင်းအခမ်းအနားကို မွန်ပြည်နယ် ဝန်ကြီးချုပ် အုံးမြင့်နှင့် ဦးသိန်းစိန်အစိုးရအဖွဲ့မှ ဝန်ကြီးဦးအောင်မင်းတို့ တက်ရောက်ခဲ့ကြသည်။ ယင်းအခမ်းအနားသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း လက်အောက်ခံဒေသတွင်းမှ ထိခိုက်နစ်နာသူများကို နိုင်ငံတကာ အင်ဂျီအို (NGO) အဖွဲ့တစ်ခုက တိုက်ရိုက်ပေးလှူခွင့်ရသော ပထမဆုံးအကြိမ် အတွေ့အကြုံဖြစ်သည်။ နိပ္ပန်ဖောင်ရှင်း (NP)

က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြင့် ဂျပန်နိုင်ငံ၏ နိပွန်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပါဝင်လျက်ရှိသည်။

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလတွင် နိပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ယိုဟဲအိ ဆာဆကာဝါ (Yohei Sasakawa)ကို "မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး နှလုံးလှသံအမတ်ကြီး" (goowill ambassador for the weifare of the national races in Myanmar) အဖြစ် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ခန့်အပ်ခဲ့သည်။ ယင်းသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များအတွက် ထောက်ပံ့နိုင်သော ဂျပန်အခိုင်အင်ဂျီအို (INGO)တစ်ခုကို ဂျပန်အစိုးရအနေဖြင့် ခါတော်မီ ဖန်တီးလိုက်ခြင်းဖြစ်သည်။ နိပွန်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှု ပရိဂရမ်များ ဆောင်ရွက်နေသည်မှာ နှစ်အတော်ကြာပြီဖြစ်သည်။ ၂၀၁၂ ခုနှစ် နှစ်လယ်ပိုင်းတွင် ယိုဟဲအိ ဆာဆာကာဝါနှင့် နိပွန်ဖောင်ဒေးရှင်းမှ ဝန်ထမ်းတချို့တို့သည် ထိုင်းနိုင်ငံချင်းမိုင် အခြေစိုက် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (United Nationalities Federal Council-UNJFC)အဖွဲ့မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၁ ဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြသည်။

ဆာဆာကာဝါ၏ အဆိုအရ နိပွန်ဖောင်ဒေးရှင်း၏ ဦးစားပေးလုပ်ငန်းစဉ်မှာ ပြည်တွင်းနေရပ်စွန့်ခွာသူများ (IDPs) အားလုံး၏ လိုအပ်ချက်များအတွက် အရေးပေါ်အကူအညီများ၊ ထောက်ပံ့ပေးရေးနှင့် ဘဝများကို ကယ်တင်ရေးဖြစ်သည်ဟု သိရ၍သည်။ နှစ်ပေါင်းများစွာ အနာကြီးရောဂါနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို ဆောင်ရွက်ပေးနေခဲ့သော နိပွန်ဖောင်ဒေးရှင်းသည် တိုင်းရင်းသားလူနည်းစုများအပေါ် တိုးချဲ့ကူညီလာခြင်းဖြစ်သည်။ နယ်စပ်ဒေသများတွင် ဖြစ်ပွားလျက်ရှိသော အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်(IDPs)များကြား တိုက်ပွဲများကြောင့် မြန်မာနိုင်ငံတွင် ပြည်တွင်းနေရပ်စွန့်ခွာသူ တစ်သန်းထက်မနည်းရှိကြောင်း အဖွဲ့ကြီးက ခန့်မှန်းသည်။ ထိုင်း-မြန်မာနယ်စပ် အကူအညီပေးရေး ညွှန့်ပေါင်းအဖွဲ့ (Thai-Burma Border Consortium) ၏ နောက်ဆုံးထုတ်ပြန်ချက်များအရ ထိုင်း-မြန်မာနယ်စပ်တလျှောက်ဖြစ်သော ရှမ်း၊ ကရင်၊ ကရင်နီ၊ မွန်၊ ပဲခူး၊ တနင်္သာရီဒေသများတွင် နေရပ်စွန့်ခွာသူ လေးသိန်းကျော်ရှိကြောင်း သိရသည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် အရေးပေါ်အကူအညီများ တိုက်ရိုက်ထောက်ပံ့နိုင်ရေးနှင့် ပတ်သက်၍ မြန်မာအစိုးရနှင့် နီပွန်ဖောင်ဒေးရှင်းကြား နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ခဲ့သည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)၏ မေတ္တာရပ်ခံချက်အရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ရာဒေသတွင်းရှိ နေရပ်စွန့်ခွာများအတွက်လည်း လူသားချင်းစာနာမှု အကူအညီများ တိုက်ရိုက်လှူဒါန်းခွင့်ကို ဩဂုတ်လမှစတင်၍ အစိုးရဘက်မှ နီပွန်ဖောင်ဒေးရှင်းအား ခွင့်ပြုပေးခဲ့သည်။ ငြိမ်းချမ်းရေးဖြစ်ထွန်းမှုများကို ဆက်လက်အားပေးရန်အတွက် အမေရိကန်ဒေါ်လာ ၃ သန်း တန်ဖိုးရှိ လူသားချင်းစာနာမှုအထောက်အကူများကို အောက်တိုဘာလတွင် ကျင်းပခဲ့သော တိုကျိုအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။ "ငြိမ်းချမ်းရေးလုပ်နေသမျှ ကျွန်ုပ်တို့အနေဖြင့် တိုက်ရိုက်အကူအညီတွေ ပေးသွားမှာပါ" ဟု ဆာဆာကာဝါက ပြောဆိုခဲ့သည်။ "ဒါဟာ အာရှလမ်းစဉ်ပဲ ဖြစ်ပါတယ်။ အစည်းအဝေးအားလုံးကို ကျွန်တော်ကိုယ်တိုင် တက်ရောက်ခဲ့ပြီး တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်" ဟု ဆာဆာကာဝါက ဆိုသည်။ သူ့အနေနှင့် တိုင်းရင်းသား လူနည်းစုအုပ်စုများအပေါ် ယုံကြည်မှုရှိကြောင်းလည်း ပြောဆိုခဲ့သည်။

လမ်းခရီးမပေါက်သော တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ရာဒေသများသို့ အရေးပေါ်အကူအညီများနှင့် ဆေးဝါးရောက်ရှိရေးမှာ ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ဘေးကင်းလုံခြုံသော ကူညီရေး

လမ်းကြောင်းဖြစ်စေရန် နိပ္ပန်ဖောင်ဒေးရှင်အနေဖြင့် တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်များဖြင့် ဆွေးနွေးလျက်ရှိသည်။

မြန်မာအစိုးရ၏ လူနည်းစုများအပေါ် ငြိမ်းချမ်းရေးဆွေးနွေးမှုများနှင့် လူသားချင်းစာနာမှု အထောက်အပံ့နှင့်ပတ်သက်၍ ချဉ်းကပ်မှုမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ယင်းဖြစ်စဉ်တွင် ပုံမှန်အာရှတိုက်သား လေ့လာသူတစ်ဦးပါသည်။ အသစ်အဆန်းတစ်ခုလည်း ဖြစ်သည်။ မြန်မာ့အမျိုးသားပြန်လည်သင့်မြတ်ရေးကို အားပေးကူညီရန် ဆာဆာကာဝါ၏ စိတ်အားထက်သန်မှုများကြောင့်လည်း ဂျပန်အကြီးတန်းအရာရှိကြီးများကိုယ်တိုင် ဆာဆာကာဝါ၏ အရေးပါမှုအပေါ် ယုံကြည်မှုရှိသည်။ အခြားနိုင်ငံတကာ ကူညီရေးအဖွဲ့အစည်းများအနေဖြင့်လည်း အလားတူ ခွင့်ပြုချက်မျိုး ရရှိပါက တိုင်းရင်းသားလက်နက်ကိုင်ဒေသများတွင် ကူညီထောက်ပံ့ရန် အသင့်ရှိနေကြသည်။

ဒီဇင်ဘာလအစောပိုင်း ကာလတွင် မြန်မာအစိုးရနှင့် ချင်းအမျိုးသားတပ်ဦး (Chin National Front) တို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပခဲ့ရာ ဆာဆာကာဝါသည် လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ အခြား လူနည်းစုအုပ်စုများကလည်း ၄င်းတို့နှင့် အစိုးရကြား ပြုလုပ်သော ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ဆာဆာကာဝါကို ဖိတ်ကြားခဲ့ကြသည်။ နောက်လာမည့်အစိုးရနှင့် မွန်ပြည်သစ်ပါတီ၊ ပအို့ဝ်အမျိုးသား လွတ်မြောက်ရေးအဖွဲ့နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသို့လည်း လေ့လာသူအဖြစ် တက်ရောက်ရန် စီစဉ်ထားသည်။ မြန်မာနိုင်ငံအတွင်း ထာဝရ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် တတိယပါတီ၏ အကူအညီကလည်း အထူး လိုအပ်သည်။

လာမည့်နှစ်များတွင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ဂျပန်နိုင်ငံသည် ၄င်းတို့၏ သံတမန်ပိုင်းဆိုင်ရာ အားထုတ်မှုကို သိသိသာသာ တိုးမြင့်လာတော့မည်ဖြစ်သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာထိုင်းသတင်းစာနှင့် သီးသန့်တွေ့ဆုံမေးမြန်းခန်း၌ ဂျပန်အထူးသံတမန် ယိုဟဲအိ ဆာဆာကာဝါ (Yohei Sasakawa) က ယခုလို ပြောဆိုခဲ့သည်။ ဂျပန်နိုင်ငံသည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သူအားလုံးကြား စိတ်ချယုံကြည်မှု တည်ဆောက်နိုင်ရန်နှင့် မြန်မာ့ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လမ်းလွဲမသွားစေရန် ၄င်းတို့၏ အားထုတ်မှုကို နှစ်ဆတိုးမြှင့်သွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ 'မိတ်ဆွေအားလုံးကြားတွင် ယုံကြည်မှုကို တည်ဆောက်မွေးမြူကြရမည်' ဟုလည်း ဆာဆာကာဝါက တိုက်တွန်းခဲ့သည်။

ဆာဆာကာဝါသည် ၂၁ ရာစု ပင်လုံညီလာခံကို ထောက်ခံသောအားဖြင့် ၂၀၁၈ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး လှည့်လည်ကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ မစ္စတာ ဆာဆာကာဝါသည် နိပ္ပန်ဖောင်ဒေးရှင်း(Nippon Foundation)ကို ဦးဆောင်သူလည်း ဖြစ်သည်။ ၂၀၁၂ ခုနှစ်မှ စတင်ကာ နိပ္ပန်ဖောင်ဒေးရှင်းသည် စစ်ဒဏ်ခံလူတစ်သန်းနီးပါးအတွက် အမေရိကန်ဒေါ်လာ ၂၁ သန်း (မြန်မာကျပ်ငွေ ၂၈.၆ ဘီလီယံ) တန်ဖိုးရှိ အစားအသောက်နှင့် လူသားချင်းစာနာမှုအထောက်အကူများကို ပေးပို့ခဲ့ပြီးဖြစ်သည်။ ယခင်က ကျင်းပခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲနှစ်ပွဲသည် ရလဒ်များနှင့် ပိုသာသော အားထုတ်မှုများ ပေါင်းစပ်ထားကြောင်း၊ ငြိမ်းချမ်းရေးသာလျှင် တည်ငြိမ်မှုနှင့် တိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်ကြောင်း သူက ဆိုသည်။

ကေအန်ယူ (Karen National Union-KNU) ထိန်းချုပ်ရာဒေသများသို့လည်း ၄င်းတို့အဖွဲ့အနေဖြင့် လူသားချင်း စာနာမှုအကူအညီများ ပေးပို့လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသ်။ 'ကေအန်ယူဟာ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးစာချုပ် (NCA) ကို လက်မှတ်ရေးထိုးပြီးပြီ။ အခု သူတို့တွေဟာ ငြိမ်းချမ်းရေးအကျိုးအမြတ်

ကို ခံစားနေရပြီ။ သူတို့ဆီမှာ စာသင်ကျောင်းတွေ၊ ကျန်းမာရေးဆေးခန်းတွေ၊ အခြားအဆောက်အဦးတွေ ရှိနေကြပြီ' ဟုလည်း ဆာဆာကာဝါက ပြောဆိုခဲ့သည်။ ယခုအချိန်ကတည်းက အစိုးရ၊ တပ်မတော်နှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များကြားမှာ ကောင်းမွန်သော နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မဖြစ်မနေ လုပ်သင့်သည်ဟုလည်း ထောက်ပြခဲ့သည်။ ကေအန်ယူ (KNU) ကဲ့သို့ လူသားချင်းစာနာမှုအကူအညီများကို ကျယ်ကျယ်ပြန့်ပြန့်ထောက်ပံ့ပေးနိုင်ရန် အခြားလက်နက်ကိုင်အဖွဲ့များကိုလည်း အပစ်ရပ်စာချုပ်တွင် လက်မှတ်ရေးထိုးစေချင်ကြောင်း ၄င်းက ပြောသည်။ ပဋိပက္ခဒေသများသို့ သူကိုယ်တိုင် သွားရောက်လေ့လာခဲ့သဖြင့် စစ်ဘေးဒဏ်ပြည်သူတို့၏ လိုအပ်ချက်များကို သိရှိခဲ့ရကြောင်း ထည့်သွင်းပြောဆိုခဲ့သည်။

မြန်မာအစိုးရ၊ လက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံခြားအစိုးရများကြား ဆွေးနွေးမှုများမှတဆင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အဆင်ပြေချောမွေ့ အားကောင်းစေရန်အတွက် မစ္စတာ ဆာဆာကာဝါအား ဂျပန်အစိုးရက အထူးသံတမန်အဖြစ် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ခန့်အပ်ခဲ့သည်။ တရုတ်အစိုးရကလည်း မြန်မာနိုင်ငံအတွင်း စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် အလားတူ အထူးသံတမန်တစ်ဦး ခန့်အပ်ခဲ့သည်။ မြန်မာနိုင်ငံသည် ပြည်တွင်း ပဋိပက္ခများကို နှစ် ၇၀ ကျော် ခံစားနေရသောကြောင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်အပေါ် နိုင်ငံခြားတိုင်းပြည်များအနေဖြင့် အနီးကပ်အာရုံစိုက်နေကြခြင်းဖြစ်သည်။ ဆာဆာကာဝါ၏ ပြောကြားချက်အရ မြန်မာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အားပေးကူညီရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ နီးပါးကို ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး (Shinz0 Abe) က ခွင့်ပြုခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

မြန်မာအုပ်စုများကြား ဖြစ်ပေါ်နေသော မယုံကြည်မှုများနှင့်ပတ်သက်၍ မြန်မာထိုင်းသတင်းစာ၏ မေးခွန်းကို မစ္စတာ ဆာဆာကာဝါက ဖြေကြားရာတွင် 'တွေ့ဆုံဆွေးနွေးမှုကို ဘယ်တော့မှ မစွန့်လွှတ်ဖို့ သိပ် အရေးကြီးပါတယ်။ တစ်ချိန်တည်းမှာပဲ ဆွေးနွေးမှုအဆင့်တိုင်းအတွက် အချိန်ကန့်သတ်မှုတွေ သတ်မှတ်ရပါမယ်။ ဒီလိုလုပ်မယ်ဆိုရင် တိုးတက်မှုတွေ ရရှိနိုင်ပါတယ်။ ဘယ်လိုအခြေအနေပဲ ပေါ်ပေါက်နေပါစေ တွေ့ဆုံဆွေးနွေးမှုကိုတော့ ဆက်လုပ်သွားရပါမယ်။ အဲဒါသာ ငြိမ်းချမ်းသောဖြေရှင်းခြင်းအတွက် အဓိကအချက်လို့ ကျွန်တော်ယုံကြည်ပါတယ်'ဟု ဆိုသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရို ခိုနို (Taro Kono) ၏ ကြေညာချက်တွင်လည်း မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် ဂျပန်အစိုးရအနေဖြင့် စိတ်အားထက်သန်လျက်ရှိကြောင်း ဖော်ပြထားသည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူ ဒီမိုကရက်တစ် အစည်းအရုံး (Lahu Democratic Union-LDU) တို့၏ အပစ်ရပ်စာချုပ်(NCA)၌ လက်မှတ်ရေးထိုးခြင်းကို အလေးအနက် ကြိုဆိုကြောင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အပြုသဘောဆောင်သော ခြေလှမ်းတစ်ခုအဖြစ် မှတ်ယူကြောင်း နိုင်ငံခြားရေးဝန်ကြီး၏ ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ယင်းလက်မှတ်ထိုးပွဲသို့ ဂျပန်အထူးသံတမန် မစ္စတာ ဆာဆာကာဝါလည်း နိုင်ငံတကာ သက်သေတစ်ဦးအနေဖြင့် တက်ရောက်ခဲ့သည်။ ဆာဆာကာဝါသည် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိသူဖြစ်သည်။

ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်များ ဆက်လက်တိုးတက်လာစေလိုကြောင်းနှင့် အပစ်ရပ်စာချုပ်(NCA) လက်မှတ်ရေးထိုးပြီး ဒေသများတွင် ကူညီထောက်ပံ့မှု လုပ်လိုကြောင်းကို ထုတ်

ပြန်ချက်တွင် အလေးထားဖော်ပြထားသည်။ ယခုအချိန်ထိ ဂျပန်အစိုးရသည် နိပ္ပန်ဖောင်ဒေးရှင်းကဲ့သို့သော ဂျပန်အင်ဂျီအိုများနှင့်ပူးပေါင်းကာ နေအိမ်များ၊ ကျောင်းများ၊ ဆေးရုံများ၊ တံတားများကို (အထူးသဖြင့် ကရင်ပြည်နယ်တွင်) ဆောက်လုပ်ပေးလျှက်ရှိသည်။ အနာဂတ်တွင်လည်း မြန်မာအစိုးရ၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းတိုင်ပင်ကာ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ထောက်ပံ့မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်အတွင်းရှိ စစ်ဘေးဒဏ်သင့်ပြည်သူများအတွက်လည်း ထောက်ပံ့မှုများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံတွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် အင်ဒို-ပစိဖိတ်ဒေသတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် အလွန်အမင်း အရေးကြီးကြောင်း ထုတ်ပြန်ချက်က ဆိုထားသည်။ အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ၏ အပစ်ရပ်စာချုပ် (NCA) အပေါ် နားလည်လာမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုများကြောင့် မြန်မာပြည်သူများသည် ငြိမ်းချမ်းရေး အသီးအပွင့်ကို ခံစားလာကြမည်ဟု ဂျပန်အစိုးရအနေဖြင့် ခိုင်ခိုင်မာမာ ယုံကြည်ကြောင်းလည်း ဖော်ပြထားသည်။ အချုပ်ဆိုရသော် မြန်မာအုပ်စုများကြား ယုံကြည်မှု ပျောက်ဆုံးနေကြသော်လည်း ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပိုမို၍ တက်ကြွစွာ ပါဝင်လာမည်ဟု ထင်မြင်မိသည်။

မြန်မာ့ငြိမ်းချမ်းရေးနှင့် အမေရိကန်၏အခန်းကဏ္ဍ

မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးအသွင်ကူးပြောင်းမှု ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် အသိအမှတ်ပြုသောအားဖြင့် အမေရိကန်နိုင်ငံသည် အရေးပါသော ခြေလှမ်းများကို ဖော်ဆောင်လာခဲ့သည်။ အမေရိကန်နိုင်ငံသည် အလွှာစုံ ဖွံ့ဖြိုးရေးဘဏ်များမှတဆင့် အသွင်ကူးပြောင်းရေးလုပ်ငန်းများကို တက်တက်ကြွကြွ ပါဝင်ပေးခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ၁၉၉၇ ခုနှစ်ကတည်းက မြန်မာနိုင်ငံအပေါ် ချမှတ်ခဲ့သော အမျိုးသားအရေးပေါ် သဘောထားကိုလည်း ပယ်ဖျက်ခဲ့သည်။ မြန်မာနိုင်ငံအပေါ် ချမှတ်ခဲ့သော လူတစ်ဦးချင်းစီအပေါ် ပစ်မှတ်ထား ပိတ်ဆို့ထားမှုနှင့် အဖွဲ့အစည်းဆိုင်ရာအပေါ် ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုများကိုလည်း ဖြေလျှော့ရုတ်သိမ်းပေးခဲ့သည်။

မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ လူနေမှုဘဝ မြင့်တက်စေရန်အတွက် မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်လည်း အားပေးတိုက်တွန်းခဲ့သည်။ လူစွမ်းအား မြှင့်တင်ရေးနှင့် အရှေ့တောင်ဒေသတစ်လွှား ကမ္ဘာ့အဆင့်မီရေးအတွက် အမေရိကန်နိုင်ငံသည် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်နေသည်။ ယင်းအချက်များသည် ပိုမိုပွင့်လင်းပြီး အားလုံးပါဝင်နိုင်သော ဒီမိုကရက်တစ် လူအဖွဲ့အစည်းဖြစ်ပေါ်စေရေးအတွက် အထောက်အကူပြုသည်။

အမေရိကန်နှင့် သံတမန်ရေးအရ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အမေရိကန်မှပေးသော ဖွံ့ဖြိုးရေးအကူအညီများ ပိုမိုရရှိလာမည်ဖြစ်သ်။ ယင်း ယူအက်အကူအညီများသည် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအတွက် အထူးအရေးပါစေမည်ဖြစ်သည်။ ၂၀၁၂ ခုနှစ်မှ စတင်ကာ အမေရိကန်နိုင်ငံသည် မြန်မာ့အသွင်ကူးပြောင်းမှုများအတွက် ဒေါ်လာ သန်း ၅၀၀ ကျော် ထောက်ပံ့ခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်ရေး၊ လူမှုဘဝ မြင့်တင်ရေးတို့အတွက် ရည်ရွယ်သည်။ လူမှုအသိုင်းအဝိုင်းကြား အကြမ်းဖက်မှုများ၊ အမုန်းစကားများကြောင့် ခံစားနေရသူများကိုလည်း ကူညီနိုင်ရန်လည်း ပါဝင်သည်။ စားနပ်ရိက္ခာလုံခြုံရေး အစီအစဉ်များကြောင့် မြန်မာနိုင်ငံရှိ လူ ၁.၁ သန်းကျော် ဘဝအခြေမြင့်ခဲ့ရသလို နည်းပညာ၊ ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုသစ်များကြောင့် ဆင်းရဲမွဲတေသော လယ်သမားမိသားစု ၃ သိန်းကျော် အဆင်ပြေခဲ့သည်။ စီးပွားရေးအသွင်ကူးပြောင်းမှု ဖြစ်စဉ်များကြောင့် အလုပ်အကိုင်သစ်များ ဖြစ်ထွန်းလာခဲ့သလို သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများလည်း တိုးတက်လာခဲ့သည်။

၂၀၁၇ နှင့် ၂၀၁၈ ဘဏ္ဍာနှစ်များတွင် အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံတွင်း လူသားချင်း စာနာမှုများအတွက် ဒေါ်လာ သန်း ၃၀၀ ခန့် ထောက်ပံ့ခဲ့သည်။ ယင်းထောက်ပံ့မှုများတွင် ပြည်တွင်း နေရပ်စွန့်ခွာသူများ (IDPs) နှင့် စစ်ဘေးရှောင်သူများ၊ ပဋိပက္ခဖြစ်ပွားရာဒေသတွင်းရှိ အကူအညီ လိုအပ်နေသူများအတွက်လည်း ပါဝင်သည်။ ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်ရှိ စစ်ဘေးဒဏ်သင့် လူမှုအသိုင်းအဝိုင်းများ၊ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်အတွင်းရှိ အကူအညီလိုအပ်သူများအတွက်လည်း ပါဝင်သည်။

USAID အဖွဲ့ကြီးသည် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ စီးပွားရေးအခွင့်အလမ်း၊ ကျန်းမာရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန်အတွက် အားပေးကူညီလျက်ရှိသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်များ အားကောင်းလာစေရန်အတွက် ယူအက်ငြိမ်းချမ်းရေး အင်စတီကျု(United States Institute of Peace-USIP) မှ အစိုးရ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားပါဝင်သူများအတွက် လိုအပ်သော သုတေသနနှင့် သတင်းအချက်အလက်များကို ပံ့ပိုးပေးလျက်ရှိသည်။ တွေ့ဆုံပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ စေ့စပ်ညှိနှိုင်းမှုများ၊ ကြားဝင်စေ့စပ်မှုများမှတဆင့်လည်း USIP သည် မြန်မာ့ငြိမ်းချမ်းရေးအတွက် ကူညီလျက်ရှိသည်။

USIP အဖွဲ့ကြီးသည် ပါတီစွဲကင်းသော အင်စတီကျုတစ်ခုဖြစ်ပြီး အကြမ်းဖက်ပဋိပက္ခများကို ဖြေရှင်းခြင်းဖြင့် အမျိုးသားလုံခြုံရေးနှင့် ကမ္ဘာ့တည်ငြိမ်ရေးကို တိုးမြင့်ပေးရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် USIP သည် ခရစ်ယန်၊ ဗုဒ္ဓဘာသာ၊ မွတ်ဆလင်၊ ဟိန္နူခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဘာသာရေးခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် USIP သည် ဘာသာပေါင်းစုံ၏ ယုံကြည်လေးစားမှုကိုလည်း ရရှိလျက်ရှိသည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၊ စာပေပညာရှင်များ ဦးဆောင်လျက်ရှိသည့် Buddhist Peace Education Curriculumတိုးတက်ရေးအတွက်လည်း အကူအညီပေးခဲ့သည်။ ယင်းသင်ရိုးညွှန်းတမ်းသည် တရားတော်လာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း မဟာဗျူဟာများနှင့် နည်းလမ်းများကို အထူးဖော်ပြထားသည်။ ယင်းနည်းလမ်းများကို လိုက်နာကျင့်သုံးသောအဖွဲ့အစည်းနှင့် ကျောင်းများတွင် တိုးတက်လျက်ရှိသည်။

ထို့ပြင် USIP သည် အမုန်းစကားများကို ထိန်းချုပ်ရန် ပြည်သူများကို ပညာပေးရန်နှင့် တန်ပြန်လုပ်ဆောင်နိုင်ရန် အဆင့်မြင့်နည်းပညာများကို ဒေသန္တရအဖွဲ့များနှင့် ဆက်သွယ်လုပ်ဆောင်လျက်ရှိသည်။ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာဖြင့် ရေးသားသော နိုင်ငံရေး၊ ဘာသာရေးနှင့် လင်ပိုင်းဆိုင်ရာ အွန်လိုင်းပေါ်မှ အမုန်းစကားများကို ထိန်းချုပ်ရေးနှင့် ဆန်းစစ်ချက်များကို လုပ်ဆောင်နိုင်သော Database တစ်ခုကိုလည်း ဖန်တီးပေးထားသည်။ ယင်း database ကို အမုန်းစကား အရင်းအမြစ်စောင့်ကြည့်လေ့လာနေသည့် ၇၀ ကျော်သောအဖွဲ့အစည်းများနှင့် ကျောင်းသားအသင်းအဖွဲ့များက အသုံးပြုလျက်ရှိသည်။ မြန်မာဘာသာဖြင့်ရှိသော အွန်လိုင်း database သည် စာနယ်ဇင်းသမားများနှင့် တက်ကြွလှုပ်ရှားသူများအတွက်ဖြစ်သည်။ ယင်းသည် ဘာသာရေးနှင့်ပတ်သက်၍ တာဝန်ယူမှုပါသော သတင်းရေးသားတင်ပြမှုကို အားပေးသလို သတင်းမှားများကိုလည်း ပြင်ဆင်ပေးသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဘင်္ဂလီ (ရိုဟင်ဂျာ)များအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ မြန်မာစစ်ခေါင်းဆောင်များအပေါ် ခရီးသွားလာခွင့် ပိတ်ပင်ခြင်းနှင့် ဒဏ်ခတ်အရေးယူခြင်းပါဝင်သည့် ဥပဒေတစ်ရပ်ကို အမေရိကန်ဆီးနိတ်က အတည်ပြုခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဌာနကလည်း ၂၀၁၈ ခုနှစ် 'Country Reports on Human Rights Practices' နှစ်စဉ်အစီရင်ခံစာတွင် ဘင်္ဂလီ (ရိုဟင်ဂျာ)များအပေါ် မြန်မာအစိုးရနှင့် တပ်မတော်တို့၏ ဆက်ဆံမှုများနှင့် ပတ်သက်၍ ဝေဖန်ခဲ့သည်။

'ယခုနှစ်အတွင်း လုပ်ဆောင်ခဲ့သော သီးခြားစုံစမ်းစစ်ဆေးမှုများအရ ရခိုင်ပြည်နယ်တွင် လူမျိုးတုန်းသတ်ဖြတ်မှုများရှိကြောင်း၊ ပဋိပက္ခများအတွင်း တပ်မတော်မှ လက်နက်မဲ့ ရွာသားများအပေါ် သတ်ဖြတ်ခြင်း၊

အဓမ္မပြုကျင့်ခြင်းနှင့် ညဉ်းပန်းနှိပ်စက်ခြင်းများ ရှိခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ပြင် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သူ ဘင်္ဂါလီ (ရိုဟင်ဂျာ) ပေါင်း ခုနစ်သိမ်းကျော်ရှိသည်' ဟု ရေးသားဖော်ပြခဲ့သည်။

'အချို့သော အထောက်အထားများအရ အထိကရုန်းများ မစတင်မီကပင် လုံခြုံရေးတပ်ဖွဲ့များနှင့် အခြားသူများ၏ ကြိုတင်ကြံစည်လုပ်ဆောင်မှုများရှိကြောင်း တွေ့ရှိရသည်' ဟုလည်း ထုတ်ပြန်ချက်က ဆိုသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလနှင့် စက်တင်ဘာလအတွင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သော ရိုဟင်ဂျာ(ဘင်္ဂါလီ) ၁၃၇၆၄ ဦးအထိ ရှိကြောင်းလည်း ဖော်ပြခဲ့သည်။

'မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂနှင့် အခြားလူသားချင်း စာနာထောက်ထားမှုကူညီရေး အေဂျင်စီများ၏ နေရပ်မဲ့ ဘင်္ဂါလီ(ရိုဟင်ဂျာ)နှင့် အခြားကူညီလိုအပ်သူများအပေါ် ကူညီထောက်ပံ့ရာတွင် တင်းကြပ်သော စည်းမျဉ်းများကို ချမှတ်ခြင်းကြောင့် တားမြစ်ပိတ်ပင်ရာရောက်သည်' ဟုလည်း အစီရင်ခံစာက ဆိုသည်။

သို့သော် ခေတ်မီပြီး ငြိမ်းချမ်းသော ဒီမိုကရေတစ်နိုင်ငံဖြစ်ပေါ်စေရန် မြန်မာနိုင်ငံတွင်း ဆက်လက်ဆောင်ရွက်လျှက်ရှိသည်။ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းချက်များကိုမူ အမေရိကန်အနေဖြင့် အသိအမှတ်ပြုလျက်ရှိသည်။ အမေရိကန်သည် မြန်မာပြည်သူနှင့် အစိုးရကြား နက်ရှိုင်းသော ဆက်ဆံရေးဖြစ်ပေါ်စေသည့် အခွင့်အလမ်းကို ကြိုဆိုလျှက်ရှိသည်။ မြန်မာပြည်သူများကို စဉ်ဆက်မပြတ် အားပေးနေသည်နှင့်အမျှ အမေရိကန်အစိုးရအနေဖြင့်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေး တိုးတက်လာစေရန်နှင့် ငြိမ်းချမ်းသော အနာဂတ်ဖော်ဆောင်နိုင်ရန်အတွက် မြန်မာအစိုးရနှင့် လက်တွဲလုပ်ဆောင်လျှက်ရှိသည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (Myanmar Institute of Strategic and International Studies-MISIS) တွင် အမေရိကန်သံအမတ်ကြီး Scot Marciel က မိန့်ခွန်းပြောကြားခဲ့ရာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် အမေရိကန်နိုင်ငံ၏ သဘောထားအမြင်ကို အောက်ပါအတိုင်း ပြောကြားခဲ့သည်။

'မြန်မာနိုင်ငံ ရင်ဆိုင်နေရသော စိန်ခေါ်မှုတချို့နှင့်ပတ်သက်၍ မိတ်ဆွေတစ်ယောက်အနေဖြင့် အကျဉ်းချုံးပြောလိုကြောင်း၊ နှစ်ပေါင်း ၅၀ ကြာမြင့်ခဲ့ပြီးနောက် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးကို ၂၀၁၀ ခုနှစ်တွင် စတင်နိုင်ခဲ့ကြောင်း၊ ကြိုးစားလုပ်ဆောင်မှုများစွာ ရှိခဲ့ကြောင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် အချိန်ယူရသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း ပြောဆိုသည်။ အမေရိကန်အနေဖြင့် မိတ်ဆွေတစ်ဦးကဲ့သို့ ကူညီထောက်ပံ့လိုကြောင်း တတ်နိုင်သည့်ဘက် ကူညီသွားမည်ဖြစ်ကြောင်း၊ အချို့စိန်ခေါ်မှုများသည် အလွန်ခက်ခဲကြောင်း ပြောဆိုခဲ့သည်။

ကမ္ဘာပေါ်တွင် အလွန်ခက်ခဲရှုပ်ထွေးသော ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဆုတစ်ဆု ပေးမည်ဆိုလျှင် အဆိုပါဆုကို ရရှိသူမှာ မြန်မာနိုင်ငံဖြစ်မည်ဟု မိမိယုံကြည်မိကြောင်း၊ မြန်မာနိုင်ငံ အောင်မြင်မှုကို မိမိတို့သံတမန် အသိုင်းအဝိုင်းအားလုံးက မြင်လိုကြောင်းနှင့် ကူညီရန် အသင့်ရှိကြကြောင်းလည်း သံအမတ်ကြီးက ထည့်သွင်းပြောဆိုခဲ့သည်။ လွန်ခဲ့သော ရက်သတ္တပတ်က ကချင်ပြည်နယ်သို့ မိမိရောက်ရှိခဲ့ပြီး အရပ်ဖက်အဖွဲ့အစည်း၊ ဒေသန္တရစစ်ဗိုလ်ချုပ် ကေအိုင်အို(KIO)တို့နှင့် တွေ့ဆုံခဲ့ကြောင်း မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးမှုများတွင် အမှန်တကယ် ပါဝင်ခွင့်ရမည်မဟုတ်သော်လည်း မိတ်ဆွေတစ်ဦးအနေဖြင့် တိုက်ခိုက်မှုတွေ အဆုံး

သတ်ပြီး ဆွေးနွေးမှုတိုးမြှင့်ကြရန် အားပေးလိုကြောင်း၊ သံအမတ်ကြီး Scot Marciel က ထည့်သွင်းပြောဆိုခဲ့သည်။

တိုင်းပြည်၏ အခြေအနေများကြောင့် အမေရိကန်သံအမတ်ကြီး၏ မှတ်ချက်စကားသည် သင့်တော်သည်ဟု ဆိုရမည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် Burma News International-BNI မှကြီးမှူးကျင်းပခဲ့သော၊ Peace Dialogue ဆွေးနွေးပွဲသို့ မွန်နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ မွန်အမျိုးသမီးများကွန်ရက်၊ သတင်းမီဒီယာများ အပါအဝင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၃၀ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အစည်းအဝေးတက်ရောက်သူများက ဒေသတွင်း အဓိကပြဿနာများကို တင်ပြဆွေးနွေးခဲ့ကြသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်များအပြင် Joint Ceasefire Monitoving Committee(JNC-S) ယန္တယားအကြောင်း၊ မြေမြှုပ်မိုင်းကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်။ ယခုကဲ့သို့ ဒေသတွင်း ပြဿနာများကို ဆွေးနွေးခြင်းသည် အများပြည်သူနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သူများအတွက် အကျိုးရှိကြောင်း အခမ်းအနားတာဝန်ခံ Htu Sam Zahkung က ပြောကြားခဲ့သည်။

"ယခုလို ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် ရပ်ရွာအသိုင်းအဝိုင်းအဆင့်မှ ပြည်သူများနှင့် နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပါဝင်ဆွေးနွေးနိုင်သူများကြား တိုက်ရိုက်လမ်းကြောင်းတစ်ခုကို ဖန်တီးသလိုဖြစ်ကြောင်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သူများ ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြနိုင်သည့် အခွင့်အလမ်းတစ်ခုကိုလည်း ဖြစ်ပေါ်စေကြောင်း၊ BNI မှ Htu Sam Zankung က ဆိုသည်။

သံအမတ်ကြီး Scot Mareiel ဖော်ပြခဲ့သလိုပင် တွေ့ဆုံဆွေးနွေးပွဲများသည် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာအတွက် တိုက်ရိုက်လမ်းကြောင်းတစ်ခုကို ဖြစ်ပေါ်စေသည်။ အဓိက တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ စေ့စပ်ညှိနှိုင်းရေးမှ ထွက်ခွာသွားခြင်းကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ နောင့်နေးသွားသောအခါ သီးခြားနိုင်ငံရေးတွေ့ဆုံပွဲများကို ကျင်းပခြင်းအားဖြင့်လည်း ပြုပြင်ပြောင်းလဲမှုလမ်းကြောင်းတစ်ခုကို ဖော်ဆောင်သွားနိုင်မည်ဖြစ်သည်။ လတ်တလောအခြေအနေတွင် မြန်မာနိုင်ငံသည် ရှေ့မတိုးသာ နောက်မဆုတ်သာ အနေအထားတွင် ရှိနေသည်။ နိုင်ငံရေးပြောင်းလဲမှုကို ဖော်ဆောင်ရာတွင် တိုက်ခိုက်မှုတွေ အဆုံးသတ်ပြီး ဆွေးနွေးမှုတွေ မြှင့်တင်ခြင်းသာလျှင် အကောင်းဆုံးမဟာဗျူဟာ ဖြစ်သည်။

စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆိုင်ရာချိတ်ဆက်နေမှုများ

တိုင်းရင်းသားလူမျိုးများ အများဆုံး ထောက်ပြသည့် မတရားမှုများအနက် တစ်ခုမှာ ဗဟိုအစိုးရနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း၊ စက်မှုစီမံကိန်းကြီးများကြောင့် ရရှိလာသော အကျိုးအမြတ်အပေါ် ခွဲဝေမှု၊ မညီမျှမှု ဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့် သူတို့ မြေပေါ်မှ အကျိုးဖြစ်ထွန်းမှုကို အနည်းငယ်သာ ခံစားရသော်လည်း စီမံကိန်းများကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကိုမူ အလူးအလဲ ခံစားနေကြရကြောင်း ဖော်ထုတ်မှုများရှိသည်။ သဘာဝ သယံဇာတ အညီအမျှ ခွဲဝေရေးသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစု၏ တောင်းဆိုမှုတစ်ခုဖြစ်သည်။

အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ပိုင်ခွင့် အချို့တဝက် ခွင့်ပြုပေးခြင်းဖြင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့် အပစ်ရပ်ညှိနှိုင်းရာတွင် အောင်မြင်မှုများ ရှိလာခဲ့သည်။ ၁၉၉၀ ရွေးကောက်ပွဲနောက်ပိုင်းတွင် ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်ရှိအဖွဲ့များ၊ ကချင်ပြည်နယ်ရှိ ကေအိုင်အို (KIO) အဖွဲ့များ ကိစ္စတွင် လေ့လာနိုင်သည်။ ၂၀၁၀ ရွေးကောက်ပွဲပြီး နောက်ပိုင်းတွင် အစိုးရသည် လက်နက်ကိုင်အုပ်စုများ ဥပဒေဘောင်အတွင်း ဝင်လာစေရန်အတွက် စီးပွားရေးနှင့် အလုပ်အကိုင် လိုက်လျောမှုများ ပေးလာခဲ့သည်။

တိုင်းရင်းသားဒေသများရှိ စီးပွားရေးမြေမျက်နှာသွင်ပြင်ကို လေ့လာသိရှိနိုင်ရန် စီမံကိန်းအချို့နှင့် သယံဇာတ အခြေအနေများကို တင်ပြလိုက်ရပါသည်။

ချင်းပြည်နယ်

ချင်းပြည်နယ်အစိုးရအဖွဲ့သည် ရန်ကုန်မြို့တွင် ကျင်းပခဲ့သော ရင်းနှီးမြှုပ်နှံမှုအခမ်းအနားတွင် အမေရိကန်ဒေါ်လာ ၅၄ သန်းကျော် တန်ဖိုးရှိသော နားလည်မှုစာချွန်လွှာ (MOUs) လေးခုကို ပုဂ္ဂလိက ကုမ္ပဏီများနှင့် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းကုမ္ပဏီကြီးလေးခုတွင် Narway Power Co.Ltd နှင့် ချုပ်ဆိုသော ဒေါ်လာ သန်း ၅၀ တန်ဖိုးရှိ စီမံကိန်းအတွက် အကြီးဆုံးဖြစ်သည်။ ယင်းစီမံကိန်းသည် ချင်းပြည်နယ်တွင် ပထမဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလည်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA)၏ ဒါရိုက်တာ ဦးမင်းဇော်ဦး၏ အဆိုအရ နိုင်ငံတော်အစိုးရသည် ပြည်တွင်းကုမ္ပဏီများနှင့်လည်း စာချုပ်များ ချုပ်ဆိုခဲ့သည်။ ဒေါ်လာ ၁ သန်း တန်ဖိုးရှိ စိုက်ပျိုးရေးပစ္စည်းများ ထုတ်လုပ်ရေးအတွက် Chin Taung Yadanar ကုမ္ပဏီဖြင့်လည်းကောင်း၊ ဒေါ်လာ ၂ သန်းနီးပါးရှိ မြို့ပြအိမ်ယာစီမံကိန်းများအတွက် Khumi Institute နှင့်လည်းကောင်း ဒေါ်လာ ၁.၆ သန်းခန့်တန်ဖိုးရှိ ဟိုတယ်စီမံကိန်းအတွက် KL Amazing ကုမ္ပဏီဖြင့်လည်းကောင်း စာချုပ်များ ချုပ်ဆိုနိုင်ခဲ့သည်ဟု သိရှိရသည်။

- တမူးစီးပွားရေးဇုန် (တင်ပြထားဆဲ)၊ ဖွံ့ဖြိုးရေးစီမံကိန်း (တမူး-ကလေး ကားလမ်း)စသည်နှင့် လက်ဖက်စိုက်ပျိုးရေး
- ရေကာတာ ၆ ခုစီမံကိန်း (Zalui၊ Tongva၊ Ngasitvar၊ Paletwa၊ Namnlaung Week၊ Laiva၊ Htweehsaung and Chichaung plant)

ကချင်ပြည်နယ်

- သစ်လုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း(ရွှေ၊ ကျောက်စိမ်း)၊ စိုက်ပျိုးရေးလုပ်ငန်း (ရော်ဘာ၊ ကျွန်းသစ်၊ ကြံ၊ ငှက်ပျော) နှင့် Rare earht သတ္တုသိုက်များ
- ရေအားလျှပ်စစ် ရေကာတာများ (Myitsone၊ Tarpain ၊ Pashe ၊ Lakin ၊ Phizaw)
- သမိုင်းဝင် လီဒိုလမ်းမကြီး (Ledo Road)တလျှောက်တွင် ဧက ၄၇၀၀ ခန့်ရှိသော မြစ်ကြီးနား စီးပွားရေးဖွံ့ဖြိုးရေးဇုန် (Myitkyina Economic Development Zone-MEDZ) တည်ဆောက်မည်ဟု တရုတ်ကုမ္ပဏီတစ်ခုက ထုတ်ပြန်ခဲ့သည်။

တရုတ်ပြည်အနေဖြင့် အိန္ဒိယနှင့် ဆက်သွယ်ရန် ရည်ရွယ်၍ အဆိုပါဒေသကို မဟာဗျူဟာမြောက်ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု ပညာရှင်များက ဆိုသည်။ ယင်းသည် ခါးပတ်တစ်ကွင်း၊ လမ်းတစ်စင်း စီမံကိန်း (Belt and Road Initiative) ၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းထားသော မြစ်ကြီးနားစီးပွားရေး ဖွံ့ဖြိုးရေးဇုန်ကော်မတီ (MEDZC) နှင့် တရုတ်ပြည်မှ Yunnan Tengchong Heng Yong Investment Company (YTHIC)တို့ ပူးပေါင်းဆောင်ရွက်မည့် ယင်းစီမံကိန်းသည် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော် ရှိသည်။ မြစ်ကြီးနားမြို့နှင့် ၂၅ ကီလိုမီတာ အကွာတွင်ရှိသော MEDZ စီမံကိန်းတွင် စက်ရုံ ၅၀၀နှင့် အဆောက်အဦ ၅၀၀၀ နီးပါး ပါဝင်မည်ဖြစ်သည်။ ၂၀၁၈ ခုနှစ် မေလတွင် MEDZ ရင်းနှီးမြှုပ်နှံသူများသည် နားလည်မှုစာချုပ် (MOU) တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။ တရုတ်ကုမ္ပဏီတစ်ခုဖြစ်သော YTHYIC ကုမ္ပဏီကို Yunnan Baoshan Hengyi Group နှင့် ယူနန်ပြည်နယ်အခြေစိုက် Tengchong Border Economic Cooperaton Zone တို့မှ ပိုင်ဆိုင်ကြသည်။

- လာအိုနှင့် ထိုင်းနိုင်ငံတွင် တားမြစ်ထားသော တရုတ်ငှက်ပျောတစ်သျှူးစိုက်ခင်းများကို စစ်ဘေးဒဏ်သင့် ကချင်ဒေသများတွင် ၂၀၀၇ ခုနှစ်မှ စတင်စိုက်ပျိုးခဲ့ကြသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စာရင်းများအရ ကချင်ပြည်နယ်ရှိ Waimaw၊ Bhamo၊ Shwegu၊ Mansi၊ Momauk နှင့် Dokphone မြို့နယ်များတွင် ဧက ၁ သိန်း ၇ သောင်းကျော်ရှိသည်။

ကရင်ပြည်နယ်

- သစ်လုပ်ငန်း(ကျွန်းသစ်)၊ သတ္တုတွင်းလုပ်ငန်း (ရွှေနှင့်ခဲ) ရေအားလျှပ်စစ် (ထားဝယ်စီမံကိန်းနှင့် ချိတ်ဆက်လျှက်) ရာဘာစိုက်ပျိုးရေး
- အထူးစီးပွားရေးဇုန် ၃ ခု (မြဝတီ၊ ဘားအံ၊ ဘုရားသုံးဆူ)

ကရင်နီ (ကယား)ပြည်နယ်

- ပဂ္ဂလိက ရာဘာနှင့် ဆီအုန်းစိုက်ပျိုးရေး၊ သစ်နှင့် သတ္တု(ခဲနှင့် ခနောက်စိမ်း)၊ ကျောက်ပြားစက်ရုံ၊ လွှိုင်ကော်စက်မှုဇုန်။
- ရေကာတာများ (လောပိတ၊ ဘီလူးချောင်း၊ ရွာသစ်)

မွန်ပြည်နယ်

- သီဟိုဠ် သရက်စေ့၊ ကွမ်းသီးပင်၊ ရာဘာနှင့် ဆီအုန်း၊ သစ်ထုတ်ခြင်း၊ ရတနာနှင့် ရဲတံခွန် သဘာဝ ဓာတ်ငွေစီမံကိန်းများ။
- အီတလီ-ထိုင်း ဖွံ့ဖြိုးရေးကုမ္ပဏီ (ITD)၏ ရထားလမ်းစီမံကိန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေပိုက်လိုင်းများ၊ နယ်စပ်စက်မှုတလျှောက် လျှပ်စစ်ဓာတ်အားပေးတာဝါများ။

တနင်္သာရီတိုင်း

- ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန် Teekee/Min The Mee Kee နယ်စပ်အနီးနှင့် မြိတ်ကားလမ်းမပေါ်ရှိ Maw Taung တွင် စက်မှုဇုန်နှစ်ခု တည်ထောင်ရန်လည်း စီစဉ်လျက်ရှိသည်။

ရခိုင်ပြည်နယ်

- (ရွေ) ရေနံနှင့် သဘာဝဓာတ်ငွေ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ စစ်တွေနှင့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းများ(တင်ထားဆဲ)၊ ပုဏ္ဏားကျွန်း၊ စက်မှုဇုန်(တင်ထားဆဲ) စိုက်ပျိုးမွေးမြူရေးလုပ်ငန်း(ကုလားတန်မြစ်ကြောင်းတစ်လျှောက်)
- ရေကာတာများ (Laymyo Chaung၊ Thahtay Chaung၊ Am-Chaung နှင့် Saidin)

ရှမ်းပြည်နယ်

- သတ္တုလုပ်ငန်း(ရွှေ၊ ငွေ၊ ခဲ၊ ဇင့်၊ ပတ္တမြား၊ ကျောက်မီးသွေး)၊
- သစ်လုပ်ငန်း (ကျွန်းသစ်)
- စိုက်ပျိုးရေးလုပ်ငန်း (ရာဘာ၊ ဆန်စပါး၊ လက်ဖက်)
- မုန်းတားစက်မှုဇုန် (RCSS/SSA မှ တင်ပြထား)
  နမ်မွန် (Namoum) စက်မှုဇုန် (အစိုးရမှ တင်ပြ)
- မူဆယ်ကုန်သွယ်ရေးဇုန်
- ရေကာတာများ (Kengtawng၊ Mobye၊ Nawngpha၊ Paunglong၊ Shweli၊ Tasang၊ Yeywa၊ Zawgyi)

၈။ အဖွဲ့အစည်းများအကြောင်း တစေ့တစောင်း

၁။	မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး	- ABSDF
၂။	ရခိုင်ပြည် လွတ်မြောက်ရေးပါတီ	- ALP
၃။	ချင်းအမျိုးသားတပ်ဦး	- CNF
၄။	ဒီမိုကရေစီအကျိုးပြုကရင်အမျိုးသားတပ်မတော်	- DKBA
၅။	ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ	- FPNCC
၆။	ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့	- KIO/KIA
၇။	ကရင်နီအမျိုးသားတိုးတက်ရေးပါတီ	- KNPP
၈။	ကရင်အမျိုးသားအစည်းအရုံး	- KNU
၉။	ကေအဲန်ယူ-ကေအဲန်အယ်အေငြိမ်းချမ်းရေးကောင်စီ	- KNU/KNLA PC
၁၀။	လားဟူဒီမိုကရက်တစ်အစည်းအရုံး	- LDU
၁၁။	မြန်မာ့တပ်မတော်	- MA
၁၂။	အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော်	- MNDAA
၁၃။	အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးအဖွဲ့	- NDAA
၁၄။	မွန်ပြည်သစ်ပါတီ -	- NMSP
၁၅။	အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန	- NRPC
၁၆။	နာဂအမျိုးသား ဆိုရှယ်လစ် ကောင်စီ (ကပ်ပလန်)	- NSCN-K
၁၇။	ပအို့ဝ် အမျိုးသား လွတ်မြောက်ရေး အဖွဲ့	- PNLO
၁၈။	သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ	- RCSS
၁၉။	သျှမ်းပြည်တိုးတက်ရေးပါတီ	- SSPP
၂၀။	ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး	- PSLF/TNLA
၂၁။	ရက္ခိုင့်တပ်မတော်	- ULA/AA
၂၂။	ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ	- UNFC
၂၃။	ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်	- UWSP

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး
All Burma Students' Democratic Front - ABSDF



အကျဉ်းချုပ်

တည်ထောင် - ၁ နိုဝင်ဘာ ၁၉၈၈
ဌာနချုပ် - KNU ထိန်းချုပ် ဧရိယာ
လူပ်ရှားဧရိယာ - KIA နှင့် KNU ထိန်းချုပ်ဒေသများ
ခန့်မှန်းအင်အား - ၄၀၀+ (ကချင်ပြည်နယ်တွင် ၂၀၀ခန့်)
CEC အဖွဲ့ဝင် -
ဦးသံခဲ (ဥက္ကဋ္ဌ)
ဦးမျိုးဝင်း (ဒု-ဥက္ကဋ္ဌ)
ဦးဆိုနီမဟိန္ဒြာ (အထွေထွေအတွင်းရေးမှူး)

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးသဘောတူ စာချုပ်(NCA) ကို လက်မှတ်ရေးထိုးခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၂ရက်နေ့ကတည်းကနိုင်ငံတော်၏ မတရားအသင်းအဖြစ် သတ်မှတ်ထားခြင်းကို ဦးသိန်းစိန်အစိုးရက ပယ်ဖျက်ပေးခဲ့ပါသည်။

ABSDF အနေဖြင့်လည်း NCA အရဖြစ်တည်လာသည့် ဆွေးနွေးပွဲများတွင် အခြားသောလက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်အတူလိုက်ပါဆွေးနွေးခဲ့ပါသည်။ ထူးခြားချက်အနေဖြင့်တတိယအကြိမ်မြောက်၂ရာစုပင်လုံအစည်းအဝေးအတွက် အကြိုလူထုတွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁၀ရက်၊ ၁၁ရက်တို့တွင်စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ပြုလုပ်ခဲ့ပါသည်။ NCAလက်မှတ်ရေးထိုးပြီးချိန်မှ စကာ မြန်မာ့တပ်မတော်နှင့်ဖြစ်စေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချင်းချင်းဖြစ်စေ တိုက်ပွဲဖြစ်ပွားမှုမျိုးမတွေ့ရှိရသေးပါ။ထူးခြားချက်အဖြစ်၄င်းတို့အဖွဲ့အတွင်း ခွဲထွက်သွားသော အဖွဲ့ဝင်အချို့နှင့်သာ ပြဿနာအချို့ရှိခဲ့သည်ဟုဆိုရပါမည်။ ၂၀၁၇ခုနှစ်စက်တင်ဘာလတတိယအပတ်တွင်ထိုင်း-မြန်မာနယ်စပ်ရှိဒေါင်းတမန်စခန်းတွင် ABSDF ညီလာခံကျင်းပနေစဉ် ခွဲထွက်သွားသောပြည်ထောင်စုကာကွယ်ရေးတပ်(UNRA) အမည်ခံအဖွဲ့သည် ABSDFတပ်ရင်း (၃)မှ လက်နက်များယူဆောင်သွားခဲ့သည်။

အပစ်အခတ်ရပ်စဲရေးနှင့်
ငြိမ်းချမ်းရေးလုပ်ငန်းစဉ်
NCA လက်မှတ်ထိုး - ၁၅
အောက်တိုဘာ ၂၀၁၅

#NCA လက်မှတ်ထိုးပြီးနောက်
တိုက်ပွဲများ -
၂၀၁၅-၁၆ - မသိရှိ

တရားဝင် ကိုယ်စားလှယ်အဖွဲ့ -
ဦးမျိုးဝင်း (UPDJC)
ဆလိုင်းယော်အောင် (JMC)

ဆက်ဆံရေးရုံးများ -
၁။ မြဝတီ
၂။ မူဆယ်
၃။ အဆိုပြုထား - လွိုင်ကော်၊ ကလေး၊ ဘုရားသုံးဆူ နှင့် မြိတ်
မဟာမိတ်များ - ABSDF မြောက်ပိုင်း
ဗမာအဖွဲ့ခွဲစခန်းများသည် KIA ထိန်းချုပ်ဧရိယာတွင်ရှိ

ဆက်သွယ်ရန် -
Website:
Facebook:
Email: absdfinfo@gmail.com
Phone:+66 808 7725

''ငြိမ်းချမ်းရေးကို မလွှဲမသွေတည်ဆောက်မှရမယ်၊ တည်ငြိမ်အောင် လုပ်မှရမယ်''ဆိုသော ABSDF ဥက္ကဋ္ဌရဲ့ဘောသံခဲ့၏ မုံရွာမြို့ လူထုတွေ့ဆုံမှုပြောကြားချက်ကို ထောက်ရှုလျှင်၄င်းတို့၏ ငြိမ်းချမ်းရေးအတွက်မျှော်ရည်ချက်ကို တွေ့မြင်နိုင်ပါသည်။

နိုင်ငံတော်အစိုးရ၏မတရားအသင်းသတ်မှတ်ချက်မှ ပယ်ဖျက်ထားပြီးဖြစ်သော်လည်း ABSDF ဒုဥက္ကဋ္ဌအပါ အဝင် အဖွဲ့ဝင်အချို့ကို မတရားအသင်းဆက်သွယ်မှုဖြင့် တရားစွဲအရေးယူခြင်းခံနေရသည်ကတော့ ၄င်းတို့အဖွဲ့၏ ငြိမ်းချမ်းရေးမျှော်ရည်ချက်ကို အထိုက်အလျောက်သက်ရောက်မှုရှိနိုင်သည်ဟုဆိုရပါမည်။ဒုဥက္ကဋ္ဌ ဦးအောင်ဆွေဦးနှင့်အဖွဲ့ဝင် ၂ ဦးတို့ကို ၂၀၁၉ခုနှစ် ဧန်နဝါရီလ ၁၀ရက်က မိုးညှင်းမြို့နယ်တရားရုံးတွင် ဒုတိယအကြိမ် ရုံးထုတ်စစ်ဆေးခဲ့သည်။ ၂၀၁၈ခုနှစ်ဒီဇင်ဘာလကလည်း ABSDF Aဟိုကော်မတီဝင် ဦးမင်းဌေးကို ကချင်လွတ်လပ်ရေးအဖွဲ့ (KIO/KIA)နှင့် ဆက်သွယ်သည်ဟုဆိုကာမတရားအသင်းဆက်သွယ်မှုပုဒ်မဖြင့် ထောင်ဒဏ် (၈)လ ပြစ်ဒဏ်ချမှတ်ခဲ့သေးသည်။

ABSDF၏ ရုံးချုပ်တည်နေရာသည် KIO/KIAထိန်းချုပ်နယ်မြေအတွင်းတည်ရှိနေပြီး KIO/KIA နှင့် KNUထိန်းချုပ်နယ်မြေအတွင်း လှုပ်ရှားလျက်ရှိသော လက်နက်ကိုင်အဖွဲ့ဖြစ်သည့်အတွက် အစိုးရနှင့် တပ်မတော်အနေဖြင့် မတရားအသင်းဆက်သွယ်မှုပုဒ်မကို အသုံးပြုလိုလျှင် ၄င်းအချက်ကို သတိပြုသင့်ပါသည်။

CEC အဖွဲ့ဝင်များ -

၁။ ရဲဘော်သံခဲ ဥက္ကဋ္ဌ
၂။ ရဲဘော်မျိုးဝင်း ဒု-ဥက္ကဋ္ဌ
၃။ ရဲဘော်ဆိုနီ

အထွေထွေအတွင်းရေးမှူး

၄။ ရဲဘော်မြင့်ဦး အတွင်းရေးမှူး ၁
၅။ ရဲဘော်ရဲထွဋ်(ခ) လှဌေး အတွင်းရေးမှူး ၂
၆။ ရဲဘော်လွမ်းနီ CEC
၇။ ရဲဘော်မိစုပွင့်(ခ) မလေးလုံ CEC
၈။ ရဲဘော်မောင်ဦး CEC
၉။ ရဲဘော်ဆလိုင်းယော်အောင် CEC
၁၀။ ရဲဘော်ချစ်ဝင်း CC
၁၁။ ရဲဘော်ကျော်လင်း CC
၁၂။ ရဲဘော်သူရ CC
၁၃။ ရဲဘော်စိုးထွဋ် CC
၁၄။ ရဲဘော်မင်းဌေး CC
၁၅။ ရဲဘော်သန့်ချိန်မြင့် CC
၁၆။ ရဲဘော် ရန်နိုင်စိုး CC
၁၇။ ရဲဘော်ဝင်းတင့်ဟန် CC
၁၈။ ရဲဘော်သိန်းလွင် CC အရန်
၁၉။ ရဲဘော် ရီထွန်း CC အရန်
၂၀။ ရဲဘော်မိုးကျော်ဦး CC အရန်
၂၁။ ရဲဘော်နေမျိုးထိုက် CC အရန်

Arakan Liberation Party - ALP

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ

http://www.arakanalp.com/



အကျဉ်းချုပ်

ထူထောင် - ၉ ဧပြီ ၁၉၆၇၊ ၁၉၇၃၊ ၁၉၈၁
ဌာနချုပ် - အိန္ဒိယနယ်စပ်
လှုပ်ရှားဧရိယာ - မြောက်ပိုင်းရခိုင်နှင့် ကရင်ပြည်နယ်
ခန့်မှန်းအင်အား - ၆၀-၁၀၀ (ပါတီဝင် ၂,၀၀၀)
ခေါင်းဆောင် - ဦးခိုင်ရေးခိုင် (ဥက္ကဋ္ဌ)
ဦးခိုင်ထွန်းဝင်း (ဒု-ဥက္ကဋ္ဌ ၁)
ဦးခိုင်စိုးနိုင်အောင် (ဒု-ဥက္ကဋ္ဌ ၂)
ဦးခိုင်စိုးနိုင် (အထွေထွေအတွင်းရေးမှူး)
ဦးခိုင်အောင်စိုးသန်း (တွဲဖက်အတွင်းရေးမှူး)

အိန္ဒိယနယ်စပ်၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်နှင့် ကရင်ပြည်နယ်တို့တွင် တပ်ရင်းများချကာ လှုပ်ရှားလျက်ရှိသော ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP/ALA)၏ ဌာနချုပ်သည် ရခိုင်ပြည်နယ်အနီးရှိ အိန္ဒိယနယ်စပ်တွင်တည်ရှိပါသည်။

အိန္ဒိယ-မြန်မာနယ်စပ်နှင့် ထိုင်း-မြန်မာနယ်စပ်တို့တွင် မြန်မာ့တပ်မတော်နှင့် တိုက်ပွဲများဖြစ်ပွားခဲ့သည့် ALP/ALAသည် UNFCတွင် ပူးပေါင်းပါဝင်ကာ ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆွေးနွေးခဲ့သည်။ ၂၀၁၂ ခုနှစ် ဧပြီလတွင် အပစ်အခတ်ရပ်စဲခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရေးထိုးခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် ပါဝင်ခဲ့ပါသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်
အပစ်ရပ် - ၅ ဧပြီ ၂၀၁၂

ငြိမ်းချမ်းရေးဆွေးနွေးပွဲ -
ပြည်နယ်အဆင့်
တိုက်ပွဲ - မသိရှိ

တရားဝင်ကိုယ်စားလှယ်အဖွဲ့
ဒေါ်စောမြရာဇာလင်း (UPDJC)

လက်နက်ကိုင်အဖွဲ့- ရခိုင်ပြည်လွတ်မြောက်ရေး တပ်မတော် (ALA)
အုပ်ချုပ်ရေးအဖွဲ့အမည် - ရခိုင်ပြည်နယ်လွတ်မြောက် ရေးပါတီ (RSLP)

ဆက်ဆံရေးရုံးများ -
၁။ ကျောက်တော်(ရခိုင်ပြည်နယ်) ၃/၉/၁၂
၂။ ပလက်ဝ (ချင်းပြည်နယ်) - လျှောက်ထားဆဲ
မဟာမိတ်များ -

NCA အရဖြစ်ပေါ်လာသော JICMç UPDJC ၊ JMC နှင့် ၂၁ ပင်လုံ (UPC) လုပ်ငန်းစဉ်တွင် NCA-S အဖွဲ့တို့နဲ့အတူ PPST အဖွဲ့ဝင်အဖြစ်ပါဝင်ကာ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်တိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သလို တစ်ဖက်တွင်လည်း နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများပါဝင်သည့် ရခိုင်အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲဖြစ်မြောက်ရေးကော်မတီတွင်လည်း ဦးဆောင်ပါဝင်ဆွေးနွေးလျက်ရှိသည်။ ရခိုင်အမျိုးသားပါတီ (ANP)နှင့် ပူးပေါင်းကာ ၂၁ရာစုပင်လုံညီလာခံအတွက် လူထုတွေ့ဆုံဆွေးနွေးပွဲများကျင်းပနိုင်ရေးအတွက် ပြင်ဆင်လျက်ရှိပြီး NCAလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၆)ဖွဲ့ဖြင့် ထူထောင်မည့် စီးပွားရေးကုမ္ပဏီတွင် ပါဝင်ရန်ရှိနေပါသည်။ ထူးခြားသည်က ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် KIA ထိန်းချုပ်နယ်မြေအတွင်း အခြေစိုက်သည့် AAအဖွဲ့ နှင့် အိန္ဒိယ-မြန်မာနယ်စပ် မီဇိုယမ်ပြည်နယ်အနီးရှိ ALP ဌာနချုပ် ရှိရာဒေတွင် တိုက်ပွဲဖြစ်ခဲ့ကာ ဌာနချုပ်ဆုံးရှုံးခဲ့ဖူးပြီး ALPအနေဖြင့်တော့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ ဆွေးနွေးဖြေရှင်းလိုသော ဆန္ဒရှိနေသည်။ ၂၀၁၈ခုနှစ် ဒီဇင်ဘာလ ၂၁ရက်က မြန်မာ့တပ်မတော်မှ ထုတ်ပြန်သော အပစ်အခတ်ယာယီရပ်ဆိုင်းသည့် နယ်မြေ(၅)ခုတွင် ရခိုင်ပြည်နယ် ပါဝင်နေခြင်းမရှိခြင်းအပေါ်တွင် စိုးရိမ်လျက်ရှိကြောင်း ALP/ALA ကကြေငြာထားသည်။ လက်ရှိရခိုင်ဒေသတွင် ALP/ALA နဲ့ တိုက်ပွဲမရှိပေမဲ့၊ မြန်မာ့တပ်မတော်နှင့် AAအကြား တိုက်ပွဲများဖြစ်ပွားနေဆဲဖြစ်သလိုစစ်ဘေးရှောင် ဒုက္ခသည်အရေအတွက်သည်လည်း ၈၀၀၀ နီးပါး ရှိနေပါသည်။	ဆက်သွယ်ရန် Website: http://www.arakanalp.com/ Facebook: Email: alpinfoandorg@gmail.com Phone:09260438424ç 09425018154 စစ်ဘက်ရေးရာ - စစ်ဦးစီးချုပ် - ခိုင်ရေးခိုင် ဒုတိယဗိုလ်မှူးကြီးခိုင်စိုးနိုင် ဗိုလ်မှူး ခိုင်မျိုးဝင်း ဗိုလ်မှူး ခိုင်ဘုန်းမြင့်ဇော် (ရမ်မာဝတီတပ်ရင်းမှူး) ဗိုလ်ကြီး ခိုင်နေမင်း (ရမ်မာဝတီ ဒုတပ်ရင်းမှူး) *ဒေါ်စောမြရာဇာလင်းသည် NCCT အဖွဲ့ဝင် ဖြစ်ခဲ့သည်။

Chin National Front - CNF
ချင်းအမျိုးသားတပ်ဦး



အကျဉ်းချုပ်

ထူထောင် - ၂၀ မတ် ၁၉၈၈
ဌာနချုပ် - ထန်တလန်၊ ချင်းပြည်နယ် (ဝိတိုရိယစခန်း)
လှုပ်ရှားဒေသ - ထန်တလန်မြို့နယ်၊ တလန်ပိကျေးရွာအုပ်စု၊ Dwan ကျေးရွာအုပ်စုနှင့် ဇန်တလန် ကျေးရွာအုပ်စု။
ခန့်မှန်းအင်အား - ၂၀၀+
ခေါင်းဆောင် - ပူထန်နန်းလျံထန်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး ၊ ဒီမိုကရေစီရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်ထူထောင်ရေးအတွက်ရည်ရွယ်ဖွဲ့စည်းခဲ့သည့် ချင်းအမျိုးသားတပ်ဦး(CNF)သည် သတ်တမ်းအားဖြင့် ၃၁နှစ်ရှိပြီဖြစ်သည်။ မြန်မာ-အိန္ဒိယနယ်စပ်နှင့် ချင်းပြည်နယ်ဒေသအချို့တွင် အခြေစိုက်သော ၄င်းအဖွဲ့သည် ထန်တလန်မြို့နယ်တစ်ဝိုက်တွင် စစ်ရေးလှုပ်ရှားသည်။

၁၉၈၈ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ ဖြစ်ပွားခဲ့သော CNF(CNA) နှင့် မြန်မာ့တပ်မတော်အကြား တိုက်ပွဲများအတွင်း ဃဗြ ရဲဘော် ၇၀ခန့်ကျဆုံးခဲ့ပြီး ၂၀၁၃ခုနှစ်နောက်ပိုင်းတွင်တော့ တိုက်ပွဲဖြစ်ပွားခြင်းမရှိတော့ဟု ဆိုပါသည်။ ဦးသိန်းစိန်အစိုးရလက်ထက်အတွင်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး NCA အရဖြစ်ပေါ်လာသော JIMC ၊ JMC ၊ UPDJC နှင့် ၂၁ ရာစုပင်လုံညီလာခံတို့တွင် NCA-S (10) အဖွဲ့မှ နိုင်ငံရေးဆွေးနွေးသွားနိုင်ရန် ဖွဲ့စည်းထားသော PPST အနေဖြင့် ထဲထဲဝင်ဝင်ပါဝင်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး NCAလမ်းကြောင်းကို ယုံကြည်မှုရှိကြောင်း ပြသခဲ့သည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးသည့် ၁၁ ဖွဲ့မြောက် လက်နက်ကိုင်အဖွဲ့
အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး ၆ ဇန်နဝါရီ ၂၀၁၂
အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး ၇ မေ ၂၀၁၂
အဆင့် ၃ - တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး ၁၅အောက်တိုဘာ ၂၀၁၅

အပစ်အခတ်ရပ်စဲပြီးနောက် တိုက်ပွဲများ-
၂၀၁၂ - မရှိ
၂၀၁၃ - မရှိ
၂၀၁၄ - မရှိ
၂၀၁၅ - မရှိ
၂၀၁၆ - မရှိ

တရားဝင် အပစ်အခတ်ရပ်စဲရေးအဖွဲ့- ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုကော်မတီ၊ အဆင့်မြင့်ကောင်စီဝင်များနှင့် CAN ခေါင်းဆောင်များက ကော်မတီဝင် ၂၀ ကိုရွေးချယ်ခဲ့သည်။
* ချင်းပြည်နယ် တည်ငြိမ်အေးချမ်းရေးကော်မတီဝင် ၂၄-၃၁ ဩဂုတ် ၂၀၁၂

သို့သော် ဒုတိယအကြိမ် ၂၁ရာစုပင်လုံ အစည်းအဝေးတွင် ‘‘ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပြည်ထောင်စုမှ မည်သည့်အခါမျှ ခွဲထွက်ခြင်းမပြုရ’’ ဆိုသည့်အချက်ကိုအလဲအလှယ်ပြုလုပ်ဖို့ တောင်းဆိုသည့်အတွက် နိုင်ငံရေးဆွေးနွေးပွဲများ ရှေ့ဆက်မရဘဲ ဖြစ်နေခဲ့သည်ဟု CNF ဥက္ကဋ္ဌက ဝန်ခံထားသည်။

CNF သည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆန့်ကျင်သည့်အဖွဲ့ဖြစ်ပြီး ၄င်းဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်သော ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်များအဖြစ် ပြင်ဆင်မှုများပြုလုပ်ရန် ၂၀၁၃ခုနှစ် ချင်းအမျိုးသားညီလာခံတွင် သဘောတူညီထားသည်။ နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားတန်းတူမှုရှိသောဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်သွားမည်ဟု(၇၁)နှစ်မြောက်ချင်းအမျိုးသားနေ့တွင် CNF ကကြေငြာသည်။

ထူးခြားသည်က ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း မြန်မာ့တပ်မတော်နှင့်ရခိုင်လက်နက်ကိုင်အဖွဲ့(ULA/AA)တို့ အကြားတိုက်ပွဲဖြစ်ပွားနေခြင်းသည် ဖြစ်သည်။ ချင်းပြည်နယ် ဒေသခံများအား ဖမ်းဆီးခံရခြင်းအပါအဝင်စစ်ဘေးရှောင်အဖြစ် တိမ်းရှောင်ထွက်ရမှုများလည်းရှိနေပါသည်။ လက်ရှိအချိန်ထိ မြန်မာ့တပ်မတော်နှင့် ULA/AAအကြားတိုက်ပွဲများသည်ချင်းပြည်နယ်ရှိ တိုင်းရင်းသားဒေသခံနှင့် ဃ်ြအတွက် ဝန်ထုတ်ဝန်ပိုးတစ်ခုလို ဖြစ်နေသည်။ ထို့ကြောင့် ယင်းတိုက်ပွဲများနှင့် ပတ်သက်ပြီး NCAလမ်းကြောင်းမှတွေ့ဆုံဆွေးနွေး အဖြေရှာသင့်ကြောင်း CNF က အကြံပြုထားသည်။

ဆက်ဆံရေး

၁။ တီးတိန် (၂၅/၀၉/၂၀၁၂)
၂။ ထန်တလန် (၂၉/၀၆/၂၀၁၂)
၃။ မတူပီ (၂၃/၀၆/၂၀၁၂)

စီးပွားရေးဆက်ဆံရေးရုံး -

၁။ ပလက်ဝ (၁၉/၁၀/၂၀၁၃)
၂။ ရန်ကုန်
၃။ တီယို၊ အိန္ဒိယမြန်မာနယ်စပ်
၄။ ဖလမ်း (၉ ဇွန် ၂၀၁၄ တွင် ခွင့်ပြု)
မင်းတပ် (၉ ဇွန် ၂၀၁၄ တွင် ခွင့်ပြု)

ဆက်သွယ်ရန် -

Website: www.chinland.org
Email: chinlandweb@gmail.com
Phone:+91 89741215887
tqifhjrifhaumifpD (Supreme Council)
၁။ ပူထန်ယန်း
၂။ ဆလိုင်း ကပ်ခိုလျန်း
၃။ ဒေါက်တာ ဇလေထန်း
၄။ ပူလျန်အုတ်
၅။ ဘာဝီလျန်မန်း (CEC)
၆။ ပူဟွာခန်း
၇။ ပူလယ်ရမ်လောမာ
၈။ ပူနန်ထောင်း
၉။ ပူမန်လင်း
၁၀။ ပူဗွန်ဇာခိုင်
၁၁။ ပူအောင်လျန်ထန်း

ဒေသန္တရကော်မတီ -

၁။ ပူဘာဝီကျုံး
၂။ ပူတလန်ပန်း
၃။ ပူငွန်ကျုံးလျန်
၄။ ဆလိုင်း ပါမွန်း
၅။ ပူတော့ကျူး (PuTawkCeu)

Democratic Karen Benevolent Army - DKBA

ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော်



အကျဉ်းချုပ်

ထူထောင် - ၈ နိုဝင်ဘာ ၂၀၁၀
ဌာနချုပ် - ဆုံဆည်းမြိုင်၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်
လှုပ်ရှားဧရိယာ - ဘုရားသုံးဆူတောင်ကြား၊ မြိုင်ကြီးဌ၊ လှိုင်းဘွဲ့နှင့် ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်မြို့နယ်
ခန့်မှန်းအင်အား - ၁,၅၀၀+
တပ်ရင်း - ၉

ဗိုလ်ချုပ်ကြီး စောလားဘွယ်ကွယ်လွန်ပြီးနောက်ပိုင်း တပ်မှူးစုံညီအရေးပေါ်အစည်းမှတစ်ဆင့် စစ်ဦးစီးချုပ်အဖြစ်စောမိုရှေးကို ရွေးချယ်ကာ DKBAသည် ယနေ့ထိပြည်တွင်းငြိမ်းချမ်းရေးခရီး လိုက်ပါလျှောက်လှမ်းနေပါသည်။

မှတ်တမ်းများအရ ၂၀၁၆ ခုနှစ်အတွင်း DKBAနှင့် မြန်မာ့တပ်မတော် အကြားတိုက်ပွဲဖြစ်ပွားမှုကို သိရှိနိုင်ခြင်းမရှိသော်လည်း ၂၀၁၇ခုနှစ် အတွင်းတွင်တော့ဇန်နဝါရီလတွင် မြန်မာ့တပ်မတော် ၊ ဖေဖော်ဝါရီလတွင် တပ်မတော်လက်အောက်ခံ (ခွဲထွက် DKBA) ကရင်နယ်ခြားစောင့်တပ်တို့နှင့် လှိုင်းဘွဲ့မြို့နယ်အတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုပြင် စက်တင်ဘာလတွင် ဖားအံမြို့နယ်အတွင်း မြန်မာ့တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားခဲ့သလိုအောက်တိုဘာလတွင်တော့ ကရင်နယ်ခြားစောင့်တပ်နှင့် လှိုင်းဘွဲမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထူးခြားချက်အနေဖြင့် ၂၀၁၈ခုနှစ်အတွင်း မြန်မာ့တပ်မတော်အပါအဝင် ကရင်နယ်ခြားစောင့်တပ်မနှင့်ပါ တိုက်ပွဲ ဖြစ်ပွားခြင်းမရှိခဲ့ဘဲ ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် ဇန်နဝါရီလ ဖေဖော်ဝါရီလများတွင် လှိုင်းဘွဲ့မြို့နယ်အတွင်း တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် တတိယမြောက် လက်နက်ကိုင်အဖွဲ့ဖြစ်သည်။

အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး ၃နိုဝင်ဘာ ၂၀၁၁
အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး ၁၁ဒီဇင်ဘာ ၂၀၁၁

အပစ်အခတ်ရပ်စဲပြီးနောက် တိုက်ပွဲဖြစ်ပွားမှု -
၂၀၁၂ - ၁
၂၀၁၃ - ၄
၂၀၁၄ - ၁၃
၂၀၁၅ - ၄၀+
၂၀၁၆ - မသိရှိ

(၂၀၁၇ ခုခုနှစ်က စလို့ ဖြစ်ပွားတဲ့တိုက်ပွဲက ခဲ့ထွက်၊ ဒီကေဘီအေ အဖွဲ့ပဲဖြစ်ပါတယ်။ လက်ရှိ ခဏခဏ Process မှာပါတဲ့ အဖွဲ့က မဟုတ်ပါဘူး။) ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကိုရှုလျှင် နယ်မြေထိန်းချုပ်မှုဆိုင်ရာ ပြဿနာကိုတွေ့ရပြီး NCA လုပ်ငန်းစဉ်ပါ နယ်မြေသတ်မှတ်ရေး လုပ်ငန်းစဉ်အကောင်အထည်မပေါ်သေးခြင်း၏ သက်ရောက်မှုဖြစ်သည်ဟုယူဆရသည်။ တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်ရကြရသည့် (IDPs) စစ်ဘေးသင့်ပြည်သူပေါင်း ၅၀၀၀ ကျော် မြိုင်ကြီးငူ ဒေသ စစ်ဘေးရွှောင် စခန်းတွင် ယခုအချိန်အထိ ရှိနေပါသည်။ DKBAအဖွဲ့သည်ဘုရားသုံးဆူတောင်ကြား၊ မြိုင်ကြီးငူ ၊ လိုင်းဘွဲ့နှင့် ကြာအင်းဆိပ်ကြီးအရပ်တို့တွင် စစ်ရေးလှုပ်ရှားလျက်ရှိပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထားသည့် DKBA အနေဖြင့် ပြဿနာရှိဖြစ်ပေါ်လာသော ၂၁ ရာစုပင်လုံညီလာခံ သို့မဟုတ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများကိုတက်ရောက်ခဲ့သလို နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သယံဇာတစသဖြင့် ကဏ္ဍအသီးသီးမှာ ပါဝင်ဆွေးနွေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သော DKBA ၏ ထုတ်ပြန်ပြန်ချက်များအရ ၄င်းတို့၏ငြိမ်းချမ်းရေးဆိုင်ရာ ရည်မှန်ခ်နှင့် ရပ်တည်ချက်များသည် NCA လမ်းကြောင်းအတိုင်း ရှေ့ဆက်သွားနေသည်ဟု ရှုမြင်ရပါသည်။	တရားဝင် ကိုယ်စားလှယ်အဖွဲ့- မသိရှိ ဌာနချုပ်အစောင့်တပ်ရင်း - ၉၀၄၊ ၉၀၆၊ ၉၀၈ စစ်ကြောင်း ၁ - ဗိုလ်မှူးချုပ် စောစိန်မြင့်၊ ဗျူဟာမှူး ဗိုလ်မှူးကြီးစောကြာနီ၊ တပ်ရင်း - ၉၀၇၊ ၉၀၉၊ ၉၁၀။ စစ်ကြောင်း ၂ - ဗိုလ်မှူးချုပ် စောတာတူး၊ ဗျူဟာမှူး ဗိုလ်မှူးကြီး စောဘညိမ်း၊ တပ်ရင်း - ၉၀၁၊ ၉၀၂၊ ၉၀၃။ ဆက်ဆံရေးရုံးများ ဖားအံမြို့ (၂၀၁၁ နိုဝင်ဘာတွင် ဖွင့်လှစ်) မြဝတီ (၂၀၁၁ နိုဝင်ဘာတွင် ဖွင့်လှစ်) ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံ၊ ဘုရားသုံးဆူ၊ မြိုင်ကြီးငူ (လျှောက်ထားဆဲ) မဟာမိတ် - DKBA သည် NCCT အဖွဲ့ဝင် ဖြစ်သည်။

Federal Political Negotiation and Consultative Committee (FPNCC)

ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ

အကျဉ်းချုပ်

ဖွဲ့စည်း - ဧပြီ ၂၀၁၇ခုနှစ်
ဥက္ကဋ္ဌ (၁)- ဦးပေါက်ယူချန် (UWSAဥက္ကဋ္ဌ)
ဥက္ကဋ္ဌ (၂)- ဗိုလ်ချုပ်ကြီး အင်ဘန်လ (KIO/KIA)
အတွင်းရေးမှူး - ဦးပေါက်ယူရို

၂၀၁၇ခုနှစ် ဧပြီ ၁၅မှ ၁၉ရက်အထိ ဝ အထူးဒေသ(၂) တွင် ပြုလုပ်သော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ၏ လေးကြိမ်မြောက်ပန်ခမ်းညီလာခံ ဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

UWSA နှင့် KIO/KIA တို့ဦးဆောင်ပါဝင်ပြီး မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၇)ဖွဲ့ပါဝင်သော FPNCC သည် NCA မဟုတ်သောအခြားလမ်းကြောင်းဖြင့်အစိုးရနှင့် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထို့ပြင် နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရာတွင်လည်း FPNCC အမည်ဖြင့်သာ တစ်စုတစ်စည်းတည်း ဆွေးနွေးသွားရန် မူဝါဒများချမှတ်ထားကြောင်း ကြေညာထားသည်။ အစိုးရဖက်မှတော့ တစ်ဖွဲ့ချင်းတွေ့ဆုံဆွေးနွေးရေးကိုသာ ဆောင်ရွက်လိုသည့်သဘောမျိုးတွေ့ရပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အစိုးရနှင့် ညှိနှိုင်းမရဘဲ ဖြစ်နေသော အချက်များရှိနေသေးသည့် UNFCကိုလည်း ၄င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် FPNCCမှ ကမ်းလှမ်းခဲ့သလို တွေ့ဆုံဆွေးနွေးမှုလည်း ရှိခဲ့ပါသည်။

မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ်အောင်မြင်နိုင်ရန် အိမ်နီးချင်းတရုတ်နိုင်ငံအနေဖြင့် ပိုမိုပါဝင်ဆောင်ရွက်ရေး လုပ်ဆောင်ရန် FPNCC မှ မေတ္တာရပ်ခံထားသလို လက်ရှိအစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် FPNCC အဖွဲ့ဝင်များဖြစ်သော UWSAအပါအဝင် KIO/KIA ၊ NDAA ၊ MNDAA ၊ TNLA ၊ AA ၊ SSPP^SSA တို့အကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများကို တရုတ်အစိုးရအကူအညီဖြင့် ပြုလုပ်လျက်ရှိပါသည်။ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝအာမခံချက်ပေးနိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ရေး အတွက်နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် အမြဲတမ်းတံခါးဖွင့်ထားကြောင်း ၂၀၁၈ခုနှစ် ဩဂုတ်လတွင် FPNCC မှ ကြေငြာထားသည်။	

Kachin Independence Organization (KIO/KIA)

ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့

FPNCC



အကျဉ်းချုပ်

ထူထောင် - ၅ ဖေဖော်ဝါရီ ၁၉၆၁

ဌာနချုပ် - လိုင်ဇာ၊ ကချင်ပြည်နယ်

လှုပ်ရှားဒေသ - ကချင်ပြည်နယ်တစ်ဝန်းနှင့် ရှမ်းပြည်မြောက်ပိုင်းတွင် တပ်မဟာ ၈ ခုဖြင့်

ခန့်မှန်းအင်အား - ၁၀,၀၀၀ မှ ၁၂,၀၀၀ (KIO ၏ MHH နှင့် MKM ပြည့်သူ့စစ်အဖွဲ့ဝင်များအပါအဝင်)

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေများတွင် လျက်နက်ကိုင်တော်လှန်လှုပ်ရှားလျက်ရှိသော ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့/တပ် (KIO/KIA)သည် ယခုဆိုလျှင် (၅၈)နှစ် တိုင်ခဲ့ပြီဖြစ်သည်။ ၁၉၉၄ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့သော်လည်း ၂၀၁၁ ခုနှစ် ဇွန်လ (၉)ရက်နေ့ အရပ်သားတစ်ပိုင်း ဦးသိန်းစိန်အစိုးရတက်ပြီး သုံးလအကြာတွင်တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့သည်။

၂၀၁၂ခုနှစ်တွင် စတင်လာခဲ့သည့် ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အခြားသောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနည်းတူ ပါဝင်ဆွေးနွေးညှိနှိုင်းခဲ့သည်။ သို့သော် ၂၀၁၅ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးကြရာတွင်တော့လက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်ရေးမူကို ကိုင်စွဲထားသည့် KIO/KIAသည် ပါဝင်လက်မှတ်ရေးထိုးနိုင်ခြင်းမရှိခဲ့ပေ။တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် ဒုတိယအင်အားအကြီးဆုံးဟုဆိုနိုင်သော KIO/KIA အဖွဲ့နှင့် မြန်မာ့တပ်မတော်အကြားတိုက်ပွဲများသည် တိုက်ပွဲအရေအတွက်အားဖြင့် လျော့ကျသွားသော်လည်း ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း တိုက်ပွဲပေါင်း (၇၃) ကြိမ်အထိ ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ပမာဏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ နှင့် တိုက်ပွဲ

ယခင်အပစ်အခတ်ရပ်စဲမှု - ၂၄ ဖေဖော်ဝါရီ ၁၉၉၄

တရားဝင်ကိုယ်စားလှယ်အဖွဲ့ - အလှည့်ကျ

ပဋိပက္ခဖြေရှင်းရေးအဖွဲ့ - CRT

၁။ ဗိုလ်မှူးချုပ် ဇော်ထောင်း (ခေါင်းဆောင်)

၂။ ဒုဗိုလ်မှူးကြီး နော်လီ

၃။ ဗိုလ်မှူး တိတ်ဘုန်း

၄။ ဦး ဒူခ

၅။ ဦးလရိပ်

၆။ မင်ဓိုင်းခေါင်းလွမ်း

ဆက်ဆံရေးရုံးများ - မြစ်ကြီးနာရှိ နည်းပညာပိုင်းအကြံပေးအဖွဲ့ရုံး

မဟာမိတ်များ - UNFC၊ NCCT၊ SD၊ DPN နှင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့

ဆက်သွယ်ရန် -

Website: http:^^kachinnet.net^

Email: kachinnet.net@outlook.com

Wechat ID: gamung2016

ဦးသိန်းစိန်အစိုးရလက်ထက်တွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)တွင် အဖွဲ့ဝင်အဖြစ်ပါဝင်လျက် NCCT မှတဆင့် NCA သဘောတူညီချက်အတွက် ပါဝင်ဆွေးနွေးခဲ့သည်။ သို့သော် UNFC တွင်ပါဝင်သော အဖွဲ့များအကြား NCA လက်မှတ်ထိုးကြသောအဖွဲ့နှင့်လက်မှတ်မထိုးသော အဖွဲ့များအဖြစ် ကွဲပြားသွားခဲ့ရာ KIO/KIA သည် UNFC မှ နှတ်ထွက်ခဲ့ပြီး မြောက်ပိုင်းရှိတိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လာခဲ့သည်။ ထို့ပြင် ၂၀၁၇ ခုနှစ်အတွင်း ပေါ်ပေါက်လာသော ဝပြည် သွေးစည်းညီညွတ်ရေးအဖွဲ့(UWSA) ဦးဆောင်သည့် ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုကော်မတီ(FPNCC)တွင် ပါဝင်ကာ လက်ရှိအစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ တစ်ဖက်တွင်လည်း တရုတ်အစိုးရ၏ ကြားဝင်ကူညီမှုနှင့် အတူ အစိုးရငြိမ်းချမ်းရေးကော်မရှင် (PC) နှင့်သော်လည်းကောင်း၊ တပ်မတော်နှင့်သော်လည်းကောင်း တရုတ်နိုင်ငံတွင်တရားဝင်တွေ့ဆုံဆွေးနွေးပွဲနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ ဒုတိယအကြိမ်နှင့် တတိယအကြိမ်ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(သို့မဟုတ်) ၂၁ရာစုပင်လုံညီလာခံတွင် FPNCC အဖွဲ့ဝင်များနှင့်တူ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပါသည်။ Leaders: Gen. Nban La (Chairman), Gen. Gam Shawng (Vice-Chairman 1/ Chief of Staff), Sumlut Gam (Vice-Chairman 2), Gen. Gun Maw (Vice President 1), Gen. Zawngbuk Htan (Vice President 2), La Nan (General Secretary), Doi Pyi Sa (Deputy General Secretary), Col. Nawng Bu (Spokesperson)	

Karenni National Progressive Party - KNPP

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

UNFC နှင့် DPN အဖွဲ့ဝင်



အကျဉ်းချုပ်

ထူထောင် - ၁၉၅၇
ဌာနချုပ် - ညာမူ၊ ရှားတောမြို့နယ်၊ ကယားပြည်နယ် (ကရင်နီဟုလည်း လူသိများ)
လှုပ်ရှားဒေသ - မော်ချီး၊ ဖားဆောင်း လွိုင်ကော်၊ ရှားတော၊ ဟိုညာ (ဖရူးဆိုးမြို့နယ်)၊ ဒေါ်တမကြီး (ဒီမောဆိုမြို့နယ်)
ခန့်မှန်းအင်အား - ၆၀၀+

၁၉၅၇ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)သည် ကယားပြည်နယ် ရှားတောမြို့နယ်ထဲတွင် ရုံးစိုက်ပြီး မော်ချီး၊ ဖားဆောင်း၊ လွိုင်ကော်၊ ရှားတော၊ ဟိုညာ၊ ဒေါ်တမကြီးဒေသများတွင် စစ်ရေးလှုပ်ရှားလျက်ရှိပါသည်။

လက်ရှိအချိန်ထိ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)အဖွဲ့တွင် ဦးဆောင်ပါဝင်လျက်ရှိပြီး ဦးသိန်းစိန်အစိုးရလက်ထက်တွင် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် နှစ်ဖက်သဘောတူပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ်ထိုးထားသောအဖွဲ့ဖြစ်ကာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင်တော့ အားလုံးပါဝင်ရေးမူကို လက်ကိုင်ထားသဖြင့် ပါဝင်လက်မှတ်ရေးခြင်းမပြုခဲ့ပါ။

ထူးခြားသည်က KNPPသည် မြောက်ပိုင်း လက်လက်နက်ကိုင်အဖွဲ့များစုစည်းထားသည့် FPNCC တွင် ပါဝင်ခြင်းမရှိသလို NCAတွင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရနှင့် အလွတ်သဘောရော၊တရားဝင်သဘောပါ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပဏာမငြိမ်းချမ်းရေးဆွေးနွေးပွဲများ အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရန် လက်မှတ်ထိုး ထား သည့် ၁၀ ဖွဲ့မြောက် လက်နက်ကိုင်အဖွဲ့ ဖြစ်သည်။

အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ် ရပ်စဲရေး ၇ မတ် ၂၀၁၂
အဆင့် ၂ -ပြည်ထောင်စုအဆင့်အပစ်အခတ်ရပ်စဲရေး ၉ ဇွန် ၂၀၁၂

တရားဝင် ကိုယ်စားလှယ်အဖွဲ့ - အလှည့်ကျ

စစ်ဘက်ခေါင်းဆောင်များ -
စစ်ဦးစီးချုပ် - ဗိုလ်ချုပ်ကြီး ဘီးထူး
ဒုစစ်ဦးစီးချုပ် - ဗိုလ်ချုပ်အောင်မြတ်

ဆက်ဆံရေးရုံးများ -
၁။ လွိုင်ကော် ၂၅/၀၇/၂၀၁၂
၂။ ရှားတော ၀၁/၀၈/၂၀၁၂
၃။ ဖားဆောင်း ၂၇/၀၇/၂၀၁၂

မဟာမိတ် - UNFC, NCCT, SD နှင့် DPN အဖွဲ့ဝင်

မြန်မာ့တပ်မတော်နှင့် တိုက်ပွဲများစွာဖြစ်ပွားခြင်းမရှိသော်လည်း ၂၀၁၇ခုနှစ်ဒီဇင်ဘာ ၂၀ရက်က ဖြစ်ပွားခဲ့သော မြန်မာ့တပ်မတော်၏ KNPP ယာယီကင်းစခန်းကို ဝင်ရောက်စီးနင်းမှုတွင် တပ်သားသုံးဦးနှင့်အရပ်သားတစ်ဦးသေဆုံးခဲ့မှုသည် KNPPအနေဖြင့် NCAတွင် ပါဝင်လာဖို့အတွက် အဟန့်အတားတစ်ခုဖြစ်ခဲ့သည်။

၂၀၁၈ခုနှစ် ဧပြီလ ၂၆၊ ၂၇ရက်များတွင် အစိုးရငြိမ်းချမ်းရေး ကော်မရှင်နှင့် KNPP အကြားဆွေးနွေးမှုတွင်တော့ NCA လက်မှတ် မထိုးခင်ကာလတွင် ဒေသတွင်း ပူးတွဲစောင့်ကြည့်ရေးအဖွဲ့ဖွဲ့ရန်နှင့် နှစ်ဖက်တပ်များသွားလာမှုကို ညှိနှိုင်းဆက်သွားနိုင်ဖို့အတွက် ပြည် နယ်အစိုးရနှင့် ပုံမှန်တွေ့ဆုံညှိနှိုင်းရန်ဆိုသည့် အချက်တို့ကို ဆွေးနွေးပွဲအပြီး ထုတ်ပြန်နိုင်ခဲ့သည်။

လက်ရှိဖော်ဆောင်နေသော လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလမ်းကြောင်း ချောမွေ့စေရေးအတွက် အစိုးရနှင့်တပ်မတော်မှတစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေး ထုတ်ပြန်ရန်လိုအပ်ကြောင်း ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် KNPPမှ ထုတ်ပြန်ခဲ့သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အားလုံးပါဝင်မှုကိုဖော်ဆောင်ရန်နှင့် အပြန်အလှန်အသိအမှတ်ပြုခြင်း၊ တန်းတူရေးကို အခြေခံသော နိုင်ငံရေးဆွေးနွေးမှုအခင်းအကျင်းကို ဖော်ဆောင်ရန် တို့ကိုလည်း ထည့်သွင်းထုတ်ပြန်ထားသည်။

KNPP အတွက် NCA တွင် ပါဝင်လာနိုင်ရေးသည် လက်ရှိ NCAလမ်းကြောင်းအတွင်းအဆင်ပြေချောမွေ့မှုနှင့် အခက်အခဲများ၊ စိန်းခေါ်မှုများက သင်ခန်းစာယူစရာ၊ လေ့လာစရာဖြစ်နေပါသည်။ ထို့ပြင် လက်ရှိကယားပြည်နယ်တွင် ဖြစ်ပေါ်နေသော ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ထားရှိရေးအတွက် ပြည်နယ်အစိုးရနှင့် ဒေသခံလူထုအကြား ပဋိပက္ခအခြေအနေသည်လည်း NCAအတွက် ညှိနှိုင်းရာတွင် အနှောက်အယှက်ဖြစ်စေခဲ့သည်။ ကြေးရုပ်ကိစ္စအတွက် နိုင်ငံတော်အစိုးရနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌထံ အိတ်ဖွင့်ပေးစာပေးပို့ကာ အမြန်ဆုံးဖြေရှင်းပေးရန် တောင်းဆိုထားသည်။

ယခုကဲ့သို့ ကရင်နီ(ကယား)ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပေါ်နေခြင်းနှင့် တည်ငြိမ်အေးချမ်းမှုမတည်ဆောက်နိုင်ခြင်းသည် KNPPလျှောက်လှမ်းနေသော ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဖြစ်စဉ်အပေါ် အဟန့်အတား၊ အခက်အခဲများဖြစ်စေကြောင်း အိတ်ဖွင့်ပေးစာတွင် ထည့်သွင်းဖော်ပြန်ထားသည်။

ဆက်သွယ်ရန် -
Website: https://www.knpphq.org/
Facebook: https://www.facebook.com/Karenni-National-Progressive-Party-1378045485847510/
Email: knpphq2013@gmail.com
Phone:(+66) 847447243, (+66) 898526619, (+66) 84 805 1344

Karen National Union - KNU

ကရင်အမျိုးသားအစည်းအရုံး

PPST, PPWT/CT, UPDJC, JMC အဖွဲ့ဝင်



အကျဉ်းချုပ်

ထူထောင် - ၁၉၄၇
ဌာနချုပ် - ရွှေ့လျားဌာနချုပ်
လှုပ်ရှားဒေသ - သံတောင်၊ တောင်ငူ၊ ညောင်လေးပင်၊ လှိုင်းဘွဲ့၊ ဖားအံ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံ၊ တနင်္သာရီ မြောက်ပိုင်းဒေသ၊
ခန့်မှန်းအင်အား - ၅,၀၀၀+

၁၉၅၇ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)သည် ကယားပြည်နယ် ရှားတော မြို့နယ်ထဲတွင် ရုံးစိုက်ပြီး မော်ချီး၊ ဖားဆောင်း၊ လွိုင်ကော်၊ ရှားတော၊ ဟိုညာ၊ ဒေါ်တမကြီးဒေသများတွင် စစ်ရေးလှုပ်ရှားလျက် ရှိပါသည်။

လက်ရှိအချိန်ထိ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)အဖွဲ့တွင်ဦးဆောင်ပါဝင်လျက်ရှိပြီး ဦးသိန်းစိန်အစိုးရလက်ထက်တွင် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် နှစ်ဖက်သဘောတူပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ်ထိုးထားသော အဖွဲ့ဖြစ်ကာတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင်တော့ အားလုံး ပါဝင်ရေးမူကို လက်ကိုင်ထား သဖြင့်ပါဝင်လက်မှတ်ရေးခြင်းမပြုခဲ့ပါ။

ထူးခြားသည်က KNPP သည် မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့များစုစည်းထားသည့် FPNCCတွင် ပါဝင်ခြင်း မရှိသလို NCA တွင်လက်မှတ်ရေးထိုးနိုင်ရေးအတွက်အစိုးရနှင့် အလွတ်သဘောရော၊ တရားဝင်သဘောပါ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် ၆ ဖွဲ့မြောက်အဖွဲ့ဖြစ်သည်။
အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲ ရေး ၁၂ ဇန်နဝါရီ ၂၀၁၂
အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ် ရပ်စဲရေး ၇ ဧပြီ ၂၀၁၂
အဆင့် ၃ - NCA လက်မှတ်ထိုး ၁၅ အောက်တိုဘာ ၂၀၁၅
တရားဝင်ကိုယ်စားလှယ်အဖွဲ့ - အလှည့်ကျ

ဆက်ဆံရေးရုံးများ -
၁။ ဖားအံ ၂၉ စက်တင်ဘာ ၂၀၁၂
၂။ ဘုရားသုံးဆူ ၁၅ မေ ၂၀၁၂
၃။ ထားဝယ် - ၁၂ ဧပြီ ၂၀၁၂
၄။ မြဝတီ - ၁၈ ဩဂုတ် ၂၀၁၂
၅။ ကျောက်ကြီး - ၀၉ ဧပြီ ၂၀၁၂
၆။ သထုံ - ၅ မတ် ၂၀၁၃

စီးပွားရေး ဆက်ဆံရေးရုံး
၁။ မော်လမြိုင် (၂၂/၁၁/၂၀၁၃)
၂။ ဖားအံ
၃။ ရန်ကုန်

မြန်မာ့တပ်မတော်နှင့်တိုက်ပွဲများစွာဖြစ်ပွားခြင်း မရှိသော်လည်း ၂၀၁၇ခုနှစ်ဒီဇင်ဘာ ၂၀ ရက်က ဖြစ်ပွားခဲ့သော မြန်မာ့တပ်မတော်၏ KNPP ယာယီကင်းစခန်းကို ဝင်ရောက်စီးနင်းမှုတွင် တပ်သားသုံးဦးနှင့်အရပ်သားတစ်ဦးသေဆုံးခဲ့မှုသည် KNPP အနေဖြင့် NCAတွင် ပါဝင်လာဖို့အတွက် အဟန့်အတားတစ်ခုဖြစ်ခဲ့သည်။

၂၀၁၈ခုနှစ် ဧပြီလ ၂၆၊ ၂၇ရက်များတွင် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် KNPP အကြားဆွေးနွေးမှုတွင်တော့ NCA လက်မှတ်မထိုးခင်ကာလတွင် ဒေသတွင်း ပူးတွဲစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့ရန်နှင့် နှစ်ဖက်တပ်များ သွားလာမှုကို ညှိနှိုင်းဆက်သွားနိုင်ဖို့အတွက် ပြည်နယ်အစိုးရနှင့် ပုံမှန်တွေ့ဆုံညှိနှိုင်းရန်ဆိုသည့် အချက်တို့ကို ဆွေးနွေးပွဲအပြီး ထုတ်ပြန်နိုင်ခဲ့သည်။

လက်ရှိဖော်ဆောင်နေသော လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလမ်းကြောင်း ချောမွေ့စေရေးအတွက် အစိုးရနှင့် တပ်မတော်မှ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ထုတ်ပြန်ရန်လိုအပ်ကြောင်း ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် KNPP မှ ထုတ်ပြန်ခဲ့သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အားလုံးပါဝင်မှုကိုဖော်ဆောင်ရန်နှင့် အပြန်အလှန်အသိအမှတ်ပြုခြင်း၊ တန်းတူရေးကို အခြေခံသောနိုင်ငံရေးဆွေးနွေးမှုအခင်းအကျင်းကို ဖော်ဆောင်ရန်တို့ကိုလည်း ထည့်သွင်းထုတ်ပြန်ထားသည်။

KNPP အတွက် NCA တွင် ပါဝင်လာနိုင်ရေးသည် လက်ရှိ NCAလမ်းကြောင်းအတွင်းအဆင်ပြေချောမွေ့မှုနှင့် အခက်အခဲများ၊ စိန်းခေါ်မှုများကသင်ခန်းစာယူစရာ၊ လေ့လာစရာဖြစ်နေပါသည်။ ထို့ပြင် လက်ရှိကယားပြည်နယ်တွင် ဖြစ်ပေါ်နေသော ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ထားရှိရေးအတွက် ပြည်နယ်အစိုးရနှင့် ဒေသခံလူထုအကြား ပဋိပက္ခအခြေအနေသည်လည်း ပြဿနာအတွက် ညှိနှိုင်းရာတွင် အနှောက်အယှက်ဖြစ်စေခဲ့သည်။ ကြေးရုပ်ကိစ္စအတွက် နိုင်ငံတော်အစိုးရနှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌထံ အိတ်ဖွင့်ပေးစာပေးပို့ကာ အမြန်ဆုံးဖြေရှင်းပေးရန် တောင်းဆိုထားသည်။

ယခုကဲ့သို့ ကရင်နီ(ကယား)ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပေါ်နေခြင်းနှင့် တည် ငြိမ်အေးချမ်းမှု မတည်ဆောက်နိုင်ခြင်းသည် KNPP လျှောက်လှမ်းနေသော ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဖြစ်စဉ်အပေါ် အဟန့်အတား၊ အခက်အခဲများဖြစ်စေကြောင်း အိတ်ဖွင့်ပေးစာတွင် ထည့်သွင်းဖော်ပြန်ထားသည်။

မဟာမိတ်များ -
ကရင်လက်နက်ကိုင်အဖွဲ့များ

ဆက်သွယ်ရန် -
Website: http://www.knuhq.org/
Facebook: https://www.facebook.com/KarenNationalUnionHQ
Email: info@knuhq.org
Phone:05822723/09425032747

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြု အဖွဲ့ (KPST)
၈ ဧပြီ ၂၀၁၂
လိပ်စာ - အမှတ် ၄၁၀၊ ၃
လမ်း (တောင်)၊ အရှေ့ကြို့ကုန်း၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း - +၀၀၉၅-၉-၈၅၇၅ ၂၂၅

ဆက်သွယ်ရန်ပုဂ္ဂိုလ်များ -
၁။ သိက္ခာတော်ရဆရာ
မဿဲအေး၊ ကရင်ငြိမ်းချမ်းရေး
အထောက်အကူပြုအဖွဲ့
ပူးပေါင်းညှိနှိုင်းရေး တာဝန်ခံ၊
၂။ စူစန်နာလှလှစိုး၊ ကရင်ငြိမ်းချမ်းရေး
အထောက်အကူပြုအဖွဲ့
ပူးပေါင်းညှိနှိုင်းရေး ပူးတွဲတာဝန်ခံ၊

KNU/KNLA Peace Council

ကေအဲန်ယူ-ကေအဲန်အယ်အေ
ငြိမ်းချမ်းရေးကောင်စီ

PPWT/CT, UPDJC, JMC အဖွဲ့ဝင်

အကျဉ်းချုပ်

ထူထောင် - ၃၁ ဧန်နဝါရီ ၂၀၀၇
ဌာနချုပ် - ထိုးကော့ကိုး၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်။
လှုပ်ရှားဒေသ - ထိုးကော့ကိုးကျေးရွာ၊ ကော့ကရိတ်မြို့နယ်နှင့် မဲလထကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်။
အင်အား - ၅၀၀+ အောက်

ကရင်အမျိုးသားအစည်းအရုံး(KNU)၏ တပ်ဖွဲ့တစ်ခုဖြစ်သော ဗိုလ်ချုပ်စောဘွဲ့မောင် ဦးဆောင်သည့် KNLA တပ်မဟာ (၇)ကို တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးသည်ဟု အကြောင်းပြကာ KNUဗဟိုကော်မတီ အတည်ပြုချက်ဖြင့် ၂၀၀၇ ခုနှစ်တွင် ထုတ်ပယ်ခဲ့ပါသည်။ ယင်းမှတစ်ဆင့် KNU/KNLA Peace Councilငြိမ်းချမ်းရေးကောင်စီကိုဖြစ်ပေါ်လာစေပြီး ၄င်းနှစ် ဧန်နဝါရီလ ၃၁ရက်တွင်ပင် တပ်မတော်အစိုးရနှင့် KNU/KNLA PC တို့အကြား ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ဌာနချုပ်ရုံးစိုက်ပြီး ကော့ကရိတ်နှင့် လှိုင်းဘွဲ့မြို့နယ်တို့တွင် စစ်ရေးလှုပ်ရှားလျက်ရှိသော KNU/KNLA PC သည် ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၂ခုနှစ်တွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ခုနှစ် NCAလက်မှတ်ရေးထိုးရာတွင်လည်း ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ပြုလုပ်သော ကရင်လက်နက်ကိုင်အဖွဲ့အစည်းအများပေါင်းစည်းရေးဆွေးနွေးပွဲတွင် ပါဝင်ခဲ့သလို KNU ၏ နိုင်ငံရေးအရဦးဆောင်မှုကို ခံယူဖို့အတွက်လည်း သဘာတူညီမှုရရှိထားသည်ဟု ဆိုပါသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် ၉ ဖွဲ့ မြောက်အဖွဲ့ဖြစ်သည်။
အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲ ရေး ၇ ဖေဖော်ဝါရီ ၂၀၁၂
အဆင့် ၂ - NCA လက်မှတ်ထိုး ၁၅ အောက်တိုဘာ ၂၀၁၅

ယခင်အပစ်အခတ် ရပ်စဲမှု - ၁၁ ဖေဖော်ဝါရီ ၂၀၁၇
တရားဝင် ကိုယ်စားလှယ်အဖွဲ့ -
စောဘွဲ့မောင်
ဒေါက်တာ တီမောသေလက်လမ်း
စောယဉ်နု
ဒေါက်တာ နော်ကပေါ်ထူး
စောအယ်ကော်ထူး
စောကျိုးဆက်ဖ်
ဒေါက်တာစောအောင်သန်း
နော်ကရင်နု
ဆက်ဆံရေးရုံးများ -
၁။ မန္တလေး
၂။ ဘုရားသုံးဆူ

NCA ဖြစ်ပေါ်လာသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုအဆင့်တိုင်းတွင် ပါဝင်ဆွေးနွေးလျက်ရှိသလို ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ရပ်တန့်တစ်ဆို့နေခြင်းကို မလိုလားဘဲ ရှေ့ဆက်လျှောက်လှမ်းနိုင်ရန် တစ်စိုက်မတ်မတ်လုပ်ဆောင်သွားရန် KNU/KNLA PC ကဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုထားပါသည်။ သို့သော် ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် ဖားအံမြို့နယ်အတွင်းမူးယစ်ဆေးဝါးရောင်းချနေ သူများအား ရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်တပ်ဖွဲ့တို့ ပူးပေါင်းဖမ်းဆီးရာမှ KNU/KNLA PC နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့ပြင် KNU/KNLAPC အဖွဲ့ဝင်အချို့လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ကြောင်း ထုတ်ပြန်ကြေငြာချက်သည်လည်း မြန်မာ့တပ်မတော်နှင့် KNU/KNLAPC အကြား ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း အဖုအထစ်များဖြစ်စေခဲ့သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော (၁၃)ကြိမ်မြောက် ငြိမ်းချမ်းရေးကောင်စီနေ့ အခမ်းအနားတွင်တော့ လက်ရှိနိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုစားပွဲဝိုင်းတွင်အခက်အခဲ၊ အကြပ်အတည်းများစွာရှိနေသလို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး NCA လမ်းကြောင်းတွင် မပါဝင်နိုင်သေးခြင်းသည် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း KNU/KNLA PC ဒုဥက္ကဋ္ဌကပြောဆိုထားပါသည်။	**မဟာမိတ်များ -** ကရင်လက်နက်ကိုင်အဖွဲ့များ

လားဟူဒီမိုကရက်တစ်အစည်းအရုံး
Lahu Democratic Union - LDU



အကျဉ်းချုပ်

၁၉၇၃ခုနှစ်ဇန်နဝါရီ ၁ရက်တွင် ပြုလုပ်ခဲ့သည့် လွတ်လပ်စွာသွားလာခွင့် အခွင့်အရေးအတွက် လားဟူလူထုလှုပ်ရှားမှုတစ်ရပ်မှတဆင့် လားဟူညီညွတ်ရေးပါတီ (Laha United Party-LUP) ဟု လူသိများသောနိုင်ငံရေးပါတီကိုတည်ထောင်ခဲ့သည်။ ၁၉၈၇ခုနှစ်တွင် LUP ကို လားဟူအမျိုးသားအဖွဲ့အစည်း (Laha National Organization-LNO)အဖြစ် အမည်ပြောင်းခဲ့သည်။ ၁၉၉၇ခုနှစ်တွင်တော့ LNOကို လားဟူဒီမိုကရက်တစ်တပ်ဦး (Lahu Democratic Front-LDF) အဖြစ် ထပ်မံအမည်ပြောင်းခဲ့ပါသည်။

၂၀၀၈ခုနှစ် ဧပြီတွင်ကျင်းပသော လားဟူအမျိုးသားညီလာခံမှတဆင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး(LDU)ကို ပေါက်ဖွားလာခဲ့သည်။ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလှုပ်ရှားမှုများအတွက် ပူးပေါင်းပါဝင်လက်တွဲသွားရန် ရည်ရွယ်ထားပါသည်။

LDUသည် လက်ရှိအချိန်ထိ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)အဖွဲ့ဝင်အဖြစ်ရပ်တည်နေပြီး ဦးသိန်းစိန်အစိုးရလက်ထက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် NCCTအနေဖြင့် ပါဝင်ဆွေးနွေးခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ထိုးချိန်တွင်တော့လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်ဟုဆိုကာ ဦးသိန်းစိန်အစိုးရ၏ NCA လက်မှတ်ထိုးရန် ဖိတ်ခေါ်ခြင်းကို မခံခဲ့ရပါ။

တည်ထောင် - ၂၀၀၈ခုနှစ် ဧပြီ
ဥက္ကဋ္ဌ - ကြာခွန်ဆာ
ဒုဥက္ကဋ္ဌ - ကြာဟား
အထွေထွေအတွင်းရေးမှူး - ကြာဆော်လမွန်

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲဖြင့် တက်လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဦးဆောင်သည့်အစိုးရ လက်ထက်တွင်တော့အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးမှုများရှိခဲ့ကာ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် အစိုးရ၊ တပ်မတော်နှင့် NCA လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် မတ်လ ၁၉ရက်မှ ၂၀ရက်အထိ ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ညီလာခံတွင်တော့မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပြီး ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် လူထု၏ပူးပေါင်းပါဝင်မှုကိုဖော်ဆောင်ရန်ဦးစားပေးအစီအစဉ်တစ်ရပ်အဖြစ် သဘောထားချမှတ်ခဲ့သည်။ ယင်းတို့၏ ရှေ့လုပ်ငန်းစဉ်များချမှတ်ရာတွင်လည်း NCA လက်မှတ်ရေးထိုးပြီးဖြစ်၍ စာချုပ်ပါအတိုင်း နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်သွားရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးပြုလုပ်သွားရန်ဆုံးဖြတ်ထားပါသည်။	

Myanmar Army -MA

မြန်မာ့တပ်မတော်



အကျဉ်းချုပ်

တပ်မတော်

အင်အား - ၄၀၆၀၀၀

ကမ္ဘာ့အဆင့် - ၃၇ (၁၃၇နိုင်ငံအနက်)

ကာကွယ်ရေးဦးစီးချုပ် - ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

ကာကွယ်ရေးဘတ်ဂျက် - ကျပ် ၃၂၅၀ ဘီလီယံ (၂)

အစိုးရဝန်ကြီးဌာနများ - ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ

Web Link - http://www.mod.gov.mm^

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးစီးသော မြန်မာ့တပ်မတော်သည် NCAအရ ဖြစ်ပေါ်လာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား NLD ဦးဆောင်သော အစိုးရအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ စစ်အစိုးရအုပ်ချုပ်ရေး တစ်ခန်းရပ်သွားသည့် နောက်ပိုင်းအစိုးရတစ်ရပ်ပြောင်းသွားခဲ့သော်လည်း မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး ကဏ္ဍတို့တွင် တပ်မတော်သည် အရေးပါသည့်အခန်းကဏ္ဍတွင် ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်အဆင် ပြေချောမွေ့ရေးအတွက် တပ်မတော်၏ ဆုံးဖြတ်ချက်သည် အဓိကကျနေပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်လျှောက်တွင် တပ်မတော်၏ ပူးပေါင်းဆောင်ရွက်ချက်များသည်စစ်ဗိုလ် ချုပ်ကြီးဟောင်း ဦးသိန်းစိန်အစိုးရလက်ထက်တွင် ရင်းနှီးကောင်းမွန်သည့် ဆက်ဆံရေးမျိုးကို မြင်တွေ့ခဲ့ရသည်။ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲဖြင့် ဖြစ်တည်လာသော NLDအစိုးရလက်ထက်တွင်တော့ ကောင်းမွန်သည့် ဆက်ဆံရေးမျိုးရှိသည်ဆိုသော် အရေးပါသည့် နိုင်ငံရေးဆုံးဖြတ်ချက်ကိစ္စများနှင့်ပတ်သက်ပြီး စည်းဝါးညှိနှိုင်မှုမရှိသည်ကို တွေ့ရှိပါသည်။ ထို့ကြောင့် NCA-S EAOs များအတွက်ဖြစ်စေ ၊ NCA-NS EAOs များအတွက်ဖြစ်စေ ငြိမ်းချမ်းရေး ဆွေးနွေးရာတွင် အစိုးရနှစ်ရပ်ကို ဆွေးနွေးရသကဲ့သို့ ဖြစ်နေပြီး အစိုးရ၊ တပ်မတော်၊ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် NRPCနှင့်တွေ့ဆုံဆွေးနွေးရသလို တပ်မတော်မှ ဖွဲ့စည်းထားသည့် တပ်မတော်ညှိနှိုင်းရေးအဖွဲ့နှင့်လည်း သီးခြားတွေ့ဆုံ ဆွေးနွေးရမှုများရှိပါသည်။ အလားတူ အစိုးရအဖွဲ့မှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သီးခြားတွေ့ဆုံရမှုများရှိသလို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တွေ့ဆုံဆွေးနွေးရမှုများလည်း ရှိခဲ့ပါသည်။

NCAအရ ဖြစ်ပေါ်လာသော UPDJCနှင့် JMCအဆင့်ဆင့်တွင် ပါဝင်နေသည့် တပ်မတော်အရာရှိများက အဆုံးအဖြတ်ပေးချနိုင်သည့်ဥက္ကဋ္ဌနေရာများတွင် ရယူထားသည်။ UPDJC တွင် ဆွေးနွေးရသည့် ကဏ္ဍ(၅)ခုတွင် လုံခြုံရေးကဏ္ဍကို ယခုထိမဆွေး နွေးနိုင်သေးသည့်အတွက် NLD အစိုးရလက်ထက် ၂၁ရာစုပင်လုံညီလာခံ သုံးကြိမ်ပြုလုပ်နိုင်ခဲ့သော်လည်း ရရှိလာသည့် ပြည်ထောင်စုသဘောတူစာချုပ်ပါ အချက်များသည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် မျော်လင့်ချက်မရှိ သေးပါ။ တပ်မတော်မှ အဆိုပြုသည့် တစ်ခုတည်းသော တပ်မတော်ထားရှိရေးနှင့်ပြည်ထောင်စုမှမခွဲထွက်ရဆိုသည့်ကိစ္စရပ်များက NCA ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏အရှိန်ကို အဟန့်အတားဖြစ်စေခဲ့သည်။ တစ်ဖက်တွင်လည်း NCA တွင်မပါဝင်သေးသည့် EAO များအတွက် သတိထားစရာ ဖြစ်နေခဲ့သည်။

၂၀၂၀ခုနှစ်တွင် အပြီးသတ် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ဗိုလ်ချုပ်မှူးကြီးမှ ကြွေးကျော်ထားသလို တိုင်းရင်းသားလက်နက်ကိုင်များ မရှိသည့်အခါမှသာ တပ်မတော်အနေဖြင့် နိုင်ငံရေးတွင်ပါဝင်မှုမှ ထွက်မည်ဟု တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က ပြောဆိုထားသည်။

တပ်မတော်သည် EAOsများနှင့် ငြိမ်းချမ်းရေးအရ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျှက်ရှိသော်လည်း တစ်ဖက်တွင်တော့ အဆိုပါနဗဥျများကိုပင်စစ်ရေးအရ ဖိအားပေး လျက်ရှိသည်ကို တွေ့ရသည်။ မိမိတို့မြန်မာငြိမ်းချမ်းရေးစောင့်ကြည့် အဖွဲ့(MPM) ၂၀၁၇ခုနှစ်နှင့် ၂၀၁၈ခုနှစ်အတွင်း EAOsများနှင့် မြန်မာ့တပ်မတော်အကြားတိုက်ပွဲဖြစ်ပွားခဲ့သည့်ရက်ပေါင်း ၂၆၅ရက်အထိ ရှိခဲ့ပါသည်။ စစ်ပွဲအရှိန်သည် ဆက်လက်မြင့်တက် နေဆဲဖြစ်ပြီး ၂၀၁၉ ခုနှစ်ဇန်နဝါရီမှ မတ်လအတွင်း တိုက်ပွဲဖြစ်ရက် ပေါင်း ၇၄ ရက်အထိ ရှိခဲ့ပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှေ့ဆက်နိုင်ရေးနှင့် တိုက်ပွဲများ လျော့ကျရေးအတွက် တပ်မတော်၏ ဆုံးဖြတ် ချက်သည် အဓိကကျနေသည်ဟု ဆိုရခြင်းဖြစ်သည်။

နိုင်ငံတကာ အခန်းကဏ္ဍတွင်တော့ ၂၀၁၇ခုနှစ် ဩဂုတ်လအတွင်းရခိုင်ပြည်နယ်တွင်း တပ်မတော်၏ နယ်မြေရှင်းလင်း ရေးလုပ်ငန်းစဉ်ကြောင့် တဖက်ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်သို့ ထွက်ပြေးသွားကြသော ရိုဟင်ဂျာ (ဘင်္ဂလီ) ဒုက္ခသည်များကိစ္စနှင့် ကချင်၊ ရှမ်းပြည်နယ်မှလူအခွင့်ရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂ အပါအဝင်အနောက်နိုင်ငံအင်အားစုများ၏ ဝေဖန်ဖိအားပေးခြင်းတို့ကို ရင်ဆိုင်နေရပါသည်။

တစ်ဖက်တွင်လည်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အပါအဝင် ယင်းဖြစ်စဉ်တွင် အဓိကကျသော ပါဝင်ပတ်သတ်သူများအား နိုင်ငံတကာစစ်ရာဇဝတ်မှုခုံရုံး(သို့) တရားရုံးသို့ တရားမျှတမှုရှာဖွေသွားရန် နိုင်ငံတကာအချက်အလက် ရှာဖွေစုံစမ်းမှုများသည်လည်း ရှိနေပါသည်။ သို့သော် အိမ်နီးချင်း တရုတ်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဗီတိုအာဏာပိုင်ဆိုင်ထားပြီး နိုင်ငံတကာအသိုင်းအဝန်းတွင် မြန်မာဖက်မှ ကွာကွယ်ရပ်တည်ပေးနေသည့် နိုင်ငံဖြစ်ပါသည်။ ထို့အပြင် အိမ်နီးချင်းနိုင်ငံကြီးများဖြစ်သည့် တရုတ်နိုင်ငံ သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ်အကြားနှစ်နိုင်ငံစစ်ဖက်ဆက်ဆံရေး တိုးမြှင့်ရန် ဆွေးနွေးမှုများရှိသလို အိန္ဒိယနိုင်ငံနှင့်လည်း မြန်မာ့တပ်မတော်အကြား ကောင်းမွန်သည့် ဆက်ဆံရေးမျိုးရှိနေပါသည်။ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေရှ်နိုင်ငံတို့နှင့်လည်း နယ်စပ်လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ ပြုလုပ်ထားနိုင်ခဲ့ပါသည်။	

Link

၁။ စစ်အင်အားအလိုက် နိုင်ငံများ၏အဆင့် (၂၀၁၉)၊ Global Firepower ၊ 2019 - https://bit.ly/2Fa6QiQ

၂။ ဘတ်ဂျတ် (၂၀၁၈-၂၀၁၉ခုနှစ်) https://www.bbc.com/burmese/burma-44962110

၃။ ရိုဟင်ဂျာ ဒုက္ခသည်များ https://www.bbc.com/news/world-asia-41566561

Myanmar National Truth and Justice Party-MNTJP/MNDAA

အမှန်တရားနှင့် မျှတမှုအတွက် မြန်မာအမျိုးသားပါတီ



အကျဉ်းချုပ်

ထူထောင် - ၁၁ မတ် ၁၉၈၉

ဌာနချုပ် - ရွှေလျားဌာနချုပ်

လူပ်ရှားဒေသ - ကိုးကန့်ဒေသရှိ မုံးကိုးနှင့် လောက်ကိုင်

ခန့်မှန်းအင်အား - ၂,၀၀၀+

ဥက္ကဋ္ဌ ဖုန်ကြားရှင်

အတွင်းရေးမှူးနှင့် စစ်သေနာပတိ -

ဦးဖုန်ဒီယန် (ခ) ဦးဖုန်ဒါးရှန်

ဒုစစ်သေနာပတိ - ဝန်ဝင်းရှန်

စစ်ဦးစီးချုပ် - ဖုန်ဒီချမ်

ပြောခွင့်ရပုဂ္ဂိုလ် - ဦးထွန်းမြတ်လင်း

မြန်မာအမျိုးသားအမှန်တရားနှင့် တရားမျှတမှုပါတီ(MNTJP) နှင့် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်လက်နက်ကိုင်အဖွဲ့ (MNDAA)ကို ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)မှ ခွဲထွက်လာသည့် ဖုန်းကြားရှင် ဦးဆောင်ကာ ၁၉၈၉ခုနှစ်တွင် ထူထောင်ခဲ့ခြင်းဖြစ်သည်။ ၄င်းနှစ်အတွင်းမှာပင် တပ်မတော်အစိုးရနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုရယူကာကိုးကန့်ဒေသသည်လည်း ရှမ်းပြည်နယ် အထူးဒေသ(၁)ဖြစ်လာသည်။

၂၀၀၉ခုနှစ်စက်တင်ဘာတွင်တော့ MNDAA ကို တပ်မတော်လက်အောက်ခံနယ်ခြားစောင့်တပ်ဖွဲ့အဖြစ်ပြောင်းလဲရန် စစ်အစိုးရဖက်မှ ဖိအားပေးရာမှစကာ တပ်မတော်နှင့် တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့သည်။

UNFC တွင် ၂၀၁၃ခုနှစ်ကတည်းက ပါဝင်နေသော်လည်း ငြိမ်းချမ်းရေးလမ်းလျှောက်လှမ်းနေသည့် ဦးသိန်းစိန်အစိုးရနှင့် တပ်မတော်ဖက်မှ အသိအမှတ်ပြုခြင်းမရှိသည်ဟုဆိုကာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီမှစကာ တပ်မတော်နှင့် တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ဇွန်လ ၁၀ရက်တွင်တော့ တစ်ဖက်သက် အပစ်ရပ်ကြောင်း MNDAA မှကြေငြာခဲ့သည်။နယ်မြေကျော်ကာ စစ်ရေးလှုပ်ရှားခြင်းနှင့် လူသစ်စုဆောင်းပြုလုပ်နေသည်ဟု မြန်မာ့တပ်မတော်မှ စွပ်စွဲသတိပေးထုတ်ပြန်မှုတွင်ထည့်သွင်းဖော်ပြခြင်း ခံထားရပါသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပစ်အခတ်ရပ်စဲခြင်းမရှိသည့်အဖွဲ့

တိုက်ပွဲများ -

၂၀၁၅ - တပ်မတော်နှင့် တိုက်ပွဲများဖြစ်သော်လည်း တိုက်ပွဲအရေအတွက်အတိအကျကို မသိရှိ

၂၀၁၆ - မြောက်ပိုင်းမဟာမိတ် (ဗမာ) နှင့်အတူတိုက်ခိုက်

မဟာမိတ် - UNFC, NCCT, မြောက်ပိုင်းမဟာမိတ် (ဗမာ)

ခေါင်းဆောင်ပိုင်း

ဦးဖုန်ကြားရှင် (နာယက)
ဦးဖုန်ဒီယန် (ခ) ဦးဖုန်ဒါးရှန်
(အတွင်းရေးမှူးနှင့် စစ်သေနာပတိ)
ဝန်ဝင်းရှန် (ဒုစစ်သေနာပတိ)
ဖုန်ဒီချမ်း (စစ်ဦးစီးချုပ်)
ဦးထွန်းမြတ်လင်း (ပြောခွင့်ရပုဂ္ဂိုလ်)

လက်ရှိတွင် KIA ၊ TNLA၊AA တို့ပါဝင်သော မြောက်ပိုင်းအဖွဲ့များနှင့်အတူ မြန်မာ့တပ်မတော်နှင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။ ၂၀၁၉ ခုနှစ်ဖေဖော်ဝါရီ ဒုတိယအပတ်အတွင်း ကွမ်လုံမြို့နယ်ထဲတွင် မြန်မာ့တပ်မတော်နှင့် MNDAA အကြားတိုက်ပွဲအချို့ ဖြစ်ပွားခဲ့သည်။ တစ်ဖက်တွင်တော့ UWSA ဦးဆောင်သော FPNCC တွင် မြောက်ပိုင်း အဖွဲ့ဝင်များနှင့်အတူ ပါဝင်ကာ NCAမဟုတ်သော လမ်းကြောင်းဖြင့်အစိုးရနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန်ပြင်ဆင်နေပါသည်။ ထို့အပြင် မြောက်ပိုင်းအဖွဲ့ အနေဖြင့်လည်း အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများကို တရုတ်အစိုးရ၏ စေ့စပ်ညှိနှိုင်းပေးခြင်းဖြင့် ပြုလုပ်လုပ်လျက်ရှိပါသည်။ MNDAA အနေဖြင့်တော့ FPNCC ၏ဆုံးဖြတ်ချက်အတိုင်း ရပ်တည်သွားမည်ဟုလည်း ဆိုထားပါသည်။	နိုင်ငံရေးဆိုင်ရာ တောင်းဆိုမှု - ကိုးကန့်ဒေသတွင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြန်လည်ရရှိပြီး ကိုးကန့်ပြည်သူများအနေဖြင့် အခြားသော တိုင်းရင်း သားများကဲ့သို့ တိုင်းရင်းသားအခွင့်အရေးများရရှိရမည်၊ ကိုးကန့်ပြည်သူများအနေဖြင့် နိုင်ငံသားအခွင့်အရေး အပြည့်အဝရှိရမည်။ ဆက်သွယ်ရန် - Website: http://www.kokang123.com

National Democratic Alliance Army

အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးပါတီ



အကျဉ်းချုပ်

ထူထောင် - ၁၉၈၉
ဌာနချုပ် - မိုင်းလား၊ ရှမ်းပြည်အရှေ့ပိုင်း
ထိန်းချုပ်ဒေသ - မိုင်းလား၊ ရှမ်းပြည်နယ် (အထူးဒေသ ၄)
ခန့်မှန်းအင်အား - ၃,၀၀၀+
အစိုးရအမည် - ရှမ်းပြည်နယ် (အရှေ့) အထူးဒေသ ၄
အခြားအမည် - မိုင်းလားအဖွဲ့

မိုင်းလားအဖွဲ့ဟု လူသိများသည့်အမျိုးသားဒီမိုကရေစီသွေးစည်းညီ ညွတ်ရေးအဖွဲ U(NDAA) သည် ဗမာပြည်ကွန်မြူနစ်ပါတီ(CPB) မှ ခွဲထွက်ပြီး ၁၉၈၉ခုနှစ်တွင် တည်ထောင်ခဲ့သောအဖွဲ့ဖြစ်သည်။ ထိုအချိန်ကတပ်မတော်အစိုးရနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲကာ ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းလားမြို့တွင် အခြေစိုက်သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည်။

၂၀၁၁ခုနှစ်ကတည်းက ဦးသိန်းစိန်အစိုးရနှင့် NDAA အကြားပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုရရှိထားပါသည်။

၂၀၁၄ခုနှစ်နှင့် ၂၀၁၅ခုနှစ်များအတွင်း သမ္မတဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပါအဝင် လွှတ်တော်ဥက္ကဋ္ဌများနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများရှိခဲ့သလို ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း သဘောတူညီချက်အချို့လည်း ရှိခဲ့ပါသည်။ သို့သော်လည်း နေပြည်တော်တွင် ပြုလုပ်သောတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ထိုးပွဲတွင်တော့ မပါဝင်ခဲ့ပါ။

အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်
အပစ်အခတ်ရပ်စဲရေးဒုတိယမြောက် လက်မှတ်ထိုးသည့်အဖွဲ့

အဆင့် ၁ - ပြည်နယ်အဆင့်
အပစ်အခတ်ရပ်စဲ ရေး ၇ စက်တင်ဘာ ၂၀၁၁
အဆင့် ၂ - ပြည်ထောင်စုအဆင့် ၂၇ ဒီဇင်ဘာ ၂၀၁၁

ယခင်အပစ်အခတ်ရပ်စဲမှု - ၃၀ဇွန် ၁၉၈၉

တရားဝင်ကိုယ်စားလှယ်အဖွဲ့ -အလှည့်ကျ

ဆက်ဆံရေးရုံးများ
ရန်ကုန်၊ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်နှင့် မန္တလေး (ပြန်လည်ဖွင့်လှစ်)

မဟာမိတ်များ - မသိရှိ

လက်ရှိအချိန်ထိ မြန်မာ့တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားခြင်းမရှိသေးသော်လည်း NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သော အရပ်သားအစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်နှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။ NDAA သည် UWSA ဦးဆောင်သော ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးရေးကော်မတီ(FPNCC) တွင် ပါဝင်ကာ NCA လမ်းကြောင်းပေါ်မှာ နိုင်ငံရေးမူဘောင်ဆွေးနွေးပွဲနှင့် ၂၁ ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံတို့ကို လေ့လာသူအဖြစ် ၂၀၁၈ ခုနှစ်တွင် တက်ရောက်ခဲ့ပါသည်။	ဆက်သွယ်ရန် - Website: Facebook: Email: Phone:

New Mon State Party

မွန်ပြည်သစ်ပါတီ

UNFC and DPN member
PPST/JICM/UPDJC/JMC



အကျဉ်းချုပ်

ထူထောင် - ဇူလိုင် ၁၉၅၈
ဌာနချုပ် - ရေးချောင်းဖျား၊ မွန်ပြည်နယ်
လှုပ်ရှားဒေသ - သထုံ၊ ပေါင်၊ ချောင်းဆုံ၊ မော်လမြိုင်၊ ဖားအံ၊ ကော့ကရိတ်၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ရေဖြူ၊ ဘုရားသုံးဆူ တောင်ကြား၊ မြိတ်-ထားဝယ်နှင့် ကြာအင်းဆိပ်ကြီး
ခန့်မှန်းအင်အား - ၈၀၀+ (အရန်အင်အား ၂,၀၀၀)

၁၉၅၈ခုနှစ် ဇူလိုင်လ စတင်ဖွဲ့စည်းခဲ့သည့် မွန်ပြည်သူ့တပ်ဦး(MPF)သည် မွန်ပြည်သစ်ပါတီ (NMSP)အဖြစ်ပြောင်းလဲဖွဲ့စည်းကာ မွန်ပြည်နယ်အရှေ့ပိုင်းတောင်တန်းဒေသများနှင့် တနင်္သာရီတိုင်းရှိ အချို့သောဒေသများကို ထိန်းချုပ်လှုပ်ရှားခဲ့သည်။

NMSPသည် ၁၉၉၁ခုနှစ်တွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့ကြသော်လည်း နယ်ခြားစောင့်တပ်ဖွဲ့ရန် အစိုးရဘက်မှတောင်းဆိုချက်ကို ငြင်းဆန်ကာ ၂၀၁၀ခုနှစ် ဧပြီလမှ စကာ အစိုးရနှင့်အဆက်အသွယ်ပျက်တောက်သွားခဲ့သည်။ ၂၀၁၂ ခုနှစ်ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာတွင်တော့ အခြားသော တိုင်းရင်းသားလက်နက်ကိုင်များနှင့်အတူ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် UNFC အဖွဲ့ဝင်အနေဖြင့် NCCT၏ လုပ်ငန်းစဉ်များတွင်ပါဝင်လာခဲ့သည်။

၂၀၁၅ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ထိုးပွဲတွင်တော့ အားလုံးပါဝင်ရေးမူကို ကိုင်စွဲထားသော အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနည်းတူ NMSPလည်း ပါဝင်ခြင်း မရှိခဲ့ပေ။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပဏာမငြိမ်းချမ်းရေးဆွေးနွေးပွဲများ

အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး (၁ ဖေဖော်ဝါရီ ၂၀၁၂)
၂၀၁၈ ဖေဖော်ဝါရီ ၁၃ - NCA လက်မှတ်ရေးထိုး ယခင် အပစ်အခတ်ရပ်စဲမှု - ၂၉ ဇွန် ၁၉၉၅

တရားဝင်ကိုယ်စားလှယ်အဖွဲ့ -
နိုင်ငံ၏ပြင်ပ -
၁။ နိုင်ဟံသာ၊
၂။ နိုင်တလည်၊ နိုင်
၃။ ဟံသာဘွန်ထိုင်း

နိုင်ငံတွင်း -
၁။ နိုင်ထော်မွန်
၂။ နိုင်ယော်သာ
၃။ နိုင်တလည်
၄။ ဗိုလ်ချုပ်ကြီးဇေယျ
၅။ နိုင်အောင်မင်း (အတွင်းရေးမှူး -၁)
၆။ ဗိုလ်မှူးချုပ်လယီကောင်း

လက်ရှိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရလက်ထက်၊ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်တွင်တော့ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)နှင့်အတူ NCA ကို လက် မှတ်ရေးထိုးခဲ့ကာ NCA အရဖြစ်ပေါ်လာသော UPDJC ၊ JMC-U၊ PPST စသော အဖွဲ့များတွင် ပါဝင်ဆွေးနွေးလျက်ရှိပါသည်။ သို့သော် JMC-S တွင်တော့ ပါဝင်နိုင်ခြင်းမရှိသေးပါ။

အကြောင်းက NMSP အနေဖြင့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း တပ်ရင်း(၃)ခုရှိသော်လည်း တပ် မတော်ဘက်မှ မွန်ပြည်နယ် JMC-S တွင်သာ ပါဝင်ခွင့်ပြုပြီး ကျန် နေရာများတွင် ပါဝင်ခွင့်မပေးခြင်းကြောင့် NCA လက်မှတ်ထိုးခြင်း တစ်နှစ်ပြည့်သည့်တိုင် NCA ပါ ရသင့်ရထိုက်သော အခွင့်အရေးကို ဆုံးရှုံးလျက်ရှိသည့် အခြေအနေဖြစ်ပါသည်။

ထို့ကြောင့် NMSP သည် တပ်ရင်းများရှိရာ ကရင်နှင့် တနင်္သာရီတို့မှ JMC-S များတွင် ပါဝင်ခွင့်ရမှာသာ မွန်ပြည်နယ် JMC-S တွင်လည်း ပါဝင်သွားဖို့ ဆုံးဖြတ်ထားသည်ဟုဆိုပါသည်။

NMSPသည် မြန်မာ့တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုမရှိ သော်လည်း ၂၀၁၇ မြန်မာအမျိုးသားနေ့တွင် စစ်ရေးမကျင်းပရန် တပ်မတော်မှတားမြစ်ခဲ့ပြီး တင်းတင်းမာမာရှိခဲ့သည်။ သို့သော် ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့်တော့ မုဒုံ၊ ရေး၊ ရေဖြူ ဒေသတို့တွင် ၂၀၁၈ခုနှစ်အတွင်းထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည်။

နှစ်ဖက်အောက်ခြေတပ်များတွေ့ဆုံကာ ထိန်းသိမ်းဖို့ ကြိုးပမ်းခဲ့ကြသော်လည်း လူပ်ရှားရာနယ်မြေထိစပ်နေခြင်း ကြောင့် မကြာခဏဆိုသလို ထိတွေ့မှုများရှိနေသည်။ ထို့ပြင် ၄င်းတပ်များ လှုပ်ရှားရာ ဒေသများရှိ မြေမြှုပ်မိုင်း ရှင်းလင်းရေးလုပ်ငန်းများကို KNUနှင့် ပူးပေါင်းဖြေရှင်းရန် ပြင်ဆင်လျက်ရှိနေသည်။

တစ်ဖက်တွင်တော့ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင် ဆွေးနွေးနိုင်ရေးအတွက် မွန်နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့ အစည်းများနှင့်တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ကာ ကဏ္ဍအလိုက်အကြံ ဉာဏ်များရယူလုပ်ဆောင်နေသည်ကို သိရှိရသည်။

ဆက်ဆံရေးရုံးများ

၁။ မုဒုံ

၂။ သံဖြူဇရပ်

၃။ ရေး

၄။ ရေဖြူ (ရေဖြူရွာ)

၅။ ကျိုက်မရော

၆။ ဇင်းကျိုက် (ပေါင်မြို့နယ်)

၇။ မြိတ်

စီးပွားရေးရုံးများ -

၁။ မြဝတီ

၂။ ဘုရားသုံးဆူတောင်ကြား

၃။ မော်လမြိုင်

မဟာမိတ်များ - UNFC, NCCT, SD နှင့် DPN အဖွဲ့ဝင်

ဆက်သွယ်ရန် -

Website:

Facebook:

Email:

ဖုန်း - +66 80 503 0849

National Socialist Council of Nagaland-Khaplang

နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (ကပ်ပလန်)



အကျဉ်းချုပ်

ထူထောင် - ၁ ဧန်နဝါရီ ၁၉၈၀
ဌာနချုပ် - မသိရှိ
လှုပ်ရှားဒေသ - စစ်ကိုင်းတိုင်းဒေသကြီးရှိ လဟယ်၊ လေရှီးနှင့် နန်းယွန်း
ခန့်မှန်းအင်အား - ၅၀၀ အောက်

စစ်ကိုင်းတိုင်းဒေသကြီးနှင့် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် အခြေစိုက်ကာ ၁၉၈၀ခုနှစ်တွင် ဖွဲ့စည်းခဲ့သော နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN) သည် ၁၉၈၈ခုနှစ်တွင် နှစ်ဖွဲ့ကွဲသွားခဲ့သည်။ NSCN-Kသည် ၄င်းနှစ်ဖွဲ့အနက်မှ စစ်ကိုင်းတိုင်းဒေသကြီး လဟယ်၊ လေရှီး၊ ခန္တီးနှင့် နန်းယွန်းဒေသတို့ အခြေစိုက်လှုပ်ရှားသော အဖွဲ့ဖြစ်ကာ SS Kaplanu ဦးဆောင်သည်။ ကျန်တစ်ဖွဲ့ကမူ NSCN-IM အမည်ဖြင့်အိန္ဒိယနိုင်ငံထဲတွင် အခြေစိုက် Isak Chisi Swu က ဦးဆောင်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ NSCN-K လုပ်ရှားရာ လဟယ်၊ လေရှီးနှင့် နန်းယွန်းဒေသတို့ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ပေးခဲ့သည်။ ၂၀၁၀ခုနှစ်မှစပြီး မြန်မာ့တပ်မတော်နှင့် NSCN-Kအကြား တိုက်ပွဲဖြစ်ပွားခြင်းမရှိသလို ၂၀၁၂ခုနှစ်တွင်လည်း တိုင်းဒေသကြီးအဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုလက်မှတ်ရေးထိုးခဲ့ပါသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် - ၁၂ ဖွဲ့မြောက် အပစ်အခတ်ရပ်စဲသည့် အဖွဲ့ဖြစ်သည်။
အဆင့် ၁ - ပြည်နယ်အဆင့်
အပစ်အခတ်ရပ်စဲရေး ၉ ဧပြီ ၂၀၁၂

အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း
သဘောတူညီချက် - မရှိ

တရားဝင် ကိုယ်စားလှယ်အဖွဲ့ - မရှိ

ခေါင်းဆောင်ပိုင်း
ဥက္ကဋ္ဌ - အက်စ်အက်စ်ကပ်ပလန်
အတွင်းရေးမှူး - ဒါလီမန်းဂရူးအို
စစ်ဦးစီးချုပ် - ခိုလီးကွမ်းရက်

ဆက်ဆံရေးရုံးများ - ခန္တီး၊ စစ်ကိုင်းတိုင်းဒေသကြီး

မဟာမိတ်များ -

ဦးသိန်းစိန်အစိုးရ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အခြားသော တိုင်းရင်းသားလက်နက်ကိုင်များနည်းတူ ပါဝင်ဆွေးနွေးညှိနှိုင်းမှုများရှိခဲ့ပြီး ၂၀၁၅ခုနှစ်ဖေဖော်ဝါရီတွင် ပြုလုပ်သော နေပြည်တော်ရှိ သမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံပွဲသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၂ဖွဲ့နှင့်အတူ တက်ရောက်ခဲ့သော်လည်း ''ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ''တွင်တော့ လက်မှတ်ရေးထိုးခဲ့ခြင်း မရှိခဲ့ပါ။

၂၀၁၆ ခုနှစ်တွင် ဩဂုတ်လတတိယအပတ်တွင် မြန်မာ-အိန္ဒိယနယ်ခြားမှတ်တိုင်အမှတ်(၁၅၁)အနီး အိန္ဒိယအစိုးရ၏ အထူးတပ်ဖွဲ့နှင့် NSCN-K အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ ၄င်းနေရာတွင် မကြာခဏတိုက်ပွဲဖြစ်လေ့ရှိကြောင်းလည်း သတင်းများအရသိရပါသည်။

တစ်ဖက်တွင်တော့ NCAတွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် NSCN-K အကြား တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများရှိနေသလို အစိုးရ၏ဖိတ်ခေါ်မှုဖြင့် ၂၁ရာစု ပင်လုံညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။

၂၀၁၈ခုနှစ်ဇူလိုင်လကုန်ပိုင်းသတင်းအချို့အရ NSCN-K ဌာနချုပ်အနီးမြန်မာ့တပ်မတော်မှဝိုင်းထားကြောင်းမြန်မာ့တပ်မတော်၏ ခြိမ်းခြောက်မှုများရှိနေသည်ဟုဆိုပါသည်။ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီ ၂၉ရက်တွင်တော့ အနောက်မြောက်ပိုင်းစစ်ဌာနချုပ်၊ ခွန်းဗျူဟာတပ်ရင်းခြောက်ခုမှအင်အား ၄၀၀ခန့်သည် NSCN-K ဌာနချုပ်ရှိရာတဂါးနယ်မြေကိုဝင်ရောက်နေရာယူခဲ့သည်။ ယင်းမြန်မာ့တပ်မတော်၏ဝင်ရောက်တပ်စွဲထားခြင်းနှင့် ပတ်သက်ပြီး ပြန်လည်ရုပ်သိမ်းပေးရန်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ NSCN-Kမှ စာပေးပို့ မေတ္တာရပ်ခံထားသည်။

NSCN-K အနေဖြင့် နိုင်ငံတော်အကြီးအကဲများ၏ အကောင်း ဆုံးဖြေရှင်းပေးမည့်ဆောင်ရွက်ချက်မျိုးကို မျှော်လင့်ထားသည်ဟုဆိုသော်လည်းနာဂဒေသတွင် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသမှလက်နက်ကိုင်အဖွဲ့များဝင်ရောက် ပုန်းအောင်းနေသည်ဟုဆိုကာ လုံခြုံရေးအရ ဆောင်ရွက်ခြင်းကြောင်း မြန်မာ့တပ်မတော်ဘက်မှ ပြောဆိုထားပါသည်။ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ လဆန်းပိုင်းတွင်တော့ အစိုးရနှင့်သဘောတူလက်မှတ်ရေးထိုးထားသောငြိမ်းချမ်းရေးစာချုပ် ချိုးဖောက်သည်ဟုဆိုကာအရေးယူသွားမည်ဟု မြန်မာ့တပ်မတော်ဘက်မှ သတင်းထုတ်ပြန်သည်။

ဆက်သွယ်ရန်
Website:
Facebook:
Email:
Phone:

Pa-O National Liberation Organization - PNLO

ပအို၀်အမျိုးသားလွတ်မြောက်ရေးအဖွဲ့



အကျဉ်းချုပ်

ထူထောင် - ၂၀၀၉
ဌာနချုပ် - ရှမ်းပြည်တောင်ပိုင်းရှိ လေဖွားစခန်း
လှုပ်ရှားဒေသ - ရှမ်းပြည်နယ်ရှိ ဆီဆိုင်၊ ဟိုပုန်း၊ နမ့်စန်၊ လင်းခေးနှင့် မောက်မယ်
ခန့်မှန်းအင်အား - ၄၀၀ +

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးထားသည့် ပအို၀်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO^PNLA) သည် NCA လမ်းကြောင်းအတိုင်း ခိုင်မာစွာရပ်တည်သွားမည်ဟု ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၆ မှ ၂၈ ရက်အထိ ကျင်းပသော PNLO နှစ်ပတ်လည်ဗဟိုကော်မတီအစည်းအဝေး အပြီးတွင်ကြေညာလိုက်သည်။

ထိုပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ချဖေမွှေစေရန်အတွက် ဖမ်းဆီးခံထားရသော ABSDF မှဗဟိုကော်မတီဝင်များအား အမြန်ဆုံး ပြန်လွှတ်ပေးရေးနှင့် RCSSနှင့် PNLO အကြား ဖြစ်ပွားနေသည့် ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားလုံးပါဝင်သည့် ညီလာခံတစ်ရပ် အမြန်ဆုံးကျင်းပနိုင်ရေး အတွက် တိုက်တွန်းတောင်းဆိုခဲ့သည်။

ရှမ်းပြည်နယ် ဆီဆိုင်၊ ဟိုပုန်း၊ နမ့်စန်၊ လင်းခေးနှင့် မောက်မယ် ဒေသများတွင် လှုပ်ရှားလျက်ရှိသော PNLO သည် ရှမ်းပြည်နယ် တောင်ပိုင်းအခြေစိုက်ရာ့ဃ့ လှုပ်ရှားရာဒေသများနှင့် နယ်မြေအားဖြင့်ထိစပ်လျက်ရှိရာ ၂၀၁၈ ခုနှစ်အတွင်း တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။ နှစ်ဖက်ထိတွေ့တိုက်ပွဲကြောင့် ဒေသခံပြည်သူများ ရာနှင့်ချီကာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသလို စာသင်ကျောင်းအချို့လည်း ယာယီပိတ်ထားခဲ့ရသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ၁၃ ဖွဲ့မြောက် အပစ်အခတ်ရပ်စဲရေး လက်မှတ် ထိုးသည့်အဖွဲ့။

အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ် ရပ်စဲရေး ၂၅ သြဂုတ် ၂၀၁၂
အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ် ရပ်စဲရေး ၂၃ မတ် ၂၀၁၃
အဆင့် ၃ - NCA လက်မှတ်ထိုး ၁၅ အောက်တိုဘာ ၂၀၁၅

တရားဝင်ကိုယ်စားလှယ်အဖွဲ့ -
ပြည်နယ်အဆင့် - အဖွဲ့ဝင် ၇ ဦး
၁။ ခွန်မြင့်ထွန်း (အဖွဲ့ခေါင်းဆောင်)
၂။ ဗိုလ်မှူးကြီး ခွန်သူရိန်(ဒုခေါင်းဆောင်)
၃။ ဗိုလ်မှူးချုပ် ခွန်တီဆောင် (အဖွဲ့ဝင်)
၄။ ဗိုလ်မှူးခွန်ကျော်ထင် (အဖွဲ့ဝင်)
၅။ ခွန်ဦး (အဖွဲ့ဝင်)
၆။ ခွန်ထွန်းတင် (အဖွဲ့ဝင်)
၇။ ဗိုလ်မှူးခွန်ဆွေထို (အဖွဲ့ဝင်)

ပြည်ထောင်စုအဆင့် - အဖွဲ့ဝင် ၁၂ ဦး
၁။ ဗိုလ်မှူးကြီးခွန်ဥက္ကာ - အဖွဲ့ခေါင်းဆောင်

PNLO နှင့် RCSSတို့သည် NCAလက်မှတ်ရေးထိုးထားသည့်အဖွဲ့များဖြစ်သော်လည်း NCA အရ အကောင်အထည်ပေါ်လာသောပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)နည်းလမ်းဖြင့် ဖြေရှင်းနိုင်ခြင်းမရှိသေးပါ။ PNLOအနေဖြင့် JMC နည်းလမ်းဖြင့် ဖြေရှင်းရန် အလိုရှိသော်လည်း RCSSသည် JMC အစည်းအဝေးများတွင်ပါဝင်မှုကို ယာယီရပ်ဆိုင်းထားသည့်အတွက် ပြဿနာဖြေရှင်းရန် အခက်ကြုံနေသည်။

၂၀၁၉ခုနှစ် ဇန်နဝါရီလအထိ စစ်ဘေးရှောင်ဒေသခံပြည်သူ (၅၀၀)ကျော်သည်သံလွင်မြစ်ကို ဖြတ်ကျော်ကာ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဝင်ရောက်နေကြသဖြင့်အစိုးရနှင့် တပ်မတော်ကိုကြားဝင်ဖြေရှင်းပေးရန်ဝပြည်သွေးစည်းညီညွတ်ရေးအဖွဲ့ (UWSA)က အကူအညီတောင်းခံထားသည်။ PNLOနာယက ဗိုလ်မှူးကြီးခွန်ဥက္ကာကလည်း RCSSနှင့် ၄င်းတို့အဖွဲ့အကြား ပြဿနာဖြေရှင်းရန်ကြားခံအဖွဲ့တစ်ခုတော့ လိုအပ်နေကြောင်း ပြောဆိုပါသည်။

တစ်ဖက်တွင်လည်း RCSSသည် ၄င်းတို့အဖွဲ့နှစ်ဖွဲ့အကြား ထိတွေ့တိုက်ပွဲအချို့တွင် PNLOဖက်မှ မြန်မာ့တပ်မတော်ပါဝင်နေသည်ဟု သံသယရှိနေသည်ကို တွေ့ရသည်။ ယနေ့အထိ PNLOနှင့် မြန်မာ့တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားခြင်းမရှိသေးပါ။

PNLOသည် NCA အရဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်စိုက်မက်မက်ပါဝင်ဆောင်ရွက်လျက် ရှိသလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သုံးသပ်ဆွေးနွေးပွဲကိုလည်း ၂၀၁၈ခုနှစ် စက်တင်ဘာတွင် ပြုလုပ်ခဲ့ပြီး ပအိုဝ်းနိုင်ငံရေးအဖွဲ့အစည်းများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများပါဝင်ခဲ့သည်။ ထို့ပြင် ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် ပြုလုပ်သော NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀)ဖွဲ့မှ ခေါင်းဆောင်များပါဝင်သည့် ၂၁ရာစုပင်လုံညီလာခံမှ ရလဒ်များအပေါ် သုံးသပ်သောအစည်းအဝေးတွင်လည်း ပါဝင်ခဲ့သည်။ သို့သော်လည်း PNLO နာယက ဗိုလ်မှူးခွန်ဥက္ကာကတော့ လက်ရှိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သော အစိုးရအဖွဲ့ထဲတွင် ငြိမ်းချမ်းရေးလုပ်ငန်းကိုပဲ ကြိုးပမ်းနေသည့် ဦးဆောင်သူမရှိခြင်းအပေါ် အားမလိုအားမရဖြစ်နေပါသည်။

၂။ ခွန်မြင့်ထွန်း - ဒုခေါင်းဆောင်
၃။ ဗိုလ်မှူးကြီး ခွန်သူရိန် - အဖွဲ့ဝင်
၄။ ဗိုလ်မှူးကြီး အောင်ကျော် - အဖွဲ့ဝင်
၅။ ခွန်ဦး - အဖွဲ့ဝင်
၆။ ခွန်တင်ရွှေဦး - အဖွဲ့ဝင်

PNLO ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့
၇။ ဗိုလ်မှူး ခွန်ဆွေထိုး - အဖွဲ့ဝင်
၈။ ခွန်ထီး - အဖွဲ့ဝင်
၉။ ခွန်ထွန်းတင် - အဖွဲ့ဝင်
၁၀။ ခွန်သောမတ်စ် - အဖွဲ့ဝင်
၁၁။ နန်းနွယ်နွယ် - အဖွဲ့ဝင်
၁၂။ နန်းမြင့် - အဖွဲ့ဝင်

ဆက်ဆံရေးရုံးများ
၁။ တောင်ကြီး (၂၆/၀၁/၂၀၁၃)
၂။ သထုံ (၂၁/၀၈/၂၀၁၃)
၃။ မောက်မယ် (၀၈/၁၂/၂၀၁၃)
၄။ ဆီဆိုင် (မကြာမီဖွင့်လှစ်မည်)

မဟာမိတ်များ - PPST, PPWT/CT, UPDJC, JMC အဖွဲ့ဝင်

ဆက်သွယ်ရန် -
Website:
Facebook:
Email: pnlopower@gmail.com
Phone:

Restoration Council of Shan State – RCSS/SSA

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

PPST, PPWT/CT, UPDJC, JMC member



အကျဉ်းချုပ်

ထူထောင် - ၁၉၆၄/၁၉၉၆
ဌာနချုပ် - လွယ်တိုင်လန်း၊ ရှမ်းပြည်နယ်တောင်ပိုင်း
လှုပ်ရှားဒေသ - ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မိုင်းတုံ၊ မိုင်းဆတ်၊ ရှမ်းပြည်နယ် တောင်ပိုင်းရှိ မိုင်းပန်၊ မိုးနဲ၊ လဲချား၊ ကွန်ဟင်း၊ လွယ်ဆစ်၊ မောက်မယ်၊ မိုးကောင်း၊ နမ့်ဆန်၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကျောက်မဲနှင့် နမ့်ခမ်း
ခန့်မှန်းအင်အား - ၈,၀၀၀+

ခေါင်းဆောင် - ဒုဗိုလ်ချုပ်ကြီး ယွတ်ဆစ်

ရှမ်းပြည်နယ်တောင်းပိုင်း အခြေစိုက်ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) ကို ရှမ်းပြည်ညီညွတ်သောတော်လှန်ရေးတပ်ဖွဲ့(SURA)နှင့်တပ်မတော်အစိုးရတို့အကြား ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးသဘောတူခဲ့ရာမှ ၄င်းသဘောတူညီမှုကို လက်မခံလိုသော ဒုဗိုလ်ချုပ်ကြီးယွတ်ဆစ်က ၁၉၉၆ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင်ဗိုလ်ချုပ်စဝ်စိုင်းယီဦးဆောင်သည့်ရှမ်းပြည်နယ်အမျိုးသားတပ်မတော်(SSNA)နှင့် ပူးပေါင်းခဲ့ရာအင်အားပိုမိုတောင့်တင်းလာခဲ့ပါသည်။

၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ ဖြစ်တည်လာခဲ့သည့် ဦးသိန်းစိန်အစိုးရ၏ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း RCSS/SSAလည်းအခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနည်းတူ ပါဝင်ခဲ့ပြီး ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အထိ ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အပစ်အခတ်ရပ်စဲရေးနှင့်
ငြိမ်းချမ်းရေးလုပ်ငန်းစဉ်
အပစ်အခတ်ရပ်စဲရေး
စတုတ္ထမြောက်လက်မှတ်ထိုးသည့်အဖွဲ့

အဆင့် ၁ - ပြည်နယ်အဆင့်
အပစ်အခတ် ရပ်စဲရေး ၂ ဒီဇင်ဘာ ၂၀၁၁
အဆင့် ၂ - ပြည်ထောင်စုအဆင့်
အပစ်အခတ် ရပ်စဲရေး ၁၆ ဧန်နဝါရီ ၂၀၁၂
အဆင့် ၃ - NCA လက်မှတ်ထိုး ၁၅ အောက်တိုဘာ ၂၀၁၅

အပစ်အခတ်ရပ်စဲရေးလွန်
ကာလတိုက်ပွဲများ -
၂၀၁၂ - ၆၈
၂၀၁၃ - ၇၆
၂၀၁၄ - ၂၁
၂၀၁၅ - ၁၃
၂၀၁၆ - ၄

တရားဝင်ကိုယ်စားလှယ်အဖွဲ့
ဆွေးနွေးညှိနှိုင်းရေးခေါင်းဆောင် - ပေါင်းခေး

NCA အရဖြစ်ပေါ်လာသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများအဆင့်တိုင်းတွင်ပါဝင်ဆွေးနွေးလျက်ရှိ သလို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(သို့မဟုတ်) ၂၁ရာစု ပင်လုံအစည်းအဝေးများတွင်လည်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။

သို့သော်လည်း တစ်ဖက်တွင်တော့ မြန်မာ့တပ်မတော်နှင့် RCSS/SSAအကြားတိုက်ပွဲများကရပ်စဲမသွားခဲ့ပါ။ NCA ကို ချိုးဖောက်ကြောင်း တစ်ဖက်နှင့် တစ်ဖက်အပြန်အလှန် စွပ်စွဲပြောဆိုမှုများကြားကပင် NCA သက်တမ်း(၃)နှစ်အတွင်းတိုက်ပွဲ ၈၀ နီးပါးဖြစ်ပွားခဲ့သည်ဟုဆိုပါသည်။ ထို့အပြင် အခြားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်သည့် SSPP/SSA ၊ TNLA ၊ PNLO ၊ PNO (BGF)တို့နှင့်လည်း ၂၀၁၈ခုနှစ်အတွင်း တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ယခု ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလအထိ SSPP/SSA ၊ TNLAတို့နှင့် တိုက်ပွဲများဆက်လက်ပြင်းထန်နေဆဲဖြစ်သည်။

တိုက်ပွဲကြောင့်စစ်ဘေးရှောင် ၅၀၀၀ ခန့်ရှိနေပြီး ဒေသခံပြည်သူများ၊ နိုင်ငံရေးပါတီများ နှင့် အရပ်ဖက်အဖွဲ့အစည်းများမှလည်း RCSS/SSAနှင့် SSPP/SSAအကြားဖြစ်ပွားနေသည့် တိုက်ပွဲများရပ်တန့်ရေးနှင့် တွေ့ဆုံညှိနှိုင်းအဖြေရှာရေးအတွက် လက်မှတ်ထိုးတောင်းဆိုထားသော်လည်း တိုက်ပွဲများက မရပ်စဲနိုင်သေးပေ။

တပ်မတော်မှအဆိုပြုလာသည့်တစ်ခုတည်းသော တပ်မတော်ထားရှိရေးနှင့် ပြည်ထောင်စုမှခွဲမထွက် ရေး ကိစ္စရပ်များကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ် တံ့ဆိုင်းနေသည့် လက်ရှိကာလတွင် RCSS/SSAသည် NCAအရဖြစ်ပေါ်လာသော တရားဝင်ဆွေးနွေးပွဲများတွင် ပါဝင်မှုကို ရပ်ဆိုင်းထားပါသည်။

အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် အလွတ်သဘောတွေ့ဆုံဆွေးမှုများပြုလုပ်လျက်ရှိပြီး တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက်လည်း ပြင်ဆင်လျက်ရှိသည်။ RCSS/SSA အနေဖြင့် NCA လမ်းကြောင်းမှသွေဖယ်သွားမည်မဟုတ်ကြောင်းတော့ အတိအလင်းပြောဆိုထားပါသည်။

ဆက်ဆံရေးရုံးများ -

၁။ တောင်ကြီး (၂၂/၀၂/၂၀၁၂)
၂။ ကျိုင်းတုံ (၂၂/၀၂/၂၀၁၂)
၃။ တာချီလိတ် (၂၉/၀၂/၂၀၁၂)
၄။ မိုင်းတုံ (၂၉/၀၂/၂၀၁၂)
၅။ ခိုလမ်း (၂၁/၀၃/၂၀၁၂)
၆။ မူဆယ် (စီးပွားရေးဆက်ဆံရေးရုံး)
၇။ မိုင်းပန် (၆/၀၃/၂၀၁၄)

မဟာမိတ်များ - PPST, PPWT/CT, UPDJC, JMC အဖွဲ့ဝင်

ဆက်သွယ်ရန် -
Website: http://www.taifreedom.com,, http://www.rcssanc.org
Facebook: https://www.facebook.com/RCSSAND/
Email: rcssinfordepartment@gmail.com
Phone:+95 9 4283 28715

Shan State Progress Party-SSPP/SSA

သျှမ်းပြည်တိုးတက်ရေးပါတီ

UNFC, FUA, NCCT, DPN member
FPNCC



အကျဉ်းချုပ်

ထူထောင် - ၁၉၆၄/၁၉၈၉
ဌာနချုပ် - ရှမ်းပြည်မြောက်ပိုင်း၊ ကျောသီးမြို့နယ်၊ ဝမ်ဟိုင်းရှိ ဌာနချုပ်
လှုပ်ရှားဒေသ - နမ့်ခမ်း၊ လန်းခေး၊ သီပေါ၊ ကျောက်မဲ၊ မိုင်းရှား၊ တန့်ယန်း၊ မိုင်းယိုင်၊ ကျောသီး၊ လားရှိုးမြို့နယ်
ခန့်မှန်းအင်အား - ၈,၀၀၀+

ခေါင်းဆောင် - ဒုဗိုလ်ချုပ်ကြီး ပန်ဖ

ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများတွင် လှုပ်ရှားလျက်ရှိသော ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)ကို ၁၉၇၁ ခုနှစ်တွင် ထူထောင်ခဲ့သည်။ ၁၉၈၉ခုနှစ် ၊ စက်တင်ဘာ ၂ရက်တွင် တပ်မတော်အစိုးရနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှု ရယူခဲ့သည်။ ဆယ်စုနှစ် နှစ်ခုကျော်ကြာ အပစ်အခတ်ရပ်စဲခဲ့သော်လည်း ၂၀၁၀ခုနှစ်တွင် SSPP/SSAအား နယ်ခြားစောင့်တပ် (BGF)အသွင်ပြောင်းရန် အစိုးရမှ ဖိအားပေးခဲ့ရာ SSPP ဗိုလ်မှူးကြီး ပန်ဖဦးဆောင်သည့် တပ်မဟာ(၁)မှ ငြင်းဆန်ခဲ့သည်။ ယင်းနောက် လက်ရှိဒုဗိုလ်ချုပ်ကြီးပန်ဖဦးဆောင်က SSPP/SSA ကို အသက်ဝင်စေခဲ့သည်။ တပ်မတော်နှင့် တိုက်ပွဲများပြန်ဖြစ်ခဲ့သည်။

ဦးသိန်းစိန်အစိုးရလက်ထက် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ၂၀၁၂ခုနှစ်တွင် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တွင်တော့ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းမရှိခဲ့ပါ။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်
၇ ဖွဲ့မြောက် အပစ်အခတ်ရပ်စဲရေး လက်မှတ် ထိုးထားသည့်အဖွဲ့

အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ် ရပ်စဲ ၂၈ ဧန်နဝါရီ ၂၀၁၂
အဆင့် ၂ - ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေး (၂၈ ဧန်နဝါရီ ၂၀၁၂)
ယခင်အပစ်အခတ် ရပ်စဲမှု - စက်တင်ဘာ ၀၂၊ ၁၉၈၉

အပစ်အခတ်ရပ်စဲရေးလွန်ကာလ တိုက်ပွဲများ -
၂၀၁၂ - ၁၃၀
၂၀၁၃ - ၇၁ ထိပ်တိုက်တွေ့
၂၀၁၄ - ၁၀၀+
၂၀၁၅ - ၃၄ (မီဒီယာမှတ်တမ်း)
၂၀၁၆ - ၁၀ (မီဒီယာမှတ်တမ်း)

တရားဝင်ကိုယ်စားလှယ်အဖွဲ့ - အလှည့်ကျ
ဆက်ဆံရေးရုံးများ -
၁။ လားရှိုး
၂။ တောင်ကြီး
၃။ ခိုလမ်း
၄။ မူဆယ် (မဖွင့်သေး)
၅။ တာချီလိတ် (အတည်မပြုသေး)

သတင်းမီဒီယာဖော်ပြမှုမှတ်တမ်းအရ ၂၀၁၅ခုနှစ် ၂၀၁၈ ခုနှစ်အထိ မြန်မာ့တပ်မတော်နှင့် SSPP/SSAအကြား တိုက်ပွဲဖြစ်ပွားသည့်ရက်ပေါင်း ၇၀ကျော်ရှိသော်လည်း SSPP/SSA၏ ထုတ်ပြန်ချက်အရတော့ ၂၀၁၂ခုနှစ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲမှု လက်မှတ်ထိုးချိန်မှစကာ ၂၀၁၇ခုနှစ်ကုန်အထိ ၅နှစ်တာအတွင်း မြန်မာ့တပ်မတော်နှင့်ငင်းတို့အဖွဲ့အကြား တိုက်ပွဲပေါင်း ၅၀၀ ကျော်ဖြစ်ပွားခဲ့သည်ဟုဆိုပါသည်။

တစ်ဖက်တွင်တော့ ရှမ်းပြည်နယ် တောင်ပိုင်းအခြေစိုက် RCSS/SSAနှင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။ ရှမ်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ခုအကြားတိုက်ပွဲဖြစ်နေခြင်းကို ဒေသခံပြည်သူများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ ကန့်ကွက်ရှုံ့ချကာစေ့စပ်ညှိနှိုင်းအဖြေရှာကြရန် တိုက်တွန်းထားသော်လည်းတိုက်ပွဲများ ရပ်စဲခြင်း မရှိသေးပါ။ မီဒီယာဖော်ပြမှုမှတ်တမ်းအရ ၂၀၁၈ခုနှစ် တစ်နှစ်တည်းတွင် တိုက်ပွဲဖြစ်ရက်ပေါင်း ၂၀ခန့်ရှိခဲ့သည်။ စစ်ဘေးရှောင်ပြည်သူပေါင်း ထောင်နှင့်ချီရှိနေသည်။

SSPP/SSAသည် NCA မဟုတ်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းအနေဖြင့် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် ဆွေးနွေးလျက်ရှိသော UWSAဦးဆောင်သည့် FPNCCတွင် ပါဝင်နေသလို NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့်အလွတ်သဘောရော၊ တရားဝင်တွေ့ဆုံဆွေးနွေးမှုများပါ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရသည်။ ထို့အပြင် ဦးသိန်းစိန်အစိုးရလက်ထက်ကတည်းက စုစည်းထားသော UNFC တွင်လည်း ပါဝင်နေဆဲဖြစ်ပါသည်။ ထူးခြားချက်အဖြစ် စစ်ဖြစ်ပွားလျက်ရှိသော RCSS/SSA နှင့်အတူ ရှမ်ပြည်ညီညွတ်ရေးကော်မတီ(CSSU)တွင်လည်း ပါဝင်ကာ လူထုအခြေပြုနိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှုများတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ယုံကြည်မှုတည်ဆောက်နိုင်ရေးအတွက်ဟုဆိုကာ အစိုးရ၊ တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင် တောင်းဆိုထားသလို NCAတွင် ပါဝင်လက်မှတ်ထိုးနိုင်ရေးသည်လည်း ယင်းသို့ဆွေးနွေးမှုပေါ်တွင်သာ မူတည်နေသည်ဟုဆိုပါသည်။

https://bit.ly/2T5D06l

မဟာမိတ်များ - UNFC, FUA, NCCT, DPN အဖွဲ့ဝင်

ဆက်သွယ်ရန် -
Website:
Facebook: https://www.facebook.com/SSPP-SSA-459567954219825/
Email: rcssinfordepartment@gmail.comç sspp.hq@gmail.com
Phone: (95) 090949579983, 0949579903

Palaung State Liberation Front – PSLF

ပလောင်ပြည်နယ် လွတ်လပ်ရေးတပ်ဦး

လက်နက်ကိုင်အဖွဲ့ - တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်



အကျဉ်းချုပ်

ထူထောင် - ၁၉၉၂ (ဧန်နဝါရီ)
ဌာနချုပ် - ရွှေလျား
လှုပ်ရှားဒေသ - ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ ကွတ်ခိုင်၊ နမ္မတူ၊ မန်တုံ၊ နမ့်စန်၊ နမ့်ခမ်း၊ မူဆယ်၊ မိုးမိတ်၊ မိုးကုတ်၊

ခန့်မှန်းအင်အား - ၆,၀၀၀+

၁၉၆၃ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့သည့် ပလောင်အမျိုးသားတပ်ဖွဲ့ကို ၁၉၇၆ခုနှစ်တွင်ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဖွဲ့ (PSLA)အဖြစ်အမည်ပြောင်းဖွဲ့စည်းခဲ့သည်။ ၁၉၉၁ခုနှစ် ဧပြီလတွင်တော့ PSLAနှင့်စစ်အစိုးရအကြားအပစ်အခတ်ရပ်စဲခဲ့သည်။ အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်းအဖွဲ့အတွင်း သဘောထားကွဲလွဲမှုများဖြစ်ကာ ၁၉၉၂ခုနှစ် ဧန်နဝါရီတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF)ကို ဖွဲ့စည်းခဲ့ကြသည်။

၂၀၀၉ ခုနှစ်တွင်တော့တအာင်း(ပလောင်)ဒေသကို လက်တွေ့ကာကွယ်နိုင်ရန် ရည်ရွယ်ကာ TNLAကို အတည်ပြုဖွဲ့စည်းခဲ့သည်။ ဒီမိုကရေစီ ၊ လူ့အခွင့်အရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံရေး တည်ဆောက်နိုင်ရေး ဟူသော နိုင်ငံရေးအရည်းတည်ချက်များချမှတ်ထားသည်။

အပစ်အခတ်ရပ်စဲရေးနှင့်
ငြိမ်းချမ်းရေးလုပ်ငန်းစဉ်
အပစ်အခတ် ရပ်စဲထားခြင်းမရှိသည့်အဖွဲ့
ဌာတိုက်ပွဲများ -
တပ်မတော်နှင့်တိုက်ပွဲများ-
၂၀၁၂ - ၁၇
၂၀၁၃ - ၆၅
၂၀၁၄ - ၁၃၆
၂၀၁၅ - ၂၁၉
၂၀၁၆ - ၃၀၉

RCSS နှင့် တိုက်ပွဲများ-
၂၀၁၅ - ၁၇
၂၀၁၆ - ၁၄၅

ခေါင်းဆောင် -
ဗိုလ်မှူးချုပ် တာအိုက်ဘုန်း(ဥက္ကဋ္ဌ)
ဗိုလ်မှူးချုပ် တာကျော့ကြာ(ဒုဥက္ကဋ္ဌ)
ဗိုလ်မှူးကြီး တာဘုန်းကျော်
(အတွင်းရေးမှူး)
ပြန်ကြားရေးဌာန - မိုင်းအိုက်ကျော်
နိုင်ငံခြားရေးရာဌာန - တာပန်လ
ဗဟိုကော်မတီ - ၂၃
အရန်ကော်မတီ -(၈)

မြန်မာ့တပ်မတော်နှင့် TNLA အကြား တိုက်ပွဲဖြစ်ပွားမှုသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ (၅)နှစ်တွင်း အကြိမ်ရေ ၇၅၀ နီးပါးဖြစ်ပွားခဲ့ပါသည်။ ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း PSLF/TNLAအနေဖြင့် UNFC တွင် ပါဝင်ကာ NCA မူကြမ်းဖြစ်ပေါ်လာသည်အထိ တွေ့ဆုံဆွေးနွေးမှုများတွင် ပါဝင်ခဲ့သော်လည်း NCAလက်မှတ်ရေးထိုးခြင်းတွင်တော့ တိုက်ပွဲများဖြစ်ပွားနေသည်ဟု အကြောင်းပြကာအစိုးရဘက်မှ ဖိတ်ခေါ်ခြင်းမရှိခဲ့ပါ။

၂၀၁၆ ခုနှစ်အတွင်း ပေါ်ပေါက်လာခဲ့သော မြောက်ပိုင်းမဟာမိတ်လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွင် KIO/KIA၊ SSPP/SSA၊ MNDAA တို့နှင့်အတူပူးပေါင်းစစ်ရေးလှုပ်ရှားမှုများ ရှိလာခဲ့သည်။ ၂၀၁၇ နှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း မြန်မာ့တပ်မတော်နှင့် TNLA အကြားတိုက်ပွဲဖြစ်ပွားသည့်ရက်ပေါင်း ၁၅၀နီးပါးရှိခဲ့ပါသည်။ လက်ရှိ ၂၀၁၉ ခုနှစ်မတ်လထိတွင်လည်း တိုက်ပွဲများဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်ပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသအချို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည့် RCSS/SSA နှင့် TNLA အကြားတိုက်ပွဲဖြစ်ပွားမှုများရှိနေပါသည်။ ၂၀၁၉ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့၊ PSLF/TNLAထုတ်ပြန်ချက်တွင်တော့ တိုက်ပွဲများဆက်လက်မဖြစ်ပွားရေးအတွက် RCSS/SSAနှင့် တွေ့ဆုံညှိနှိုင်းအဖြေရှာသွားမည်ဟု ဆိုပါသည်။

တစ်ဖက်တွင်တော့ မြောက်ပိုင်းမဟာမိတ် အဖွဲ့ဝင်များနှင့်အတူ မြန်မာငြိမ်းချမ်းရေးကော်မရှင်နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာအလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ရှိလာခဲ့ပါသည်။ PSLF/TNLA သည် UWSA နှင့် KIO/KIA တို့ဦးဆောင်သော မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်(၇)ဖွဲ့ပါဝင်သည့် ဖက်ဒရယ်နိုင်ငံရေးတွေ့ဆုံညှိနှိုင်းရေးကော်မတီ (FPNCC) တွင်ပါဝင်ကာ နိုင်ငံရေးအရ ရပိုင်ခွင့်များကိုတောင်းဆိုလျက် ရှိပါသည်။

https://www.pslftnla.org/pslf

တရားဝင်ကိုယ်စားလှယ်အဖွဲ့ - မရှိ

ဆက်ဆံရေးရုံးများ - မရှိ

မဟာမိတ်များ - FPNCC,
မြောက်ပိုင်းမဟာမိတ် - ဗမာ

ဆက်သွယ်ရန်
Website: http://www.pslftnla.org/
Facebook: https://www.facebook.com/PslfTnla/
Email: pslftnlanews@gmail.com
Phone:

United League of Arakan/ Arakan Army (ULA/AA)

ရခိုင်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင့်တပ်မတော်

အကျဉ်းချုပ်

ထူထောင် - ၂၀၀၈

ဌာနချုပ် - KIA ထိန်းချုပ် ဧရိယာများတွင်ဌာနချုပ် (ယာယီ)

လှုပ်ရှားသည့်ဒေသ - ကရင်လွတ်မြောက်ရေးတပ်မတော် (KIA) ထိန်းချုပ်ထားသည့်ဧရိယာ

ခန့်မှန်းအင်အား - ၃,၀၀၀

ခေါင်းဆောင် - ဗိုလ်မှူးချုပ် ထွန်းမြတ်နိုင် (စစ်ဦးစီးချုပ်)

ဗိုလ်မှူးကြီးဒေါက်တာညိုထွန်းအောင် (ဒု-စစ်ဦးစီးချုပ်)

ရခိုင်အမျိုးသားအဖွဲ့ချုပ်(ULA)၏ လက်နက်ကိုင်အဖွဲ့ (AA)ကို ၂၀၀၉ခုနှစ် ဧပြီ ၁၀ရက်တွင်ဖွဲ့စည်းခဲ့ပါသည်။ KIO/KIA ထိန်းချုပ်နယ်မြေအတွင်း ယာယီရုံးစိုက်ထားပြီး ၂၀၁၁ခုနှစ်နောက်ပိုင်း KIAနှင့်အတူတွဲဖက်ကာ မြန်မာ့တပ်မတော်နှင့် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ၂၀၁၃ခုနှစ်၊ လိုင်ဇာမြို့တွင် ကျင်းပသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကွန်ဖရင့်မှ အတည်ပြုခဲ့သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့(NCCT) အဖွဲ့ဝင်(၁၆)ဖွဲ့တွင်ပါဝင်ပြီး ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ဆွေးနွေးမှုများရှိခဲ့သည်။ သို့သော်လည်း ULA/AAအနေဖြင့် အစိုးရနှင့်အပစ်အခတ်ရပ်စဲခြင်းဆိုင်ရာ တစ်စုံတစ်ရာသောသဘောတူညီမှုရရှိထားခြင်းမရှိပါ။ ထို့အပြင် ဦးသိန်းစိန်အစိုးရ၏ရသမျှသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့နှင့် NCAလက်မှတ်ရေးထိုးချိန်တွင်လည်း ULA/AAကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အနေဖြင့်အသိအမှတ်ပြုကာ NCA လက်မှတ်ထိုးရန်ဖိတ်ခေါ်ခြင်းမပြုခဲ့ပါ။ ULA/AA နှင့် မြန်မာ့တပ်မတော်အကြားတိုက်ပွဲဖြစ်ပွား မှုများကလည်း ၂၀၁၅ခုနှစ်မှစကာ တစ်နှစ်ထက်တစ်နှစ်ပိုမိုပြင်း ထန်လာခဲ့ပါသည်။ အထူးသဖြင့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ခုနှစ်အတွင်း တိုက်ပွဲဖြစ်ပွားမှုသည် ရက်အားဖြင့် ၅၀ ကျော်ဖြစ်ပွားခဲ့ပါသည်။ တစ်ဖက်တွင်တော့ အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့်အပစ်ရပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများကိုတရုတ်အစိုးရ၏အကူအညီဖြင့် ပြုလုပ်လျက်ရှိပါသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲခြင်းမရှိ

တိုက်ပွဲများ -

၂၀၁၅ - ၅+

၂၀၁၆ - ၁၀+

တရားဝင်ကိုယ်စားလှယ်အဖွဲ့ -

ဗိုလ်မှူးကြီးကျော်ဟန်

ပြောခွင့်ရပုဂ္ဂိုလ် - ခိုင်သုခ

ဆက်ဆံရေးရုံးများ

မရှိ

မဟာမိတ်များ -

FPNCC၊ မြောက်ပိုင်းမဟာမိတ် - ဗမာ

ဆက်သွယ်ရန် -

Website: http://thearakanarmy.com/

Facebook: https://www.facebook.com/thearakanarmy1

Email: unitedleagueofarakan@yahoo.com

arakanarmy2012@gmail.com

Phone:

+86 180 8816 4061

+ 91 977 495 3234

ထို့အပြင် UWSA ဦးဆောင်သော FPNCC တွင်လည်း ပါဝင်ကာအစိုးရနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ကြိုးပမ်းလျက်ပါသည်။ ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၁ရက်မှ ၂၀၁၉ ဧပြီလကုန်အထိ စစ်တိုင်း(၅)ခုနယ်မြေတွင်စစ်ရေးလှုပ်ရှားမှုများ ယာယီရပ်ဆိုင်းကြောင်း မြန်မာ့တပ်မတော်ဘက်မှ ရုက်တရက်ကြေငြာခဲ့ပါသည်။ သို့သော် ULA/AAလှုပ်ရှားရာ ရခိုင်ဒေသများတွင်တော့ ARSA အကြမ်းဖက်အဖွဲ့အစ္စရယ်ရှိနေသည်ဟု အကြောင်းပြကာ စစ်ရေးလှုပ်ရှားမှုယာယီရပ်ဆိုင်ရာ နယ်မြေတွင်မပါဝင်ခဲ့ပေ။ ULA/AAနှင့် မြန်မာ့တပ်မတော်အကြားတိုက်ပွဲများကလည်း ၂၀၁၈ခုနှစ် နှစ်ကုန်ပိုင်းအထိ ပြင်းထန်နေဆဲဖြစ်သည်။ ၂၀၁၉ခုနှစ် ဇန်နဝါလ ၄ရက်(လွတ်လပ်ရေးနေ့)တွင်တော့ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကျောင်းတောင်၊ ခထီးလှ၊ ငမြင်းဘော်နှင့် ဂုတ်ပီ နယ်ခြားစောင့်ရဲစခန်း (၄) ခုကို ULA/AA မှ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထို့နောက်တိုက်ပွဲများဆက်လက်ပြင်းထန်နေခဲ့ပြီး ၂၀၁၉နှစ်ဖေဖော်ဝါရီ လကုန်အထိ မီဒီယာဖော်ပြချက်အရ တိုက်ပွဲဖြစ်ရက်ပေါင်း(၃၀)အထိ ရှိနေပါသည်။ စစ်ဘေးရှောင်ဒုက္ခသည်အရေအတွက်သည် နှေ့စဉ်နှင့်အမျှ တိုးနေဆဲဖြစ်ပြီး မတ်လတွင်မူ (၃၀၀၀၀) ကျော်အထိ ရှိနေပါသည်။ ထို့ပြင် နောက်ဆက်တွဲဆိုးကျိုးများအဖြစ် လက်သည်မပေါ်သေးသော အသတ်ခံရခြင်းများရှိနေသလိုခြိမ်းခြောက်မှုများကိုလည်း ဒေသခံ ပြည်သူများကြုံတွေ့ခံစားနေရပါသည်။ ULA/AAနှင့် မြန်မာ့တပ်မတော်အကြား တိုက်ပွဲများသည် ဘူးသီးတောင်၊ မောင်းတော၊ ရသေ့တောင်၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်း စသော ရခိုင်ပြည်နယ်ဒေသများအပြင် ချင်းပြည်နယ် ပလက်ဝမြို့နယ်အထိ အပြန့်ကျယ်ကာ ပြင်းထန်လျက်ရှိပါသည်။	

United Nationalities Federal Council (UNFC)

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ



အကျဉ်းချုပ်

ထူထောင်- ဖေဖော်ဝါရီ ၁၆ ၂၀၁၁
ဌာနချုပ် - ချင်းမိုင်၊ ထိုင်းနိုင်ငံ

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) သည် ဦးသိန်းစိန်အစိုးရလက်ထက်အတွင်းတစ်ခုတည်းသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များစုစည်းထားသည့် တပ်ပေါင်းစုဖြစ်သည်။ စစ်အစိုးရနှင့် အပစ်ရပ်သဘောတူခဲ့သော လက်နက်ကိုင်အဖွဲ့များနှင့် တိုက်ပွဲဝင်နေဆဲ လက်နက်ကိုင်အဖွဲ့များပေါင်းစည်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးကော်မတီ (CEFU) မှ ဦးဆောင်ပြီးစတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်ကာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်း (၁၂)ဖွဲ့ပါဝင်သည်။ နိုင်ငံရေးနှင့် စစ်ရေးကိုဟန်ချက်ညီစွာကျင့်သုံးမည့် တော်လှန်ရေးလမ်းစဉ်ချမှတ်ထားသည်။

ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ၎င်းပြသည် အဓိကအခန်းကဏ္ဍတွင်ရှိနေခဲ့ပြီး ၂၀၁၃ခုနှစ်၊ အောက်တိုဘာလတွင်ကျင်းပသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းညီလာခံတွင်တော့တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ဘုံသဘောထားရပ်တည်ချက်များရယူကာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (၁၆)ဖွဲ့ပါဝင်သော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT)ကို ထပ်မံဖွဲ့စည်းခဲ့သည်။

ခေါင်းဆောင်ပိုင်း

ဥက္ကဋ္ဌ - နိုင်ဟံသာ
အတွင်းရေးမှူး - ခူဉီးရာယ်

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ၉ ချက်ပါ အဆိုပြုလွှာကို ဆက်လက်ဆွေးနွေး
On going discussion on 9 points proposal
နောက်ဆုံးအကြိမ်တွေ့ဆုံမှု ၉-၁၀ နိုဝင်ဘာ ၂၀၁၆

DPN အဖွဲ့
ခေါင်းဆောင် - ခူဉီးရာယ် - KNPP

ထို NCCT နှင့် ဦးသိန်းစိန်အစိုးရ၏ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) တို့ တွေ့ဆုံကာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ နှစ်နှစ်နီးပါးကြာတွေ့ဆုံဆွေးနွေးညှိ နှိုင်းပြီးချိန် တွင်တော့တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)မူကြမ်းရရှိခဲ့ပြီး ၄င်းမူကြမ်းအား လက်မှတ်ထိုးရန်အတွက်မူ NCCTတွင် လုပ်ပိုင်ခွင့်ရှိမရှိ သဘောထားကွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ နောက်ဆုံးတွင် NCAမူကြမ်းကို NCCT မှ အတည်ပြုလက်မှတ်ထိုးခဲ့ပြီး ပါဝင်သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၆) ဖွဲ့မှ ၄င်းနှင့် သက်ဆိုင်သော ပြည်သူများကို ချုပြရန်နှင့် သက်ဆိုင်ရာဗဟိုကော်မတီမှဆုံးဖြတ်ချက်ရယူရန် ဆုံးဖြတ်ခဲ့ကြသည်။ UNFC အနေဖြင့် NCAမူကြမ်းကိုသေချာအချောသပ်ဆွေးနွေးနိုင်ရန် NCCT မှအဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ Senior Delegation (SD) ကို ဖွဲ့စည်းကာ ဖွဲ့စည်းခဲ့သည်။ ၂၀၁၅ခုနှစ် ဇူလိုင်လတွင် SDနှင့် UPWCတို့ ရန်ကုန်မြို့တွင် NCA မူကြမ်းကိုဆက်လက်ဆွေးနွေးကြသည်။ SDမှ NCA မူကြမ်းပါ ပြင်ဆင်လိုသော အချက် (၁၂) ချက်ကို ဆွေးနွေးခဲ့ရာ အချက်အများစုကိုပဏာမသဘောတူညီမှုရရှိခဲ့သည်။ ကျန်သည့် အချက်များအား ၂၀၁၅ ခုနှစ်ဩဂုတ်လတွင် ဒုတိယကြိမ် ဆွေးနွေးခဲ့သည်။ အချက်အားလုံးနီးပါးသဘောတူညီမှုရရှိခဲ့သော်လည်း အရေးကြီးဆုံးအချက်ဖြစ်သည့် NCAတွင် အားလုံးပါဝင်လက်မှတ်ရေးနိုင်ရေးကိစ္စတွင်တော့ သဘောတူညီမှုမရခဲ့သည့်အတွက် အဆိုပါကိစ္စကိုသမ္မတဦးသိန်းစိန်နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ(EAOs)ဘက်မှ ထိပ်သီးခေါင်းဆောင်များနှင့်တွေ့ဆုံညှိနှိုင်းရန် SD ကိုထပ်မံဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဆိုပြုချက် အတိုင်း ၂၀၁၅ ခုနှစ်စက်တင်ဘာတွင် ဦးသိန်းစိန်နှင့် EAOsထိပ်ပိုင်းခေါင်းများ တွေ့ဆုံဆွေးနွေးခဲ့နိုင်ခဲ့သော်လည်း UNFC၏အားလုံးပါဝင်လက်မှတ်ထိုးနိုင်ရေးကတော့မူအရသာသဘောတူညီမှုရရှိခဲ့ပြီး NCAလက်မှတ်ရေးထိုးရန် ဦးသိန်းစိန်အစိုးရ၏ ဖိတ်ခေါ်ချိန်တွင်တော့ NCCTတွင်ပါဝင်သော EAO(၁၆) ဖွဲ့အနက် (၁၀)ဖွဲ့နှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သီးသန့် လက်မှတ်ရေးထိုးထားသော အဖွဲ့(၅)ကိုသာဖိတ်ခေါ်ခဲ့ပါသည်။	ဆက်ဆံရေးရုံးများ - မရှိ မဟာမိတ်များ - KNPP,ANC,NMSP,LDU,SSPP/SSA (Proposed to Suspend) ဆက်သွယ်ရန် Website: Facebook: https://www.facebook.com/unfcburma Email: unityunfc@gmail.com

NCA လက်မှတ်ထိုးချိန်တွင်တော့ UNFC မှ KNU ၊ CNF ၊ PNLO တို့သာ ပါဝင်ခဲ့ပြီး KIO/KIA ၊ SSPP/SSA ၊ NMSPနှင့် KNPPတို့မှာအစိုးရမှဖိတ်ခေါ်သည့် NCAတွင်အားလုံးပါဝင်ရေးမူကို လက်ကိုင်ထားသည့်အတွက် ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိခဲ့ပါ။ ထို့ပြင်အစိုးရနှင့်တိုက်ပွဲများဖြစ်ပွားနေသည့် (UNFC) အဖွဲ့ဝင်ဖြစ်သော TNLA ၊ MNDAA နှင့် ANC ၊ LDU နှင့် WNO တို့ကိုလည်းမြန်မာ့တပ်မတော်နှင့် တိုက်ပွဲမဖြစ်ခဲ့ဖူးသည့်အတွက် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးရန် မလိုအပ်ဘူးဆိုသည့်အကြောင်းပြချက်ကြောင့်ဖိတ်ခေါ်ခြင်းမရှိခဲ့သလို (UNCF) တွင် မပါသော်လည်း NCCT အဖွဲ့ဝင်ဖြစ်သည့် ULA/AA တို့ကို NCCT (၆)ဖွဲ့ကို ဖိတ်ခေါ်ခြင်း မရှိခဲ့ပါ။

ထို့ကြောင့် UNFC တွင် ပြဿ လက်မှတ်ထိုးသည့်အဖွဲ့နှင့် မထိုးသည့်အဖွဲ့များအဖြစ် အုပ်စုနှစ်ခုဖြစ်ခဲ့ပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်တွင် KNU ၊ ၂၀၁၇ ခုနှစ်တွင် KIO/KIA၊ MNDAA၊ TNLA နှင့် WNO တို့ အသီးသီးနှုတ်ထွက်ခဲ့ကြသည်။ လက်ရှိ UNFC တွင် ANC၊ KNPP ၊ SSPP/SSA ၊ NMSP နှင့် LDU အဖွဲ့(၆)ဖွဲ့တို့သာကျန်တော့သည်။ သို့သော် NMSP နှင့် LDU တို့ကလည်း ၂၀၁၇ ခုနှစ်ဖေဖော်ဝါရီလထဲတွင် အစိုးရ၊ တပ်မတော်တို့နှင့် NCA လက်မှတ်ရေးထိုးခဲ့ကြသည့်အတွက် UNFC တွင် NCAမထိုးသည့်အဖွဲ့(၄)ဖွဲ့နှင့်လက်မှတ်ထိုးသည့်အဖွဲ့(၂) တို့ကျန်ပါသည်။ CNFနှင့် PNOတို့မှာ NCAလက်မှတ်ထိုးပြီးနောက်လဖြစ်သော ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် အဖွဲ့ဝင်အဖြစ်မှ အသီးသီးရပ်ဆိုင်းခဲ့ကြသည်။

လက်ရှိ ၂၀၁၉ ခုနှစ် မတ်လဆန်းပိုင်းတွင်တော့ UNFC အရေးပေါ်အစည်းဝေးခေါ်ယူပေးရန် KNPP မှ တင်ပြတောင်းဆိုထားပြီး နှုတ်ထွက်ရန်ပါဆုံးဖြတ်ထားသည်ဟု သိရသည်။ ထို့အပြင် SSPP^SSAနှင့် NCA လက်မှတ်ထိုးထားခဲ့ကြသည့် NMSPနှင့် LDUတို့ကလည်း UNFC မှ နှုတ်ထွက်ရန်တင်ပြထားကြပါသည်။ ထို့အပြင်နိုင်ငံရေးရပ်တည်ချက် သီးခြားရပ်တည်နေသည့် UWSA နှင့် NSCN တို့လည်း NCA လက်မှတ်ထိုးခြင်းတွင် မပါဝင်ခဲ့ပါ၊ လေ့လာသူအဖြစ်နဲ့သာ NCA ညှိနှိုင်းဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သည်။

UNFC တွင်ပါဝင်ခဲ့သော အဖွဲ့အစည်းများ

၁. ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO)
၂. ကရင်အမျိုးသားအစည်းအရုံး (KNU)
၃. ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
၄. ချင်းအမျိုးသားတပ်ဦး (CNF)
၅. မွန်ပြည်သစ်ပါတီ (NMSP)
၆. ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)
၇. ရခိုင်ပြည်အမျိုးသားကောင်စီ (ANC)
၈. တအောင်း(ပလောင်)
ပြည်နယ်လွတ်ြမောက်ရေးတပ်ဦး
(PSLF/ TNLA
၉. ပအိုဝ်းအမျိုးသားလွတ်ြမောက်ရေးအဖွဲ့ (PNO)
၁၀. လားဟူဒီမိုကရက်တစ်သမဂ္ဂ (LDU)
၁၁. 'ဝ'အမျိုးသားအဖွဲ့ချုပ် (WNO)
၁၂. မြန်မာအမျိုးသားဒီမိုကရက်တစ်
မဟာမိတ်တပ်မတော် (MNDA)

NCCT အဖွဲ့ဝင်အဖွဲ့အစည်းများ

၁။ ကရင်အမျိုးသာအစည်းအရုံး (KNU)
၂။ ကချင်လွတ်လပ်ရေးအဖွဲ့/
ကချင်လွတ်လပ်ရေးတပ်မတော် (KIO/KIA)
၃။ ရှမ်းပြည်တိုးတက်ရေးပါတီ/
ရှမ်းပြည်တပ်မတော် (SSPP/SSA)
၄။ မွန်ပြည်သစ်ပတီ (NMSP)
၅။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
၆။ ချင်းအမျိုးသားတပ်ဦး (CNF)
၇။ ပအိုဝ်းအမျိုးသားလွတ်ြမောက်ရေးအဖွဲ့(PNO)
၈။ ရခိုင်အမျိုးသားကောင်စီ (ANC)
၉။ လားဟူ ဒီမိုကရက်စစ်အစည်းအရုံး (LDU)
၁၀။ 'ဝ' အမျိုးသားအဖွဲ့ချုပ် ၉ (WNO)
၁၁။ တအောင်း (ပလောင်) အမျိုးသားလွတ်ြမောက်ရေး
တပ်ဦး (PSLF/TNLA)
၁၂။ ရက္ခိုင့်တပ်မတော် (AA)
၁၃။ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်
တပ်မတော်- ကိုးကန့်တပ်ဖွဲ့ (MNDAA)

၁၄။ ရခိုင်ပြည်လွတ်လပ်မြောက်ရေးပါတီ (ALP) ၁၅။ ဒီမိုကရေးစီအကျိုးပြု ကရင့်တပ်မတော် (DKBA) ၁၆။ ကရင်ဌီမ်းချမ်းရေးကောင်စီ (KNU/KNLA) **SD အဖွဲ့ဝင်အဖွဲ့အစည်းများ** ၁။ ကရင်အမျိုးသာအစည်းအရုံး (KNU) ၂။ ကချင်လွတ်လပ်ရေးအဖွဲ့/ ကချင်လွတ်လပ်ရေးတပ်မတော် (KIO/KIA) ၃။ ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် (SSPP/SSA) ၄။ မွန်ပြည်သစ်ပတီ (NMSP) ၅။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၆။ ချင်းအမျိုးသားတပ်ဦး (CNF) ၇။ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNO) ၈။ ရခိုင်အမျိုးသားကောင်စီ (ANC) ၉။ လားဟူဒီမိုကရက်စစ်အစည်းအရုံး (LDU) ၁၀။ 'ဝ' အမျိုးသားအဖွဲ့ချုပ် ၉ (WNO) ၁၁။ တအာင်း (ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၁၂။ ရက္ခိုင့်တပ်မတော် (AA) ၁၃။ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ် တပ်မတော်- ကိုးကန့်တပ်ဖွဲ့ (MNDAA) ၁၄။ ရခိုင်ပြည်လွတ်လပ်မြောက်ရေးပါတီ (ALP) ၁၅။ ဒီမိုကရေးစီအကျိုးပြု ကရင့်တပ်မတော် (DKBA) ၁၆။ ကရင်ဌီမ်းချမ်းရေးကောင်စီ (KNU/KNLA) (Non-UNFC) ၁၇။ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) https://www.burmalink.org/unfc-discusses-continuous-participation-in-peace-process/	

United Wa State Party - UWSP

ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်

စစ်ဘက်အဖွဲ့: United Wa State Army (UWSA)
FPNCC menber



အကျဉ်းချုပ်

ထူထောင် - ၁၇ ဧပြီ ၁၉၈၉
ဌာနချုပ် - ပန်ခမ်း (ပန်ဆန်းဟုလည်း လူသိများ)
လူပ်ရှားဒေသ - ပန်ဆန်း၊ မိုင်းမ၊ ပန်ဝေ၊ နားဖန်း၊ မိုင်းပေါက်၊ မိုင်းယန်း၊ ဟိုပန်၊ မက်မန်း၊ မိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်၊ မိုင်းပန်၊ မိုင်းယောင်း
ခန့်မှန်းအင်အား - ၃၀,၀၀၀ (အရန် ၃၀,၀၀၀)
ခေါင်းဆောင် - ပေါက်ယူချန်း有祥

ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကဘ) ပြိုကွဲသွားပြီးနောက် ပိုင်း ဝပြည်သွေးစည်းညီညွတ်ရေးပါတီကို ထူထောင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲတွင် အင်အားအတောင့်တင်းဆုံးဖြစ်သည့် UWSAသည် ၁၉၈၉ခုနှစ် မေလ ၁၈ရက်တွင်တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့ပါသည်။ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် တရုတ်နိုင်ငံအစိုးရနှင့် နီးကပ်သည့်ဆက်ဆံရေးရှိပြီ တရုတ်ဘာသာစကားကို ပါတီသုံးစကား အဖြစ်အသိအမှတ်ပြုထားသည်။

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှမ်းပြည်နယ် အတွင်းရှိ ဟိုပန်၊ မိုင်းမော၊ ပန်ဝေ၊ နားဖန်း၊ မက်မန်း၊ ပန်ဆန်း (ပန်ခမ်း) စသော ဒေသ (၆)ခုဖြင့် ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဖွဲ့စည်းထားသော်လည်း UWSA၏ ထိန်းချုပ်မှုအောက်တွင် မိုင်းမော၊ ပန်ဝေ၊ နားဖန်းနှင့် ပန်ဆန်းဒေသတို့သာ ရှိပါသည်။ ဟိုပန်နှင့် မက်မန်းဒေသတို့သည် အစိုးရထိန်းချုပ်မှုအောက်တွင် ရှိနေခဲ့ပါသည်။ ၂၀၀၉ခုနှစ်တွင် နယ်ခြားစောင့်တပ်အဖြစ်အသွင်းပြောင်းရန် တပ်မတော်အစိုးရမှ ဖိအားပေးခြင်းကို UWSA မှ ငြင်းဆန်ခဲ့သော်လည်း တိုက်ပွဲအဆင့်ထိတော့ ဖြစ်ပွားခဲ့ခြင်းမရှိပါ။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

ပထမဆုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးသည့်အဖွဲ့ဖြစ်သည်။

အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ် ရပ်စဲရေးလက်မှတ်ထိုး ဖြစ်တင်ဘာ ၂၀၁၁
အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ် ရပ်စဲရေးလက်မှတ်ထိုး ၂၅ ဒီဇင်ဘာ ၂၀၁၁

ယခင်အပစ်အခတ် ရပ်စဲမှု - ၁၈ မေ ၁၉၈၉

#အပစ်အခတ်ရပ်စဲပြီးနောက် တိုက်ပွဲများ - မရှိ

- တစ်ခါက တပ်မတော်နှင့် တင်းမာမှုများရှိခဲ့သည်။
- တင်းမာမှုများ ဖြစ်ပြီးနောက် ၂၀၁၆ တွင် UWSA တပ်ဖွဲ့ဝင်များက NDAA စခန်းများကို သိမ်းပိုက်ခဲ့သည်။

တရားဝင်ကိုယ်စားလှယ်အဖွဲ့ - မသိရှိ

အရပ်သားတစ်ပိုင်း ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၁ ခုနှစ်တွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူလက်မှတ်ထိုးထားပြီး NCA တွင်တော့ ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိခဲ့ပေ။ သို့သော် ၂၀၁၆ခုနှစ် ဇန်နဝါရီ ဒုတိယအပတ်အတွင်း ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်ကာ ''ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဝပြည်နယ်'' ကို အသိအမှတ်ပြုပေးရန် တင်ပြခဲ့သည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဦးဆောင်သည့် လက်ရှိအစိုးရလက်ထက်တွင်လည်း အစိုးရ၏ ဖိတ်ခေါ်မှုနှင့်အတူ ၂၁ရာစု ပင်လုံအစည်းအဝေး(၃၁ရက်၊ ဩဂုတ် - ၄ရက် စက်တင်ဘာ ၂၀၁၆)သို့ တခြားသော မြောက်ပိုင်းဒေသရှိ လက်နက်ကိုင်အဖွဲ့များကို ဦးဆောင်ကာ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပါသည်။

UWSA သည်မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့ (၆)ဖွဲ့ကို ဦးဆောင်ကာ ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ(FPNCC)ကိုကမကထပြုဖွဲ့စည်းခဲ့ပြီး NCA လမ်းကြောင်းမဟုတ်သည့် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးရေးဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း တရုတ်အစိုးရ၏ ကူညီမှုနှင့်အတူ မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့များ အချင်းချင်း တွေ့ဆုံဆွေးနွေးမှုအပါအဝင် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့်လည်း အလွတ်သဘောတွေ့ဆုံမှုအပြင် တရားဝင်တွေ့ဆုံဆွေးမှုအချို့ပါ ပြုလုပ်နိုင်ခဲ့သည်ကို တွေ့ရသည်။

သတင်းများအရ UWSAအပါအဝင် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သွားရန် တရုတ်အစိုးရမှ တိုက်တွန်းထားသလို FPNCC အနေဖြင့်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပိုမိုပါဝင်ဆောင်ရွက်ပေးရန် တရုတ်အစိုးရကို တရားဝင်တောင်းဆိုထားပါသည်။

၂၀၁၉ခုနှစ် ဧပြီလတွင် ပြုလုပ်မည့် UWSA၏ ငြိမ်းချမ်းရေးနှစ် (၃၀)ပြည့်အခမ်းအနားကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား တရားဝင်ဖိတ်ကြားထားသလိုတခြားသော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမည်သူမဆိုပါဝင်တက်ရောက်နိုင်ကြောင်းလည်း ကြေငြာထားပါသည်။

ဆက်ဆံရေးရုံးများ

၁။ လားရှိုး
၂။ တန့်ယန်း
၃။ ကျိုင်းတုံ
၄။ တာချီလိတ်
၅။ တောင်ကြီး
၆။ မန္တလေး
၇။ ရန်ကုန်

CEC အဖွဲ့ဝင်များ -

ဥက္ကဋ္ဌ - ပေါက်ယူချန်း
ဒုဥက္ကဋ္ဌ - ပေါက်ယူယီ
ဒုဥက္ကဋ္ဌ - ရှောက်မင်းလျှံ
စစ်ဦးစီးချုပ် - ပေါက်ယူချန်း
ဒုစစ်ဦးစီးချုပ် - ကျောက်ကျုံးတန်း
ပြောခွင့်ရပုဂ္ဂိုလ် - ဦးအောင်မြင့်(ခ)လီကျူးလီ
ပြင်ပဆက်ဆံရေးတာဝန်ခံ - ကျောက်ကော်အန်း
ပြင်ပဆက်ဆံရေး ဒုတာဝန်ခံ - ဆမ်ခွန်
တရားသူကြီးချုပ် - လီကျောက်ကော်
ဘဏ္ဍာရေးနှင့် စီးပွားရေးတာဝန်ခံ - ပေါက်ယူလျန်

ဧပြီလ ၁၇ ရက်နေ့သည့် တပ်မတော်အစိုးရနှင့် UWSP/UWSA အကြားအပစ်အခတ်ရပ်စဲရေးသဘောထားသော နှစ် (၃၀) ပြည့် မြောက်သည့်နေ့ဖြစ်ပါသည်။	နိုင်ငံရေးအဖွဲ့ - ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) အစိုးရအမည် - ရှမ်းပြည်နယ် (မြောက်) အထူးဒေသ -၂ လက်နက်ကိုင်အဖွဲ့ - ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) မဟာမိတ်များ - ဆက်သွယ်ရန် Website: Facebook: Email: Phone:


EAOs ဆက်ဆံရေးရုံးများပြမြေပုံ
အိန္ဒိယ
ကချင်
တရုတ်
စစ်ကိုင်း
ဘင်္ဂလားဒေ့ရှ်
ချင်း
မန္တလေး
ရှမ်း
လာအို
နေပြည်တော်
ရခိုင်
ကယား
ဘင်္ဂလားပင်လယ်အော်
ပဲခူး
ကရင်
မွန်
ထိုင်းနိုင်ငံ
ရန်ကုန်
တနင်္သာရီ
ALP (2)
CNF (7)
KNPP (3)
KNU ( )
NMSP (10)
PNLO (4)
RCSS/SSA (7)
KIA (1)
SSPP/SSA (4)
UWSA (7)
NDAA (5)
KPC (6)
DKBA-5 (6)
NSCN-K (1)
ABSDF (4)
ULA/AA
ဆက်ဆံရေးရုံးများ

အဖွဲ့	ဆက်ဆံရေးရုံးနေရာ	ဖွင့်လှစ်သည့်နေ့စွဲ
ABSDF	၁. မြဝတီ	မသိ
	၂. လွိုင်ကော်	မသိ
	၃. မူဆယ်	မသိ
	၄. မြိတ်	စီစဉ်ထား
ALP	၁. ကျောက်တော်၊ ရခိုင်ပြည်နယ်	၀၃/၀၉/၂၀၁၂
	၂. ပလက်ဝ၊ ချင်းပြည်နယ်ဂ	မသိ
	၁. တီးတိန်	၂၅/၀၉/၂၀၁၂
	၂. ထန်တလန်	၂၀၁၃ တွင် ဖွင့်
	၃. မတူပီ	၂၃/၀၆/၂၀၁၂
	၄. ဖလမ်း (စီးပွားရေးရုံး)	၀၉/၀၆/၂၀၁၄
	၅. မင်းတပ် (စီးပွားရေးရုံး)	၀၉/၀၆/၂၀၁၄
	၆. Rkhkhawdar(စီးပွားရေးရုံး)	မသိ
	၇. ပလက်ဝ (စီးပွားရေးရုံး)	မသိ
	၈. ရန်ကုန်	မသိ
	၁. မြဝတီ	Unknown
	၂. ဖားအံ၊ကရင်ပြည်နယ်	မသိ
	မသိ	Unknown
KNPP	ကြာအင်းဆိပ်ကြီး၊ ကျိုက်ထို၊ ဘုရားသုံးဆူတောင်ကြား၊ မြိုင်ကြီးဂူ	မသိ
KIO/KIA	၁. မြစ်ကြီးနား (နည်းပညာပိုင်းဆိုင်ရာ အကြံပေးရုံး)	၂၃/၀၇/၂၀၁၃
	၁. လွိုင်ကော်	၂၅/၀၇/၂၀၁၂
	၂. ရှားတော	၀၁/၀၈/၂၀၁၂
KNU	၃. ဖားဆောင်း	၂၇/၀၇/၂၀၁၂
	၁. ဖားအံ	၂၉/၀၉/၂၀၁၂
	၂. ဘုရားသုံးဆူတောင်ကြား	၁၅/၀၅/၂၀၁၂
	၃. Tavoy	၁၀/၀၄/၂၀၁၂
	၄. မြဝတီ	၁၈/၀၈/၂၀၁၂
	၅. ကျောက်ကြီး	၀၉/၀၄/၂၀၁၂
	၆. သထုံ	၀၅/၀၃/ ၂၀၁၃
	၇. မော်လမြိုင် (စီးပွားရေးရုံး)	၂၂/၁၁/၂၀၁၃
	၈. ရန်ကုန် (စီးပွားရေးရုံး)	မသိ
KPC	၉. ဖားအံ (စီးပွားရေးရုံး)	မသိ
	ဖားအံ	ပြန်လည်ဖွင့်လှစ်

	မြဝတီ၊ ဘုရားသုံးဆူ၊ ကော့ကရိတ်၊ မှော်တောင်နှင့် ကော့သောင်း	မသိ
NDAA	ရန်ကုန်၊ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်နှင့် မန္တလေး	ပြန်လည်ဖွင့်လှစ်
NMSP**	၁. မော်လမြိုင်	၂၆/၀၂/၂၀၁၂
	၂. မုဒုံ	၂၆/၀၂/၂၀၁၂
	၃. သံဖြူဇရပ်	၂၆/၀၂/၂၀၁၂
	၄.ရေး	၂၆/၀၂/၂၀၁၂
	၅. ရေဖြူ (ရေဖြူရွာ)	၂၆/၀၂/၂၀၁၂
	၆. ဘုရားသုံးဆူတောင်ဆူ	၂၆/၀၂/၂၀၁၂
	၇. ကျိုက်မရော	၂၆/၀၂/၂၀၁၂
	၈. ဇင်းကျိုက် (ပေါင် မြို့နယ်)	၂၆/၀၂/၂၀၁၂
	၉. မြိတ် (မြိတ်)	၂၆/၀၂/၂၀၁၂
	၁၀. မြဝတီ	မသိ
NSCN-K	၁. ခန္တီး	မသိ
PNLO	၁. တောင်ကြီး	၂၂/၀၁/၂၀၁၃
	၂. မောက်မယ်	၂၀၁၃ တွင် ဖွင့်ခဲ့
	၃. ဆီဆိုင်	၂၀၁၃ တွင် ဖွင့်ခဲ့
	၄. သထုံ	မသိ
RCSS ^ SSA-S	၁. တောင်ကြီး	၂၂/၀၂/၂၀၁၂
	၂. ကျိုင်းတုံ	၂၂/၀၂/၂၀၁၂
	၃. တာချီလိတ်	၂၉/၀၂/၂၀၁၂
	၄. မိုင်းတုံ	၂၉/၀၂/၂၀၁၂
	၅. ခိုလမ်း	၂၁/၀၃/၂၀၁၂
	၆. မူဆယ်	မသိ
	၇. မိုင်းပန်	၀၆/၀၃/၂၀၁၅
	၈. နမ့်ဆမ်	မသိ
SSPP ^ SSA-N	၁. လားရှိုး	ဖွင့်ခဲ့
	၂. တောင်ကြီး	ဖွင့်ခဲ့
	၃. ခိုလမ်း	ဖွင့်ခဲ့
	၄. မူဆယ်	မသိ
UWSA	ရန်ကုန်	Reopened
	မန္တလေး	
	တောင်ကြီး	
	ကျိုင်းတုံ	
	တန့်ယန်း	
	လားရှိုး	ပြန်လည်ဖွင့်လှစ်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပြင်ပမှ လက်နက်ကိုင်အဖွဲ့များ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ	ခေါင်းဆောင်	ဖွဲ့စည်းခဲ့သောနှစ်	အခြေချစခန်း/လှုပ်ရှားရာနယ်မြေ	ခန့်မှန်းအင်အား	၂၀၁၅-၂၀၁၆ တိုက်ပွဲများ	၂၀၁၇-၂၀၁၈
ABSDF - UNRA (ပြည်ထောင်စုအမျိုးသားတော်လှန်ရေးတပ်မတော်)	ရဲဘော် ခင်ကျော်	၆ ရက် စက်တင်ဘာ ၂၀၁၄	KNU နယ်မြေ	< ၇၀	၀	
DKBA (ခွဲထွက် ဗုဒ္ဓဘာသာဝင်)	ဗိုလ်မှူးချုပ် စောကျော်သက်၊ Col. စောဆန်းအောင်	၁၆ ရက် ဇန်နဝါရီ ၂၀၁၆	ကော့ကရိတ် ကရင်ပြည်နယ်	၁၅၀-၂၀၀	၁၀-၂၀ (BGF)	၄-၅
SNA (ရှမ်းနီအမျိုးသားတပ်မတော်)	Sao Meim Liam and Sao Khun Aung	၁၉၈၉ နှင့် ၂၀၁၄	ခန္တီး ၊ ဟုမ္မလင်း၊ စစ်ကိုင်းတိုင်း၊	> ၁၀၀၀	၂	
ZRO - Zomi Reunification Organisation/ Army	Thang Lian Pau Guite	၁၉၉၁	အိန္ဒိယနယ်စပ်	<၂၀၀	၀	
Kuki National Organisation	Pu.Letlam	၂၉ရက် ဇူလိုင် ၂၀၁၃	အိန္ဒိယနယ်စပ်	၂၀၀ +	၀	


EAOs လှုပ်ရှားနယ်မြေပြမြေပုံ
Arunashal Pradesh
PMF Ahtang
KACHIN
BGF1001
BGF1002
Myitkyina
PMF Tarlaw Gyi
AA
ABSDF(A)
INDIA
CHINA
SNA
ABSDF(A)
SAGAING
PMF Pang-say
BGF1006
PMF Kaung Kha
MNDAA(A) Part
Lashio
SHAN (NORTH)
CNF
Hakha
CHIN
Mandalay
BGF1010
PMF Kali
BGF1008
Kengtung
AA
ALP
MANDALAY
SHAN (SOUTH)
SHAN (EAST)
Taunggyi
BGF1009
MAGWAY
LAO P.D.R
Sittwe
RAKHINE
KNLP
Nay Pyi Taw
BGF1007
Loikaw
KNLP (Part)
PMF
BGF1004
ABSDF(A)
KAYAH
BGF1005
BAGO (WEST)
BAGO (EAST)
BGF1013
BGF1014
BGF1011
BGF1012
BGF1015
BGF1016
Bago
MON
ABSDF(A)
YANGON
KAYIN
BGF1021
AYEYARWADY
Hpa-An
BGF1017
BGF1018
BGF1019
BGF1020
BGF1022
Mawlamyine
BGF1021
THAILAND
NSAGs
KIA
KNU
TNLA
KPC
SSPP
DKBA
UWSA
NMSP
RCSS
ALP
NDAA
CNF
KNPP
NSCN-K
PNLO
KNO-B
MNDAA
SNA
AA
Headquater
BGF0000
BGF and PMF
Others
Myeik
TANINTHARYI
Active area of NSAGs

စဉ်	ပြည်နယ်	မြို့နယ်	အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့အစည်းများ ၁	အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့အစည်းများ ၂	အစိုးရမဟုတ် သည့်လက်နက် ကိုင်အဖွဲ့ အစည်းများ ၃	နယ်ခြားစောင့် / ပြည်သူ့စစ်တပ်	အခြား
၁	ပဲခူး	၃၀ကျောက် ကြီး	KNU (A) Part				
၂	ပဲခူး	၃၁ကျောက် တံခါး	KNU (A) Part				
၃	ပဲခူး	၃၇ တောင်ငူ	KNU (A) Part				
၄	တနင်္သာရီ	၂၇၂ ထားဝယ်	KNU (A) BA	NMSP (A) Part			
၅	တနင်္သာရီ	၂၇၈ တနင်္သာရီ	KNU (A) BA				
၆	တနင်္သာရီ	၂၈၀ ရေဖြူ	KNU (A) BA	NMSP (A) BA			
၇	တနင်္သာရီ	၂၇၉သရက် ချောင်း	NMSP (A) Part				
၈	စစ်ကိုင်း	၂၀၁ နန်းယွန်း	NSCN-K (A) BA				
၉	စစ်ကိုင်း	၁၈၃ ခမ်းတီး	NSCN-K (A) Part		KNO-B(Part)		
၁၀	စစ်ကိုင်း	၁၉၆ မော်လိုက်	NSCN-K (A) Part	CNF (A) Part			
၁၁	စစ်ကိုင်း	၂၀၉ တမူး	CNF (A) Part	NSCN-K (A) Part	KNO-B (Part)		ABSDF (A)
၁၂	စစ်ကိုင်း	၁၈၆ ကလေး	CNF (A) Part				
၁၃	စစ်ကိုင်း	၁၉၅ လေရှီး	KNO-B (A) Part				
၁၄	စစ်ကိုင်း	၁၈၄ ဟုမ္မလင်း	KNO-B (A) Part				
၁၅	ချင်း	၆၃ တွန်းဇံ	CNF (A) Part		KNO-B (Part)		
၁၆	ချင်း	၆၂ တီးတိန်	CNF (A) Part				
၁၇	ချင်း	၅၇ ထန်တလန်	CNF (A) Part – HQ				
၁၈	ချင်း	၅၆ ဟားခါး	CNF (A) BA				
၁၉	ချင်း	၅၅ ဖလမ်း	CNF (A) Part				
၂၀	ချင်း	၆၁ ပလက်ဝ	ALP (A) Part				
၂၁	ရခိုင်	၁၆၆ ကျောက်တော်	ALP (A) Part				
၂၂	မွန်	၁၆၁ ရေး	NMSP (A) Eastern Half –HQ				
၂၃	မွန်	၁၅၉ သံဖြူဧရပ်	NMSP (A) Part				
၂၄	မွန်	၁၅၄ကျိုက် မရော	NMSP (A) Part				
၂၅	မွန်	၁၅၃ ချောင်းဆုံ	NMSP (A) Part				
၂၆	မွန်	၁၆၀ သထုံ	NMSP (A) Part	KNU (A) Part			
၂၇	မွန်	၁၅၂ ဘီးလင်း	KNU (A) Part				
၂၈	ကရင်	၉၅ သံတောင်	KNU (A) Part				
၂၉	ကရင်	၉၁ ဖာပွန်	KNU (A) Part [တပ်မဟာ ၅](C)			BGF ၁၀၁၃၊ ၁၀၁၄	
၃၀	ကရင်	၈၉ လှိုင်းဘွဲ့	KNU (A) Part (C)			BGF ၁၀၁၁၊ ၁၀၁၂၊ ၁၀၁၅၊ ၁၀၁၆	
၃၁	ကယား	၈၈ ရွာတော	KNPP (A) Part – HQ ညာမူ				ABSDF (A) က KNPPနှင့် ပူးပေါင်း
၃၂	ကယား	၈၅ ဖရူးဆိုး	KNPP (A) Part				
၃၃	ကယား	၈၃ ဒီမောဆိုး	KNPP (A) Part				
၃၄	ကယား	၈၇ မယ်စွဲ	KNPP (A) Part			BGF ၁၀၀၅	
၃၅	ကယား	၈၆ လွိုင်ကော်	KNPP (A) Part			BGF ၁၀၀၄	KNLP (Part)
၄၀	ကယား	၈၄ ဖားဆောင်း	KNPP (A) Part			BGF ၁၀၀၄	
၄၁	ကယား	၈၂ ဘော်လခဲ	KNPP (A) Part			BGF ၁၀၀၅	
၄၂	ကချင်	၆၄ ဗန်းမော်	KIA (A) Part				
၄၃	ကချင်	၆၅ ချီဖွေ	KIA (A) Part			BGF ၁၀၀၁၊ ၁၀၀၂	
၄၄	ကချင်	၆၆ ဖားကန့်	KIA (A) Part				
၄၅	ကချင်	၆၇ အင်ဂျန်းယန်	KIA (A) Part				
၄၆	ကချင်	၆၉ မချမ်းဘော	KIA (A) Part				
၄၇	ကချင်	၇၀ မန်စီ	KIA (A) Part				
၄၈	ကချင်	၇၁ မိုးကောင်း	KIA (A) Part				
၄၉	ကချင်	၇၂ မိုးညှင်း	KIA (A) Part				
၅၀	ကချင်	၇၃ မိုးမောက်	KIA (A) Part (C) မိုင်ဂျယန်း [တပ်မဟာ ၃]				
၅၁	ကချင်	၇၄ မြစ်ကြီးနား	KIA (A) Part				
၅၂	ကချင်	၇၆ ပူတာအို	KIA (A) Part			အတန်း ပြည်သူ့စစ်	
၅၃	ကချင်	၇၇ ရွှေဂူ	KIA (A) Part				
၅၄	ကချင်	၇၈ ဆွမ်ပရာဘွမ်	KIA (A) Part				

၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ တက်ကြွလှုပ်ရှားသည့်ဧရိယာ

၅၅	ကချင်	၇၉ တနိုင်း	KIA (A) Part				AA နှင့် ABSDF (A) ကKIA နှင့် ပူးပေါင်း
၅၆	ကချင်	၈၀ ဆော်လော့	KIA (A) Part			BGF ၁၀၀၁၊ ၁၀၀၂	
၅၇	ကချင်	၈၁ ဝိုင်းမော်	KIA (A) Part (C) လိုင်ဇောဌာနချုပ် + BA				AA နှင့် ABSDF (A) တို့ KIA နှင့် ပူးပေါင်း
၅၈	ရှမ်း	၂၁၆ ကျိုင်းတုံ	NDAA (A) Part				
၅၉	ရှမ်း	၂၁၇ မက်မန်း	UWSA (C)Part			BGF ၁၀၁၀	
၆၀	ရှမ်း	၂၁၉ မိုင်းဆတ်	RCSS (A) Part	UWSA (A) Part			
၆၁	ရှမ်း	၂၂၁ မိုင်းလား	NDAA (C) Whole				
၆၂	ရှမ်း	၂၂၃ မိုင်းတုံ	RCSS (A) Part	UWSA (C) Part (A) Part		BGF ၁၀၀၇	
၆၃	ရှမ်း	၂၂၄ မိုင်းယန်း	NDAA (C) Whole				
၆၄	ရှမ်း	၂၂၅ မိုင်းယောင်း	NDAA (A) Part			BGF ၁၀၀၈	
၆၅	ရှမ်း	၂၂၆ တာချီလိတ်	UWSA (A) Part	RCSS (A) Part		BGF ၁၀၀၉	
၆၆	ရှမ်း	၂၂၂ မိုင်းပျဉ်း	UWSA (A) Part				
၆၇	ရှမ်း	၂၂၀ မိုင်းခတ်	NDAA (A) Part				
၆၈	ရှမ်း	၂၂၇ ဟိုပန်	UWSA (C) Whole				
၆၉	ရှမ်း	၂၂၈ သိန္နီ	UWSA (A) Part	SSPP (A) Part	TNLA (A) Part		
၇၀	ရှမ်း	၂၂၉ သီပေါ	SSPP (A) Part				
၇၁	ရှမ်း	၂၃၀ ကိုးကန့်	MNDAA (A) Part			BGF ၁၀၀၆	
၇၂	ရှမ်း	၂၃၁ ကွမ်လုံ	MNDAA (A) Part			BGF ၁၀၀၆	
၇၃	ရှမ်း	၂၃၂ ကွတ်ခိုင်	KIA (A) Part	TNLA (A) Part	SSPP (A) Part		
၇၄	ရှမ်း	၂၃၃ ကျောက်မဲ	TNLA (A) Part	SSPP (A) Part			
၇၅	ရှမ်း	၂၃၄ လားရှိုး	SSPP (A) Part				
၇၆	ရှမ်း	၂၃၅ လောက်ကိုင်	MNDAA (A) Part			BGF ၁၀၀၆	
၇၇	ရှမ်း	၂၃၆ မဘိန်း	TNLA (A) Part	KIA (A) Part			
၇၈	ရှမ်း	၂၃၇ မန်တုံ	TNLA (A) Part				
၇၉	ရှမ်း	၂၃၈ မိုင်းမော	UWSA (C) Whole				
၈၀	ရှမ်း	၂၃၉ မိုးမိတ်	TNLA (A) Part	SSPP (A) Part			
၈၁	ရှမ်း	၂၄၀ မိုင်းယိုင်	SSPP (A) Part				
၈၂	ရှမ်း	၂၄၁ မူဆယ်	TNLA (A) Part	SSPP (A) Part	KIA (A) Part		
၈၃	ရှမ်း	၂၄၂ နမ့်ဆမ်	TNLA (A) Part				
၈၄	ရှမ်း	၂၄၃ နားဖန်း	UWSA (C) Whole				
၈၅	ရှမ်း	၂၄၄ နမ္မတူ	TNLA (A) Part	SSPP (A) Part			
၈၆	ရှမ်း	၂၄၅ နမ့်ခမ်း	TNLA (A) Part –HQ	RCSS (A) Part	SSPP (A) Part	ပန်ဆေး ပြည်သူ့စစ်	
၈၇	ရှမ်း	၂၄၆ နောင်ချို	TNLA (A) Part	SSPP (A) Part			
၈၈	ရှမ်း	၂၄၇ ပန်ဆန်း	UWSA (C) Whole- HQ				
၈၉	ရှမ်း	၂၄၈ ပန်ဝိုင်	UWSA (C) Whole				
၉၀	ရှမ်း	၂၄၉ တန့်ယန်း	SSPP (C) Part – HQ				
၉၁	ရှမ်း	၂၅၀ ဟိုပုန်း	RCSS (A) Part	PNLO (A) Part			
၉၂	ရှမ်း	၂၅၁ ဆီဆိုင်	RCSS (A) Part	PNLO (A) Part			
၉၃	ရှမ်း	၂၅၂ ကွန်ဟိန်း	RCSS (A) Part			ကာလိပြည်သူ့စစ်	
၉၄	ရှမ်း	၂၅၄ ကျေးသီး	RCSS (A) Part	SSPP (A) Part			
၉၅	ရှမ်း	၂၅၅ လဲချား	RCSS (A) Part				
၉၆	ရှမ်း	၂၅၆ လင်းခေး	RCSS (A) Part				
၉၇	ရှမ်း	၂၅၇ ရပ်စောက်	RCSS (A) Part				
၉၈	ရှမ်း	၂၅၈ လွိုင်လင်	RCSS (A) Part				
၉၉	ရှမ်း	၂၅၉ မောက်မယ်	RCSS (A) Part	PNLO (A) Part			
၁၀၀	ရှမ်း	၂၆၀ မိုင်းရှူး	RCSS (A) Part	SSPP (A) Part			
၁၀၁	ရှမ်း	၂၆၁ မိုင်းကောင်	RCSS (A) Part	SSPP (A) Part			
၁၀၂	ရှမ်း	၂၆၂ မိုးနဲ	RCSS (A) Part	UWSA (A) Part			
၁၀၃	ရှမ်း	၂၆၃ မိုင်းပန်	RCSS (A) Part-HQ (လွယ်တိုင်းလန်း	UWSA (A) Part	PNLO (A) Part –HQ (ဟိုမိန်း)		
၁၀၄	ရှမ်း	၂၆၄ နမ့်စန်	RCSS (A) Part				
၁၀၅	ရှမ်း	၂၆၆ ဖယ်ခုံ					KNLP

၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ တက်ကြွလှုပ်ရှားသည့်ဧရိယာ

၉။ မြန်မာ့ငြိမ်းချမ်းရေးအတွက် ပြည်တွင်း၊ ပြည်ပကူညီပံ့ပိုးနေသည့် အဖွဲ့အစည်းများ

The Joint Peace Fund (JPF)
ငြိမ်းချမ်းရေးရန်ပုံငွေအဖွဲ့

JOINT PEACE FUND

THE NIPPON FOUNDATION
For Social Innovation

The Nippon Foundation
နိပ္ပွန်ဖောင်ဒေးရှင်း

USAID
အမေရိကန်အထောက်အပံ့

USAID
FROM THE AMERICAN PEOPLE

Australian Aid

Australian Aid
သြစတြေးလျအထောက်အပံ့

EU Aid
အီးယူအထောက်အပံ့

Japan - JICA

ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ

UK Aid

အင်္ဂလန်အထောက်အပံ့

Department for International Development (DFID)

နိုင်ငံတကာဖွံ့ဖြိုးရေးဌာန(အင်္ဂလန်)

Norwegian People's Aid(NPA)

နော်ဝေပြည်သူ့အထောက်အပံ့

United Nations (UN)

ကုလသမဂ္ဂ



FHI 360

နည်းပညာဖွံ့ဖြိုးရေးအထောက်အပံ့(အမေရိကန်)

DRC

လူသားချင်းစာနာမှု

အထောက်အပံ့ကောင်စီ(ဒိန်းမတ်)





IMS

နိုင်ငံတကာမီဒီယာပံ့ပိုးရေးအစီအစဉ်

The Asia Foundation

အာရှဖောင်ဒေးရှင်း





WB

ကမ္ဘာဘဏ်

Nyein (Shalom)Foundation

ငြိမ်းဖောင်ဒေးရှင်း

Let's Make JustPeace A Reality!

မျှတငြိမ်းချမ်းမှု ဝိုင်းဝန်းဖော်ဆောင်ရို့. . . .

Karen Peace Support Network

ကရင်ငြိမ်းချမ်းရေးပံ့ပိုးမှုကွန်ရက်

Pyidaungsu Institute

ပြည်ထောင်စုအင်စတီကျူ

၁၀။ ငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်များအကြောင်း တစေ့တစောင်း

၂၀၁၇ - ၂၀၁၉ (မတ်) အတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် သက်ဆိုင်သည့် ထုတ်ပြန်ကြေညာခဲ့သည့် သဘောထား ထုတ်ပြန်ချက် မှတ်တမ်းများ

ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တွင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ အစုအဖွဲ့အလိုက်ဖြစ်စေ၊ တစ်ဖွဲ့ချင်းစီ အလိုက်ဖြစ်စေ ငြိမ်းချမ်းရေးနှင့် ဆက်နွယ်နေသော သဘောထား၊ ဆန္ဒများကိုပြည်သူလူထုနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအခြင်းခြင်း သိရှိနားလည် သဘောပေါက်စေရန်၊ အသိပေးနိုင်စေရန် ထုတ်ပြန်ကြေငြာချက်များ အသီးသီး ထုတ်ပြန်ခဲ့ကြပါသည်။ မိမိတို့ငြိမ်းချမ်းရေး စောင့်ကြည့်အဖွဲ့အနေဖြင့် ထူးခြားပြီး ငြိမ်းချမ်းလုပ်ငန်းစဉ်အတွက် အရေးပါ သက်ရောက်မှုရှိသော ထုတ်ပြန်ချက်သဘောထားများကို အောက်ပါအတိုင်း လက်လှမ်းမီသမျှ စုဆောင်းတင်ပြအပ်ပါသည်။ အချို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရလဒ်၊ တစ်စုံတစ်ရာ အရေးကြီးသည့် အကြောင်းအရာများ ထည့်သွင်းထားသည့် ထုတ်ပြန်ချက် အနည်းငယ်ကိုလည်း ပူးတွဲဖော်ပြအပ်ပါသည်။

မိမိတို့အနေဖြင့် DKBA ၊ LDU နှင့် PNLO တို့၏ ဝက်ဘ်ဆိုက်နှင့် ဆိုရှယ်မီဒီယာလိပ်စာများကို active ဖြစ်နေခြင်းမတွေ့ရှိရကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ထို့ပြင် NMSP အဖွဲ့၏ ထုတ်ပြန်ကြေငြာချက်များကိုငြိမ်းချမ်ရေးနှင့်ဆက်နွယ်သောထုတ်ပြန်ချက်များသီးသန့်ထုတ်ပြန်ခြင်း မတွေ့ရသော်လည်း၊ သတင်းမီဒီယာများမှတဆင့် အင်တာဗျူးဖြေဆိုမှုများသာ တွေ့ရှိပါသည်။

အဖွဲ့အစည်းများ	၂၀၁၇ ခုနှစ် ထုတ်ပြန်ချက်များ	၂၀၁၈ ခုနှစ် ထုတ်ပြန်ချက်များ	၂၀၁၉ ခုနှစ်ထုတ်ပြန်ချက်များ
ABSDF Web Link - https://bit.ly/2FVxM4z	- ထုတ်ပြန်ခြင်း မတွေ့ရှိပါ။	၁) ဒီဇင်ဘာလ ၁၄ရက် - မကဒတ တပ်ဖွဲ့ဝင်များအား ဖမ်းဆီးထိန်းသိမ်းတရားစွဲဆိုခြင်းနှင့် ပတ် သက်၍ သဘောထားထုတ်ပြန်ချက် ၂) ဒီဇင်ဘာလ ၂၂ရက် - တပ်မတော်မှ ထုတ်ပြန်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်း ချမ်းရေးအတွက်ကြေညာချက်နှင့် NRPC ထုတ်ပြန်ချက်တို့အား ကြိုဆိုကြောင်းထုတ်ပြန်ကြေညာချက်	- မတ်လကုန် အထိ ထုတ်ပြန်ခြင်း မတွေ့ရှိပါ။
ALP FB Link – (1) https://bit.ly/2WOQfqd (2) https://bit.ly/2Vq30ai	- ထုတ်ပြန်ထားခြင်း မတွေ့ရှိပါ	ဒီဇင်ဘာလ ၂၂ရက် - တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ထုတ်ပြန်ချက်အပေါ် ALP ၏ သဘော ထားထုတ်ပြန်ချက်	- မတ်လကုန် အထိ ထုတ်ပြန်ထားခြင်း မတွေ့ရှိရပါ။
CNF Web link - https://bit.ly/2UoqH6M FB Link- https://www.facebook.com/chinnational-army/	- ထုတ်ပြန်ထားခြင်း မတွေ့ရှိပါ။	၁) ဒီဇင်ဘာလ ၂၂ရက်- တပ်မတော်၏ ပစ်ခတ်ရပ်စဲ ရေး၊ ထာဝရငြိမ်းချမ်းရေးနှင့် ပတ်သက်၍ သဘော ထားထုတ်ပြန်ချက်	၁)ဖေဖော်ဝါရီလ ၂၀ရက် - ချင်းအမျိုးသားတပ်ဦး၏ ၇၁နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ချက် ၂)မတ်လ ၂၀ရက် - ၃၁နှစ်မြောက်ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ချက်

DKBA	- ထုတ်ပြန်ခြင်း မတွေ့ရှိပါ။	- ထုတ်ပြန်ခြင်း မတွေ့ရှိပါ။	- မတ်လ ကုန်အထိ ထုတ်ပြန်ခြင်း မတွေ့ရှိပါ။
FPNCC Web Link - https://bit.ly/2uKvL61	၁) ဖေဖော်ဝါရီ ၂၄ရက် - တတိယ အကြိမ် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့များ မျက်နှာစုံညီ ပန်ခမ်း အစည်းအဝေး ထုတ်ပြန်ချက် ၂)ဧပြီလ ၁၉ရက် - စတုတ္ထအကြိမ် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ မျက်နှာစုံညီ ပန်ခမ်းအစည်းအဝေး ထုတ်ပြန် ကြေညာချက် ၃)မေလ ၁၇ရက် - ၂၁ရာစုပင်လုံ ဒုတိအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံနှင့် ပတ် သက်၍ သဘောထားထုတ်ပြန်ချက် ၄) ဩဂုတ်၂၄- FP-NCC၏ ပထမအကြိမ် အမြဲ တမ်းကော်မတီ အစည်းအဝေး ထုတ်ပြန်ချက်	၁) မတ်လ ၂၈ရက် - FPNCC ၏ ဒုတိယအကြိမ် အမြဲတမ်း ကော်မတီ အစည်းအဝေး ထုတ်ပြန်ချက် ၂) မေလ ၁၈ရက် - တရုတ်နိုင်ငံ အာရှရေးရာ အထူးကိုယ်စားလှယ်နှင့် FPNCC အဖွဲ့ကိုယ်စား လှယ်များတွေ့ဆုံဆွေးနွေးမှု အ ပြီး ထုတ်ပြန်ချက် ၃)အောက်တိုဘာ ၁၀ရက် - FP-NCC နှင့် ရှမ်းလူမှု အဖွဲ့အစည်း ပေါင်း (၁၀)ဖွဲ့မှ နန်းမိုဟွမ် လွတ် မြောက်ရေး ကိစ္စနှင့် ပက်သက်၍ ပူးတွဲထုတ်ပြန် ကြေညာချက် ၄)အောက်တိုဘာ ၁၃ရက် - NCA လက်မှတ်ရေး ထိုးထားသော လက်နက်ကိုင် အဖွဲ့အစည်းများ၊ အစိုးရ၊ တပ်မတော်တို့အကြား နေပြည်တော်တွင်သုံးပွင့် ဆိုင် အစည်းအဝေးကျင်းပ ခြင်းအပေါ် ထုတ် ပြန် ကြေညာခြင်း ၅) ဒီဇင်ဘာ ၂၃ရက် - တပ်မတော်မှထုတ်ပြန်သော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်း ရေးအတွက် ထုတ်ပြန်ကြေညာချက်အား ကြိုဆို ကြောင်း ကြေညာချက်	- မတ်လကုန်အထိ ထုတ်ပြန်ခြင်း မတွေ့ရှိပါ။

KIO Web Link - https:// bit.ly/2K97UHQ	ဖေဖော်ဝါရီ ၁၆ရက် - KNU နှင့် KIO တို့၏ မျက်မှောက် ပကတိနိုင်ငံ ရေးအခြေအနေနှင့် ငြိမ်း ချမ်းရေးကိစ္စရပ်များအပေါ် ပူးတွဲထုတ်ပြန်ကြေငြာချက်	၁) ဖေဖော်ဝါရီလ ၈ရက် - KIO ဗဟိုကော်မတီ ဥက္ကဋ္ဌဦးဆောင်သည့် အဖွဲ့နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တွေ့ဆုံမှု အပြီးတွင် ထုတ်ပြန်ကြေညာချက် ၂) ဒီဇင်ဘာ ၂၂ရက် - ဒီဇင်ဘာ ၂၁ရက် တပ်မတော်မှ ထုတ်ပြန်သော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက်ကြေညာချက်နှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ချက်	- မတ်လကုန်အထိ သီးသန့် ထုတ်ပြန်ခြင်း မတွေ့ရှိပါ။ သို့သော် ၂၁ မတ်လ အစည်းအဝေးမှ ထုတ်ပြန်ချက်ကို NRPC နှင့် ပူးတွဲထုတ်ပြန်ခဲ့သည်။

KNPP FB Link - https:// bit.ly/2FPOwdw	၁) ဇူလိုင် ၁၉ရက် - တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း အဖွဲ့အစည်း စတုတ္ထအကြိမ် မျက်နှာစုံညီ ၂) မေလ ၁၈ရက်- ၁၃ကြိမ်မြောက် ပါတီကွန်ကရင်၊ ပထမအကြိမ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေး ထုတ်ပြန်ချက် ပန်ခမ်းအစည်းအဝေး ထုတ်ပြန်ကြေညာချက် ၃)ဒီဇင်ဘာ ၁၈ - ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ ကရင်နီပြည်သူလူထုသို့ KNPP၏ မူဝါဒနှင့် ရပ်တည်ချက်များအား အသိပေး ရှင်းလင်း ထုတ်ပြန်ချက် ၄)ဒီဇင်ဘာ ၂၂ - ဥပဒေမဲ့ လူမဆန်စွာ ညှင်းပန်း သတ်ဖြတ်မှုအပေါ် အပြင်းအထန်ရှုံ့ချကြောင်း ထုတ်ပြန်ချက် ၅)ဒီဇင်ဘာ ၂၆ - KNPP၏ တပ်ဖွဲ့ဝင်(၃) ဦးနှင့် အရပ်သား (၁) ဦးတို့ကို တရားမဲ့ဖမ်းဆီး သတ် ဖြတ်မှုနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ချက်	၁) မတ်လ ၇ရက် - KNPP ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေး ကော်မတီနှင့် အစိုးရ NRPC ၏ ငြိမ်းချမ်းရေးကော်မရှင် (PC) တို့အကြား နှစ်ဖက်အလွတ်သဘောဆွေးနွေးပွဲ (Biliteral Meeting) သတင်းထုတ်ပြန် ချက် ၂)ဇူလိုင် ၂၅ရက် - KNPP၏ ငြိ မ်းချမ်းရေးတွေ့ဆုံဆွေးနွေး ရေး ကော်မတီ(PNC)နှင့် NRPC၏ ငြိမ်းချမ်းရေးကော်မရှင်(PC)တို့အ ကြား နှစ်ဖက် တရားဝင်ဆွေးနွေးပွဲ သတင်းထုတ်ပြန်ချက် ၃)အောက်တိုဘာလ ၂၁ရက် - ဗမာတပ်မတော်နှင့် ကရင်နီတပ်မတော်တို့ကြား နှစ်ဖက်ထိပ်တိုက် ထိတွေ့မှုဖြစ်စဉ်အပေါ် သဘောထား ထုတ်ပြန်ကြေညာချက် ၄) ဒီဇင်ဘာ ၂၄- တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အပေါ် သဘောထားထုတ်ပြန်ချက်	ဝိုလ်ချုပ်အောင်ဆန်းကြေးရုပ် ကိစ္စအတွက် ဆန္ဒပြမှုအပေါ် အကြမ်းဖက်ဖြိုးခွင်းမှုနှင့် ပတ်သက်ပြီး နိုင်ငံတော်သမ္မတနှင့် NLD ဥက္ကဋ္ဌတို့ ထံ အိတ်ဖွင့်ပေးစာပေးပို့ခြင်း

KNU Web Link - https://bit.ly/2UBk1Ba FB Link - https://www.facebook.com/knuheadquartersofficial/	၁) ဖေဖော်ဝါရီ ၁၆ရက် - KNU နှင့် KIO တို့၏ မျက်မှောက်ပကတိနိုင်ငံရေး အခြေအနေနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များအပေါ် ပူးတွဲထုတ်ပြန်ကြေငြာချက် ၂)မေလ ၂၀ရက် - KNUဏ၏ ၁၆ကြိမ်မြောက် ကွန်ဂရက်အပြီး ပထမအကြိမ် ဗဟိုအမြဲတမ်းကော်မတီ အစည်းအဝေး ထုတ်ပြန်ချက် ၃)June 23 – Statement on the Review of Peace Process ၄)October 15 – Statement on the 2nd Anniversary of KNU's Signing the NCA	၁) မေ ၉ ရက် - ဖာပွန်ခရိုင် တပ်မဟာ (၅)ဒေသအတွင်း မြန်မာ့တပ်မတော်ဘက်မှ တပ်အင်အား တိုးချဲ့လှုပ်ရှားမှုနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ချက် ၂)May 17 - KNU Statement on Informal Meeting between KNU and Tatmadaw ၃)July 10 - KNU Statement on attending the Union Peace Conference – 21st Century Panglong (Third Meeting) ၄)အောက် တိုဘာလ ၆ရက် - (၅) ကြိမ်မြောက်ဗဟိုအမြဲ တမ်းကော်မတီ အရေးပေါ်အစည်းအဝေးမှ သဘောထား ထုတ်ပြန် ချက် ၅)အောက်တိုဘာလ ၁၇ရက် - အစိုးရနှင့် NCA-S EAOs ခေါင်းဆောင်များ သီးသန့်အစည်းအဝေးနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက် ၆) အောက်တိုဘာလ ၂၉ရက် - လူမှုကွန်ရက် သို့ပြန်နှံ့သွားသော အကြောင်းကြားစာနှင့် စပ်လျဉ်း၍ ရှင်းလင်းချက် ၇) နိုဝင်ဘာလ ၁၀ရက် - (၆)ကြိမ်မြောက် ဗဟိုအမြဲတမ်းကော်မတီအရေးပေါ် အစည်းအဝေးမှ သဘောထား ထုတ်ပြန်ချက်၈)ဒီဇင်ဘာ ၁၅ရက် - မြန်မာအစိုးရ၏ မြေယာနှင့် သက်ဆိုင်သည့် ဥပဒေများ အပေါ် KNU၏ ရက်တည်ချက်နှင့် သဘောထား ထုတ်ပြန်ချက် ၉) ဒီဇင် ဘာလ ၂၂ရက် - တပ်မ တော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက်ကြေညာချက်အပေါ် KNU ၏သဘောထားထုတ်ပြန်ချက်	

LDU	- ထုတ်ပြန်ခြင်း မတွေ့ရှိပါ။	မတ်လ ၂၁ရက် - လားဟူဒီမိုကရက်တစ် အစည်းအရုံး ဆဋ္ဌမအကြိမ်မြောက် ညီလာခံ ထုတ်ပြန်ချက်	- မတ်လကုန်အထိ ထုတ်ပြန်ခြင်း မတွေ့ရှိပါ။
MA/Tatmadaw Web Link - http://cincds.gov.mm/Tatmadaw%20True%20News	၁) စက်တင်ဘာလ ၁ရက်- AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ ချောင်းမြောင်းတိုက်ခိုက် လုပ်ဆောင်မှု အပေါ် တပ်မတော်၏ သဘောထား ထုတ်ပြန်ချက် ၂) နိုဝင်ဘာလ ၁၃ရက် - မောင်တောဒေသ အကြမ်းဖက် ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်နှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်အပေါ် ထုတ်ပြန်ချက်	ဒီဇင်ဘာလ ၂၁ - ပစ်ခတ်တိုက်ခိုက်မှုနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်	၁) ဇန်နဝါရီလ ၂၅ရက် - ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာရဝငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်အပေါ် သတိပေးခြင်း ကြေညာချက် ၂) ဖေဖော်ဝါရီလ ၂၆ရက် - တပ်မတော်အယောင်ဆောင်၍ ဖမ်းဆီးနှိပ်စက်မှုများ ရှိပါက တိုင်ကြားနိုင်ကြောင်း ထုတ်ပြန်ချက် ၃) မတ်လ ၃၁ရက် - ကျောက်ကြီးမြို့နယ် သံဘို - မူသဲ - ဘော်ဆဲခို - ယွန်းစလင်း ဖွံ့ဖြိုးရေးလမ်းပေါ်ရှိ မူသဲသံတား ဖောက်လုပ်နေမှုနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက် ၄) မတ်လ ၃၁ရက် - AA အကြမ်းဖက်သောင်းကျန်သူများက သတင်းအမှားများ ထုတ်လွှင့်နေမှုအပေါ် အသိပေးထုတ်ပြန်ချက် ၅) ဧပြီလ ၃ရက် - တပ်မတော်က ဖွဲ့စည်း ဆောင်ရွက်လေ့ရှိသည့် စုံစမ်းစစ်ဆေးရေးခုံရုံးထံ အချက်အလက်များပေးပို့နိုင် ကြောင်း ထုတ်ပြန်ချက်

NAB Web Link - https:// bit.ly/2VqOHTc	၁) ဇန်နဝါရီ ၂၃ရက် - မြန်မာပြည်မြောက်ပိုင်း မဟာမိတ်အဖွဲ့၏ ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးမှုအပေါ် ထုတ်ပြန် ကြေညာချက်	၁) ဖေဖော်ဝါရီလ ၃ရက် - မြန်မာစစ်တပ်မှ မြောက်ပိုင်းမဟာမိတ်များအပေါ် ထိုးစစ်ဆင်နေမှု နှင့် အပြစ်မဲ့ပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်နေခြင်း အပေါ် ကန့်ကွက်ရှုံ့ချကြောင်း ထုတ်ပြန်ကြေညာချက် ၂)မေလ ၈ရက် - ကချင်ဒေသတွင် မြန်မာစစ်တပ်၏ ထိုးစစ်များပြင်းထန်နေဆဲအပေါ် ထုတ်ပြန်ကြေညာချက် ၃) နိဝင်ဘာလ ၅ရက်- ပလက်ဝဒေသသို့ မြန်မာစစ်တပ်မှ ထိုးစစ်အရှိန်မြင့်လာကြောင်း အသိပေးနိုးဆော်ခြင်း။ ၄) ဒီဇင်ဘာလ ၁၂ရက် - ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့ဆက်ဆောင်ရွက်နိုင်ရန်အတွက် MNTJP၊ PSLF၊ ULA အဖွဲ့(၃)ဖွဲ့၏ သဘောထားထုတ်ပြန်ချက် ၅)ဒီဇင်ဘာလ ၂၄ရက် - ဒီဇင်ဘာ ၂၁ရက် တပ်မတော်မှ ထုတ်ပြန်သော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက်ကြေညာချက်နှင့် ပတ်သက်၍ MNTJP၊ PSLF၊ ULA တို့၏ သဘောထားထုတ်ပြန်ချက် ၆)) ဒီဇင်ဘာလ ၂၇ရက် - ဒီဇင်ဘာ ၂၁ရက် တပ်မတော်၏ ထုတ်ပြန်ချက်နှင့် ပတ်သက်၍ စစ်တိုင်းများအားလုံးကို တပြိုင်နက်ထဲ ရပ်တန့်ပေးရန် သဘောထားထုတ်ပြန်ချက်	မတ်လ ၁၉ရက် - ရခိုင်ပြည် - မြောက်ဦးဒေသခံ ပြည်သူများအား ဦးတည်တိုက်ခိုက်နေသော မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုကျူး လွန်နေသည့် လုပ်ရပ်အား ကန့်ကွက်၊ချ့ုံချ သည့် MNTJP၊ PSLF၊ ULA အဖွဲ့(၃)ဖွဲ့၏ သဘောထားထုတ်ပြန်ချက်

NCA-S EAOs (PPST) Web Link - https://bit.ly/2UjNCQg FB Link - https://bit.ly/2VsS38g	ဩဂုတ် ၁၀ရက်- ငြိမ်းချမ်းရေးဦးဆောင် အဖွဲ့ PPST၏ အစည်းအဝေးအပြီး နိုင်ငံရေး အခြေအနေများနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်	၁) စက်တင်ဘာလ ၁၁ရက် - NCA-S EAO တို့၏ တတိယအ ကြိမ် ထိပ်သီးခေါင်းဆောင်များအစည်းအဝေး ကြေငြာချက် ၂)အောက်တိုဘာ ၁၁ရက် - NCA-S EAOs အဖွဲ့မှ PPST၏ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွင် ဖြစ်ပေါ်နေသော တစ်ဆို့မှု များအား ကျော်လွှားနိုင်ရေးအဖြေရှာရန် ဆွေးနွေးသည့် ထုတ်ပြန် ချက် ၃) အောက်တိုဘာလ ၁၆ရက် - နိုင်ငံတော်အစိုးရနှင့် NCA-S EAOs သီးသန့်အစည်းအဝေးမှ သဘောတူကြေညာချက်	- မတ်လ ၇ရက်- PPST (၃/၂၀၁၉) အထူးအစည်းအဝေး ထုတ်ပြန်ချက်
NDAA	- ထုတ်ပြန်ခြင်း မတွေ့ရှိပါ။	ဒီဇင်ဘာ ၁၂ရက်နေ့ MNTJP၊ PSLF၊ ULA တို့၏ သဘောထားထုတ်ပြန်ချက်နှင့် ဒီဇင်ဘာ ၂၁ရက် တပ်မတော်မှ ထုတ်ပြန်သော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ကြေညာချက် အားလုံးနှင့်ပတ်သက်၍ လိုက်လဲစွာ ထောက်ခံကြဆိုပါကြောင်း ထုတ်ပြန်ချက်	- မတ်လကုန်အထိ သီးသန့် ထုတ်ပြန်ခြင်း မတွေ့ရှိပါ။ သို့သော် ၂၁ မတ်လ အစည်းအဝေးမှ ထုတ်ပြန်ချက်ကို NRPC နှင့် ပူးတွဲထုတ်ပြန်ခဲ့သည်။
NMSP Web Link - https://bit.ly/2uKwXGF FB Link - https://www.facebook.com/newmon-stateparty/	- ထုတ်ပြန်ခြင်း မတွေ့ရှိရပါ။	- ထုတ်ပြန်ခြင်း မတွေ့ရှိရပါ။	- ထုတ်ပြန်ခြင်း မတွေ့ရှိရပါ။

NRPC Web Link – (1) https://bit.ly/2YSo8In (2) https://bit.ly/2YSDtbZ -	၁) ဖေဖော်ဝါရီ ၁၄ရက် - ပဲခူးတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ်အတွက် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးမှု ကြီးကြပ်မှု ကော်မတီဖွဲ့စည်းခြင်း ၂)ဖေဖော်ဝါရီလ ၁၆ရက် - (UPDJC) ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း ၃)ဖေဖော်ဝါရီလ ၂၀ရက် - ချင်းပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးပွဲ ကြီးကြပ်မှု ကော်မတီဖွဲ့စည်းခြင်း ၄)မတ်လ ၆ရက် - ရှမ်းပြည်နယ် လောက်ကိုင်ဒေသအတွင်း တိုက်ခိုက်မှုများနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် ၅) ၂၁ ရာစုပင်လုံ ဒုတိယအစည်းအဝေး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ သဘောတူညီချက် (ပြည်ထောင်စုအပိုင်း ၁)	၁) ဖေဖော်ဝါရီလ ၂၃ရက် - လားရှိုးမြို့ ဒေသန္တရမိုင်းတစ်လုံး ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး သတင်းထုတ်ပြန်ချက် ၂)ဇူလိုင်လ ၃၀ရက် - NRPC (PC) ငြိမ်းချမ်းရေး ကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့တွေ့ဆုံမှုမှ သဘောတူညီချက်များနှင့် ပတ်သက်ပြီး ပူးတွဲထုတ်ပြန်ကြေညာချက် ၃)ဇူလိုင်လ ၁၆ရက် - ၂၁ရာစုပင်လုံ တတိယအစည်းအဝေး (ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ)၏ သဘောထား ထုတ်ပြန်ချက် (ပြည်ထောင်စုအပိုင်း ၂) ၄) စက်တင်ဘာလ ၁၀ရက် - နန်းမိုဟွမ်အား "တအန်းအမျိုးသားတပ်မတော်" မှ ဖမ်းဆီးထားမှုနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက် ၅) အောက်တိုဘာလ ၁၆ရက် - နိုင်ငံတော်အစိုးရနှင့် NCA-S EAOs သီးသန့် အစည်းအဝေးမှ သဘောတူ ထုတ်ပြန်ကြေညာချက် ၆) ဒီဇင်ဘာလ ၂၁ရက် - MNTJP၊ PSLF၊ ULA တို့၏ စစ်ရေးပဋိပက္ခနှင့် နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးရေးမှုများမှ တဆင့်ဖြေရှင်းရန် ဆန္ဒရှိကြောင်း ထုတ်ပြန်ချက်အပေါ် ကြိုဆိုကြောင်း ထုတ်ပြန်ချက် (NRPC- PC) ၇) ဒီဇင်ဘာလ ၂၁ရက် - ဒီဇင်ဘာ ၂၁ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ ထုတ်ပြန်ကြေညာချက်အား ကြိုဆိုကြောင်း သတင်းထုတ်ပြန်ချက် ၈)ဇူလိုင်လ ၁၁ရက် - ၂၁ရာစုပင်လုံ တတိယအစည်းအဝေးဖွင့်ပွဲတွင် ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ၏ အမှာစကားနှင့် ပတ်သက်၍ UP-DJC နိုင်ငံရေးပါတီများ အစုအဖွဲ့၏ သဘောထားထုတ်ပြန်ချက် UPDJC	၁) မတ်လ ၂၁ရက် - NRPC နှင့် NCA-NS EAOs (၈) ဖွဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပူးတွဲထုတ်ပြန်ချက်

PNLO	- ထုတ်ပြန်ခြင်း မတွေ့ရှိရပါ။	မေလ ၂၀ရက် - PNLO၏ ပထမအကြိမ်ညီလာခံ သက်တမ်း - ၁၃ကြိမ်မြောက် ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးထုတ်ပြန်ချက်	- ထုတ်ပြန်ခြင်း မတွေ့ရှိရပါ။
President Office Web Link - http://www.president-office.gov.mm/?q=briefing-room/statements-and-releases	၁) ဖေဖော်ဝါရီ ၂၀ရက် - ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက် ၂) မတ်လ ၃၀ရက် - ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ တစ်နှစ်တာကာလ ဖြတ်သန်းလာမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် (နိုင်ငံတော် အတိုင်ပင်ခံရုံး) ၃) ဩဂုတ်လ ၂၄ရက် - ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ် အစီရင်ခံစာ အပေါ်ထုတ်ပြန် ကြေညာချက် ၄) နိုဝင်ဘာ ၇ရက် - ၂၀၁၇ နိုဝင်ဘာ ၆ရက်တွင် ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အပေါ် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်	၁) မတ်လ ၂၃ရက် - မွန်ပြည်နယ်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှု ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း ၂) ဇူလိုင်လ ၃၀ရက် - (ရခိုင်ပြည် (ARSA) အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက်) လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့စည်းခြင်း ကြေညာချက်	- EAOs များနှင့် သက်ဆိုင်ပြီး သီးသန့် သဘောထား ထုတ်ပြန်ခြင်း မတွေ့ရှိသေးပေ။ သို့သော် လက်ရှိ ငြိမ်းချမ်းရေး အခြေနေနှင့် တိုက်ပွဲဖြစ်ပွား နေမှုများအတွက် သတင်းမီဒီယာများတွေ ဖြေကြားမှုများ ရှိခဲ့ပါသည်။

PSLF/TNLA Web Link - https:// bit.ly/2uMghOT	၁)ဇန်နဝါရီ ၇ရက် - TNLA ဗဟိုကော်မတီ နှစ်ပတ်လည် အစည်းအဝေး ထုတ်ပြန်ချက် ၂)ဇွန်လ ၁ရက် - လူမှုကွန်ယက် စာမျက်နှာပေါ် ပြန့်နှံ့နေသည့် လူအခွင့်အရေးချိုးဖောက်မှု Video ဖိုင်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် ၃)ဇွန်လ ၂၇ရက် - နိုင်ငံတကာ မူးယစ် ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိန်းအမှန် အခမ်းအနားသို့ သတင်းလာယူသော သတင်းမီဒီယာများအား ဖမ်းဆီးထိန်းသိမ်းမှုအပေါ် သတင်းထုတ်ပြန်ချက် ၄)အောက်တိုဘာလ ၁၁ရက် - TNLA လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိဟူ၍ တပ်မတော်ကာကွယ်ဦးစီး ချုပ်ရုံး စွပ်စွဲချက်အပေါ် ရှင်းလင်း ထုတ်ပြန်ချက	၁)ဇန်နဝါရီလ ၁၇ရက် - PSLF/TNLA ၏ ဗဟိုနှစ်ပတ်လည် အစည်းအဝေး ထုတ်ပြန်ကြေညာချက် ၂)ဇန်နဝါရီ ၂၆ရက် - ဇန်နဝါရီ ၂၂တွင် PSLF/TNLA နှင့် RCSS/SSA တို့ တရားဝင်ပဏာမ တွေ့ဆုံမှု ပြုလုပ်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက် ၃)မေလ ၁၃ရက် - မူဆယ်မြို့- နမ့်ခမ်းကားလမ်းမှ နမ့်ပေါ်ပန်ခမ်း တံတားအနီး တရုတ် - မြန်မာနယ်စပ်ရှိ ပန်ဆေးပြည်သူ့စစ်ပိုင် လောင်းကစားရုံအား ဝင်ရောက်တိုက်ခိုက်ရခြင်း သတင်းစာရှင်းလင်းချက် ၄)ဩဂုတ်လ ၆ရက် - TNLA စစ်မဆေးမှူး ၆ဦး သတ်ဖြတ်ခံရသည့် အပေါ် စုံစမ်းတွေ့ရှိချက်နှင့် သုံးသပ်ချက်များ ထုတ်ပြန်ချက် ၄)ဩဂုတ်လ ၂၇ရက် - စစ်ရာဇဝတ်မှု ကျူးလွန်သည့် မြန်မာစစ်ခေါင်းဆောင်များအား စုံစမ်းစစ်ဆေး အရေးယူရန် ကုလသမဂအချက်အလက်ရှာဖွေရေး ကော်မရှင်၏ အဆိုပြုချက်ကို ထောက်ခံကြိုဆိုသည့် ထုတ်ပြန်ချက် ၅)ဇူလိုင် ၃၁ရက် - ဗဟိုကော်မတီ ၆လပတ် အစည်းအဝေး (ငြိမ်းချမ်းရေးအခြေအနေနှင့် ပတ်သက်ပြီး) ထုတ်ပြန်ကြေညာချက်	၁)ဇန်နဝါရီ ၄ရက် - မြန်မာ့တပ်မတော် တပ်စခန်းသစ်များ တိုးချဲ့နေခြင်းအား ကန့်ကွက်ရှုံ့ချသည့် သဘောထားထုတ်ပြန် ကြေညာချက် ၂)ဇန်နဝါရီ ၁၂ရက် - ၅၆နှစ်ပြည့် တစ်အောင်အမျိုးသား တော်လှန်ရေးနေ့ သဘောထားထုတ်ပြန်ချက် ၃)ဇန်နဝါရီ ၁၅ရက် - ပလော ငပြည်နယ်လွတ်လပ်ရေးတပ်ဦး ၏ဗဟိုကော်မတီနှစ်ပတ်လည် အစည်းအဝေး သဘောထား ထုတ်ပြန်ကြေညာချက် ၄) မတ်လ ၂၁ရက် အစည်းအဝေးမှ ထုတ်ပြန်ချက်ကို NRPC နှင့် ပူးတွဲထုတ်ပြန်ခဲ့သည်။

R CSS/SSA Web Link - https:// bit.ly/2uM2Nmj	၁)ဖေဖော်ဝါရီ ၂၃ရက် - (၁၇)ကြိမ်မြောက် နှစ် ပတ်လည်အစည်းအဝေး ထုတ်ပြန်ချက် ၂)မတ်လ ၃ရက် - ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း အစည်းအဝေးထုတ်ပြန်ချက် ၃)မေလ ၂၁ရက် - ၂၁ပင်လုံ ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ချက် ၄)ဇွန်လ ၁၉ရက် - ၂၁ရာစု ပင်လုံဒုတိယအစည်း အဝေးဖြစ်စဉ်နှင့် ပတ်သက်ပြီး သုံးသပ်ချက်၊ အမြင် သဘောထားထုတ်ပြန်ချက်	၁) ဇန်နဝါရီလ ၈ရက် - သျှမ်း လူမျိုးအလိုက်အမျိုးသားအဆင့် နိုင်ငံ ရေးဆွေးနွေးပွဲများနှင့် ပတ်သက်၍ ထုတ်ပြန်ချက် ၂)ဖေဖော်ဝါရီ ၇ရက်-၇၁ကြိမ် မြောက် သျှမ်းပြည်အမျိုးသားနေ့ ထုတ်ပြန်ကြေ ညာချက် ၃) ဖေဖော်ဝါရီ ၂၂ရက်- ရှမ်းပြည်ပြန် လည်ထူထောင်ရေးကောင်စီ ဒုတိယ အကြိမ်ကွန်ကရက် ထုတ်ပြန်ကြေညာ ချက် ၄) ဇန်နဝါရီ ၈ရက် - RCSSဏ၏ သျှမ်း လူမျိုးအလိုက်အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲနှင့်ပတ်သက်၍ ထုတ်ပြန် ကြေ ညာချက် ၅)အောက်တိုဘာလ ၂၅ရက် - ပြည်ထောင်စုမှခွဲမထွက်ရန်နှင့် တစ်ခု တည်းသောတပ်မတော်ကိစ္စရပ်များနှင့် ပတ်သက်ပြီးသဘောထားထုတ်ပြန်ချက် ၆) နိုဝင်ဘာလ ၁ရက်- ပြည်ထောင်စု အဆင့်၊ ပြည်နယ်အဆင့်၊ ဒေသတွင်း အဆင့်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC- U/S/L) အစည်းအဝေးများ နှင့် ပတ်သက်၍သဘောထား ထုတ်ပြန် ကြေညာချက် ၇) နိဝင်ဘာလ ၁၂- RCSS ဗဟို အလုပ်အမှုဆောင်ကော်မတီ အစည်း အဝေးသဘောထား ထုတ်ပြန်ကြေညာ ချက်ဒီဇင်ဘာလ ၂၁ရက် - လွိုင်လင် ရုန်းရင်းဆန်ခတ်မှုဖြစ်စဉ်အပေါ် ဒေသခံ ပအိုဝ်းအမည်ခံလူတစ်စု၏ ဆန္ဒပြခြင်း နှင့်ပတ်သက်၍ထုတ်ပြန်ကြေညာချက် ၈) ဒီဇင်ဘာလ ၂၂ရက် - တပ်မတော်မှ ထုတ်ပြန်သောပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက်ထုတ်ပြန်ကြေညာချက်အား ကြိုဆိုကြောင်း ထုတ်ပြန်ချက် ၉)ဒီဇင်ဘာလ ၂၅ရက်-သျှမ်းမြောက် တွင်ဖြစ်ပွားနေသည့် တို က်ပွဲ များနှင့် ပတ်သက်၍ ထုတ်ပြန်ကြေငြာချက်	၁)ဇန်နဝါရီ ၂၉ရက်- (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်း အဝေး ထုတ်ပြန်ကြေငြာချက် ၂)မတ်လ ၁ရက် - RCSS နှင့် SSPP စည်းလုံးညီညွတ်ရေး ကိစ္စရပ်နှင့် ပတ်သက်၍ ထုတ်ပြန်ချက် ၃)မတ်လ ၂၁ရက် - RCSS ဗဟိုအလုပ်အမှုဆောင် ကော်မ တီ အရေးပေါ်အစည်းအဝေး ထုတ်ပြန်ချက် (၂/၂၀၁၉)

SSPP/SSA Web Link - https://ssppssa.org/ FB Link – https://bit.ly/2WOell2	၁) ဇူလိုင် ၂၆ရက် - SSPP/SSA ဗဟိုကော်မတီ (၆) လပတ် အစည်းအဝေးမှ လက်ရှိနိုင်ငံရေး၊ ငြိမ်းချမ်းရေး အခြေအနေများကို သုံးသပ်ကာ ရှေ့လုပ်ငန်းစဉ်များအား ထုတ်ပြန်ချက်	၁) ဇန်နဝါရီ ၁၄ရက် - SSPP ဗဟိုကော်မတီ မျက်နှာစုံညီ ၂၀၁၇နှစ်ချုပ် အစည်းအဝေး ထုတ်ပြန်ချက် ၂) ဒီဇင်ဘာလ ၂၈ရက်၊ SSPP စတုတ္ထအကြိမ်မြောက် ပါတီကွန်ဂရက် အစည်းအဝေးထုတ်ပြန်ချက် ၃) ဒီဇင်ဘာလ ၂၂ရက်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက်ကြေညာချက်အား SSPP မှ ဝမ်းမြောက်ကြိုဆို ထောက်ခံကြောင်း ထုတ်ပြန်ချက်	၁) ဇန်နဝါရီလ ၈ရက် - SSPP ဗဟိုကော်မတီ မျက်နှာစုံညီ ၂၀၁၈ နှစ်ချုပ်အစည်းအဝေး ထုတ်ပြန်ချက် ၂) မတ်လ ၂၁ရက် အစည်းအဝေးမှ ထုတ်ပြန်ချက်ကို NRPC နှင့် ပူးတွဲထုတ်ပြန်ခဲ့သည်။
ULA/AA Web Link - https://bit.ly/2Vn7vTe		၁) ဇန်နဝါရီလ ၁၇ရက် - မြောက်ဦးမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့ ၂၃၃-နှစ်မြောက် ရက္ခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာ ကျဆုံးမှု ဝမ်းနည်းအမှတ်ရ အခမ်းအနားအား ကျင်းပခွင့် မပြုခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ချက် ၂) စက်တင်ဘာ ၁၅ရက် - ဗမာပြည်နေရာအနှံ့ သွားလာနေကြသော ရခိုင်လူမျိုးများအား လူမျိုးရေးအမုန်းတရားများဖြင့် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်နေကြောင်း ထုတ်ပြန်ချက်	၁) ဖေဖော်ဝါရီလ ၆ရက် - ရခိုင်ပြည်နယ် ခရီးသည်ပို့ဆောင်ရေးလိုင်းပိုင်ရှင်များနှင့် အရပ်သားကားပိုင်ရှင်များထံသို့ အသိပေးခြင်း ထုတ်ပြန်ချက် ၂) ဖေဖော်ဝါရီလ ၈ရက် - ရခိုင်ပြည်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့အား သတိပေးခြင်း ထုတ်ပြန်ချက် ၃) မတ်လ ၂၁ရက် အစည်းအဝေးမှ ထုတ်ပြန်ချက်ကို NRPC နှင့် ပူးတွဲထုတ်ပြန်ခဲ့သည်။

UNFC Web Link - https://bit.ly/2K97voO FB Link - https://bit.ly/2WKS1sv	၁)ဇန်နဝါရီ ၂၇ရက်- UNFC ဗဟိုအလုပ်အမှူ ဆောင် ကော်မတီ အရေးပေါ်အစည်းအဝေး သဘောထား ထုတ်ပြန်ချက် ၂)ဖေဖြဳ ၉- တိုင်းရင်းသား တော်လှန်ရေးအဖွဲ့ အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အ စည်း အဝေး ထုတ်ပြန်ကြေညာချက် ၃)မေလ ၂၃ရက် - ၂၁ရာစု ပင်လုံညီလာခံ ဒုတိယအစည်းအဝေးနှင့် ပတ်သက်၍ သဘောထား ထုတ်ပြန်ချက် ၄) ဇွန်လ ၂၉ရက် - UNFC ၏ တတိယအကြိမ် သက်တမ်းတွင် တာဝန်ထမ်းဆောင်မည့် အမည်စရင်း နှင့် ဒုတိယအကြိမ်ညီလာခံ ထုတ်ပြန်ချက် ၅)ဒီဇင်ဘာ ၁၁ - လက် ရှိပြိမ်းချမ်းရေးဖြစ်စ ဉ်နှင့် ပတ်သက်ပြီး သဘောထားထုတ်ပြန်ချက်	၁) ဇန်နဝါရီ ၂၄ရက် - NCA လက်မှတ်ရေးထိုးရေးနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ကြေညာချက် ၂) ဖေဖော်ဝါရီ ၂၅ရက် - UNFC ပုံမှန်ကောင်စည် အစည်းအဝေး ထုတ်ပြန်ချက် ၃)ဩဂုတ်လ ၂၆ရက် - UNFC၏ CEC အစည်းအဝေး ထုတ်ပြန်ချက်	

UWSA	- ထုတ်ပြန်ထားခြင်း မတွေ့ရှိရပါ။	ဒီဇင်ဘာလ ၂၂ရက် - ဒီဇင်ဘာ ၁၂ရက်နေ့ MNTJP၊ PSLF၊ ULA တို့၏ သဘောထားထုတ်ပြန်ချက်၊ PC ၏သဘောထားထုတ်ပြန်ချက်နှင့် ဒီဇင်ဘာ ၂၁ရက် တပ်မတော်မှ ထုတ်ပြန်သော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက်ကြေညာချက်ကို ကြိုဆိုပြီး လုပ်ငန်းကဏ္ဍအသီးသီးမှာ တက်ကြွစွာပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်ကြေညာချက်	၁) မတ်လ ၂၁ရက် အစည်းအဝေးမှ ထုတ်ပြန်ချက်ကို NRPC နှင့် ပူးတွဲထုတ်ပြန်ခဲ့သည်။

KNU - ကရင်အမျိုးသားအစည်းအရုံး နှင့် Kachin Independence Organization (KIO) တို့၏ ပူးတွဲထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်

၁။ KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ဦးဆောင်သည့် KNU ကိုယ်စားလှယ်အဖွဲ့ နှင့် (KIO) ဗဟို ကော်မတီတို့သည် ဖေဖော်ဝါရီလ (၁၆)ရက်နေ့တွင် (KIO) ဥာနချုပ်၊ လိုင်ဇာမြို့တွင် မျက်မှောက်ပကတိ နိုင်ငံရေးအခြေအနေနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များကို တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။ ထိုဆွေးနွေးပွဲတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၏ အကြံပေး ပုဂ္ဂိုလ်(၂)ဦးလည်း ပါဝင်ခဲ့ပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် KNU, RCSS, DKBA, KNU/KNLA Peace Council နှင့်တကွ အစိုးရ၊ တပ်မတော်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တိုင်းရင်းသားရေးရာဝန်ကြီး(၁၉)ဦး၊ နိုင်ငံရေးပါတီ(၅၅)ပါတီတို့က ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကတိပြုချက် (Deed of Commitment for Peace and National Reconciliation) တွင်ပါဝင်သည့်၊ နံပါတ်(၃) အချက်တွင် **"နိုင်ငံရေးပြဿနာကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်"** ကတိကဝတ် ပြုထားကြပါသည်။

၃။ အထက်ပါ ကတိပြုချက် နံပါတ်(၅) အချက်တွင် **"ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် လုပ်ငန်းစဉ်ကာလအတွင်း ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သည့် ပစ်ခတ်တိုက်ခိုက်မှုများ မဖြစ်ပွားစေရန် နှစ်ဖက်တပ်များ ထိတွေ့မှုများကို ရှောင်ရှားနိုင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေမည့် အရေးယူဆောင်ရွက်ခြင်းများ မပြုလုပ်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရန်"** ဖော်ပြပါရှိပါသည်။

၄။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အခန်း ၁ - အခြေခံမူများ၏ ပုဒ်မ (၁) (ဆ) တွင်ပါဝင်သည့်အတိုင်း **"ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကိုအခြေခံပြီး ပါဝင်သင့်သူ အားလုံးပါဝင်သည့် နိုင်ငံရေး ဆွေးနွေးပွဲများကို ကျင်းပသွားရန်"** လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်သောကြောင့် ဖြစ်ရှိနေသော လက်နက်ကိုင် ပစ်ခတ်တိုက်ခိုက်မှုများအား ရပ်စဲပြီး ကတိကဝတ်များနှင့်အညီ ငြိမ်းချမ်းစွာ အဖြေရှာရန်ကိုသော်လည်းကောင်း နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံး ပါဝင်လာနိုင်ရေးအတွက် နည်းလမ်းရှာဖွေကြရန်ကိုသော်လည်းကောင်း၊ သက်ဆိုင်သူအားလုံးက ဝိုင်းဝန်း လုပ်ဆောင်ကြရန် တိုက်တွန်းအပ်ပါသည်။

၆။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် အကြမ်းဖက်အဖွဲ့အစည်းများ (Terrorist) မဟုတ်ဘဲ ငြိမ်းချမ်းရေးအတွက်လုပ်ဖော်ဆောင်ဘက်များဖြစ်ပြီး ထိုသို့လက်ခံမှတ်ယူကာ ငြိမ်းချမ်းရေး ရရှိသည်အထိ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း တိုက်တွန်းအပ်ပါသည်။

၇။ မိမိတို့အဖွဲ့အစည်းနှစ်ရပ်အနေဖြင့် လိုအပ်သည့်နည်းလမ်းများရှာဖွေပြီး ငြိမ်းချမ်းရေးအဖြေရရှိနိုင်ရန် အတွက်၊ အကောင်းဆုံးလုပ်ဆောင်သွားကြရန် သဘောတူညီကြပြီး အတူတကွကြိုးပမ်းလုပ်ဆောင် သွားကြမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်

၁။ ဗိုလ်ချုပ် ဝွန်မော် (KIO)+(86) 1357-8200-543

၂။ ပဒို စောတာဒိမူး (KNU)+(86) 1568-7568-282

၃။ ဦးလနန် (KIO) +(86)1518-4925-577

၄။ ပဒို စောတာမူလာ (KNU)+(86) 1568-7788-323



ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်

UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) သည် NLD အစိုးရ တက်လာပြီးနောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးဆပ်ကော်မတီနှင့်လည်းကောင်း၊ ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့်လည်းကောင်း ၂၀၁၆ ခုနှစ် အစောပိုင်းကာလမှစတင်၍ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ပိုမိုအဆင်ပြေမည်ဟု ယုံကြည်ထားသည့် NCA လမ်းကြောင်းပေါ်တွင် တွေ့ဆုံဆွေးနွေး လာခဲ့သည်မှာ (၁၇)လထဲသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲသို့ တက်လှမ်းနိုင်ရန်အတွက် DPN မှ အဆိုပြုထားသော အဆိုပြုချက်(၉)ချက်ကို DPN-PC တို့အကြား ဆွေးနွေးညှိနှိုင်း အဖြေရှာနေသည်မှာ အဌမအကြိမ်မြောက်အစည်းအဝေးထိတိုင် တရားဝင်ဆွေးနွေးပြီးလည်း ဖြစ်ပါသည်။

နောက်ဆုံးအဖြေရရှိရေးအတွက် ထပ်မံဆွေးနွေးရန် ကျန်ရှိနေသေးသောအချက်များကို နဝမအကြိမ်မြောက် DPN-PC အစည်းအဝေးကို လွန်ခဲ့သော ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ(၁၆)ရက်နေ့တွင် ရန်ကုန်မြို့ NRPC ရုံး၌ ကျင်းပပြုလုပ်ကာ ညှိနှိုင်းအဖြေရှာကြရန် နှစ်ဘက်သဘောတူ ကြိုတင်ပြင်ဆင်ခဲ့ကြပါသည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် တရားဝင် နဝမအကြိမ်မြောက်အစည်းအဝေးအစား ကြိုတင်ညှိနှိုင်းအစည်းအဝေးပုံစံကို ရန်ကုန်မြို့တစ်နေရာ၌ ကျင်းပပြုလုပ်၍ နည်းလမ်းရှာခဲ့ကြပါသည်။

အဆိုပါအကြိုညှိနှိုင်းအစည်းအဝေး၏ ရလဒ်အနေဖြင့် နှစ်ဘက်တာဝန်ရှိသူ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နှင့် UNFC ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံ၍ ကျန်ရှိနေသော ဆွေးနွေးရန်အချက်များကို နှစ်ဘက်မှ ညှိနှိုင်းအဖြေရှာနိုင်ရန်အတွက် မိမိတို့ DPN မှ ကြိုးပမ်းလျှက်ရှိပါသည်။

ပြည်တွင်းငြိမ်းချမ်းရေး၏အဓိက အရင်းခံပြဿနာမှာ နိုင်ငံရေးပြဿနာပင် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ညှိနှိုင်းအဖြေရှာနိုင်ရေး UNFC အနေဖြင့် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)

ဆက်သွယ်ရန်

ခူဦးရယ် - အထွေထွေအတွင်းရေးမှူး ဖုန်း +66(0)84-805-1344
နိုင်အောင်မငေး - ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဖုန်း +66(0)96-970-2721

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

NCA လက်မှတ်ရေးထိုးရေးနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် အခြေခံနိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ညှိနှိုင်းအဖြေရှာရာ၌ ဦးသိန်းစိန်အစိုးရလက်ထက်တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ဖန်တီးတည်ဆောက်ခဲ့ကြသည်။ မိမိတို့ကိုယ်တိုင် အားစိုက်ပါဝင်လုပ်ဆောင်ခဲ့သော NCA မှတဆင့် တည်ငြိမ်သောနိုင်ငံရေးပတ်ဝန်းကျင်ကို တည်ဆောက်ပြီး အဓိပ္ပါယ်ပြည့်ဝ၍ အနှစ်သာရရှိသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်သို့ တက်လှမ်းရန် မျှော်မှန်းထားပါသည်။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် NCA စာချုပ် မူကြမ်းကို မူချောအဖြစ် အစိုးရဖက်မှ တဖက်သတ် အတည်ပြုခဲ့သည့်အတွက် အများစုပါဝင်လက်မှတ်ရေးထိုးနိုင်သည့်အနေအထားကို မရောက်ရှိခဲ့ပေ။ NCA စာချုပ်(မူကြမ်း) တရားဝင် ဆွေးနွေးညှိနှိုင်းရာတွင် ပါဝင်ခဲ့သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (NCCT) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၁၆) ဖွဲ့အနက် (၇) ဖွဲ့နှင့် NCCT အဖွဲ့ဝင်မဟုတ်သော အဖွဲ့အစည်းတစ်ဖွဲ့ စုစုပေါင်း (၈) ဖွဲ့ ပါဝင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါအဖွဲ့(၈)ဖွဲ့ နှင့် အစိုးရတို့ကြား NCA အကောင်အထည်ဖော်ဆောင်မှုတွင် အားနည်းချက်များရှိနေခြင်းတို့ကြောင့် NCA ကို ပိုမိုခိုင်မာစေရန် UNFC အနေဖြင့် အဆိုပြုချက်(၈)ချက်ပြုလုပ်ကာ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) က ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ NLD အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် DPN တို့အကြား အဆိုပြုချက်(၈)ချက် သဘောတူညီမှုရရှိစေရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့သည်မှာ (၁၇) လကျော်လွန်၍ တရားဝင်ဆွေးနွေးပွဲ (၈)ကြိမ်မြောက်ထိတိုင် ရောက်ရှိခဲ့သည်။ (၉)ကြိမ်မြောက်တွေ့ဆုံမှုကို ချိန်းဆိုထားပြီးမှ ဖျက်သိမ်းခဲ့ရကာ အကြိုညှိနှိုင်းမှုပုံစံဖြင့် ဆောင်ရွက်၍ DPN နှင့် PC တို့အကြား နောက်ဆုံးထစ်ဆို့နေသည့် အဓိက အချက်တစ်ချက်ဖြစ်သော "ဖက်ဒရယ်ဒီမိုကရေစီ" ဝေါဟာရနှင့်ပတ်သက်၍ နှစ်ဖက်ထိပ်သီးခေါင်းဆောင်များအဆင့်တွင် တွေ့ဆုံညှိနှိုင်းအဖြေရှာရန် သဘောတူခဲ့ကြသည်။

အဆိုပါသဘောတူညီမှုအရ နှစ်ဖက်ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာနိုင်မည်ဟုယုံကြည်ထားသည့် "ဖက်ဒရယ်ဒီမိုကရေစီ" ဝေါဟာရ အဓိပ္ပါယ်ဖွင့်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"ဖက်ဒရယ် ဒီမိုကရေစီ" ဝေါဟာရအပေါ်တွင် အဓိပ္ပါယ်ရှင်းလင်းချက်

ဖက်ဒရယ်စနစ်ဖြင့် တိုင်းပြည်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းများကို လေ့လာ၍ လည်းကောင်း၊ မြန်မာနိုင်ငံ၏ နောက်ခံသမိုင်းကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေဆိုင်ရာများ၊ ပြည်တွင်းစစ်နှင့် မျက်မှောက်ပဂတိအခြေအနေတို့အား ကိုးကား၍ လည်းကောင်း၊ "ဖက်ဒရယ်ဒီမိုကရေစီ" ဟူသောဝေါဟာရအပေါ် အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အောက်ပါအခြေခံအချက်များ မရှိမဖြစ် ပါဝင်ရမည်။

(၁) ဖက်ဒရယ်စနစ်ဖြင့် နိုင်ငံ / တိုင်းပြည် တည်ဆောက်ရာတွင် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အပြည့်အဝ အာမခံချက် ရှိရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာသည် ဖက်ဒရယ် ပြည်ထောင်စု၏ အဖွဲ့ဝင် ပြည်နယ်များနှင့် ထိုပြည်နယ်များရှိ ပြည်သူလူထုထံမှ ဆင်းသက်ရမည်။

(၃) ဖက်ဒရယ်ပြည်ထောင်စု၏ သီးခြားလွတ်လပ်သည့် အဖွဲ့ဝင်ပြည်ထောင်များမှ မိမိတို့ဆန္ဒအလျောက် လာရောက်ပူးပေါင်းပြီး အတူယှဉ်တွဲနေထိုင်သည့် (Coming-Together) ပုံစံ ဖြစ်ရမည်။

(၄) ဖက်ဒရယ်နိုင်ငံရေးစနစ်ဖြင့် ဖွဲ့စည်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုထဲတွင် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးရမည်။

(၅) အချိုးညီအခြေခံပေါ်တွင်သာ အချိုးမညီ ဖက်ဒရယ်စနစ် (Asymmetric Overlay on the Symmetric Structure) ကို တည်ဆောက်ရမည်။

(၆) ဖက်ဒရယ်ပြည်ထောင်စုအာဏာကို အဖွဲ့ဝင်ပြည်နယ်များက ကန့်သတ်ပိုင်ခွင့်ရှိသော ဒီမိုကရေစီဖြင့် လွှမ်းမိုးမှုအား ထိန်းချုပ်သည့်စနစ် (Demos-Constraining) ကို ကျင့်သုံးရမည်။

(၇) လူမျိုးပေါင်းစုံ ရေရှည်တည်တံ့သောချစ်ကြည်ညီညွတ်ရေးကို ဦးတည်၍ လူဦးရေများသော လူမျိုးတို့က လူဦးရေနည်းသောလူမျိုးတို့အပေါ် လွှမ်းမိုးချုပ်ချယ်မှု မရှိစေရေးအတွက် လူမျိုးစုတို့၏ခံစားခွင့်ကို အကာအကွယ်ပေးသည့် အခြေခံမူရှိရမည်။

"ဖက်ဒရယ်ဒီမိုကရေစီ" ဆိုသည်မှာ ပြည်ထောင်စုကို အမျိုးသားတန်းတူရေးအခြေခံဖြင့် အတူတကွ တည်ဆောက်ရန် အပြန်အလှန်ကတိကဝတ်ပြုခဲ့ကြသော တိုင်းရင်းသားခေါင်းဆောင်အားလုံး၏ဆန္ဒဖြစ်သဖြင့် ကြိုတင်သတ်မှတ်ချက် (Precondition) တခုမဟုတ်ဘဲ ပင်လုံစိတ်ဓာတ်ကို ပြန်လည်ဖော်ဆောင်ခြင်းဖြစ်သည်ဟု UNFC မှ မှတ်ယူပေသည်။

ဤသို့နှစ်ဖက်ထိပ်သီးခေါင်းဆောင်များတွေ့ဆုံ၍ ညှိနှိုင်းအဖြေရှာရန် DPN နှင့် PC တို့အကြား နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းနေချိန်အတွင်း အစိုးရတပ်မတော်ဘက်က အကြပ်ကိုင်အဖြေရှာသည့် နည်းလမ်းဟောင်းဖြင့် လုပ်ဆောင်လာခဲ့သောကြောင့် အနှစ်သာရနှင့်အဓိပ္ပါယ်ရှိသော တွေ့ဆုံဆွေးနွေးမှုတို့မှာ ပျောက်ကွယ်သွားခဲ့ရသည်။

အကြပ်ကိုင်အဖြေရှာသည့်နည်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသောပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည် မဟုတ်ပေ။ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုနှင့်ပတ်သက်၍ NCA လမ်းကြောင်းတစ်ခုတည်းကို အသေဆုပ်ကိုင်ရပ်တည်ပြီး နည်းလမ်းဟောင်းများအတိုင်း ဖိအားပေးလျှောက်လှမ်းနေမည်ဆိုပါက ဆိုးကျိုးသံသရာတွင် လည်နေဦးမည်ပင် ဖြစ်ပါသည်။ ဖက်ဒရယ်နှင့်ဒီမိုကရေစီစနစ်ကိုအခြေခံသော ပြည်ထောင်စုကို အနှစ်သာရပြည့်ဝပြီး အဓိပ္ပါယ်ရှိသည့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများဖြင့်သာ တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့အနေဖြင့် NCA လက်မှတ်ရေးထိုးရန် အဆိုပြုထားသော အဆိုပြုချက် (၈) ချက်ကို DPN နှင့် PC တို့၏ တရားဝင် နိဂုံးချုပ်နိုင်ရေးအဆင့်ကို UNFC အတွင်း အကျေအလည် ဆွေးနွေးသွားကြမည် ဖြစ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အရင်းခံဖြစ်သော နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အဖြေရှာရေးမူအပေါ် အခိုင်အမာ ရပ်တည်လျှက် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)

ဆက်သွယ်ရန်

ဦးထွန်းဇော် - ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဖုန်း +66(0)81-680-8934
နိုင်အောင်မငေး - ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဖုန်း +66(0)92-849-7352, +95(0)9780098159

CENTRAL COMMITTEE
KACHIN INDEPENDENCE ORGANIZATION

ထုတ်ပြန်ကြေညာချက်
(၂/၂၀၁၈)

၁။ KIO ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအင်ဘန်လ ဦးဆောင်သည့် ဗဟိုကော်မတီဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာအထူးသံတမန်၏ ကြားဝင်စေ့စပ် ကူညီဆောင်ရွက်ပေးမှုကြောင့် မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် တာလီမြို့၌ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့က တွေ့ဆုံခဲ့ကြသည်။

၂။ ဤတွေ့ဆုံမှုသည် KIO ဗဟိုနှင့် မြန်မာ့တပ်မတော်တို့၏ သီးခြားတွေ့ဆုံသည့် ပထမဦးဆုံး ဆွေးနွေးပွဲဖြစ်သည်။

၃။ မိမိတို့ KIO အဖွဲ့က ယခုလက်ရှိဖြစ်ပွါးနေသော တိုက်ပွဲများကိစ္စအပါအဝင် ဒေသတည်ငြိမ်ရေး၊ တိုက်ပွဲများလျော့ချရေး၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် အားလုံးပါဝင်ရေးနှင့် ပင်လုံစာချုပ် ပင်လုံကတိကဝတ်နှင့်အညီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို အလေးထားဆွေးနွေးခဲ့ပါသည်။

၄။ မြန်မာ့တပ်မတော်ဘက်က ဆွေးနွေးရာတွင် KIA တပ်ရင်း(၁၄) ဌာနချုပ်အပါအဝင် KIA တပ်စခန်းများ ဖယ်ရှားပေးရန်နှင့် အချို့သော KIA တပ်မဟာများ တည်ရှိမှုကို အသိအမှတ်မပြုနိုင်ကြောင်း ဖိအားပေး ဆွေးနွေးခဲ့သည်။

၅။ တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်ဦးနှစ်ဖက် ကတိကဝတ်ပြုသည့် သဘောတူညီမှု တစုံတရာ မရရှိခဲ့သော်လည်း ထပ်မံ တွေ့ဆုံဆွေးနွေးသွားကြရန် နှစ်ဖက်စလုံးက သဘောဆန္ဒရှိကြောင်း ပြောဆိုခဲ့ကြပါသည်။

ဗဟိုကော်မတီ
KIO

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်

ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ
Federal Political Negotiation and Consultative Committee (FPNCC)

FPNCC ၏ ဒုတိယအကြိမ် အမြိတမ်းကော်မတီအစည်းအဝေး
ထုတ်ပြန်ကြေညာချက်

ရက်စွဲ - ၂၀၁၈ ခုနှစ်၊ မတ်လ (၂၈)ရက်

ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)၏ ဒုတိယအကြိမ် အမြိတမ်းကော်မတီ အစည်းအဝေးအား ၂၀၁၈ ခုနှစ်၊ မတ်လ (၂၆)ရက်မှ (၂၈)ရက်နေ့အထိ ပန်ခမ်းမြို့တွင် အဖွဲ့ဝင်အဖွဲ့အစည်းများ ဖြစ်ကြသော -

(၁) ကချင်လွတ်လပ်ရေးအဖွဲ့(KIO)
(၂) ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (ULA)
(၃) ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF)
(၄) မြန်မာနိုင်ငံအမှန်တရားနှင့်တရားမျှတသောအမျိုးသားပါတီ (MNTJP)
(၅) ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)
(၆) ရှမ်းပြည်နယ်အရှေ့ပိုင်းငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ (PSC)
(၇) "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) တို့မှ ကိုယ်စားလှယ်စုစုပေါင်း (၂၇)ဦး ပါဝင်တက်ရောက်ကာ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ဤအစည်းအဝေးမှ အောက်ပါအချက်များအား ထုတ်ပြန်ကြေညာလိုက်ပါသည်။

၁။ အစည်းအဝေးတွင် အဖွဲ့ဝင်အဖွဲ့အစည်းအသီးသီးမှ မျက်မှောက်ပြည်တွင်း နိုင်ငံရေးအခြေအနေနှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်တိုးတက်မှု အလားအလာအပေါ် ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အပြုသဘောဆောင်သော ပါဝင်မှုသည် ပိုမိုအရေးပါလာပြီး ကင်းကွာ၍မရနိုင်ပါဟု ထင်မြင်ယူဆကြပါသည်။

၂။ အစည်းအဝေးတွင် (၂၁)ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးအပေါ် မည်သို့သဘောထားရှိသည်ကို သေချာဆွေးနွေးသုံးသပ်ပြီး FPNCCအနေဖြင့် အစိုးရ၏ တရားဝင်ဖိတ်ကြားလွှာကို လက်ခံရရှိပါက FPNCCအဖွဲ့ဝင်အားလုံး စုံစုံညီညီ တက်ရောက်သွားမည်။ ထို့အတူ အစည်းအဝေးတက်ရောက်သည့်အခါ လုံခြုံရေးအာမခံချက်ရှိရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ခရီးစဉ်အတွက် ဆက်လက်ကူညီ ထောက်ပံ့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ အဖွဲ့ဝင်အဖွဲ့အစည်းများမှ ဤတစ်ကြိမ်အမြိတမ်းကော်မတီ အစည်းအဝေးတွင် မိမိတို့အဖွဲ့အစည်း၏ ပြီးခဲ့သည့်နှစ်မှ ယခုထိ ဆောင်ရွက်ခဲ့သော အဓိကလုပ်ငန်းများကို အသိပေးအကြောင်းကြားခဲ့ပါသည်။

၄။ ကချင်၊ တအန်း၊ ကိုးကန့်နှင့် ရခိုင်ဒေသများတွင် ထိုးစစ်နှင့် စစ်ဆင်ရေးများကို ပြုလုပ်နေသော မြန်မာစစ်တပ်၏ လုပ်ရပ်များကို ကန့်ကွက်ရှုံ့ချလိုက်ပြီး တိုင်းရင်းသားပဋိပက္ခပြဿနာများကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးသည့် နည်းဖြင့်သာ ဖြေရှင်းရန်တောင်းဆိုပါသည်။

၅။ မတ်လ (၂၀)ရက်နေ့တွင် သမ္မတသစ်အဖြစ်ရွေးချယ်ခံရသော ဦးဝင်းမြင့်အား FPNCC မှ ကြိုဆိုလိုက်ပြီး သမ္မတသစ်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကို ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရန် မျှော်လင့်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

အမြဲတမ်းဓာတ်မတီ

ပြည်ထောင်စုနိုင်ငံခြားရေးရွေးချယ်ခန့်အပ်ရေးဓာတ်မတီ (FPNCC)

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ
www.knuhq.org

နေ့စွဲ။ ။ မေလ (၉) ရက်နေ့၊ ၂၀၁၈ ခုနှစ်။

မူတရော် (ဖါပွန်) ခရိုင်၊ တပ်မဟာ(၅) ဒေသအတွင်း တပ်မတော်ဘက်မှ တပ်အင်အား ထပ်မံတိုးချဲ့ လှုပ်ရှားမှုနှင့် ပတ်သက်၍ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်မှုတွင် ထိပ်တိုက်ရင်ဆိုင်မှုများ မဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး အပစ်ရပ်နယ်မြေအတွင်း လိုအပ်သည့် တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို တပ်မတော်နှင့်တွေ့ဆုံညှိနှိုင်းဆောင်ရွက်ရန် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးက စစ်ဘက်ရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ (MANT- Military Affair Negotiation Team) ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

မူတရော်(ဖါပွန်)ခရိုင်၊ တပ်မဟာ(၅) နယ်မြေအတွင်း ခေးပုနှင့် လယ်မူပလောဒေသတွင် မတ်လဆန်းမှစတင်၍ လမ်းဖောက်လုပ်ရေးဆောင်ရွက်မှုနှင့် ဆက်နွယ်သည့်တပ်မတော်မှ စစ်အင်အားတိုးချဲ့ပို့ဆောင်လှုပ်ရှားမှုများကြောင့် ဖြစ်ပွားခဲ့သောထိတွေ့မှုများကို ဆွေးနွေးရန် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC – U) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တပ်မတော်နှင့် မိမိတို့၏ တပ်ဖက်ဆိုင်ရာခေါင်းဆောင်များ (MANT)အကြား မတ်လ(၂၉/၃၀) ရက်နေ့တွင် တပ်ပိုင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပရန်ရှိသော်လည်း တပ်မတော်ဘက်မှ ထိုညှိနှိုင်းအစည်းအဝေးကို KNLA တပ်မဟာ အမှတ်(၅) တပ်မဟာမှူး မပါဝင်သောကြောင့် အကြောင်းပြရွှေ့ဆိုင်းလိုက်ပါသည်။

ယခုအချိန်တွင် ဇူလိုင်(၃၀)ရက်နေ့မှစတင်ပြီး တပ်မတော်မှ ဆက်လက်ပြီးတပ်အင်အားတိုးချဲ့ပို့ဆောင်လာခြင်း၊ ဒေသခံလူထုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရာ နေရာများဖြစ်သည့် လယ်ယာ၊ ရေနတ်မြောင်း၊ တောင်ယာစသည့်နေရာများသို့ တပ်ဖြန့်လှုပ်ရှားလာသည့်အပြင် လမ်းဖောက်လုပ်ရန်အတွက် စက်ယန္တယားများကို ပိုမိုတိုးချဲ့ပို့ဆောင်ကာ တွေ့ဆုံညှိနှိုင်းမှုမပြုလုပ်ဘဲ မူလအစီအစဉ်အတိုင်း တစ်ဖက်သတ်ဆုံးဖြတ်လုပ်ဆောင်လာသည်ကို တွေ့ရှိရပါသည်။ ထိုဆောင်ရွက်မှုများကြောင့် ဒေသခံပြည်သူများမှာလည်း စိုးရိမ်ထိတ်လန့်ကာ အသစ်တဖန်ထပ်မံထွက်ပြေးတိမ်းရှောင်၍ ယခင်ကကဲ့သို့ အတိဒုက္ခနှင့် ရင်ဆိုင်ရပြန်ပါသည်။ ယင်းစစ်ရေးလှုပ်ရှားမှုများသည် NCA ပါ သဘောတူညီချက်ကိုအလေးအနက်မထားခြင်း၊ ဆွေးနွေးဘက်ကို မလေးစားခြင်းဟု ပြသရာရောက်ပေသည်။ ထို့ကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ တပ်မတော်၏လုပ်ဆောင်မှုကို NCA ချိုးဖောက်မှုအဖြစ် အပြင်းအထန်ကန့်ကွက်ပြီး KNU ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ အောက်ပါအတိုင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

၁။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ပြဿနာများကို ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်း အဖြေရှာခြင်း နည်းဖြင့်သာ ရေရှည်တည်တံ့ခိုင်မြဲသော နားလည်မှု၊ ယုံကြည်မှုကို တည်ဆောက်နိုင်သည်ဟု လေးလေး နက်နက်ယုံကြည်သည်။

၂။ ငြိမ်ချမ်းရေးတည်ဆောက်နေသည့်ကာလတွင် မလိုအပ်ဘဲ နားလည်မှု၊ ယုံကြည်မှုကို ပျက်ပြားစေမည့်ဆောင် ရွက်မှုများ၊ ရေရှည်အကျိုးကို ထိပါးစေမည့် လုပ်ဆောင်မှုများကို ရှောင်ကြဉ်ရန် လိုအပ်သည်။

၃။ ဤသို့ တပ်မတော်မှယုံကြည်မှုကို ပျက်ပြားစေမည့်တပ်အင်အားတိုးချဲ့လှုပ်ရှားမှုများ၊ လမ်းဖောက်လုပ်မှုများကို ရပ်ဆိုင်းထားရန် တောင်းဆိုသည်။

၄။ လတ်တလော ဖာပွန်ဒေသတွင် ဖြစ်ပွားနေသော တပ်မတော်မှ လမ်းဖောက်လုပ်ရေးအတွက် တပ်ရင်းသစ်များ ထပ်မံစေလွှတ်ခြင်းကြောင့် စစ်ရေးတင်းမာမှုနှင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပေါ်လာခြင်းများကို အမြန်ဆုံးနှစ်ဖက် ညှိနှိုင်းဆွေးနွေးရန် လိုအပ်သည်။

၅ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများမကျင်းပမီ တပ်မတော်မှ လက်ရှိဆောင်ရွက်နေမှုများကို ဆက်လက်ဆောင်ရွက်ပါ က မူတရော် (ဖါပွန်)ဒေသအတွင်း ဖြစ်ပေါ်လာသောပြဿနာနှင့် အကျိုးဆက်များကို တပ်မတော်မှ တာဝန်ယူ ရမည်ဖြစ်သည်။

၆။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ် (NCA)ကို အခြေပြုသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းကို ကိုင်စွဲကာ နှစ်ပေါင်း(၇၀)နီးပါး ကြာမြင့်သည့် ညှိနှိုင်းဖြေရှင်းရန် ခက်ခဲသောပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ၏ အရင်းခံ ပြဿနာများကို စိတ်သဘောထားမှန်ကန်စွာဖြင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးကို ရှေးရှုပြီး တစိုက်မတ်မတ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း လေးနက်စွာ သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ဗဟိုဌာနချုပ်

ဆက်သွယ်ရန်

၁။ ပဒိုစောကွယ်ထူးဝင်း (ဒုတိယဥက္ကဋ္ဌ)
(+၆၆ ၈၁၈၀၇ ၆၂၇၉ ၊ +၉၅ ၉၄ ၂၂၁၉ ၁၉၄၁)
kwehtoowin@gmail.com

၂။ **ပဒိုစောတာဒိမူး (အထွေထွေအတွင်းရေးမှူးချုပ်)**
(+ ၆၆ ၆ ၄၆၄၅ ၉၁၁၃၊ **+၉၅၉၄၅၉၅၅၈၇၀၈၅**
klomooo@yahoo.com

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ဗဟိုဌာနချုပ်
ကော်သူးလေ
www.knuhq.org

နေ့ရက်။ ။ အောက်တိုဘာလ ၆ ရက်၊ ၂၀၁၈ ခုနှစ်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (၁၆) ကြိမ်မြောက် ကွန်ဂရက်အပြီး (၅)ကြိမ်မြောက် ဗဟိုအမြဲတမ်းကော်မတီ အရေးပေါ်အစည်းအဝေး သတင်းထုတ်ပြန်ချက်

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ (၁၆)ကြိမ်မြောက်ကွန်ဂရက်အပြီး (၅)ကြိမ်မြောက် ဗဟိုအမြဲတမ်းကော်မတီ၏ အရေးပေါ်အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ(၅)ရက်နေ့မှ (၆)ရက်နေ့ အထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေးသို့ ဗဟိုအမြဲတမ်းကော်မတီဝင် (၅၅)ဦး ရှိသည့်အနက် ကော်မတီဝင် (၄၀)ဦး နှင့် အထူး ဖိတ်ကြားခံရသူ ခေါင်းဆောင်(၃)ဦး တို့ တက်ရောက်ခဲ့ကြပါသည်။

KNU သည် ၂၀၁၂ ခုနှစ်မှ စပြီး အစိုးရတပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေးများပြုလုပ်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တစိုက်မတ်မတ်ပြုလုပ်လာခဲ့သော အဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန် ၎င်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့တွင် အစိုးရ၊ တပ်မတော်၊လွတ်တော်တို့နှင့် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ထိုကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစိုက်မတ်မတ် အားသွန်ခွန်စိုက်ပါဝင်လာခဲ့ရာ လက်ရှိတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ် နှင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာလုပ်ငန်းစဉ်များတို့သည် တစ်ဆို့မှုများဖြစ်ပေါ်နေသည်။ ထို့အတွက်ကြောင့် တစ်ဆို့မှုများကို ကျော်လွှားနိုင်ရန်အတွက် အစိုးရ၊ တပ်မတော်နှင့် NCA S EAO ထိပ်သီး ခေါင်းဆောင်များတို့သည် လာမည့် အောက်တိုဘာလ(၁၅)ရက်နေ့တွင် တွေ့ဆုံဆွေးနွေး အဖြေရှာ ပြုလုပ်ကြမည်ဖြစ်၍ ထိုညှိနှိုင်းဆွေးနွေးပွဲကို ကြိုဆိုထောက်ခံပါသည်။ သို့ဖြစ်၍ တစ်ဆို့မှုများဖြေရှင်းမည့် ထိပ်သီး ဆွေးနွေးပွဲနှင့် ပါတ်သက်ပြီး အောက်ပါအချက်များကို သဘောထား ထုတ်ပြန်လိုက်သည်။

၁။ အစိုးရ၊ တပ်မတော်တို့နှင့် NCA S EAO ထိပ်သီးဆွေးနွေးပွဲကို အောက်တိုဘာလ(၁၅)ရက်နေ့တွင် တွေ့ဆုံနိုင်ရန် အဆိုပြုချက်နှင့်စပ်လျဉ်း၍ ၅ ကြိမ်မြောက် KNU ဗဟိုအမြဲတမ်းကော်မတီ အရေးပေါ် အစည်းအဝေး၏ ဆုံးဖြတ်ချက် အရ ရလာဒ်ကောင်းများရရှိရန် ပြင်ဆင်မှုများ ပိုမိုပြုလုပ်ရန် လိုအပ်နေသေးသည့်အတွက် နှစ်ဘက် တွေ့ဆုံဆွေးနွေးနိုင်မည့် နေ့ရက်ကို ပြန်လည် ညှိနှိုင်း ဆွေးနွေး သွားမည်ဖြစ်သည်။

၂။ လက်ရှိပြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ တစ်ဆို့မှုများသည် တစ်ခုတည်းသော တပ်မတော်ကိုလက်ခံရန် တောင်းဆိုသည့်ကိစ္စ၊ ပြည်ထောင်စုမှခွဲမထွက်ရေးနှင့်စပ်လျဉ်းသည့် Package Deal ဆိုင်ရာ အချက် (၂)ခုအပြင် NCA အကောင်အထည်ဖော်ဆောင်ရာတွင်သော်လည်းကောင်း၊ နိုင်ငံရေးဆွေးနွေး ပွဲများ ပြုလုပ်ရာတွင် သော်လည်းကောင်း၊ NCA အပေါ် မတူညီသော အဓိပ္ပါယ်ဖွင့်ဆိုမှုများနှင့် လက်ရှိ သဘောတူထားသည့် ယန္တရားများ၏ အဓိက အားနည်းချက်များကို ဖော်ထုတ်ကာ ပြင်ဆင်နိုင်ရေး "မူ" များ ချမှတ်ရန်အတွက် တင်ပြ၊ ညှိနှိုင်းရန်ဆုံးဖြတ်သည်။

၃။ ဒီမိုကရေစီဖက်ဒရယ် အခြေခံမူများ ရရှိရေးအတွက် ပြည်ထောင်စုပြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံကို (၃)ကြိမ် ပြုလုပ်ပြီး ရရှိနိုင်ရန် ကြိုးပမ်းမှုများသည် အထက်ပါ တစ်ဆို့မှုများတို့အား ညှိနှိုင်း ဖြေရှင်းနိုင်ရေး အပေါ် မူတည်နေသည်ဟု ယုံကြည်ပါသည်။

၄။ NCA တွင် နှစ်ဘက်သဘောတူညီခဲ့ကြသည့် အနာဂါတ် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရန်အတွက် နိုင်ငံရေး ဆွေးနွေးပွဲများ၏ရလဒ်နှင့်အညီ တည်ဆောက်ရန်ဖြစ်သောကြောင့် အနာဂါတ် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ထူထောင်ရေးအတွက် ဘုံရည်မှန်းချက်၊ ဘုံစံတန်ဖိုး များကို နှစ်ဖက်သဘောတူချမှတ်နိုင်ရေးအတွက် ညှိနှိုင်းမည့် "မူ" ချမှတ် ရန်လို အပ်သည်။

၅။ ထို့အပြင် NCA လက်မှတ်မရေးထိုးသေးသည့်အဖွဲ့များကျန်ရှိနေပြီး ၎င်းတို့အနေဖြင့် ပြိမ်းချမ်းရေးလုပ် ငန်းစဉ်တွင် ပါဝင်လာနိုင်သည့် အခင်းအကျင်းများဖန်တီး ပေးရမည်ဖြစ်သည်။ သို့မှသာ ဓိမိ တို့မျှော်မှန်း ထားသော အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို အားလုံးပါဝင်မှုဖြင့် တည်ဆောက်နိုင်မည် ဖြစ်သည်။

ဆက်သွယ်ရန် -

၁။ ပဒိုစောတာဒိုမူး

(+ ၆၆ ၆၄၆ ၄၅၉ ၁၁၃၊ +၉၅ ၉၇၉၅၈၈၇၀၈၅)

(Email:klomooo@yahoo.com)

၁။ ပဒိုစောလှထွန်း

(+၆၆ ၉၄၀၃၅၁၈၈၀၊ +၉၅ ၉၂၅၂၇၃၂၈၆၂)

(Email: s4d1969@gmail.com)

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ တတိယအကြိမ် ထိပ်သီးခေါင်းဆောင်များအစည်းအဝေး ထုတ်ပြန်ကြေညာချက်

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

****

၁။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားကြသော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ တတိယအကြိမ် ထိပ်သီးခေါင်းဆောင်များအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးသို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအသီးသီးမှ ထိပ်သီးခေါင်းဆောင်များနှင့် ကိုယ်စားလှယ် စုစုပေါင်း ၄၉ ဦးတက်ရောက်ခဲ့ကြသည်။

၂။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ဖြစ်ပေါ်နေသော တစ်ဆို့နေမှုများကို အစိုးရ၊ တပ်မတော် နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ သက်ဆိုင်ရာခေါင်းဆောင်များအကြား အမြန်တွေ့ဆုံညှိနှိုင်း၍ နိုင်ငံရေး သဘောတူညီချက်တစ်ခု အမြန်ချမှတ်ရန်လိုအပ်နေပါသည်။

၃။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ PPST ၏ ခေါင်းဆောင်အဖြစ် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး (KNU-ကရင်အမျိုးသားအစည်းအရုံး)၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် ဗိုလ်ချုပ်ကြီးယွက်ဆစ် (RCSS-ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ)၊ နှင့် အဖွဲ့ဝင်များအဖြစ် ရဲဘော်သံခဲ (ABSDF -မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး)၊ ပူးဇင်ကျိုး (CNF ချင်းအမျိုးသားတပ်ဦး-)၊ ဗိုလ်မှူးကြီးခွန်ဥက္ကာ (ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်-PNLO)၊ ဗိုလ်ချုပ်ကြီး စောမိုရှေး (ဒီမိုကရေစီကရင်အကျိုးပြုတပ်တော်-DKBA)၊ ဒေါက်တာနော်ကပေါထူး (ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ-KNU/KNLA PC)၊ ခိုင်စိုးနိုင်အောင် (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ-ALP) တို့အား ရွေးချယ်တင်မြောက်ခဲ့ကြပြီး၊ မွန်ပြည်သစ်ပါတီ- NMSP နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး- LDU တို့မှ ငြိမ်းချမ်းရေးအကောင်ထည်ဖော်ဖက်များ (PPST + 2) အဖြစ် တွင် ပါဝင်သွားကြမည်ဖြစ်သည်။

၄။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံ၍ အနာဂတ်မြန်မာနိုင်ငံ ပြန်လည်တည်ဆောက်ရေး အတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ဘုံရည်မှန်းချက်နှင့် ဘုံသဘောတူညီချက်များကို NCA လက်မှတ် ရေးထိုးထားကြသော တိုင်းရင်းသား လက်နက် ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ အကြားတွင်သော်လည်းကောင်း၊ NCA လက်မှတ်ရေး ထိုးခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ အကြား တွင်သော်လည်းကောင်း

ညှိနှိုင်းအဖြေရှာသွားမည်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အားလုံးပါဝင်နိုင်သော ထိပ်သီးခေါင်းဆောင်တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပနိုင်ရေးအတွက် PPST မှပြင်ဆင်ဆောင်ရွက်သွားမည်။

၅။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကောင်အထည်ဖော်မှု ပိုမိုအားကောင်းလာနိုင်စေရန်အတွက် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် NCA-S EAO ခေါင်းဆောင်များအကြား ဆွေးနွေးတင်ပြခဲ့သည့် -

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစု ပင်လုံ အစည်းအဝေးများ ဆက်လက် ကျင်းပနိုင်ရေးကိစ္စ။

(၂) နိုင်ငံရေးဆွေးနွေးမှုတွင် ပြည်ထောင်စုမှခွဲမထွက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အမျိုးသားတန်းတူရေး၊ လူနည်းစုအခွင့်အရေး၊ ပြည်နယ်စုဖွဲ့မှု စသည့် ဖက်ဒရယ်မူများချမှတ်နိုင်ရေးကိစ္စနှင့် ပြည်ထောင်စုတပ်မတော်ဆိုင်ရာကိစ္စ။

(၃) ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ရှင်းလင်းလွယ်ကူစွာချမှတ်နိုင်မည့်နိုင်ငံရေးဆွေးနွေးမှု ပုံစံများ ရှာဖွေရေးကိစ္စ။

(၄) အလုပ်အဖွဲ့များ၊ ကော်မတီများနှင့် ဆုံးဖြတ်ရန်မပြီးပြတ်သည့်ကိစ္စရပ်များကို သက်ဆိုင်ရာ ဆုံးဖြတ်နိုင်သည့် ထိပ်ပိုင်းခေါင်းဆောင်များအကြား ဆုံးဖြတ်ပေးနိုင်ရေးကိစ္စ။

(၅) လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင်ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများကိစ္စ။

စသည့် အချက် (၅) ချက်နှင့်အတူ အစုအဖွဲ့များအကြား ရှိနေသော နက်ရှိုင်းသည့်ကွာဟချက်များနှင့် ပတ်သတ်၍ PPST+2 မှ အစိုးရ၊ တပ်မတော် ခေါင်းဆောင်များနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်သည်။

ဆက်သွယ်ရန်

ပူးဇင်ကျုံး
၀၆၂၈၂၅၁၀၀၃
zingcung@yahoo.com

ရဲဘော်သံခဲ
၀၉ ၄၂၀ ၃၃၀ ၄၆၀
kothankhe@gmail.com, kumudra88@gmail.com

ပဒိုစောကွယ်ထူးဝင်း
၀၈၁၀၇၆၂၇၉

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်

ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသတွင်းအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ပူးတွဲ စောင့်ကြည့် ရေးကော်မတီ အစည်းဝေးများနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ကြေညာချက်။

၁။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၆ ရက်မှ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ/သျှမ်းပြည်တပ်မတော် (RCSS/SSA) ဗဟိုအလုပ်မှုဆောင်ကော်မတီအစည်း အဝေးမှ သျှမ်းပြည်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC အဆင့်ဆင့်) သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ပါ အချက်အလက်များ အပေါ် လိုက် နာဆောင်ရွက်ခြင်းမရှိကြောင်းနှင့် တန်းတူညီမျှမှု၊ တရားမျှတမှုမရှိကြောင်း သုံးသပ်ခဲ့ပြီး၊ သျှမ်းပြည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC အဆင့်ဆင့်တွင်) သမာတမတ်ကျ ခြင်း၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုမရှိပါက နောင်တွင်ကျင်းပမည် JMC အစည်းအဝေးအဆင့်ဆင့် များတွင် ပါဝင်တက်ရောက်ရန်အတွက်ထပ်မံ သုံးသပ်ဆုံးဖြတ်သွားရမည်ဖြစ်ကြောင်း ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၇ ရက် ရက်စွဲဖြင့်ထုတ်ပြန်ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ ဤ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ အတွင်း သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/သျှမ်းပြည် တပ်မတော်၏ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးနှင့် လုပ်ငန်းကော်မတီအဆင့်ဆင့်များ အစည်း အဝေးအားကျင်းပပြုလုပ်ကာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ်ပါ အချက်များ အကောင်အထည်ဖော်ဆောင်မှုများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲကော် မတီအဆင့်ဆင့်၏လုပ်ငန်းနှင့် လုပ်ငန်းလမ်းညွှန်များအားလုံးအားပြန်လည်သုံးသပ် ဆွေးနွေးသွား မည်ဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲကော်မတီအဆင့်ဆင့်၏ အစည်းအဝေးများနှင့် ပတ်သက်၍ တက်ရောက်နိုင်ခြင်းရှိမရှိအား မိမိတို့ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးနှင့် လုပ်ငန်းကော်မတီအဆင့်ဆင့်များ အစည်းအဝေးအားကျင်းပပြုလုပ်ပြီးမှသာလျှင်ဆုံးဖြတ်သွားနိုင်မည် ဖြစ်ကြောင်း အများပြည်သူတရပ်လုံးသိရှိနိုင်ရန်ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဗဟိုအလုပ်အမှုဆောင်ကော်မတီ အရေးပေါ် အစည်းအဝေး ထုတ်ပြန်ကြေညာချက်

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်

အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ ဗဟိုဦးစီးကော်မတီဝင်များ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည့် သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် (RCSS/SSA) ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အရေးပေါ် အစည်းအဝေးတစ်ရပ်အား ၂၀၁၈ ခုနှစ် နိုဝင်ဘာလ (၁၀-၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်ပြီး သုံးနှစ်တာ သက်တမ်းရှိသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) အကောင်အ ထည် ဖော်ဆောင်မှုလုပ်ငန်းများ၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၁၅-၁၆) ရက်နေ့၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ၏ သီးသန့်အစည်းအဝေး ရလဒ်များ၊ လက်ရှိနိုင်ငံရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အခင်းအကျင်းများနှင့် ပတ်သက်သည့်အကြောင်းအရာများအား အကျယ်တဝင့်သုံးသပ်ဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း သဘောထား ရပ်တည်ချက်များကို ထုတ်ပြန်ကြေညာအပ်ပါသည်။

၁။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့် အစည်းအဝေးများတွင် အစိုးရနှင့် RCSS တို့အကြား ချုပ်ဆိုခဲ့သည့် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များနှင့် ပတ်သက်၍ RCSS နှင့် တပ်မတော်အကြား အဓိပ္ပာယ်ဖွင့်ဆိုမှု၊ နားလည်မှု ကွဲလွဲချက်များ ရှိနေပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့် အစည်းအဝေးများတွင် ဤကိစ္စရပ်ကို ဖြေရှင်းနိုင်ခြင်း မရှိသည့်အပြင် တပ်မတော်မှ ၎င်းတို့နားလည်သည့်အတိုင်း RCSS အား တဖက်သတ် အပြစ်ပုံချ ဆွေးနွေးနေကြောင်းတွေ့မြင်ရသည်။ ထို့ကြောင့် RCSS နှင့် တပ်မတော်အကြား ပြည်နယ်အဆင့် နှင့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များအပေါ် အပြန်အလှန်နားလည်မှု ရရှိစေရေးအတွက် နှစ်ဦးနှစ်ဖက် ပြန်လည်တွေ့ဆုံဆွေးနွေးရန်လိုအပ်ပါသည်။ နှစ်ဦးနှစ်ဖက် ဆွေးနွေးမှု ရလဒ်များအပေါ် မူတည်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) အဆင့်ဆင့် အစည်းအဝေး တက်ရောက်နိုင်ခြင်းရှိမရှိကို ဆုံးဖြတ်သွားမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်ထာဝရငြိမ်းချမ်းရေးအတွက်ထူတ်ပြန်ချက်
(၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်)
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

၁။ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် MNTJP၊ PSLF၊ ULA အဖွဲ့(၃)ဖွဲ့တို့က စစ်ရေးဆိုင်ရာဆောင်ရွက်မှုများကို ဦးစွာရပ်တန့်ပြီး စစ်ရေးနည်းလမ်းမှအပ နိုင်ငံရေးနည်းလမ်းဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဆက်လက်ပါဝင်သွားမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်ကြေညာခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ငြိမ်းချမ်းရေးကော်မရှင်ကလည်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင်ပင် ယင်းထုတ်ပြန်ကြေညာချက်ကို ကြိုဆိုထောက်ခံကြောင်း နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရရှိရေးကိစ္စနှင့် နိုင်ငံရေးနည်းလမ်းအရ ဆွေးနွေးနိုင်ရေးကိစ္စများကို ဆက်လက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်အနေဖြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ NCA လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံးနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် အဖွဲ့တစ်ဖွဲ့ချင်းအလိုက် ညှိနှိုင်းဆွေးနွေးသွားရန် လိုအပ်မည်ဟု ယူဆပါသည်။

၃။ တပ်မတော်အနေဖြင့် ယင်းသို့ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နိုင်ရန် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်အထိ စစ်ဆင်ရေးနယ်မြေအလိုက် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများအားလုံးကို ရပ်ဆိုင်းပေးပါမည်။ တပ်လှုပ်ရှားမှု ရပ်ဆိုင်းထားသည့်ကာလအတွင်း စစ်ဆင်ရေးနယ်မြေအလိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးသွားရန်ဖြစ်ပြီး လိုအပ်ပါက တပ်မတော်အနေဖြင့် အောက်ပါအတိုင်း ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးစီးသည့် ကာကွယ်ရေး

ဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိကြီးများနှင့် သက်ဆိုင်ရာနယ်မြေအလိုက် တိုင်းမှူးများပါဝင်သော ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ဖြင့် ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်-

(က) ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဥက္ကဋ္ဌ။

(ခ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် အဖွဲ့ဝင်။

(ဂ) ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး အဖွဲ့ဝင်။

(ဃ) ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း အဖွဲ့ဝင်။

(င) ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး အဖွဲ့ဝင်။

(စ) ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဌေး အဖွဲ့ဝင်။

(ဆ) သက်ဆိုင်ရာတိုင်းမှူး အဖွဲ့ဝင်။

(ဇ) ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း အတွင်းရေးမှူး။

၄။ တစ်ဆက်တည်းမှာပင် NCA လက်မှတ်ရေးထိုးပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀)ဖွဲ့နှင့်လည်း NCA သဘောတူစာချုပ်ပါ အချက်အလက်များအတိုင်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပြီး လိုအပ်ပါက ညှိနှိုင်းဆွေးနွေးရေးအဖွဲ့မှ တစ်ဖွဲ့ချင်းအလိုက် ဆွေးနွေးပေးမည်ဖြစ်ပါသည်။

၅။ ယင်းသို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးသည့်နည်းတူ တစ်ဖက်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံးအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်အနက်မှ အောက်ဖော်ပြပါအချက်(၄)ချက်ကို အလေးအနက်ထားလိုက်နာရန် လိုအပ်မည်ဖြစ်ပါသည်-

(က) သဘောတူစာချုပ်များအတိုင်းကတိတည်ရန်။

(ခ) ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်။

(ဂ) ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်။

(ဃ) နိုင်ငံတော်ကထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကိုလိုက်နာရန်။

၆။ ၎င်းအပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချင်းချင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်အင်အားအသုံးပြု၍တိုက်ခိုက်ခြင်း၊ ဒေသခံတိုင်းရင်းသားများအပေါ် အနိုင်ကျင့်ခြင်းများကို မပြုလုပ်ရေး တာဝန်ယူထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၇။ အလားတူ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားအဆင့်ဆင့်တွင်လည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတွင်လည်းကောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်နှင့်အကျိုးစီးပွားများကိုလည်းကောင်း ထိခိုက်မှုမဖြစ်စေရန်အတွက် တာဝန်ယူရပါမည်။

၈။ အထက်အပိုဒ်(၅)၊ (၆)နှင့် (၇)ပါ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်လာပါက တပ်မတော်အနေဖြင့် လိုအပ်သလို တားဆီးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ **တစ်ချိန်တည်းမှာပင် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့သော နယ်မြေများအတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ယင်းတို့၏မူလနေရပ်များသို့ အမြန်ဆုံး ပြန်လည်ရွှေ့ပြောင်းနေရာချပေးနိုင်ရေး** ဆောင်ရွက်ရန်ဖြစ်ပြီး တပ်မတော်ကလိုအပ်သလို ပူးပေါင်းကူညီစောင့်ရှောက်ပေးသွားပါမည်။

၁၀။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာဆွေးနွေးမှုများ တိုးတက်ကောင်းမွန်မှုနှင့်အတူ တိုင်းရင်းသားနယ်မြေများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်မှုတွင်လည်း တပ်မတော်အနေဖြင့် စွမ်းအားရှိသမျှ ပါဝင်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၁၁။ အလားတူ NCA လက်မှတ်ရေးထိုးပြီးနှင့် လက်မှတ်ရေးထိုးရန်ကြိုးပမ်းဆဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က NCA သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း (၃)နှစ်မြောက်နှစ်ပတ်လည်နေ့ သီးသန့်တွေ့ဆုံပွဲအခမ်းအနား၌ ပြောကြားခဲ့ပြီးဖြစ်သည့် **"၂၀၂၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များပြီးမြောက်စေရေး သန္နိဋ္ဌာန်ချထားကြောင်းနှင့် တပ်မတော်အနေဖြင့် သန္နိဋ္ဌာန်အတိုင်းဖြစ်မြောက်အောင်ဆောင်ရွက်ပြီး တိုင်းရင်းသားပြည်သူလူထု လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်သို့အရောက် အပ်နှင်းမည်ဟူသည့် သန္နိဋ္ဌာန်"** ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကလည်း ကတိကဝတ်ပြုပြီးနောက် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြောက်ပိုင်းမဟာမိတ်အဖွဲ့ (KIO/KIA ၊ PSLF/TNLA ၊ MNTJP/MNDAA ၊ ULA/AA) တို့၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်

၁။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၁) ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး နှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်နှင့်ပတ်သက်၍ မြောက်ပိုင်းမဟာမိတ်အဖွဲ့ (KIO/KIA ၊ PSLF/TNLA ၊ MNTJP/MNDAA ၊ ULA/AA) အဖိုဝိသီးခြားဆောင်များသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက်နေ့တွင် အစည်းအဝေးကျင်းပခဲ့ကြပြီး ယင်းထုတ်ပြန်ချက်သည် တွေ့ဆုံဆွေးနွေးရေးလမ်းစဖြစ်သည်ဟု ရှုမြင်သုံးသပ်ပါသည်။

၂။ မြန်မာအစိုးရ၊ မြန်မာ့တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့ (KIO/KIA ၊ PSLF/TNLA ၊ MNTJP/MNDAA ၊ ULA/AA) (၄) ခွဲ အတူတကွဆွေးနွေးသွားမည်။ တွေ့ဆုံဆွေးနွေးမှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း ကျင်းပသွားမည်။

၃။ မြန်မာအစိုးရ၊ မြန်မာ့တပ်မတော်နှင့် ဆွေးနွေးမှုတိုင်းတွင် FPNCC အဖွဲ့ဝင်များဖြစ်ကြသော UWSP/UWSA ၊ SSPP/SSA ၊ PSC/NDAA အဖွဲ့များမှ အသိသက်သေများ ပါဝင်တက်ရောက်ရန် ဖိတ်ကြားသွားမည်။

၄။ မြန်မာနိုင်ငံတော်သမ္မတမှ မြန်မာ့တပ်မတော်၏ စစ်တိုင်းများအားလုံးတွင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများအားလုံးကို တစ်ဖြိုင်နက်တည်းရပ်ဆိုင်းဝေးရန် တောင်းဆိုသည်။

၅။ ရခိုင်ဒေသအတွင်း မြန်မာ့တပ်မတော်က မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်ဖြစ်သော ULA/AA အား ထိုးစစ်ဆင်တိုက်ခိုက်နေမှုများ အမြန်ဆုံး ရပ်တန့်ပေးရမည်။

၆။ မြန်မာအစိုးရနှင့် မြန်မာ့တပ်မတော်က အထက်ပါ နံပါတ် (၄) နှင့် (၅) တို့အား အကောင်အထည်ဖော်ဆောင်ချက်ပေးပါက မိမိတို့မြောက်ပိုင်းမဟာမိတ်အဖွဲ့မှလည်း စစ်ဆင်ရေးလှုပ်ရှားမှုများကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ဆက်သွယ်ရန် -

ဗိုလ်မှူးချုပ်တားဘုန်းကျော် - (+၈၆) ၁၈၃၁ ၃၄၆၈၇၃၀



မြောက်ပိုင်းမဟာမိတ်အဖွဲ့ (KIO/KIA ၊ PSLF/TNLA ၊ MNTJP/MNDAA ၊ ULA/AA)

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်အပေါ် သတိပေးသတင်း ထုတ်ပြန်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက နိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မြဲသောထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်ရွယ်၍ ''ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်''အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့၌ ထုတ်ပြန်ကြေညာပြီး ဖြစ်ပါသည်။

၂။ ကြေညာချက်၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းရန် တိုင်းစစ်ဌာနချုပ်နယ်မြေ ၅ ခု၌ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုအားလုံးရပ်ဆိုင်းပေးခဲ့ပါသည်။ ထိုသို့ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်ဆိုင်းထားသည့်ကာလအတွင်း စစ်ဆင်ရေးနယ်မြေအလိုက်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် ဆွေးနွေးသွားရန်ဖြစ်ပြီး လိုအပ်လာပါက တပ်မတော်မှ ဖွဲ့စည်းပေးထားသည့် ညှိနှိုင်းဆွေးနွေးရေးအဖွဲ့တို့ဖြင့် ညှိနှိုင်းဆွေးနွေးရန် လမ်းဖွင့်ပေးခဲ့ပါသည်။

၃။ ထာဝရငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးသည့်နည်းတူ တစ်ဖက်တွင်လည်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံးအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ် အနက်မှ သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်၊ ငြိမ်းချမ်းရေး သဘောတူညီချက်များအပေါ် အမြဲတမ်းထုတ်ရန်၊ ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် နိုင်ငံတော်ကထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို လိုက်နာရန်ဆိုသည့် အချက် ၄ချက်အား အလေးထားလိုက်နာရန်လိုအပ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချင်းချင်းတိုက်ခိုက်ခြင်း၊ ဒေသခံ တိုင်းရင်းသားများအပေါ် အနိုင်ကျင့်ခြင်း၊အစိုးရ၏အုပ်ချုပ်မှုယန္တရားအဆင့်ဆင့်အားနှောင့်ယှက်ခြင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ် အကျိုးစီးပွားများထိခိုက်မှုမရှိစေရေး သတိပေးထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၄။ တပ်မတော်အနေဖြင့်ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစဉ်ကာလအတွင်း ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များအား စိတ်အေးချမ်းသာစွာ အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးရေးနှင့် ဒေသတွင်း တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း အဆိုပါကာလများ၌ တည်ငြိမ်အေးချမ်းစွာ လုပ်ကိုင်နေထိုင် နိုင်ရေးရည်ရွယ်လျက် ယခုကဲ့သို့ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးအား ထုတ်ပြန်ကြေညာခဲ့သော်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးနှင့် ရေးထိုးနိုင်ရေးဆွေးနွေးလျက်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့အနေဖြင့် တပ်မတော်စစ်ကြောင်းများအား ချောင်းမြောင်းပစ်ခတ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း

အချင်းချင်းရန်လိုတိုက်ခိုက်ခြင်း၊ဒေသခံပြည်သူများအားနှိပ်စက်ခြင်း၊ သတ်မှတ်နယ်မြေကျဓ်လွန် လှုပ်ရှားခြင်း၊ ဆက်ကြေးကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းတို့အား အောက်ပါအတိုင်း ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်-

(က) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ။ မိုးညှင်း၊ တနိုင်းနယ်မြေအတွင်း KIAအဖွဲ့မှ လူသစ်စုဆောင်းခြင်း ၄ ကြိမ်။

(ခ) အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ

(၁) အချင်းချင်းတိုက်ပွဲဖြစ်ပွားမှု။ သီပေါ၊ နမ်ဆန်၊ နမ့်လန်-နောင်ကော်ကြီးနှင့် နမ္မတူနယ်မြေအတွင်း RCSS/SSA အဖွဲ့နှင့် ၂၂ဗနှင့်၅ဗ(ဝမ်ဟိုင်း)ပူးပေါင်း အဖွဲ့တို့မှ ၁၀ ကြိမ်။

(၂) နယ်မြေကျဓ်လွန်လှုပ်ရှားမှု။ ကွတ်ခိုင်၊ နမ့်ဖတ်ကာ နယ်မြေအတွင်းKIA အဖွဲ့မှ ၁၀ ကြိမ်၊ နမ်ဆန်၊ နမ္မတူ၊ နမ့်ဖတ်ကာ၊ မိုင်းငေါ့၊ ကျဓက်မဲ၊ မုန်းဝီး ဒေသတို့တွင် TNLAအဖွဲ့မှ ၆၅ ကြိမ်၊ ကွမ်းလုံနှင့် နမ့်စလပ်ဒေသတွင် MNDAA အဖွဲ့မှ ၃ ကြိမ်၊ နောင်ကော်ကြီး၊ ကျဓက်မဲနှင်မုန်းစီးဒေသတို့တွင် SSA(ဝမ်ဟိုင်း) အဖွဲ့မှ ၃၄ ကြိမ်၊ သီပေါ၊ ကျဓက်မဲနှင့် နမ္မတူဒေသတို့တွင် RCSS/SSAအဖွဲ့မှ ၁၇ ကြိမ်၊ မုန်းယော်နှင့် ကွမ်းလုံဒေသတို့တွင် MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့မှ ၁၀ ကြိမ်၊ နမ်ဆန်၊ နမ္မတူနှင့် မုံးရင်ဒေသတို့တွင် TNLA နှင့် SSA(ဝမ်ဟိုင်း) ပူးပေါင်းအဖွဲ့မှ ၇ ကြိမ်။

(၃) ဆက်ကြေးကောက်ခံမှု။ ကျဓက်မဲမြို့နယ်၊ ဟူးစွန်ကျေးရွာ၊ သီပေါမြို့နယ်၊ မန်ကျန်းကျေးရွာနှင့် နမ္မတူမြို့နယ်၊ ပန်ကွန်ကျေးရွာတို့တွင် RCSS/ SSA အဖွဲ့မှ ၃ ကြိမ်။

(၄) လူသစ်စုဆောင်းမှု။ နမ့်ခမ်းမြို့နယ်၊ စိုင်းနောင်ကျေးရွာ၊ တာကွန့်ကျေးရွာတို့တွင် TNLAအဖွဲ့မှ ၂ ကြိမ်၊ ကွမ်းလုံမြို့နယ်၊ ပန်ဟုန်း၊ တာရှဓက်တီး၊ ဖတ်တူကျေးရွာ၊ မန်ပန်ကျေးရွာ တို့တွင် MNDAA အဖွဲ့မှ ၇ ကြိမ်၊ နားမချွေကျေးရွာတွင် SSA (ဝမ်ဟိုင်း)အဖွဲ့မှ ၁ ကြိမ်၊ နမ္မတူမြို့နယ်၊ မန်စံကျေးရွာတွင် RCSS/SSA အဖွဲ့မှ ၁ ကြိမ်။

(ဂ) အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ

(၁) အချင်းချင်းတိုက်ပွဲဖြစ်ပွားမှု။ ကဒူးကြီးဒေသတွင် RCSS/SSA နှင့် PNLO အဖွဲ့ ၁ ကြိမ်။

(၂) နယ်မြေကျဓ်လွန်လှုပ်ရှားမှု။ ဟိုပုံးမြို့နယ်၊ မိုင်းပျဉ်းဒေသတွင် RCSS/SSA အဖွဲ့မှ ၁ ကြိမ်။

(၃) လူသစ်စုဆောင်းမှု။ အင်တော-ကျဓက်ဂူဒေသတွင် RCSS/SSA အဖွဲ့မှ ၁ ကြိမ်။

(ဃ) အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ

(၁) အချင်းချင်းတိုက်ပွဲဖြစ်ပွားမှု။ ပန်ပိ၊ ပန်တဝိဒေသတွင် RCSS/SSA နှင့် PNLO အဖွဲ့ ၁ ကြိမ်၊ တပ်မောက်၊နောင်လျော်ဒေသတွင် RCSS/SSA နှင hf SSA(ဝမ်ဟိုင်း)အဖွဲ့ ၁ ကြိမ်။

(၂) နယ်မြေကျော်လွန်လှုပ်ရှားမှု။ တုံလော၊ ပန်ပိ၊ ပန်တဝိ၊ မိုင်းပွန်တောင်ခြမ်း၊ မိုးနဲ အနောက်ခြမ်းဒေသများတွင် RCSS/SSA မှ ၁၃ ကြိမ်၊ တပ်မောက်၊ နောင်လျှဓ် ဒေသတွင် SSA(ဝမ်ဟိုင်း) အဖွဲ့ ၁ ကြိမ်။

(၃) ဆက်ကြေးကောက်ခံမှု။ မိုးနဲအနောက်ခြမ်းဒေသတွင် RCSS/SSA အဖွဲ့မှ ၅ ကြိမ်။

(၄) လူသစ်စုဆောင်းမှု။ မိုင်းပွန်တောင်ခြမ်းဒေသတွင် RCSS/SSAအဖွဲ့မှ ၂ ကြိမ်၊ မိုင်းရှုးဒေသတွင် SSA (ဝမ်ဟိုင်း)အဖွဲ့မှ ၁ ကြိမ်။

(၅) တပ်မတော်အားချဓင်းမြောင်းပစ်ခတ်မှု။ ပန်ပိ၊ ပန်တဝိ ဒေသတွင် RCSS/SSA အဖွဲ့မှ ၁ ကြိမ်။

(င) တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေ

(၁) နယ်မြေကျော်လွန်လှုပ်ရှားမှု။ တုံတာ၊ မိုင်းတုံ၊ မိုင်းပုကြီးနယ်မြေတို့တွင် RCSS/SSA မှ ၇ ကြိမ်။
(၂) လူသစ်စုဆောင်းမှု။ မိုင်းတုံမြို့နယ်၊ နားကောင်းမှူ ရွာတွင် RCSS/SSA အဖွဲ့မှ ၁ ကြိမ်။
(စ) အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ။ လိုင်းဘွဲ့နယ်မြေအတွင်း KNU အဖွဲ့မှ ဆက်ကြေးကောက်ခံမှု ၁ ကြိမ်။
(ဆ) ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေ။ မြိတ်ဒေသအတွင်း KNU အဖွဲ့မှ ဆက်ကြေး ကောက်ခံမှု၁ ကြိမ်။
(ဇ) တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ
(၁) တပ်မတော်အားချောင်းမြောင်းပစ်ခတ်မှု။ ဗျက်ကောပု၊ ယွန်းစလင်းလမ်း၊ ဘော်စဲခို၊ လွယ်မူပလော လမ်းတွင် KNU တပ်မဟာ(၅)အဖွဲ့မှ ၉ ကြိမ်။
(၂) ကားမိုင်းဖြစ်စဉ်ဖြစ်ပွားမှု။ ဗျက်ကောပု၊ ယွန်းစလင်း ဒေသတွင် KNU တပ်မဟာ(၅) အဖွဲ့မှ၂ ကြိမ်။

၅။ ၄င်းအပြင် ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းပန်မြို့နယ်၊ ပန်ပိဒေသအတွင်း ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှစ၍ RCSS/SSAအဖွဲ့နှင့် PNLO အဖွဲ့တို့ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းနှင့် ဒေသခံတိုင်းရင်းသားများအပေါ် အဓမ္မဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းနှင့် ခြိမ်းခြောက် မတရားပြုလုပ်မှုအပေါ် ဒေသခံ ပြည်သူများမှ စိုးရိမ်ကြောက်ရွံ့ထိတ်လန့်လျက် ဇန်နဝါရီလ ၆ ရက်နေ့တွင် လင်းခေးမြို့သို့လည်းကောင်း၊ ဇန်နဝါရီလ ၃ ရက်နေ့နှင့် ၉ ရက်နေ့တွင် မိုင်းပန်မြို့နယ်၊ တာဆန်းကျေးရွာနှင့် မိုင်းပန်မြို့နယ်၊ နောင်ပါ လျန်ကျေးရွာသို့လည်းကောင်း ထွက်ပြေးတိမ်းရှောင်ကြသဖြင့်လည်း တပ်မတော်နှင့် သက်ဆိုင်ရာဒေသခံ အစိုးရအဖွဲ့အစည်းများမှ ပြန်လည်စည်းရုံးခေါ်ဆောင်၍ မူလနေရပ်သို့ ပြန်လည် ပို့ဆောင်ပေးခဲ့ရသည့်အပြင် အဆိုပါထွက်ပြေးတိမ်းရှောင် ပြည်သူများ၏ အသက်အန္တရာယ်လုံခြုံရေးအတွက်လည်း တပ်မတော်စစ် ကြောင်းဖြင့် အနီးကပ်လုံခြုံရေးဆောင်ရွက်ပေးရလျက်ရှိသည်။

၆။ သို့ဖြစ်၍ တပ်မတော်မှ အပစ်အခတ်ရပ်စဲထားသည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အချင်းချင်းတိုက်ပွဲ ဖြစ်ပွားမှု ၁၃ ကြိမ်၊ နယ်မြေကျော်လွန်လှုပ်ရှားမှု ၁၆၈ ကြိမ်၊ ဆက်ကြေးကောက်ခံမှု ၁၀ ကြိမ်၊ လူသစ် စုဆောင်းမှု ၂၀ ကြိမ်၊ တပ်မတော်အားချောင်းမြောင်းပစ်ခတ်မှု ၁၀ ကြိမ်နှင့် ကားမိုင်းဖြစ်စဉ်ဖြစ်ပွားမှု ၂ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး "ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက်ထုတ်ပြန်ချက်" ပါအပိုဒ်(၅)၊ (၆)နှင့် (၇)တို့အား အကြိမ်ကြိမ်ဖောက်ဖျက်လျက်ရှိကြောင်း တွေ့ရှိရသည်။

၇။ တပ်မတော်မှ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသည့် ၁ လကျော်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား သဘောထားမှန်ကန်စွာဖြင့် အဆင့်လိုက်အမြန်ဆုံး ဆွေးနွေးဆောင်ရွက်မှု ပြုလုပ်သင့်သော်လည်း အင်အားတည်ဆောက်ခြင်း၊ နယ်မြေတည်ဆောက်ခြင်းတို့ကို ဦးတည်သည့် လုပ်ဆောင်မှုများကြောင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်အကျိုးစီးပွားများကို ထိခိုက်ခဲ့ရပြီး စစ်ဘေးရှောင်ဒုက္ခသည်များ များပြားလာခြင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးကို ထိခိုက်လာခြင်း၊ ပြည်သူများလိုလား တောင့်တလျက်ရှိသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ထိခိုက် စေခြင်းများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။

၈။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် အမှန်တကယ် ဆန္ဒရှိပါလျှင် ကတိကဝတ်များအပေါ် လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သော်လည်း ၂၀၁၂ ခုနှစ်၊ မေလ ၁၉ ရက်တွင် ကျိုင်းတုံမြို့၌ ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးခဲ့သည့် RCSS/SSA အနေဖြင့် မြေပုံညွှန်း အတိအကျဖြင့် သတ်မှတ်ထားသည့် စာချုပ်ပါ နယ်မြေအတွင်းမှလည်းကောင်း၊ SSPP(ဝမ်ဟိုင်း) အဖွဲ့အနေဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ နေပြည်တော်၊ ရတနာသိဃ်ဟိုတယ်၌ ပြုလုပ်ခဲ့သည့် အစည်းအဝေး မှတ်တမ်းအပိုဒ်(၂)ပါ တပ်မတော်၏လျာထားမြေပုံပါအတိုင်း လိုက်နာရန်လည်းကောင်း၊ TNLA၊ AA နှင့် MNDAAတို့အနေဖြင့်လည်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်ထားသည့်လက်နက်ကိုင်လမ်းစဉ်နှင့်ပတ်သက်၍သဘောထားထုတ်ပြန်ချက် အပေါ်၌လည်းကောင်း၊ KNU နှင့် KNLA(PC)အဖွဲ့တို့အနေဖြင့် NCA စာချုပ်ပါအချက်များအားလည်းကောင်း တိကျစွာလိုက်နာကြရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ကတိကဝတ်အတိုင်း လိုက်နာမှသာလျှင်ထာဝရငြိမ်းချမ်းရေးအပေါ် ဆိုးကျိုးသက်ရောက်မှု လျော့နည်းစေပြီး အပြန်အလှန် ယုံကြည်မှုကိုလည်း တိုးတက်ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

၉။ သို့ပါ၍ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အားထိခိုက်စေသည့် လုပ်ရပ်များမလုပ်ကြရန်နှင့် နယ်မြေကျော်လွန်လှုပ်ရှားလျက် နယ်မြေလုတိုက်ပွဲများဖြစ်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးသည် ကတိကဝတ်ပါ သတ်မှတ်နယ်မြေအတွင်းသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့နောက်ဆုံးထား၍ဆုတ်ခွာကြရန်သတိပေးကြောင်းနှင့်တပ်မတော်၏ "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက်ထုတ်ပြန်ချက်"ပါအတိုင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် သော်လည်းကောင်း၊ တပ်မတော်၏ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့်သော်လည်းကောင်း၊ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းများကို အမြန်ဆုံးပြုလုပ်သွားရန် တိုက်တွန်းပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
ပါတီဗဟိုဌာနချုပ်
P.O Box-6, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com Office Phone/Fax: +66-53615908
Secretriat mobile: GS: (+66)999428659, S1: (+66) 895531296, S2: (+66) 650194009

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ အိတ်ဖွင့်ပေးစာ

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်

သို့

၁။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂။ ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)

၁။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် ကရင်နီ(ကယား)ပြည်နယ်အတွင်း ဖြစ်ပျက်နေသော ဝိုလ်ချုပ်အောင်ဆန်းကြေးရုပ်ထုကိစ္စရပ်နှင့်ပတ်သက်၍ လူငယ်ထုများ၏ ငြိမ်းချမ်းစွာ ကန့်ကွက်ဆန္ဒထုတ်ဖော်မှုအား နှိမ်နင်းခြင်း၊ တရားစွဲဆိုခြင်းများကြောင့် ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု တို့အား နှောင့်နှေးစေခြင်း၊ အတားအဆီးများ ဖြစ်စေခြင်း၊ ပြည်သူတို့၏ ဘဝလုံခြုံမှုတို့အတွက် စိုးရိမ်ကြောင့်ကြမှု ဖြစ်စေခြင်း များအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ထံသို့ အိတ်ဖွင့်ပေးစာ ရေးသားပေးပို့အပ်ပါသည်။

၂။ အထက်ဖော်ပြပါ ပဋိပက္ခများကြောင့် ကရင်နီ(ကယား)ပြည်နယ်အတွင်းတွင် အစိုးရနှင့် လူငယ်များအကြား၊ ပြည်သူလူထုများအကြား စိတ်ဝမ်းကွဲစေသည့် အမြင်မတူမှုများ ဖြစ်ပွားခြင်းများအပြင် ကြေးရုပ် တည်ထားခြင်းအပေါ် ကန့်ကွက်သည့် လူငယ်များအား ပြည်နယ်အစိုးရမှ တရားစွဲဆိုခြင်းများ အကြိမ်ကြိမ် ဖြစ်ပေါ်နေသည်ကို တွေ့နေရပါသည်။ ထို့အပြင် ကန့်ကွက်သူများနှင့် ထောက်ခံသူများအကြား အပြန်အလှန် တရားစွဲဆိုမှုများ၊ လူငယ်များ၏ ကန့်ကွက်ဆန္ဒပြမှုနှင့် သပိတ်စခန်းဖြိုခွဲမှုများသည် ပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုနှင့် ဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးဖြစ်ပေါ်စေရေးတို့ အတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါသည်။

၃။ ညွှန်ကြားချက်အရ ပြည်နယ်အစိုးရ၏ ဝိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ် တည်ထားရှိရေးအပေါ် လူငယ်နှင့် လူထုတို့၏ သဘောမတူ ကန့်ကွက်နေသည့် အခြေအနေတွင် မိမိတို့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ခေါင်းဆောင်များအနေဖြင့် နေပြည်တော်၌ ပြည်ထောင်စုအစိုးရ၏ ငြိမ်းချမ်းရေး ကော်မရှင် ခေါင်းဆောင်များနှင့်သော်လည်းကောင်း၊ ပြည်နယ်အစိုးရ ဂန်ကြီးချုပ်နှင့်သော်လည်းကောင်း ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာနိုင်ရေးအတွက် စေ့စပ်ဆောင်ရွက်ပေးခဲ့ခြင်းများ ပြုလုပ်ခဲ့ပါသည်။ သို့သော်

သည့် မြို့မ်းချမ်းရေးနှင့် နိုင်ငံရေးဖြစ်စဉ်အပေါ် အဟန့်အတား ဖြစ်ပေါ်စေခြင်းနှင့် အဓက်အခဲများ ဖြစ်ပေါ်စေပါသည်။

၉။ သို့ဖြစ်ပါ၍ မြည်နယ်၏ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်း ကာကွယ်သော အာဖြင့် လက်ရှိမြည်နယ်အတွင်း မြည်နယ်အစိုးရနှင့် လူဝယ်များအကြား ဖြစ်ပေါ်နေသည့် အမြင် သဘောထား မတူညီမှုကို မြည်ထောင်စုအစိုးရအနေဖြင့်သော်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနေဖြင့်သော်လည်းကောင်း ကရင်နီ(ကယား)မြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခ အား အမြန်ဆုံး အဖရေးယူဆောင်ရွက် ဖြေရှင်းပေးပါရန် အလေးအနက်ထား ဖတ္တာရပ်ခံတောင်းဆိုအပ် ပါသည်။

ပါတီဗဟိုဥက်မတီ

ကရင်နီအမျိုးသားဆိုးတာက်ရေးပါတီ

ဓိတ္ထုကို

- ဝန်ကြီးချုပ်၊ ကယားမြည်နယ်အစိုးရအဖွဲ့
- လွှတ်တော်ဥက္ကဋ္ဌ၊ ကယားမြည်နယ်လွှတ်တော်
- ရုံးလက်ခံစာတွဲ

ရခိုင်ပြည်-မြောက်ဦးဒေသခံပြည်သူများအား ဦးတည်တိုက်ခိုက်နေသည့် မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုကျူးလွန်နေသည့်လုပ်ရပ်အား ကန့်ကွက်ရှုတ်ချသည့် MNTJP/MNDAA၊ PSLF/TNLA၊ ULA/AA တို့၏ သဘောထားထုတ်ပြန်ချက်

၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်

၁။ မြန်မာ့တပ်မတော်သည် ရခိုင်ပြည်၊မြောက်ဦးမြို့နှင့်ကျေးရွာများရှိရက္ခိုင်ပြည်သူလူထုနှင့် ရက္ခိုင့်ရှေ့ဟောင်း သမိုင်းအမွေအနှစ် စေတီပုထိုးများအား တိုက်လေယာဉ်များ၊ လက်နက်ကြီးများအပြင် လက်နက်ငယ်များဖြင့်လည်း ဆက်တိုက်ဦးတည်တိုက်ခိုက်နေသည်မှာ စစ်ရာဇဝတ်မှုကို ပေါ်ပေါ်ထင်ထင် ဆက်တိုက်ကျူးလွန်နေသည့်လုပ်ရပ်အဖြစ် မိမိတို့ MNTJP/MNDAA၊ PSLF/TNLA၊ ULA/AA တို့က အပြင်းအထန် ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

၂။ မိမိတို့ မဟာမိတ် (၃) ဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် FPNCC တို့မှတစ်ဆင့် NRPC ၏ ငြိမ်းချမ်းရေးအတွက်ဆွေးနွေးမည့် အစည်းအဝေးဖိတ်ကြားစာကို လက်ခံရရှိပြီး အပြုသဘောဆောင် ပါဝင်တက်ရောက်ရန် ဆုံးဖြတ်ပြင်ဆင်နေပါသည်။ သို့သော်လည်း မြန်မာ့တပ်မတော်၏ ရက္ခိုင့်တပ်မတော်နှင့် ရက္ခိုင်ပြည်သူလူထုအား အပြင်းထန်ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းသည် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးပြဿနာကို မည်သို့မျှပြေလည်စေနိုင်မည် မဟုတ်ပါ။

၃။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် တိုက်ပွဲပြင်းထန်တိုင်း ဒေသခံတိုင်းရင်းသား မိဘပြည်သူများအား ဦးတည်တိုက်ခိုက်ခြင်းသည် မြန်မာ့တပ်မတော်၏ ပြည်တွင်းစစ်ကာလတလျှောက်လုံးတွင် ကျင့်သုံးနေသည့် ပြည်ထောင်စုပြိုကွဲရေးလုပ်ရပ်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံ၏နိုင်ငံရေးပြဿနာ ရှေ့ဆက်ဖြေရှင်းနိုင်ရန်အတွက် လက်ရှိပြင်းထန်နေသည့် ရခိုင်ဒေသ အပါအဝင် တိုင်းရင်းသားဒေသအားလုံးတွင် ချေမှုန်းရေးထိုးစစ်များအားလုံးရပ်ဆိုင်းပြီး၊ စစ်မှန်သည့်တွေ့ဆုံဆွေးနွေးမှုများ စတင်ရန်လိုအပ်ကြောင်း မြန်မာအစိုးရနှင့် မြန်မာ့တပ်မတော်ကို တောင်းဆိုလိုက်ပါသည်။

၅။ မိမိတို့ မဟာမိတ် (၃) ဖွဲ့ဖြစ်သည့် MNTJP/MNDAA၊ PSLF/TNLA၊ ULA/AA တို့သည် စစ်ရေး၊ နိုင်ငံရေး မဟာမိတ်အဖွဲ့အစည်းများဖြစ်ကြပြီး ရက္ခိုင့်တပ်မတော်၊ ရက္ခိုင်လူထုနှင့်အတူ အခိုင်အမာရပ်တည်လျက်ရှိပြီး၊ မိမိတို့ မဟာမိတ် နိုင်ငံရေး၊ စစ်ရေးလုပ်ငန်းများကို အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်ပါသည်။

MNTJP/MNDAA
မြန်မာနိုင်ငံအမျိုးသားရေးနှင့်တရားမျှတသော အမျိုးသားစုပေါင်း/မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်

PSLF/TNLA
ပလောငဒေသလွတ်လပ်ရေးတပ်ဦး/ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်

ULA/AA
ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင့်တပ်မတော်

NRPC နှင့် NCA-NS EAO (၈) ဖွဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ

ပူးတွဲထုတ်ပြန်ကြေညာချက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ ရက်)

၁။ NRPC နှင့် NCA-NS EAO (၈) ဖွဲ့ ကိုယ်စားလှယ်များသည် ၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် နေပြည်တော်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန၌ တွေ့ဆုံခဲ့ကြပါသည်။

၂။ တွေ့ဆုံရာတွင် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တန်းတူရည်တူ၊ ရင်းရင်းနှီးနှီးနှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြပါသည်။

၃။ NRPC နှင့် NCA-NS EAO (၈) ဖွဲ့သည် ရေရှည်တည်တံ့ခိုင်မြဲသော အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကိုရှေးရှု၍ အောက်ပါအတိုင်း ဆက်လက် ကြိုးပမ်း ဆောင်ရွက်သွားကြရန် သဘောထားစုစည်းခဲ့ကြပါသည်-

(က) လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်တိုက်ပွဲများ လျော့ချနိုင်ရေးအတွက် ဆက်လက် ညှိနှိုင်း ကြိုးပမ်းကြရန်။

(ခ) တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းနိုင်ရေးအတွက် ဆက်လက် ညှိနှိုင်း ကြိုးပမ်းကြရန်။

(ဂ) ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံ ပြည်သူများအရေးအတွက် နှစ်ဖက်လုံးက အလေးထား ဆောင်ရွက်ကြရန်။

(ဃ) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးအတွက် အရင်းခံ အကြောင်းတရား ဖြစ်သည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ ညှိနှိုင်း ဖြေရှင်းကြရန်။

(င) နှစ်ဖက် အဆုံးအဖြတ်ပေးနိုင်သည့်ပုဂ္ဂိုလ်များ ပါဝင်သော တွေ့ဆုံဆွေးနွေးမှုများ မကြာခဏ ဆက်လက် ပြုလုပ်သွားရန်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၁၃/၂၀၁၉ အထူးအစည်းအဝေး ထုတ်ပြန်ကြေညာချက်

၂၀၁၉ ခုနှစ်၊ မတ်လ (၇) ရက်

****

၁။ ၂၀၁၉ ခုနှစ်၊ မတ်လ ၅ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ပြုလုပ်ကျင်းပခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ (NCA-S EAO) ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၁၃/၂၀၁၉ အထူးအစည်းအဝေးသို့ PPST ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၊ NCA အကောင်အထည်ဖော်ဖက်ဖြစ်သော မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)မှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ နှင့် နည်းပညာထောက်အကူပြုများ စုစုပေါင်း (၅၆) ဦး တက်ရောက်ခဲ့ကြသည်။

၂။ အစည်းအဝေးကာလ (၃)ရက်တွင် အဖွဲ့အစည်းများအကြား ကျေကျေလည်လည် ဆွေးနွေးပြီးနောက် PPST စုဖွဲ့မှုနှင့် NCAစာချုပ်ကိုအခြေခံသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အောင်မြင်စွာ အကောင်အ ထည်ဖော်ဆောင်နိုင်ရေးအတွက် ၂၀၁၉ခုနှစ်၊ မေလတွင် NCA-S EAO ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးတစ်ရပ်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့တိုး ဆောင်ရွက်သွား မည်ဖြစ်သည်။

၃။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် ကိုယ်စားလှယ်များလွှဲပြောင်းမှုကို အစည်းအဝေးမှ လက်ခံခဲ့သည်။

၄။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၁)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ KNU နှင့် RCSS မှပေးပို့ခဲ့သော ပေးစာတွင်ပါဝင်သည့် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် NCA စာချုပ်ကို တည့်မတ်စွာ အကောင်အထည်ဖော်နိုင်ရေး ဆိုင်ရာ အဆိုပြုချက်များကိုဆွေးနွေးဆောင်ရွက်ရန်အတွက် အလုပ်အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

၅။ ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် လွှတ်တော်တွင်း ကြိုးပမ်းဆောင်ရွက်မှုကို ကြိုဆိုပါသည်။ ၄င်းဆောင်ရွက်ချက်သည် လွှတ်တော်ပြင်ပတွင်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် နှင့်လည်း ဟန်ချက်ညီရန်လိုအပ်ပါသည်။ မိမိတို့ EAOများအနေဖြင့်လည်း ပြည်ထောင်စုသဘော တူစာချုပ်မှတဆင့် ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလမ်းကြောင်းကို အားသွန်ခွန်စိုက် ဆောင်ရွက်သွားမည်ဖြစ်သည်။

No. 6, Shwe Li Street, Kamayut Township, Yangon, Myanmar.
Office Phone: (+95) 09 426316604, Email: info.ncaseao@gmail.com

၆။ NCA ကိုအခြေခံသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်တည်ဆောက်ရေးဆိုင်ရာအခြေခံမူများနှင့် ဆန့်ကျင်မှုဖြစ်စေသည့် လွှတ်တော်မှ ရေးဆွဲပြဋ္ဌာန်းခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ(၂၀၁၂) နှင့် ၄င်းကိုပြင်ဆင်သည့် ဥပဒေ(၂၀၁၈) ကဲ့သို့သော ဥပဒေများအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် သဟဇာတဖြစ်စေရန်အတွက် ပြန်လည်သုံးသပ် ပြင်ဆင်နိုင်ရေးကိုလည်း တိုက်တွန်းပါသည်။ နောင်တွင်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်တည်ဆောက်ရေးဆိုင်ရာအခြေခံမူများနှင့် ဆန့်ကျင်သည့် အလားတူ ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်ခြင်းမပြုပါရန် အလေးအနက်တိုက်တွန်းပါသည်။

၇။ NCA-S EAO အဖွဲ့အစည်းများအနေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ညီနောင်တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ အားလုံးပါဝင်ရေးနှင့် ပတ်သက်ပြီး မည့်သည့် သက်ဆိုင်သူများကိုမျှ ချန်လှပ်မထားသည့်အခြေခံမူ (Non-Exclusive Principle) ကို တစိုက်မတ်မတ် ကိုင်စွဲကြိုးပမ်းသွားမည်ဖြစ်သည်။

၈။ ယနေ့ဖြစ်ပေါ်နေသောမြန်မာ့နိုင်ငံရေး အခြေအနေတွင် အနာဂါတ် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန် အဓိက လိုအပ်နေသည့် ဖက်ဒရယ်ပြည်ထောင်စုလမ်းပြမြေပုံ ချမှတ်နိုင်ရေးအတွက် မိမိတို့ NCA-S EAO အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာအစိုးရ၊ တပ်မတော် တာဂန်ရှိသူများနှင့် လည်းကောင်း၊ NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် အခြားသော EAO အဖွဲ့အစည်းများနှင့်လည်းကောင်း အတူတကွ ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလေးအနက် ထုတ်ပြန်ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်

ပဒို စောတာဒိုမူး
၀၆၄၆၄၅၉၉၁၁၃၃
tdmoo@hushmail.com

ဝိုလ်မှူးကြီးစိုင်းငင်း
၀၈၆ ၁၉၄၀၁၁၇၉ (ထိုင်း)
၀၉၄၂၈၃၃၈၈၅၅ (မြန်မာ)
jantakaew03@gmail.com, jantakaew@ltlrcss.org


"If you want to make peace with your enemy, you have to work with your enemy. Then he becomes your partner."
-Nelson Mandela
www.mmpeacemonitor.org